www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဤ လယ်တွင်းသားစောချစ်၏ "သက်သေအမှုတည်ပါစေ" ဝတ္ထုကို
ခွင့်ပြုချက်အမှတ်-၃၇၃/၉၇(၈)အရ ဦးညွန့်ဝေ(၀၅၄၂၅)၊ ပြုံးပန်းတစ်ရာပုံနှိပ်
၃၉၊ ကွင်းချောင်းလမ်း၊ အလုံ၊ ရန်ကုန်မြို့မှပုံနှိပ်ပြီး၊ မျက်နှာဖုံးခွင့်ပြုချက်အ
၃၆၂/၉၇(၈)အရ ဦးကျော်စိန်(၀၂၉၀၉)၊ ကျောက်စိမ်း ပုံနှိပ်တိုက်၊ ၁၇၀၊ ၃၃
ရန်ကုန်မြို့တွင် ရိုက်နှိပ်ပြီး၊ ဦးလှဌေး(၀၁၁၈၃)၊ လှဌေးစာပေ -၂၅၊ ၁၂
ရန်ကုန်မြို့မှ ၁၉၉၇ခု၊ အောက်တိုဘာလတွင် အုပ်ရေ ၅၀၀ကို၊ တန်ဖိုး ၁၃၅/
ဖြင့်ထုတ်ဝေလိုက်ပါသည်။

ဖြန့်ချိရေး-ပြုံးပန်းတစ်ရာစာပေ၊ ဖုန်း - ၂၄၃





# လယ်တွင်းသား
# စောချစ်
# သက်သေအမှု တည်ပါစေ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

# သက်သေအမှုတည်ပါစေ

လယ်တွင်းသား စောချစ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# အပိုင်း[၁]

ကြိုးပမ်းတတ်ရှာသော

www.burmeseclassic.com

www.burmeseclassic.com

# ၁

နေ့သစ်တစ်ရက် မွေးဖွားရန် ပြင်ဆင်နေပြီ။

အရှေ့ဘက် မိုးကုတ်စက်ဝိုင်းတွင် နေမင်း၏ ရှေ့ပြေး အလင်းတန်းများသည် လောကကို စူးစမ်းနေကြ၏။

နောက်ခံ ကောင်းကင်သည် ပန်းနုရောင် နီပြေပြေမှ ရွှေအဆင်းသို့ ကူးပြောင်းနေပြီ။

သပိတ်လွယ်ငှက်ကလေးများက သဘာဝတေးကို သီဆိုရင်း နေမင်းကြီးကို ကြိုဆိုနေသည်။

လတ်ဆတ်သော လေပြည်လေးက ဖြည်းဖြည်းညင်းညင်း တိုက်ခတ်နေ၏။

ပျိုးခင်းစိမ်းစိမ်းပေါ်မှ လှိုင်းအိလေးများသည် ပျိုးနုတ်နေသော ထွန်းမြင့်ဆီသို့ ပြေးလာနေကြ၏။

ရှေ့မှ ပျိုးပင်နွဲ့နွဲ့များသည် အဝတ်မဲ့သော ထွန်းမြင့်၏ ရင်ကို တိုးဝှေ့ပွတ်တိုက်နေကြသည်။

ပျိုးခင်းထဲမှ ရွှံ့တစ်ဆုပ်ကိုယူ၍ နောက်ဆုံးနုတ်ပြီးသော ပျိုးစည်းပေါ်သို့ ပစ်တင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရာပြည့်သော သင်္ကေတ။

သည့်နောက် ကံကောင်းထောက်မ၍ ဦးဘခိုင်လယ်မှာ ထွန်းမြင့် ပျိုးနုတ်ခွင့်ရခြင်းဖြစ်သည်။

ပျိုးနုတ်စည်းခေါင်းဆောင် ကိုအောင်သန်းက ရွာအထွက်တွင် ပျိုးနုတ်သမားများကို လူခွဲရာမှာ နှစ်ကြိမ်အထိ ဤလယ်သို့ လိုက်ပါရမည့် ပျိုးနုတ်သမားစာရင်းတွင် ထွန်းမြင့် မပါဝင်ခဲ့။

နောက်ဆုံးအကြိမ်တွင်မှ

"ဦးဘခိုင်လယ်က ကောက်စိုက်သမများကပင် ထွန်းမြင့်လိုက်သွား"ဟု ထည့်ပေးလိုက်ခြင်းသည်။

ဝမ်းသာလိုက်သည်ဖြစ်ခြင်း။ ရင်ထဲမှာ အပျော်ငှက်များ ခုန်ပျံသွားသည်။

သို့သော် ဝမ်းသာဟန်မပြရဲ။ ကိုအောင်သန်း ရိပ်မိလျှင် လှုပြန်ပြောင်းမှာ စိုးရသည်။

စိတ်အားတက်နေ၍ ထင်ပါ၏၊ သူတကာ တစ်ရာမရသေး၊ ထွန်းမြင့်က နေမထွက်မီ ပျိုးစည်းတစ်ရာ ရသွားပြီ။

"ဟေ့ကောင်လေး... သူများနုတ်ဖို့ ချန်ဦး"

ဘေးမှ လှမ်းပြောနေသော ကိုသာလှကို ထွန်းမြင့် ပြုံးပြလိုက်သည်။

တစ်ထွာကျော်ခန့် ရေထဲမှာ ထွန်းမြင့် နေရာပြင်၍ ထိုင်လိုက်သည်။ ကိုယ်အောက်ပိုင်းမှာ ရေထဲတွင် ရွှဲရွှဲစိုနေ၏။

ထွန်းမြင့် ပျိုးပင်လေးများကို ဆက်မနုတ်သေးဘဲ လယ်





တစ်ကွက်ကျော်မှ ကောက်စိုက်သမများဆီသို့ လှမ်းကြည့်လိုက်သည်။

ကောက်စိုက်သူများထဲမှာ ညိုယဉ်ပါသည်ဟူသော အသိက ရင်ထဲမှာ အလိုလိုအားရှိနေ၏။

ကြရည်အရောင် အင်္ကျီလက်ရှည်နှင့် တဘက်အဖြူ ခေါင်းပေါင်းထားသူမှာ ညိုယဉ်ဖြစ်သည်ဟုလည်း သိနေသည်။

ထွန်းမြင့် သက်ပြင်းတစ်ချက် ချလိုက်သည်။

ပျိုးနုတ်၍ မောခြင်းမဟုတ်။ ညိုယဉ်ကို လှမ်းကြည့်ရင်း အပျော်မောလေး မောခြင်းဖြစ်သည်။

ညိုယဉ် ဆိုသော နာမည်လေးကိုလည်း သိပ်သဘောကျသည်။

အသားညိုသော်လည်း မျက်နှာလေးက ယဉ်သည်။

နှာတံပေါ်သည်။ မျက်လုံးလေးများက ကြည်ကြည်ရီရီ။ သို့သော် အနေအထိုင်က တည်သည်။

ကိုယ်လုံးကိုယ်ပေါက်က ကျစ်ကျစ်လျစ်လျစ်၊ အချိုးအဆစ်ကျသည်။

ထွန်းမြင့် စိတ်ထဲမှာ ဘယ်မိန်းကလေးမှ ညိုယဉ်လောက်လှသည်မထင်။

သို့သော် ညိုယဉ်သည် သာယာအေးရွာ၏ ကွမ်းတောင်ကိုင်မဟုတ်။

ညိုယဉ်မှာ အမေသာရှိသည်။ အဖေက ကွယ်လွန်ပြီ။ ရွာခလေ့အရ မိဘ မစုံလျှင် အလှူမှာ ကွမ်းတောင်မကိုင်ရ။



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ... ငါနဲ့ဘ၀တူပေါ့၊ ငါ့မှာလဲ အမေပဲရှိတော့တယ်"

ဘ၀တူချင်းဟူသောအသိက ညှိုယဉ်အပေါ်မှာ ကြင်နာစိတ် ဖြစ်ရသည်။

ကောက်စိုက်သမများမှာ နေမပူခင် လုပ်ငန်းတွင်ချင်၍ အသံတိတ် လှုပ်ရှားနေကြ၏။

ထွန်းမြင့်လည်း နေမပူခင် ပျိုးစည်းများများ ရချင်သည်။ လက်နှစ်ဖက်က ပျိုးပင်လေးများဆီသို့ ရောက်သွား၏။

ပျိုးပင်များသည် အဆုပ်လိုက် အဆုပ်လိုက် ထွန်းမြင့်လက်ထဲ ပါသွားကြသည်။

တစ်စည်းရတိုင်း နီးစည်းသံ ကျွံစနဲ မြည်သွားသည်။

အစည်းတစ်ရာပြည့်သော ပျိုးစည်းတိုင်းမှာ ရွှံ့ပုံလေး တင်ထားခဲ့သည်။

ပျိုးစည်း လေးရာ ရပြီးချိန်မှာ နေက အတော်ပူလာပြီ။

ပျိုးနုတ်သမားများ၏ အဝတ်မပါ ဗလာကျောပြင်မှာ ချွေးနှင့်ရေ ရောပြီး နေပူအောက်တွင် အရောင်တောက်နေကြသည်။

"ဗိုက်ဆာလာပြီဟေ့... ယောက္ခမကြီးက ခုထိ ထမင်းလာမပို့သေးဘူးလား"

ကောက်စိုက်သမများထဲမှ အသံ စထွက်လာသည်။

"ဟဲ့... မိသိန်းခင်... ညည်းက ယောက္ခမကြီးကို မျှော်တာလား၊ ယောက္ခထီးကြီးကို မျှော်တာလား"





"ဟီး... ဟီး... အရီးသင်နော်၊ ယောက္ခထီးကြီးကိုတော့ အရီးသင်အတွက်ပဲ သတ်သတ်လေး ထားလိုက်မယ်၊ အရီးသင် ကြိုက်သလို သုံးနိုင်အောင်လို့"

"ကောင်မစုတ် နှင့်ဟာနှင်သုံး"

ကောက်စိုက်သမများ ရယ်ကြသည်။ အစအပြောင်များကြောင့် ရယ်လျက် နေပူခြင်းကို မေ့မေ့ပျောက်ပျောက် ဖြစ်လာကြသည်။

"အေးဟေ့... ညည်းတို့ပဲ အဘိုးကြီးကို အတင်းလုယူနေကြ၊ တို့ကတော့ သားကိုပဲ လိုချင်တယ်ဟေ့"

အပျိုကြီး မမြလေးက လှမ်းအော်ပြောသည်။

"မမြလေးက စပါးပွဲစား ကိုစံညွန့်ခါးဖက်ပြီး စက်ဘီးနောက်က စီးချင်လို့တဲ့ဟေ့"

မိချောက လှမ်းအော်သည်။

"စက်ဘီးကို နောက်က မစီးဘူးဟေ့၊ ရှေ့က ဘားတန်းပေါ် ထိုင်စီးမှာ"

"စီးဟေ့... စီး၊ ဘားတန်းပေါ် ကားရားခွစီး"

ကောက်စိုက်သမများထဲမှ ဝါးခနဲရယ်သံ ထွက်လာပြီး နောက်ဆက်တွဲ ညာသံပေးသည်များပင် ပါလာသည်။

"မြလေးက နောက်က ဘယ်စီးမလဲဟဲ့၊ နောက်က စီးရင် သူက စံညွန့်ခါး ဖက်ရမှာ၊ ရှေ့က စီးမှ စံညွန့်က သူ့ကို နောက်က ဖက်ထားမှာ"

စည်းခေါင်းဆောင် ဒေါ်သန်း၏စကားကြောင့် ကောက်စိုက်သမများ ရယ်ကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တောင်းတယ်ဟေ့၊ ကောင်းတယ်၊ ဖက်ပါစေ"

မမြလေးက အရှုံ့တိုက်လိုက်၍ ညာသံများ ထွက်လာပြန်သည်။

"ဒီဘက်မှာ ပျိုးစည်းကုန်တော့မယ်ဟေ့၊ ပျိုးစည်း ပို့ပေးပါဦး"

မြသီ၏ တောင်းဆိုသံဖြစ်သည်။

မြသီနှင့် ညီယှဉ် ရှိနေသော ဘယ်ဘက်အစွန်မှာ ပျိုးနှစ်စည်းသာ ကျန်တော့သည်။

"ဘာလဲဟေ့… မြသီက မြလေးကို အားကျလို့ ပျိုးနုတ်သမား ခေါ်နေတာလား"

ဝါးခနဲ ရယ်ကြသည်။

"ငါဖို့မဟုတ်ဘူးဟေ့၊ မညီအတွက်"

"မြသီ… မထနဲ့နော်"

ရှက်တတ်သော ညီယှဉ်က မြသီကို လှမ်းခေါက်လိုက်၍ သဘောကျစွာ ရယ်ကြပြန်သည်။

"ဟေ့ကောင်လေး… ဟိုမှာ ပျိုးကုန်နေလို့တဲ့ သွားပို့လိုက်ဦး"

ကိုသာအောင်က ထွန်းမြင့်ကို လှမ်းပြောသည်။

"ဘာဆိုင်လဲဗျ၊ ကျုပ်က လယ်ရှင်မှမဟုတ်ဘဲ၊ ဒါ လယ်ရှင့် အလုပ်ပဲ"

ထွန်းမြင့်က သူ့အလုပ်အပျက်မခံနိုင်၊ ပျိုးပင်များကို အဆက်မပြတ် ဆွဲနုတ်နေသည်။





"လယ်ရှင် စံညွန့်က ဘယ်လုပ်မလဲကွ၊ မင်းသား၊ ရွှံ့မပြောနဲ့ ရေတောင် အစဉ်ခံမှာမဟုတ်ဘူး"

"သူ့စာရင်းငှားတွေ လုပ်ပေါ့ဗျ"

"မြမောင်နဲ့ ကိုရွှေက ဟိုဘက်ရောက်နေတယ်ကွ"

စာရင်းငှားနှစ်ယောက်မှာ နောက်တစ်နေ့ စိုက်မည့်လယ်ကွက်တွင် ပျိုးစည်းချနေကြသည်။

"ဒါဆိုလဲ လှမ်းခေါ်ပေါ့ဗျ"

"အဝေးကြီးကွ၊ ခေါ်လို့ ဘယ်ကြားမလဲ"

ထွန်းမြင့် ပျိုးနုတ်ရင်း လှမ်းကြည့်သည်။ ပျိုးစည်းချနေသော မြမောင်နှင့် ကိုရွှေကို လှမ်းမြင်ရသော်လည်း အဝေးကြီးမှာဖြစ်သည်။

"ဟေ့… ဒီဘက်ကို ပျိုးနှစ်စည်းလောက် လာပို့ပါဟေ့"

ကောက်စိုက်စည်းခေါင်းဆောင် ဒေါ်သန်းက ပျိုးခင်းဘက်ဆီသို့ လှမ်းအော်သည်။

"ဟေ့ကောင်… ထွန်းမြင့် သွားပို့လိုက်ပါကွ"

ကိုသာအောင်က ထွန်းမြင့်ကို ထပ်နှိုင်းသည်။

"ဟာ… မသွားချင်ဘူးဗျာ၊ ခင်ဗျားသွားလိုက်"

"ဟ… ကောင်လေးရ… ဒီအထဲမှာ မင်းအငယ်ဆုံးကွာ၊ လူကြီး ပြန်ခိုင်းနေရသလား၊ သွားပို့လိုက်ပါ၊ မင်းက ပျိုးစည်းအများကြီးရထားတဲ့လူ"

ကိုသာလှကပါ ကူပြောနေပြန်သည်။

"မသွားချင်ဘူးဗျာ၊ သွားရင် လှောင်မှာဗျ"



www.burmeseclassic.com

www.burmeseclassic.com



ထွန်းမြင့် ကြောက်နေ၍ ကျန်လူများ ရယ်ကြသည်။

"ဟဲ့ကောင်တွေ ဘာရယ်နေကြတာလဲ၊ မထနဲ့နော်၊ ဝိုင်းစမ်းပြီး မျောက်က အကနိုင်းရမလား၊ ပျိုးစည်း လာပို့ပါပြော နေတာ ကြားရဲ့သားနဲ့"

ဒေါ်သန်းက အာကြမ်းသလို လူလည်း ကြမ်းသည်။ ဦးသိန်းတော့မှာ ချစ်တင်ကို ကောက်စိုက်သမများနှင့် ဝိုင်းစမ်းပြီး မျောက်က,ကနိုင်းဖူးသည်။

"ဟေ့ကောင်လေး... မြန်မြန်သွားလိုက်ပါကွ"

ပျိုးနုတ်သမားများက ကြောက်၍ ထွန်းမြင့်ကို အတင်းနိုင်းနေကြသည်။

"ဟာဗျာ... ခင်ဗျားတို့ကလဲ"

ထွန်းမြင့် မကျေမနပ်နှင့် ပျိုးနှစ်စည်းဆွဲပြီး ကောက်စိုက်သမများရှိရာ လယ်ကွက်သို့ သွားပို့သည်။

"ဟိုဘက်ကိုဟေ့... ဟိုမှာ"

"ဟဲ့... မိညို.. ကြိုလိုက်ဦးလေ၊ ညည်းကောင် လာနေပြီ"

ရှက်တတ်သော ညိုယဉ်ကို မမြလေးက လှမ်းစသည်။

"မမြလေး... နော်၊ ကဲ... စဦး... စဦး"

ညိုယဉ်က ရှက်၍ မမြလေးကို ရွှံ့များနှင့် ထုသည်။

"ဟဲ့... ထွန်းမြင့်... လုပ်ပါဦးဟဲ့၊ နင့်ဟာလေးကို ပြောပါဦးဟဲ့"

မမြလေးက ဆက်ပြောရင်း ကန်သင်းပေါ် တက်ပြေးသည်။





"မမြလေးနော် မစနဲ့၊ ကျွန်မ မကြိုက်ဘူး"

ညိုယဉ်က ရှက်ရမ်းရမ်းပြီး တွေ့ရာနှင့် လိုက်ထုသည်။

ထွန်းမြင့် ပျိုးနှစ်စည်းကို ပစ်ချပြီး အမြန်ပြန်ထွက်လာသည်။

"ကိုထွန်း... နောက်နှစ်စည်းလောက် ထပ်ပို့ပေးပါဦး"

မြသီက ထွန်းမြင့်နှင့် ရင်းနှီးသည်။

"တော်ပြီဟာ၊ မြမောင်လာမှ အပို့ခိုင်းလိုက်မယ်"

ထွန်းမြင့်လည်း အစအပြောင်ခံရသည်ကို ရှက်၍ မလာချင်တော့ပါ။

မမြလေးကြောင့် ညိုယဉ့်မျက်နှာလေးကိုပင် အနီးကပ်ကြည့်ခွင့် မြင်ခွင့်မရခဲ့ပါ။

"မစနဲ့... မကြိုက်ဘူး... ဆိုတာက"

ရင်ထဲမှာ တွေးစရာလေးလည်း ပါလာခဲ့ရသည်။

"စတာကို မကြိုက်ဘူးလို့ ပြောတာလား၊ ငါနဲ့စတာကို မကြိုက်ဘူးလို့ ပြောတာလား"

ပျိုးနုတ်ရင်း ဆက်တွေးနေမိသည်။

"စံညွန့်နဲ့ဆိုရင်ရော"

စိုးရိမ်သော အတွေး ဖြစ်သည်။

စံညွန့်က ဤလယ်ပိုင်ရှင် ဦးဘခိုင်၏သား။

ဦးဘခိုင်ဆိုသည်က ဤရွာမှာ လယ်ဧက အများဆုံးပိုင်သော လူချမ်းသာ၊ စံညွန့်ကိုယ်တိုင်ကလည်း စက်ဘီးတစ်စီးနှင့် ရွာပတ်နေသော စပါးပွဲစားဖြစ်သည်။ သီးနှံပေါ်ချိန်မှာ ကျင်



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်း၊ ဖဲဝိုင်းထောင်၍ ကြီးပွားနေသူဖြစ်သည်။

"ငါနဲ့စောကို စိတ်ဆိုးပြီး မမြလေးကို လိုက်ထုတယ်၊ စံညွန့်နဲ့ စ,လို့ စိတ်မဆိုးရင်..."

ထွန်းမြင့် သင်္ဘောပြင်းမောတစ်ချက်ကို မှုတ်ထုတ်လိုက်မိသည်။

ကောက်စိုက်သမများဘက်မှ ရယ်သံများ ညာသံပေးသည်များကို ကြားနေရဆဲ။

"သူတို့ ဘယ်သူ့ကို ဆက်စနေကြတာပါလိမ့်"

ညိုယဉ်ကို ဆက်ပြီး စကြ ပြောင်ကြ မလုပ်စေချင်ပါ။ ညိုယဉ်ရှက်ပြီး ဒေါသဖြစ်သည်မျိုးကို မမြင်ချင်ပါ။

"ဩော်... ညိုယဉ်ရယ်"

ရင်ထဲမှာ မြတ်နိုးစွာ တမ်းတမိသည်။

"ဟေး... လာပြီဟေ့... လာပြီ"

ကောက်စိုက်သမများထဲမှ ညာသံများ ဝမ်းသာအားရ လက်ခုပ်တီးသံများကြားရ၍ ထွန်းမြင့် လှမ်းကြည့်လိုက်သည်။

စံညွန့်အမေ ဒေါ်သိန်းနှင့် မိန်းကလေးသုံးယောက် ကန်သင်းရိုးအတိုင်း လာနေကြသည်ကို လှမ်းမြင်ရသည်။

ထမင်းပို့လာသူများကိုမြင်ရမှ ဗိုက်ထဲက အသံများ မြည်လာသည်။

* * *





## ၂

လယ်က ထွက်ပေါက်ရေကြည်ကြည်မှာ မျက်နှာသစ်၊ ခြေဆေး၊ လက်ဆေးလုပ်ပြီးသည်နှင့် ပျဉ်းမပင်အောက်မှာ ချွတ်ထားခဲ့သောအကျႌကို ထွန်းမြင့် ဝတ်လိုက်သည်။

"မင်းသားက ပြင်လို့ ဆင်လို့ မပြီး[illegible]သွားဟော့၊ ဒီမှာ မင်းသမီးက စားလို့ပြီးတော့မယ်"

မမြလေးက ထွန်းမြင့်ကို လှမ်းအော်ပေးလိုက်သည်။

"မမြလေးနော် မစနဲ့၊ ပန်းကန်နဲ့ ပေါက်ပစ်လိုက်မယ်"

ညိုယဉ်က သူ့လက်ထဲမှ ပန်းကန်နှင့် ရွယ်သည်။

"ဟဲ့... မင်းသမီးဆိုတာ ညည်းပြောတာမှမဟုတ်တဲ၊ ငါ စားလို့ကုန်တော့မှာကို ပြောတာ"

မမြလေးက သူ့လက်ထဲမှ ပန်းကန်ကို ပြသည်။

"ကောင်းတယ်၊ ကိုယ်ကြိုက်ရင် ကိုယ့်ဘာသာပြော၊ သူများနဲ့ မစနဲ့"

"မစပါဘူး၊ ငါကြိုက်လို့ ငါ့မင်းသားကို ငါပြောတာ၊ ထွန်းမြင့်က ဟာကယ်ချောတာ၊ ထောင်ထောင်မောင်းမောင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လို့ကောင်းတယ်၊ လုပ်ငန်းလည်း တော်တယ်၊ ငါ့ကိုသာ ကြိုက်ကြည့် စဉ်းစားမနေဘူး၊ အမေ့ကိုလည်း မတိုင်ပင်ဘူး၊ တစ်ခါတည်း ခိုးရာလိုက်ပြေးပစ်မယ်"

မမြလေး အားပါးတရပြော၍ အားလုံးရယ်ကြသည်။

"ဒါပေမယ့် သူက အပျိုကြီးကို ကြိုက်မှာမဟုတ်ဘူး"

"မြသီ ကိုယ့်ထမင်းကိုယ် အေးအေးဆေးဆေးစား"

ညိုယဉ်က လေသံတင်းတင်းနှင့် မြသီကို ဟန့်လိုက်သည်။

ထမင်းဝိုင်းသို့ ထွန်းမြင့်ရောက်သွားတော့ ပျိုးနုတ်သမားလေးယောက် စားနှင့်နေကြပြီ။

"မင်းကလည်း မြလေးပြောရင် ပြော်စရာပဲ၊ ကြာလိုက်တာ၊ ဗိုဒီယိုရိုက်မယ့် မင်းသားကျနေတာပဲ"

ကိုသာအောင်ကို ထွန်းမြင့် လှမ်းကြည့်လိုက်သည်။ ဘာမျှ ပြန်မပြောဘဲ ပျိုးနုတ်သမားများဘေးမှာ ထိုင်လိုက်သည်။

"ဟဲ့... လာနေပြီ၊ ထမင်းခူးပေးလိုက်ဦးလေ"

မမြလေး၏စကားက ဟိုလိုလို သည်လိုလို။

ကောက်စိုက်သမများထဲမှ ရယ်သံတခစ်ခစ် ထွက်လာသည်။

ကိုယ့်ကို တိုက်ရိုက်ပြောသည်မဟုတ်၍ ညိုယဉ် ခေါင်းငုံ့လျက် ထမင်းစားနေသည်။

ဒေါ်သိန်းနှင့်အတူ ထမင်းတောင်းရွက်၍ လိုက်လာသော ညိုပုက ထွန်းမြင့်အတွက် ထမင်းခူးပေးသည်။





အပျိုကြီး မအေးမြက ထမင်းပန်းကန်ကို လှမ်းယူသည်။

"ရော့... မောင်လေး...၊ စား... ဟို... ညိုပု... အိုအေ ညည်းနာမည်ကြီးက ခေါ်လို့မကောင်းပါဘူး၊ မိညိုလို့ပဲ ခေါ်မယ်၊ အင့်... မိညိုခူးပေးတာ စေတနာအပြည့်နဲ့"

ဒေါ်အေးမြစကားက ရည်ရွယ်ချက်ပါသည်။

ထွန်းမြင့် ထမင်းပန်းကန် လှမ်းယူလိုက်သည်။

ညိုယဉ် ချက်ချင်း နေရာမှထသွား၍ ကောက်စိုက်သမများ ဝါးခနဲ ရယ်ကြသည်။

ညိုယဉ် ချက်ချင်း ပြန်လှည့်ကြည့်သည်။ မျက်လုံးအကြည့်က တင်းသည်။

ကောက်စိုက်သမအားလုံး ငြိမ်သွားကြပြီး ကိုယ့်ထမင်းကိုယ် ငုံ့စားနေကြသည်။

ညိုယဉ် လှည့်ထွက်သွားသည်။

ဝါးခနဲ ရယ်သံ ထပ်မံထွက်ပေါ်လာပြန်သည်။

ထွန်းမြင့်ပါ ရောယောင်ပြုံးမိသည်။

"နင်က ဘာသိလို့ ပြုံးတာလဲ"

မအေးမြ၏အမေးကို ထွန်းမြင့် ခေါင်းယမ်းပြသည်။

"မသိပါဘူး"

ကောက်စိုက်သမများ ထွန်းမြင့်ကိုကြည့်ပြီး အားပါးတရ ရယ်ကြသည်။

"ဟာ...၊ ခင်ဗျားတို့ဟာ ဘာမှန်းလဲမသိဘူး"

ထွန်းမြင့် စားလက်စပန်းကန်ကိုကိုင်ပြီး ထသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သွား... သွား လိုက်သွား"

အားလုံး ရယ်ကြပြန်သည်။

ထွန်းမြင့်က ခပ်လှမ်းလှမ်းမှ ပျဉ်းမပင်အောက်သို့ သွားသည်။

မြသီက ထွန်းမြင့်နှင့် ဆန့်ကျင်ဘက်မှ ပိတောက်ပင်ဆီသို့ သွားသည်။

ရယ်သံ၊ ညာသံများက ထွက်ပေါ်နေဆဲ။

"ဟော... ဟိုမှာဟော လာနေပြီ၊ ဒါကမှ တကယ့်မင်းသားဟော့"

ခပ်ဝေးဝေးတွင် ကန်သင်းရိုးအတိုင်း စက်ဘီးစီးလာနေသော စံညွန့်ကိုလှမ်းမြင်၍ သိန်းခင်က ဝမ်းသာအားရ ခုန်ပေါက်ပြနေသည်။

"ဟဲ့... ညည်းကလဲ ကဲလိုက်တာ၊ ညည့်ယောကျာ်း လာတာကျနေတာပဲ"

ဒေါ်သန်းစကားကြောင့် ဝါးခနဲ ရယ်ကြပြန်သည်။

စံညွန့်၏ မိခင် ဒေါ်သိန်းပါ ရောရယ်နေသည်။

"ဟဲ့... ညိုယဉ်... အော... ညည်းက လက်စသတ်တော့ သွားကြိုနေတာကိုး"

"မမြလေးနော် ရှင့်ပါးစပ်ပိတ်ထား"

ညိုယဉ် ဘာဆက်လုပ်ရမှန်းမသိ၍ သွားနေဆဲခြေလှမ်းကို ရပ်လိုက်သည်။

သူသွားနေသော ကန်သင်းရိုးအတိုင်း စံညွန့်က စက်ဘီးစီး၍လာနေသည်။

"အော်... မသိုရယ်၊ ညည်းက ပျိုးနုတ်သမား ဆင်းရဲသားလေးကို ထားခဲ့ပြီး ဂုဏ်ကြီးရှင်သူဌေးသားကို သွားကြိုမှာကိုး"

အသံဖျက်၍ သံသေးသံကြောင်နှင့်ပြောသောကြောင့် ဘယ်သူ့အသံမှန်းမသိ၊ ရယ်သံတွေကို ကြားနေရသည်က ဒေါသဖြစ်စရာ။ ညိုယဉ် စိတ်ဆိုးသော်လည်း သွားပြီးရန်တွေ့လျှင် ကိုယ်သာ အရှက်ကွဲဦးမည်။

စံညွန့်ကလည်း စက်ဘီးစီး၍ လာနေပြီ။ နေအရောင်အောက်မှ စံညွန့်၏ စက်ဘီးအသစ်ကြီးက တလက်လက် တောက်ပနေ၏။

"မင်းသားရေ... စက်ဘီး မြန်မြန်စီးခဲ့ပါ၊ မင်းသမီးက နေပူကြီးထဲ ရပ်စောင့်နေရတာ"

သံသေးသံကြောင်က ထွက်ပေါ်နေဆဲ။

ညိုယဉ် ရပ်မနေချင်။ ရှေ့ဆက်သွားလျှင် ပိတောက်ပင်ရှိသည်။ သို့သော် စံညွန့် လာနေသည့်ဘက်သို့ သွားရမည်။ စံညွန့်ကလည်း ပိတောက်ပင်နှင့် နီးလာပြီ။

ပိတောက်ပင်အောက် ကိုယ်ရောက်မှ စံညွန့်ကလည်း ပိတောက်ပင်အောက် ရောက်လာလျှင် လက်ခုပ်ဗိုင်းတီးကြသိမ့်မည်။

နောက်ပြန်လာရမှာလည်းခက်၍ ညိုယဉ် ရပ်နေဆဲ။

ကောက်စိုက်မများက ဝိုင်းကြည့်နေကြသည်။







www.burmeseclassic.com

www.burmeseclassic.com



ညိုယဉ် ဘာလုပ်ရမှန်းမသိ။

"ညိုယဉ် ဘာလုပ်မလဲ"

ထွန်းမြင့် စိတ်ဝင်စားစွာ လှမ်းကြည့်နေသည်။

ညိုယဉ် ရုတ်တရက် လယ်ကွင်းထဲသို့ ဆင်းသွားသည်။

အားလုံး ညိုယဉ်ကို လှမ်းကြည့်နေကြသည်။

ညိုယဉ် ပျိုးတစ်စည်းကို ဆွဲဖြေပြီး ကောက်စိုက်နေလိုက်သည်။

"ဟေး... ညိုယဉ်ကွ၊ လယ်ပိုင်ရှင် လာတာမြင့်လို့ မျက်နှာလိုအားရ တစ်ယောက်တည်း စိုက်ပြနေတာကွ"

ရယ်သံများနှင့်အတူ လက်ခုပ်သြဘာပေးကြသည်။

လုပ်မိလုပ်ရာလုပ်ခါမှ ညိုယဉ်အတွက် ပိုဆိုးနေသည်။

ညိုယဉ် လက်ထဲမှပျိုးများကို လွှင့်ပစ်လိုက်သည်။

ဝါးခနဲ ရယ်သံများ ထွက်လာကြပြန်သည်။

မြသီက ပြေးသွားပြီး လယ်ကွင်းထဲ ဆင်းလိုက်သည်။

"လာ... လာ... မိညို၊ ဟိုဘက်သွားထိုင်မယ်"

မြသီက လယ်ကွင်း၏ ဘေးဘက်မှ သပြေပင်ဆီသို့ ခေါ်သွားသည်။

"မြသီရေ... ယောင်းမလေးကို အားပေးလိုက်ပါဦးဟေ့"

သံကြောင်များက ထွက်ပေါ်နေဆဲ။

ညိုယဉ်ကတော့ မြသီအဖော်ရ၍ သက်သာသွားသည်။

စံညွှန့်က ပိနံတောက်ပင်ကိုလွန်ပြီး လယ်ကန်သင်းအတိုင်း စက်ဘီးနင်း၍ လာနေဆဲ။ ကောက်စိုက်သမများနှင့် နီးလာပြီ။





ကောက်စိုက်သမများ စံညွှန့်ဆီသို့ အာရုံပြောင်းသွားကြသည်။

"လာပြီဟေ့... လာပြီ၊ ခတ်လိုက်ကွ၊ ကိုစံညွှန့်ကမှ တကယ့်မင်းသား... သေချာတယ်တော် အင်္ကျီကလည်း သိပ်လှတာပဲ"

စံညွှန့်ဝတ်ထားသည်က ပါတိတ်အင်္ကျီဖြစ်သည်။

"ဟဲ့... အဲဒါ ငါ့အိမ်က လူဟဲ့... ငါ့ဆီလာတာ"

နောက်ပြောင်သံ၊ လက်ခုပ်သံများ ဆူညံနေ၍ စံညွှန့်ပါ ရှက်ကိုးရှက်ကန်း ဖြစ်လာသည်။

"ဟဲ့... ကောင်မတွေ တိတ်ကြစမ်း၊ ငါတစ်ယောက်လုံး ရှိနေတာတောင် မရှက်ကြဘူး၊ ငါ့ယောကျ်ားကို ဝိုင်းလုနေကြတာ"

အပျိုကြီး မမြအေး ထအော်လိုက်၍ ဝိုင်းရယ်ကြသည်။ လက်ခုပ်များတီးကြသည်။

"ဟာ... ခင်ဗျားကြီးကလဲ"

စံညွှန့် မကျေမနပ် လှမ်းပြောရင်း မမြအေးကို ကြည့်လိုက်သည်။

"အံမယ်လေး... ခုတော့ ပြောရက်လိုက်တာ ခင်ဗျားကြီးတဲ့၊ ဒီကောင်မတွေ အားရအောင် ပြောရက်လိုက်တာ မောင်လေးရယ်"

အပျိုကြီး မမြအေးမှာ အစ အပြောင်နှင့် ကြောင်ရသည့် နေရာမှာ နာမည်ကြီးဖြစ်သည်။

ရယ်သံ လက်ခုပ်သံတွေ ဆူညံသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



စံညွန့် ထူထူပုပု ဖြစ်သွားသည်။

လယ်ကန်သင်းတလည်း ကျဉ်း၍ စက်ဘီးကို မနည်း သတိထားပြီး ထိန်းနေချိန်မှာ မြက်ပင်ရှည်များဖုံးနေသည့် မြေ တခဲကို ရှေ့ဘီးက နင်းမိသွားသည်။

စက်ဘီးက ဘေးသို့ယိုင်သွားသည်။

"ဟဲ့... ငါ့သား... ငါ့သား... လုပ်ပါဦးဟဲ့"

ဒေါ်သိန်းက သူ့သားအတွက် စိုးရိမ်သွားသည်။

စံညွန့် ဘေးဘက်သို့ ခြေထောက်လိုက်သည်။

သို့သော် လယ်ကွက်အနိမ့်ပိုင်းဖြစ်နေ၍ ခြေထောက် မမီ။

"ဝုန်း"

စက်ဘီးရော လူပါ လယ်ကွက်ထဲမှ ရေပြင်သို့ကျသွား သည်။

ကောက်စိုက်သမများထဲမှ ထွက်ပေါ်လာသည့် အပေါက် ကွဲဆုံး ရယ်သံသည် ပတ်ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်းသွား လေသည်။

* * *





၃

ညသည် တိတ်ဆိတ်နေ၏။ တစ်ရွာလုံး အိပ်မောကျနေ ကြပြီ။ ထွန်းမြင့် အိပ်ပျော်အောင် ကြိုးစားသော်လည်း စိတ် လှုပ်ရှားနေသောကြောင့် အိပ်၍မရ။

ဦးဘခိုင့်လယ်မှာ ဆုံပြီးကတည်းက လယ်တစ်ကွက် တည်းမှာ ညိုယဉ်နှင့် ပြန်မဆုံရ။

ညအချိန် မြသီတို့အိမ်ဘက် အလည်သွားလျှင် ညိုယဉ် ကို မြင်နိုင်မည်ဖြစ်သော်လည်း လယ်စိုက်ကာလ ပင်ပန်းကြ၍ မြသီရော ညိုယဉ်ပါ အစောကြီးအိပ်သည်။ မနက်ကျတော့လည်း အစောကြီး ထကြရသည်။

ညိုယဉ် မျက်နှာလေးကို မမြင်ရသည်မှာကြာပြီ။

မနက်ဖြန် မြင်ရတော့မည်။

လယ်စိုက်ကာလ ပြီးခါနီးမှ လယ်တစ်ကွက်တည်းမှာ ပြန်ဆုံရမည်ဖြစ်သည်။ ဆုံရမည့်လယ်ကလည်း ညိုယဉ်တို့လယ်။

ပျိုးနုတ်ရမည်က ကိုယ်တစ်ယောက်တည်း။ ကောက် စိုက်ကြမည်က မြသီနှင့် ညိုယဉ် နှစ်ယောက်တည်း။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘခိုင်လယ်မှာ မြင်ခဲ့ရသည့်က ညိုယဉ်၏ တည်သော မျက်နှာ၊ တင်းသောမျက်နှာ၊ ရှက်ဒေါသဖြစ်နေသောမျက်နှာ။

"ပြုံးပြုံးရွှင်ရွှင်လေး မြင်ရရင် ဘယ်လောက် ကြည့်ကောင်းလိုက်မလဲ"

ဇာမ်းတမ့်းတ့တ့ မျှော်လှင့်မိသည်။

ညိုယဉ်၏ ပြုံးရွှင်သောမျက်နှာလေးကို မနက်ဖြန်ကာ မြင်ချင်သည့်။

မြသီကို သိပ်ကျေးဇူးတင်သည်။ မနက်ဖြန်ကာ တွေ့ဆုံရမည့်မှာ မြသီ၏အစီအစဉ်ဖြစ်သည်။

"ကိုထွန်း... ညိုယဉ်တို့ပျိုးခင်းကို နုတ်ပေးပါနော်၊ ကိုထွန်းတစ်ယောက်တည်း နုတ်ရင် ရမှာပါ"

မြသီက အကူအညီတောင်းသည်။

နုတ်ရမည့် ပျိုးခင်း၏ အခြေအနေကို ထွန်းမြင့် သိပါသည်။ ပျိုးပင်များက ကျဲသည်။ ပျိုးသက်က ရင့်နေပြီ။

နုတ်ရသည်မှာ ပင်ပန်းမည်။ ဘယ်သူမျှမနုတ်ချင်သော ပျိုးခင်းမျိုးဖြစ်၏။

ညိုယာဉ်တို့မှာ သားအမိနှစ်ယောက်တည်း။ လုပ်ကိုင်ပေးမည့် ယောကျ်ားသား မရှိ။

လူနှစ်ဆယ်စိုက်ကတော့ သူ့ဟာနှင့်သူ အချိန်မီ အခါမီ ပြီးခဲ့ပြီ။

ကျန်နေသည်ကို ထွန်းမြင့် ကူညီရမည်ဖြစ်၏

ထွန်းမြင့်နှင့် မြသီက ပြောရမည့်လူမဟုတ်။ ကူညီရမည်





ကလည်း ညိုယဉ်တို့လယ်ဖြစ်သည်။ ညိုယဉ့်မျက်နှာလေးကိုလည်း မြင်ရဦးမည်။

ပန်းချင်ပန်းပါစေ ထွန်းမြင့် ဝမ်းသာအားရ ကတိပေးလိုက်၏။

ညိုယဉ်ကို ထွန်းမြင့် မြတ်နိုးတမ်းတစွာ သဘောကျနေကြောင်း မြသီ သိပါသည်။

"သဘောကျရင် ပြောလိုက်ပေါ့"ဟု မြသီက အားပေးမှုသည်။

"ငါ မပြောရဲပါဘူးဟာ၊ ပြောလိုက်လို့ သူစိတ်ဆိုးသွားရင် ငါ စိတ်ညစ်ရမှာ၊ မပြောဘဲနဲ့ ကိုယ်ဘာသာ သဘောကျနေရတာ ကောင်းပါတယ်"ဟု ပြန်ပြောခဲ့ရသည်။

"ဒီအကြောင်းတွေကို မြသီက သူငယ်ချင်းချင်း ပြန်ပြောလေမလား"

စဉ်းစားရုံနှင့် ရင်မှာလှုပ်ရှားရသည့်။

"သဘောကျကြောင်း ပြောပေးပါ"ဟုတော့ မြသီကို မခိုင်းမိ။

မခိုင်းဘဲနှင့်တော့ မြသီက ပြောမည်မထင်။

ညိုယဉ် လှသည်က ရွာထဲမှာ ပေါ်လွင်နေသည်။

"ဒီလိုနဲ့ ငါ နောက်ကျနေမှဖြင့်"

ထွန်းမြင့် သက်ပြင်းမောတစ်ချက်ချမိသည်။

"ဟိုကောင် စည္သွန့်ကလည်း ညိုယဉ်ကို သဘောကျနေတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းဖြစ်သူ လှဆောင်၏ သတိပေးစကားကို ကြားယောင်မိသည်။

"ဒီကောင်က ဒီကိစ္စမှာ လက်မြန်ခြေမြန်ရှိတယ်"

စိုးရိမ်စိတ်များ ဖြစ်လာရသည်။

အောင်သွယ် ဒေါ်ညိန်းခင်မှတစ်ဆင့် ညိုယဉ်၏မိခင်ကို အပြောနိုင်းနေကြောင်းလည်း သိထားရသည်။

ကွက်ကွက်... ကွက်ကွက်... ကွက်ကွက်

အိမ်ခေါင်းရင် နပဲပင်ပေါ်မှာ ဓိးကွက်တစ်ကောင်က ည၏ တိတ်ဆိတ်မှုကို ဖျက်ဆီးပစ်လိုက်သည်။

* * *





## ၄

နေမထွက်ခင်မှာပင် ထွန်းမြင့် ချွေးထွက်နေရပြီ။

ပျိုးခင်းထဲမှာ ရေရှိသော်လည်း မကြာမီကမှ ပြန်သွင်းထားသောရေဖြစ်သည်။ ပျိုးခင်းမြေက မာနေသည်။ မျိုးပင်များက လွယ်လွယ်နှင့် နုတ်မရ။ ဆွဲယူရုံနှင့် အလိုက်သင့်ပါမလာ။ အားစိုက်ဆွဲတော့ ပျိုးပင်အောက်ခြေမြေသားက အဖတ်လန်ပြီး ပါလာသည်။ ပျိုးနုတ်သမားတို့ အကြောက်ဆုံး ပျိုးခင်းမျိုးဖြစ်၏။

အစောကြီး လာနုတ်သော်လည်း ပျိုးစည်း နှစ်ဆယ်သာ ရသေးသည်။ တစ်ကိုယ်လုံး ချွေးရွဲရွဲစိုနေပြီ။

ပုံမှန်ပျိုးခင်းမျိုးဆိုလျှင် ယခုအချိန်မှာ အစည်းတစ်ရာ လောက် ရနေပြီ။

ပျိုးမင်လေများမှာ အမြင်နုသော်လည်း နုတ်ဖန်များတော့ ပျိုးနုတ်သမား၏ လက်ကို ကော်ဖတ်စားသလို စားနေသည်။

ဤပျိုးခင်းမျိုးမှာ ပျိုးနုတ်သမားတို့ အခံရဆုံးဖြစ်၏။ ဆက်၍နုတ်သောအခါ ထွန်းမြင့်လက်မှ သွေးစက်သွေးပေါက်များ ပျိုးပင်များပေါ်သို့ကျ၏။



www.burmeseclassic.com

www.burmeseclassic.com



ပျိုးပင်လေးများသည် လယ်သမား၏ ချွေးနှင့်သွေးကို သောက်ပြီးမှ ကောက်ပင်ဘဝသို့ ရောက်ရသည်။

တစ်ခါတစ်ခါ နုတ်လိုက်တိုင်း ထွန်းမြင့် အသည်းခိုက်အောင် နာ၍ အသက်အောင့်ထားရ၏။

အသားမာတက်နေသော ထွန်းမြင့်၏လက်ကို ပျိုပင်လေးများက အက်ကြောင်းဖြစ်အောင် ဆွဲရှနေကြသည်။

ညိုယဉ်တို့လယ်မှာ ညိုယဉ်အတွက် ကူညီနေရသည်ဟူသော စေတနာကြောင့်သာ ဝေဒနာကို ခံနိုင်ခြင်းဖြစ်၏။

အရှေ့ဘက်ကောင်းကင်မှာ အရုဏ်ဦးရောင်ခြည်များ ထွက်ပေါ်လာကြပြီ။

မကြာမီ ညိုယဉ်နှင့် မြသီတို့ ကောက်စိုက်ရန် ရောက်လာကြတော့မည်။ သူတို့ရောက်လျှင် အဆင်သင့်ဖြစ်စေချင်သည်။

ကိုယ်နုတ်သောပျိုးစည်းများကို ကိုယ်တိုင်ဆွဲ၍ လယ်ကွက်ထဲမှာ လိုက်ချသည်။

"ဟေး... ကိုထွန်းက အစောကြီး ရောက်နေတာကိုး"

နောက်ဆုံး ပျိုးနှစ်စည်းချနေချိန်မှာပင် မြသီ၏ နှုတ်ဆက်သံကို ကြားရသည်။

ညိုယဉ်က နှုတ်ဆက်ခြင်းမရှိ။ လှမ်းတော့ ကြည့်နေသည်။

အရုဏ်ဦးရောင်ခြည်အောက်မှ ညိုယဉ်၏အလှကို ထွန်းမြင့် မြင်ခွင့်ရလိုက်သည်။

ကြည်နူးစရာ မနက်ခင်းလေး ဖြစ်သွား၏။





လက်မှ နာကျင်နေသည်များအားလုံးကို မေ့သွားရသည်။

"ကိုထွန်း ပျိုးဘယ်လောက်ရပြီလဲ"

"နှစ်ဆယ်ပဲ' ရပါသေးတယ်ဟာ"

ထွန်းမြင့် ဖြေသံက အားလျော့၏။

"ကျွန်မတို့ စိုက်ရင်းနဲ့ ကိုထွန်း ဆက်နုတ်သွားရင် ရမှာပါ"

မြသီက အားပေးစကားပြောသည်။

"အေး... ငါ အခု ပျိုးစည်းချပြီးတာနဲ့ ဆက်နုတ်မှာပါ"

ထွန်းမြင့်က ပျိုးစည်းနှစ်စည်းကို စိုက်ရမည့်နေရာမှာ ပစ်ချပြီး ပျိုးခင်းဘက်သို့ ပြန်ခဲ့သည်။

မြသီနှင့် ညိုယဉ်တို့ လယ်ကွက်ထဲဆင်း၍ ကောက်စိုက်နေကြပြီ။

ပျိုးဆက်နုတ်သည့်အချိန်မှာ ထွန်းမြင့်လက်များက ပို၍ နာကျင်လာသည်။ ပျိုးတစ်စည်းရဖို့ မနည်းကြိုးစားနေရ၏။ ပျိုးဆယ်စည်းခန့်ရပြီးတော့ လက်ဝါးပြင်မှ ကွဲရှသော အက်ကြောင်းများက ပိုကြီးလာ၏။ သွေးထွက်သည်ကလည်း ပိုများလာသည်။ ပြီးနှုန်းကလည်း ပိုနှေးလာ၏။

ယခုပုံအတိုင်းဆိုလျှင် ကောက်စိုက်သူများကို အချိန်မီ ပျိုးစည်း ဖြည့်ပေးနိုင်မည်မဟုတ်။

ထွန်းမြင့် လက်ကို ရေဆေးပြီး ပျိုးနုတ်ရာမှ ထလိုက်သည်။ ပျိုးဆယ်စည်းကို ညိုယဉ်နှင့် မြသီ ကောက်စိုက်နေသော လယ်ကွက်ဆီသို့ ပို့ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



ပျိုးစည်းများ ပိုပြီးသည်နှင့် ခပ်လှမ်းလှမ်းမှ ငှက်ပျော ခင်းသို့သွား၍ ငှက်ပျောဖတ်များ ခွာယူခဲ့သည်။

ပျိုးခင်းထဲရောက်သည်နှင့် လက်နှစ်ဖက်ကို ငှက်ပျော ဖတ်နှင့်အုပ်ပြီး ကြိုးနှင့်စည်းလိုက်သည်။

ပျိုးနုတ်သင်စက အသားမာမတက်မီ လက်ကွဲအက်သည် ကို ကာကွယ်ခဲ့သောနည်းဖြစ်သည်။

ဆက်၍နုတ်သောအခါ လက်ချည်းသက်သက် နုတ်သကဲ့ သို့ အားမရသော်လည်း အနာသက်သာသည်။ နုတ်၍ရလာ သည်။

ကောက်စိုက်သူနှစ်ယောက်က ပျိုးတစ်စည်းပြီးတစ်စည်း ကောက်ပင်အသွင်သို့ ပြောင်းပေးသည်မှာမြန်၏။

နောက်ထပ်ပို့သော ပျိုးဆယ်စည်းပင် လေးစည်းသာ ကျန်တော့သည်။

မြသီက ပျိုးခင်းဘက်ဆီသို့ လှမ်းကြည့်၏။

ထွန်းမြင့် သိပါသည်။ သူ့မှာ နောက်ထပ် ပျိုးဆယ်စည်း ရဖို့ တစ်ကိုယ်လုံး ချွေးရွှဲရွှဲစိုနေသည်။ ငှက်ပျောဖတ်ကြားမှ ယိုစီးထွက်လာသော သွေးများကလည်း ပျိုးခင်းရေနှင့် ရော သွားကြသည်။

နေ ထန်းတစ်ဖျားခန့်ရောက်တော့ ပျိုးနုတ်သူဘက်မှ လုံး၀ ရှုံးနိမ့်သွားသည်။

ထွန်းမြင့်၏ ပျိုးစည်းပြီးနှုန်း အလွန်နည်းနေ၍ မြသီ သံသယဖြစ်ပြီး လာကြည့်သည်။





ပျိုးဖတ်လန်သော ပျိုးခင်းကို ခက်ခဲစွာနုတ်နေရသော ထွန်းမြင့်၏အဖြစ်ကို မြသီ သိသွားသည်။

"မညိုရေ... ဒီခဏလာပါဦးဟေ့"

ညိုယဉ်ကို လှမ်းခေါ်လိုက်သည်။

ညိုယဉ် ပျိုးအကျန်ကို လက်စသိမ်းပြီး မြသီရှိရာသို့ လျှောက်လာသည်။

မြသီက ထွန်းမြင့် ခက်ခဲစွာ ပျိုးနုတ်နေရသည်ကို ပြ သည်။

"ဒီအချိန်လောက်ဆိုရင် ကိုထွန်း ပျိုးသုံးလေးရာလောက် ရပြီ"

ယခု တစ်ရာပင်မရသေး။ နုတ်နေသည်ကို မြင်ရုံနှင့် သည်မျှ ခက်ခဲပင်ပန်းကြောင်း ညိုယဉ် သိသွားသည်။

"အေးဟယ်... ဒါကြောင့်မို့ ဘယ်သူမှ မနုတ်ချင်ကြတာ ကိုး"

"တော်... နင်တို့ သစ်ပင်ရိပ်မှာ သွားနားလိုက်ကြလေ၊ ဒါ ဆယ်စည်းလောက်ရအောင် နုတ်လိုက်ဦးမယ်"

"ရတယ်၊ ကိုထွန်းက ပိုနားဖို့ကောင်းတာ"

မြသီက ထွန်းမြင့် ပင်ပန်းနေသည်ကို နားလည်ကြောင်း အသိပေးလိုက်ခြင်းဖြစ်၏။

ကိုယ့်ပျိုးခင်းက သူ့ကို နှိပ်စက်သလို ဖြစ်နေပြီဟု နား လည်ခြင်းနှင့်အတူ ညိုယဉ် စိတ်မကောင်းစွာ ထွန်းမြင့်ကို ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ… လာ မညို… ကိုထွန်းပြောတာ ဟုတ်တယ်၊ တို့ရပ်ကြည့်နေလို့လဲ ဘာမှမထူးဘူး၊ သုံးယောက်စလုံး နေပူတာပဲရှိမယ်"

မြသီတ ညိုယဉ်ကို သစ်ပင်ရိပ်ဆီသို့ ခေါ်သွားသည်။

* * *





# ၅

ဒေါ်ချစ်မြက အဆာပြေ ရေနွေးကြမ်းနှင့် ပဲပြုတ်ထမင်းလာပို့ပြီး နေ့ခင်း ထမင်းကျွေးရန် ချက်ရဦးမည်မို့ ပြန်သွားသည်။

မပြန်ခင် လယ်ကိုကြည့်ပြီး "ဟဲ့… ညည်းတို့ဟာကလဲ ပြီးတာ နည်းကော့ပေါ့"ဟု ပြောသွားသေးသည်။

မြသီနှင့် ညိုယဉ်က ပျိုးအနုတ်ရခက်သောကြောင့် ဖြစ်သည်ကို ရှင်းမပြလိုက်တော့ပါ။

ကန်သင်းဘောင်ပေါ်မှ သဖန်းပင်ရိပ်မှာ, အဆာပြေထမင်းစားရန် ပြင်ဆင်နေကြသည်။

"မညို… ကိုထွန်းကို သွားခေါ်လိုက်ပါဟယ်"

ညိုယဉ်က ထမင်းခူးရင်း မြသီကို လှမ်းကြည့်လိုက်သည်။

"နင် သွားခေါ်လိုက်ပါဟယ်၊ နင်နဲ့က ရင်းနှီးပါတယ်"

"ဩော်… ရင်းနှီးပေမယ့် ဒါက မညိုလယ်ပဲ၊ ပြီးတော့ သူ့ခများ သနားပါတယ်၊ ပျိုးတစ်စည်းရဖို့ မနည်းနုတ်နေရတာ"



www.burmeseclassic.com

www.burmeseclassic.com



ညိုယဉ်က မြသီကို မျက်စောင်းတစ်ချက်ထိုးပြီး ထသွားသည်။ မြသီ ပြုံးကျန်ရစ်သည်။

"ကိုထွန်းရေ... ထမင်းစားရအောင်"

ကန်သင်းပေါ်မှ လှမ်းခေါ်သော ညိုယဉ်အသံကို ကြားရ၍ ထွန်းမြင့် အံ့ဩသွားသည်။

ဤသို့ ခေါ်မည်မထင်။ ခေါ်သည်ကလည်း "ကိုထွန်း"။ မြသီ ခေါ်သလို ခေါ်ခြင်းဖြစ်သည်။

မောနေသည့်များအားလုံး ပြေပျောက်သွားသည်။

မျိုးတစ်စည်းပြီးရအောင် ဆက်နုတ်ပြီး နီးစည်းလိုက်သည်။

လက်မှ ရွှံ့ပျော့ဖတ်များကို ခွာချပြီး ကတွတ်ပေါက်သို့သွား၍ ရေကြည်ကြည်နှင့် လက်ဆေးသည်။ လက်မှ နီရဲသောသွေးများ စိမ့်ထွက်နေကြသည်။

မတတ်နိုင်၊ ထိုလက်များနှင့်ပင် ခြေ၊ လက်၊ မျက်နှာများ ဆေးကြောပြီး မြသီနှင့် ညိုယဉ်ရှိရာသို့ လျှောက်သွားသည်။

မြသီက အသင့်ငှဲ့ထားသော ရေနွေးကြမ်းခွက် ချပေးသည်။

ညိုယဉ်က အသင့်ထည့်ထားသော ပဲပြုတ်နှင့် ထမင်းတွင် ငါးပိထောင်းကို ပုံ၍ပေးသည်။

ထွန်းမြင့်၏ဆန္ဒမှာ စားဖို့ထက် သတ္တုကရားပူပူမှာ လက်နှစ်ဖက်ကို ဖိကပ်ထားလိုက်ချင်သည်။

မျိုးနုတ် လက်သင်အဝက လက်ကွဲအက်သောဝေဒနာကို ထိုသို့ကုခဲ့ရသည်။ ရုတ်တရက်တော့ ပူကျက်သွားသော်လည်း တဖြည်းဖြည်းနှင့် အခံရသက်သာသည်။

လက်သင် မျိုးနုတ်သမားတစ်ယောက်ထက်ပိုလျှင် သတ္တုကရားအိုးပူပူကို အပြေးအလွှား လုကြရသည်။

နတော့ လုစရာမလို။ တစ်ယောက်တည်းဖြစ်သည်။

သို့သော် မိမိ၏လက်များ ကွဲအက်ပေါက်ပြဲသည်ကို မြင်လျှင် မိန်းကလေးနှစ်ယောက် စိတ်မကောင်းဖြစ်မည်စိုး၍ ထွန်းမြင့်က ထမင်းပန်းကန်ကို ယူစားလိုက်သည်။

ညိုယဉ်ပေးသော ထမင်းပန်းကန်မှာ ဇွန်းပါလာ၍ ပိုပြီး အဆင်ပြေသွားသည်။

လက်ဖဝါးများကို ညိုယဉ်နှင့် မြသီ မမြင်အောင် ဖုံးကွယ်ထားသည်။

လက်ဖက်ရည်ကြမ်းပန်းကန် ကိုင်သောအခါမှာလည်း ပန်းကန်ကို အပေါ်မှ အုပ်ကိုင်၍ လက်ဖဝါးမမြင်အောင် သတိထားသည်။

ရေနွေးကြမ်းတစ်ပန်းကန် ကုန်သွားတော့ မြသီက ထပ်ထည့်ပေးရန် ရေနွေးကြမ်းပန်းကန်ကို လှမ်းယူလိုက်သည်။

"ဟင်... သွေးတွေ"

မြသီက ရေနွေးကြမ်းပန်းကန်ကိုကြည့်ပြီး ထိတ်လန့်စွာ ပြောလိုက်သည်။ ညိုယဉ် လှမ်းကြည့်သည်။

"ဟယ်... ဟုတ်ပါရဲ့"

ညိုယဉ်ရော မြသီပါ ထွန်းမြင့်ကို လှမ်းကြည့်လိုက်ကြ







www.burmeseclassic.com

www.burmeseclassic.com



[illegible] ကာလ ထူးခြားခြင်းမရှိ။ ဘာမျှမဖြစ်သည့် [illegible]

မြသီက ရိပ်မိသည်။

"ကိုထွန်း လက်ပြစမ်း"

ထွန်းမြင့်က မပြ။

ညိုယဉ်က ထွန်းမြင့်လက်များကို လှမ်းကြည့်ရင်း "ပြလေ"ဟု ထပ်ပြောသည်။

"ဘာမှမဖြစ်ပါဘူး"

ထွန်းမြင့်က မပြ။

"ကဲ... မညိုရေ... နှစ်ယောက်တည်းပေမဲ့ ကောက်စိုက်သူမပီပီ ကြမ်းကြစို့"

ညိုယဉ်က သဘောပေါက်သည်။ မြသီကို လှမ်းကြည့်ပြီး ခေါင်းညိတ်ပြပြီးသည်နှင့် နှစ်ဦးသား တစ်ပြိုင်တည်း ထွန်းမြင့်၏လက်များကို တစ်ဖက်စီ ဆွဲလှန်ကြည့်လိုက်ကြသည်။

"ဟယ်"

ထွန်းမြင့်လက်များကိုကြည့်ပြီး နှစ်ယောက်စလုံး စိတ်မကောင်းဖြစ်သွားကြသည်။

အသားမာတက်နေသော လက်ဖဝါးပြင်တွင် ပျိုးရှစားသော ကွဲအက်ကြောင်းများမှ နီရဲသောသွေးများ ထွက်နေကြသည်။

"ဒီပျိုးခင်းမှာနုတ်မှ ဒီလိုဖြစ်တာလား"

ညိုယဉ်က စိတ်မကောင်းစွာ မေးသည်။





"ဒီပျိုးခင်းနုတ်မှ ဒီလိုဖြစ်တာပေါ့ မညိုရဲ့၊ ဦးဘခိုင်ထယ်မှာတုန်းက ကိုထွန်း ပျိုးစည်းတွေ အများဆုံးပြီးတာပဲ၊ ဒီလိုမှမဖြစ်ဘဲ၊ ဒီပျိုးခင်းက မြေကျပ်ပြီး အဖတ်လန်နေတာ ညိုလည်း မြင်တာပဲ၊ ဒါကြောင့်မို့ ကိုထွန်း ခုထိ တစ်ရာကောင် မရသေးတာ"

ထွန်းမြင့်မပြောခင် မြသီက ဖြတ်ပြောလိုက်သည်။

ထွန်းမြင့်ကတော့ ညိုယဉ်က သူ့လက်ကို ကိုင်ကြည့်၍ ကျေနပ်နေသည်။ ပျိုးလေးရာမရဘဲ လက်ကွဲရသည်က ဗိုတန်သည်ဟု ကျေနပ်ခြင်းဖြစ်သည်။

"ဘာမှမဖြစ်ပါဘူး၊ ဟိုကရားအိုး ပေးလိုက်"

ထွန်းမြင့်က ညိုယဉ်ကို ရင်းရင်းနှီးနှီး ပြောလိုက်သည်။

ညိုယဉ်က သတ္တုကရားအိုးကို ယူပေးသည်။ ကရားအိုးမှာ ဆေးဘက်များမှာ ပူနေဆဲဖြစ်သည်။

ထွန်းမြင့်က သူ့လက်နှစ်ဖက်ကို ပြောင်လက်နေသော ကရားအိုး၏လုံးပတ်ပေါ်မှာ ဖိကပ်ထားလိုက်သည်။

မိန်းကလေးနှစ်ယောက်၏ မျက်နှာများပေါ်မှာ ဝေဒနာခံစားမှုလေးများ ဖြစ်ပွားကြသည်။

ပြီးတော့ တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်လိုက်ကြသည်။

နှစ်ယောက်စလုံး၏ မျက်လုံးများတွင် မျက်ရည်ကြည်လေးများ ရစ်ဝဲလျက်။

ညိုယဉ်က ထွန်းမြင့်ကို ဆက်ပြီးမလုပ်ရန် ပြောသော



www.burmeseclassic.com

www.burmeseclassic.com



ထွန်း ထွန်းမြင့်က လက်ကို ငှက်ပျောဖက်စည်း၍ ကျန်သော မျိုးများကို ဆက်နှုတ်ပေးသည်။

နေဝင်မိုးချုပ်မှ မျိုးနှုတ်၍ပြီးသလို ကောက်စိုက်သည် လည်း ပြီးသွားသည်။

အားလုံးပြီးသည်နှင့် မြသီက ခပ်လှမ်းလှမ်းမှ လယ် ကတွတ်မေါက်သို့ သွား၍ ခြေဆေး လက်ဆေးပြုသည်။

ညိုယဉ်ကတော့ ထွန်းမြင့်ရှိရာသို့ လျှောက်သွားပြီး ထွန်းမြင့်လက်မှ ငှက်ပျောဖက်ကို ကိုယ်တိုင်ဆွဲခွာကြည့်သည်။

လက်ဝါးပြင်နှစ်ဖက်လုံး သွေးများနှင့် နီရဲလျှက်။

ညိုယဉ်က ထွန်းမြင့်မျက်နှာကို မော့ကြည့်သည်။

ညိုယဉ်၏ မျက်လုံးလှလှလေးများကို ထွန်းမြင့် ပြန် ကြည့်နေမိသည်။

ညိုယဉ်၏ မျက်လုံးများမှာ မျက်ရည်များ ပြည့်လျှံလာ သည်။ မကြာမီ ပုလဲဥလေးများ ညိုယဉ်၏ ပါးပြင်နှစ်ဖက် ပေါ်မှာ ပြေးဆင်းသွားကြ၏။

သွေးများနီနေသော ထွန်းမြင့်၏ လက်နှစ်ဖက်ကို ညိုယဉ် က သူ့လက်ကလေးများနှင့် ကြင်နာစွာအုပ်၍ ဆုပ်ကိုင်ထား လိုက်သည်။

ထွန်းမြင့်က ညိုယဉ်၏ လက်ကလေးများကို တင်းတင်း လေး ဆုပ်ကိုင်ထားလိုက်၏။

* * *





## ၆

လမင်းကြီး တိမ်တိုက်အတွင်း ဝင်ရောက်သွား၍ အိမ် နောက်ဖေး ပဲခင်းအောက်မှာ အမှောင်ရိပ် လွှမ်းသွားသည်။

"အို... ကိုထွန်း... ဟင့်အင်း... မလုပ်နဲ့၊ မညို မကြိုက် ဘူး လွှတ်"

ညိုယဉ် ရုန်းဖယ်သည်။

ထွန်းမြင့်က မလွှတ်။

ညိုယဉ်ကို ရင်ခွင်ထဲမှာ ပွေ့ဖက်ထားဆဲ။

"အမေပြန်လာတော့မှာ၊ တွေ့သွားရင် မကောင်းဘူး၊ လွှတ်ပါလို့ဆို"

ထွန်းမြင့် ပြုံးသည်။

"မလာသေးပါဘူး၊ ဈေးလေးမြ ကြီးတော်ခင်တို့အိမ် ရောက်နေတယ်၊ ကြီးတော်ခင်နဲ့တွေ့ရင် ဘယ်လောက်ကြာ မယ်ဆိုတာ သိတယ်မဟုတ်လား"

"ဒါနဲ့ အမြန်ပြေးလာတာပေါ့ ဟုတ်လား"

ညိုယဉ်၏ မျက်စောင်းလေးက ချစ်စရာ



www.burmeseclassic.com

www.burmeseclassic.com



"ငြေးလာတာ မဟုတ်ပါဘူး၊ အမြန်လျှောက်လာတာ"

"ဟင်း... လှလည်"

လမင်းကြီးက တိမ်တိုက်အတွင်းမှ ပြန်ထွက်လာသည်။ လရောင်ဖြိုးဖြောက်ကျနေသော ညိုယဉ်၏မျက်နှာလေးက ကြည့်၍ မဝနိုင်သောအလှ။

သနပ်ခါးရေကျဲ ပါးပါးလေး လိမ်းထား၍ သနပ်ခါး လေး သင်းသင်းမွှေးနေသည်။

"မညိုက ကြည့်လို့ သိပ်လှတာပဲဟာ၊ မညိုမျက်နှာလေး ကို အမြဲတမ်း ဒီလို နီးနီးကပ်ကပ် ကြည့်နေချင်တယ်"

"မညိုက မလှပါဘူး၊ အသားညိုပါတယ်"

"ဟာ... တောသူပဲ၊ ကောက်စိုက် လယ်ရိတ်လုပ်နေတာ အသားညိုမှာပေါ့၊ အသားဖြူတာ ဘာလုပ်ဖို့လဲ"

"အသားဖြူတော့ လှတာပေါ့"

"မဟုတ်ပါဘူး၊ စာဆိုရှိတယ်၊ အသားဖြူ မြင်းတစ်ပြေး တဲ့၊ အသားညို ကွမ်းတစ်ကမ်းတဲ့"

"အဲဒါ ဘာပြောတာလဲ"

အဓိပ္ပာယ်ကို ညိုယဉ်မသိ။

"အသားဖြူတာက မြင်းပြေးနေရင်း ခဏလေးမြင်တာ လှောက်ပဲလှတယ်တဲ့၊ အနီးကပ်ကြည့်ရင် မလှဘူးပေါ့ဟာ အသားညို ကွမ်းတစ်ကမ်းဆိုတာ ကွမ်းယာတစ်ကမ်း အကြာ က ကြည့်လို့လှတယ် ပြောတာပေါ့"

"ဒါဆို ကွမ်းတစ်ကမ်းကပဲကြည့်"





မျက်နှာချင်း နီးကပ်နေ၍ ညိုယဉ်က သူ့မျက်နှာကို နောက်သို့ ဆုတ်လိုက်သည်။

ထွန်းမြင့် သဘောကျစွာ ရယ်သည်။

"မညိုအသားကျတော့ ညိုတယ်လို့တင် ပြောလို့မရ ဘူး"

"ဘာလဲ မည်းတယ်လို့ ပြောမလို့မဟုတ်လား"

"မဟုတ်ပါဘူးဆိုပြီး ညက်နေ့ကာကို ပြောတာပါ၊ ကြည့်လို့ သိပ်လှတာပဲ"

ထွန်းမြင့်က မညို၏ ပါးညက်ညက်ကလေးကို သူ့လက် ဖြင့် ပွတ်သပ်ကြည့်သည်။

"သူ့လက်ကြီးကျဖြင့် ကြမ်းလိုက်တာ"

မညိုက ပါးပေါ်မှ ထွန်းမြင့်၏လက်ကို တွန်းဖယ်သည်။

ထွန်းမြင့် သဘောကျစွာ ပြုံးလိုက်သည်။

"ထယ်ကိုင်း တံစဉ်ကိုင်နဲ့ ပျိုးနုတ်တဲ့လက်ပဲ မညိုရာ ကြမ်းမှာပေါ့၊ လယ်သမားလုပ်ပြီး လက်နုနေရင် အဲဒါ လက် ကြောတင်းအောင် အလုပ်မလုပ်တဲ့ကောင်"

"ဟင်... သူ့ထိလို့"

"မဟုတ်ပါဘူး၊ ပိုပြင်တောင် ရှိသေးတယ်၊ ဟိုတုန်းက လယ်တွေအများကြီးပိုင်တဲ့ လယ်သမားကြီး ရှိတယ်တဲ့၊ သူ့မှာ သမီးတစ်ယောက် ရှိတယ်တဲ့၊ သမီးက သိပ်ချောတာပဲတဲ့"

ညိုယဉ်က နားထောင်နေသည်။

"အဲဒီသမီးကို လိုချင်တဲ့လူတွေ အများကြီးပဲတဲ့၊ မြို့ ပေါ်က လူချမ်းသာသားတွေတောင် ပါတယ်တဲ့။

www.burmeseclassic.com



လယ်သမားကြီးဏာ အသက်ကြီးပြီး မျက်စိမှုန်နေပြီ၊ ကောင်းကောင်းမမြင်ရဘူး၊ လယ်လည်း မလုပ်နိုင်တော့ဘူး။

ဒါနဲ့ သူ့သမီးကို လိုချင်တဲ့လူတွေအားလုံး တစ်ယောက်ပြီးတစ်ယောက် လက်ကိုစမ်းကြည့်တယ်၊ လက်နုနေတဲ့လူတွေအားလုံး ပယ်ချလိုက်တယ်တဲ့။

နောက်ဆုံး လယ်သမားကောင်လေးတစ်ယောက်ကျတော့ သူ့လက်က ထယ်ကိုင်၊ ထွန်ကိုင်မို့ ကြမ်းရတဲ့အထဲ ကောက်ညှင်းစားထားတဲ့ လက်ကို ရေမဆေးဘဲနဲ့ သဲကျုံးရာကနေလာတာဆိုတော့ သူ့လက်က ကောက်ညှင်းနဲ့ သဲနဲ့ ကပ်ပြီး ပိုကြမ်းနေတာပေါ့”

ညိုယဉ် ပြုံးသည်။

“အဲဒီကောင်လေးလက်လည်း ကိုင်ကြည့်ရော လယ်သမားကြီး သိပ်သဘောကျသွားပြီး၊ အေး… ငါ့မှာ လယ်တွေအများကြီးရှိတယ်၊ ဒီလက်မျိုးမှ ငါ့လယ်တွေ လုပ်နိုင်မှာဆိုပြီး သူ့သမီးနဲ့ ပေးစားလိုက်တယ်တဲ့”

ညိုယဉ် အသံလေးထွက်အောင် ရယ်သည်။

“သူ့လက်ကြမ်းလို့ သူ့ဘက်ကလက်ပြီး ပြောတဲ့ပုံ”

“ဟုတ်တယ်လေ၊ လယ်သမားဆိုတာ လက်ကြမ်းမှ လက်ကြောတင်းတာ”

“ဈဲ… လွတ်တော့၊ ပုံတစ်ပုံလည်း ဆုံးသွားပြီ”

“မညိုနဲ့ အတူတူနေချင်ပြီဟာ”

ရှင်ခွင်ထဲမှ ညိုယဉ်မျက်နှာလေးကို အမြတ်တနိုးကြည့်





ရင်း ထွန်းမြင့် တမ်းတမ်းတတ ပြောမိသည်။

“အတူနေချင်ရင် လူကြီးစုံရာနဲ့ လာတောင်းပေါ့”

ထွန်းမြင့်မျက်နှာ ငေးငေးငိုင်ငိုင် ဖြစ်သွားသည်။

“တောင်းချင်တာပေါ့ မညိုရာ၊ ငါ့မှာ တောင်းနိုင်တဲ့အခြေအနေမရှိသေးလို့ စောင့်နေရတာ၊ အဖေကလည်း နာတာရှည်ဖြစ်ခဲ့တော့ အမေ့ဆေးဖိုးက ရှိတာလေးတွေ အကုန်ချောင်းခဲ့ရတာ၊ အဖေဆုံးတော့ အကြွေးတွေ အများကြီးကျန်နေခဲ့တယ်။ ဒီနှစ် နှမ်းတစ်သီးရရင်တော့ အကြွေးကြေပါတယ်၊ အခုဆိုရင် ငါလည်း မိုးစပါးရော၊ နွေစပါးရော စိုက်နေတာ မညိုသိသားပဲ။

လာမယ့်နှစ် နွေစပါးပေါ်ချိန်ဆိုရင် ဝါမဝင်ခင် မညိုကို တောင်းခိုင်းမှာပါ၊ အမေ့ကိုလည်း ပြောထားပါတယ်”

“ကိုစံညွန့်ကလည်း ဒေါ်ညိန်းခင်ကတစ်ဆင့် အမေ့ကို နားဖောက်နေတယ်နော်”

ညိုယဉ်က သတိပေးသည်။

“မညို စဉ်းစားပေါ့၊ အဲဒီကောင်က ဘယ်တုန်းကမှ လက်ကြောတင်းအောင် လုပ်စားတာမဟုတ်ဘူး၊ စက်ဘီးတစ်စင်းနဲ့ လျှောက်သွားပြီး စပါးပွဲစားနာမည်ခံနေတာပါ၊ တကယ်ကတော့ လယ်သမားတွေ စပါးပေါ်ရင် မြို့ကလူတွေ ခေါ်လာ၊ ခိုင်းထောင်၊ ကျင်ဝိုင်းလုပ် အကောက်အစားယူ၊ မသိနားမလည်တဲ့ ငါတို့ရွာထဲက လယ်သမားတွေ အလိမ်အညာခံနေရတာ၊ ကိုယ့်လုပ်စာကိုယ် မစားရအောင် ဒီကောင်လုပ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ မညို သိပါတယ်၊ ဒါပေမယ့် အမေ က သဘောကျပြီး လက်ခံလိုက်မှာစိုးလို့"

"ဒါတော့ဟာ မညိုက အဓိကပါ၊ ဒွေးလေးလည်း သိမှာပါ၊ မညိုလည်း ပြောပြထားပေါ့၊ မကြာပါဘူးဟာ ရှေ့ နှစ် နွေပေါ်ပေါ်ရင်–"

"မီး... မီး... မီး... ဟေ့"

"အနောက်ပိုင်းမှာ မီးလောင်နေပြီဟေ့"

"ဟဲ့... ဖိုးချွေးရေ... မြရင်ရေ"

"လာပြီ အမေရေ၊ လာပြီ"

"ဟဲ့... မီးလောင်လို့တဲ့"

"ဒုက္ခပါပဲတော်၊ ကြောက်လိုက်တာ လုပ်ကြပါဦး"

"ညီမောင်ရေ... သာဆောင်ရေ"

"ဟဲ့... ပစ္စည်းတွေ သိမ်း"

ခဏအတွင်းမှာပင် တစ်ရွာလုံး အော်သံ၊ ဟစ်သံ၊ ငို သံ၊ ထုသံ၊ ခွေးဟောင်းသံ၊ ပြေးလွှားသံများနှင့် ဆူညံသွား သည်။

"ကိုထွန်း လုပ်ပါဦး၊ အမေလည်း မရှိဘူး၊ ကူညီ ပေးပါဦး၊ မညို ကြောက်လိုက်တာ"

"မညို မကြောက်နဲ့၊ အိမ်မှာပဲနေခဲ့၊ ငါ မီးသွားသတ် ရမယ်"

"ဟင်... ကိုထွန်း မသွားပါနဲ့၊ မညို ကြောက်လို့"

စောစောက သူ့ကိုပွေ့ဖက်ထားသော ထွန်းမြင့် သူ့





လွှတ်၍ ပြေးထွက်သွားတော့မည်မို့ ညိုယဉ်က ထွန်းမြင့်၏ လက်ကို ဆွဲထားသည်။

"မီးက ဘယ်နားလောင်တာလဲဗျ"

ပြတ်ပြေးသူတစ်ယောက်ကို ထွန်းမြင့် လှမ်းမေးသည်။

"အနောက်ပိုင်း ဒေါ်ရွှေတို့အိမ်ဘက်က"

ပြတ်ပြေးသူက ဖြေသွားသည်။

"မီးလောင်တဲ့ဆီကိုသွားပြီး မီးသတ်မှဖြစ်မယ် မညို၊ မသွားရင် တစ်ရွာလုံး ကုန်လိမ့်မယ်"

ထွန်းမြင့်က ညိုယဉ်လက်မှရုန်းပြီး ပြေးထွက်သွားသည်။

"ကိုထွန်း... ကိုထွန်း"

ညိုယဉ် ကြောက်လန့်စွာ အော်ဟစ်ခေါ်ရင်း ကျန်ရစ် သည်။

"မီးဟေ့... မီး... ရွာအနောက်ပိုင်းက လောင်တာ"

"အားလုံး ရွာအနောက်ပိုင်း သွားကြဟေ့၊ မီးသတ်ကြ"

ထွန်းမြင့်က ရွာလယ်လမ်းအတိုင်းပြေးရင်း အော်ပြော နေသည်။

သူ့အိမ်သို့ရောက်သည်နှင့် ထွန်းမြင့်က ရေပုံးကို ပြေး ယူသည်။

"ဟဲ့... ထွန်းမြင့်လား၊ အဲဒါ ဘယ်သွားမလို့လဲ"

ထွန်းမြင့်အမေ ဒေါ်ထွေးမှိုက ထွန်းမြင့်ရောက်လာ၍ ဝမ်းသာနေသည်။

"မီးလောင်တဲ့ဆီကို သွားရမှာပေါ့ အမေရ"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့— ကိုယ့်အိမ်ကပစ္စည်း ကိုယ်သိမ်းရမှာပေါ့ဟဲ့၊ ငါ ထမ်းထောက်တည်း ဘယ်လိုလုပ် သိမ်းနိုင်မလဲ၊ မသွားနဲ့၊ အိမ်ထဲက ပစ္စည်းတွေ သိမ်း"

"မသွားလို့ ဘယ်ဖြစ်မလဲ အမေရ၊ မီးလောင်တာကို ငြိမ်းမသတ်ရင် တစ်ရွာလုံး ကုန်မှာပေါ့၊ အမေ အိမ်မှာပဲ နေခဲ့"

ထွန်းမြင့် ရေပုန်းကိုဆွဲ၍ ပြေးသည်။

"ဟဲ့… ထွန်းမြင့်… ထွန်းမြင့်… ပြန်လာခဲ့"

ထွန်းမြင့်က ရွာလယ်လမ်းအတိုင်း ပြေးသွားပြီ။

"ဟင်… ကိုယ့်အိမ် ကိုယ့်ပစ္စည်းတော့ မသိမ်းဘဲနဲ့ သူက သူ့ရဲကောင်းကြီးလုပ်လို့၊ ဟဲ… ထွန်းမြင့် ပြန်လာခဲ့"

ဒေါ်ထွေးမှီ အော်ခေါ်ရင်း ကျန်ရစ်သည်။

"လာကြပါဗျို့၊ ထွက်ကြပါဗျို့၊ မီးလောင်တဲ့ဆီမှာ ငြိမ်းကြပါဗျို့၊ ရေပုံးတွေ ယူခဲ့ကြပါ"

ထွန်းမြင့်ကတော့ ရွာလယ်လမ်းအတိုင်း ပြေးသွားရင်း လူများကို နှိုးဆော်နေသည်။

ပြေးသွားရင်းမှ ရွာအနောက်ပိုင်းမှာ မီးတောက်ကို လှမ်းမြင်ရသည်။

မီးတောက်မှာ သိပ်မကြီးသေး၊ ငြိမ်းငြိမ်းလျှင် နိုင်လောက်သည်။

ထွန်းမြင့် အားတက်သွားသည်။

"လာကြပါဗျို့၊ ရေပုံးတွေ ယူခဲ့ကြပါ၊ ငြိမ်းငြိမ်းရင် နိုင်သေးတယ်၊ အမြန်လာကြပါ"





ထွန်းမြင့်က လူများများရောက်လာအောင် အော်မြစ်ခေါ်နေသည်။

"ဟာ… ဟော့ကောင် လှဆောင်"

သူငယ်ချင်းဖြစ်သူ လှဆောင်ကို တွေ့လိုက်ရ၍ ထွန်းမြင့် အားတက်သွားသည်။

ထွန်းမြင့်နှင့် လှဆောင် ရောက်သွားတော့ မီးလောင်နေသောအိမ်ကို တွေ့ရသည်။

ဒေါ်ရွှေ့အိမ် မဟုတ်။ ဒေါ်ရွှေ့အိမ်ဘေးမှ ကိုလှရွှေ အိမ်ဖြစ်သည်။

"လှရွှေ မူးမူးရူးရူးနဲ့ ဖယောင်းတိုင်မငြိမ်းဘဲ အိပ်ပျော်သွားလို့ လောင်တာ"

တစ်အိမ်ကျော်မှ ကိုအောင်ကြီး မကျေမနပ် ပြောနေသည်။

"သူ့မိန်းမနဲ့ ကလေးတွေရော"

"မရှိဘူး၊ မနက်ကတည်းက ရေတွင်းကုန်းရွာ သွားကြတယ်၊ သူ့အမေ နေမကောင်းလို့တဲ့"

"ဒါဖြင့် လှရွှေရော"

"ဘယ်ရှိတော့မလဲ၊ မီးလောင်တာနဲ့ ငြိမ်းလို့မရတော့ ထွက်ပြေးတာပေါ့"

"မီးကို ငြိမ်းငြိမ်းကြဝါဗျာ၊ ငြိမ်းရင် နိုင်သေးတယ်"

ထွန်းမြင့်က ဘေးမှရပ်နေသောသူများကို မီးကူငြိမ်းရန် ပြောရင်း သူ့ရေပုံးထဲမှာ ပါလာသောရေနှင့် မီးတောက်ကို လှမ်းပက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေတစ်ပုံးနှင့် အရာမထင်။

လှအောင်နှင့် အခြားလူငယ်သုံးယောက်ကလည်း သူတို့မှာ ပါလာသော ရေပုံးများနှင့် ဝိုင်းပက်ကြသည်။

သို့သော် မီးအားက ကောင်းနေပြီ။

"ဒီအိမ်ကတော့ မရတော့ဘူး၊ ဘေးအိမ်တွေ မကူးအောင် လုပ်ကြပါ"

ထွန်းမြင့်က ဘေးအိမ်များကို ကူးမှာ စိုးနေသည်။

သို့သော် လူအားက မရှိ။ ထွန်းမြင့်ဘေးမှာ လူငယ် ခြောက်ယောက်နှင့် လူကြီး ငါးယောက်သာ ရှိသည်။

လူများမှာ မီးလောင်သည်နှင့် ကိုယ့်အိမ် ကိုယ့်ပစ္စည်း အတွက်သာ လုံးပမ်းနေကြသည်။

"လုပ်ကြပါဦးဟဲ့၊ ငါ့အိမ်လေး မီးကူးတော့မှာပဲ ငြိမ်းပေးကြပါကွယ်"

မီးလောင်သည့်အိမ်နှင့် အနီးဆုံးအိမ်မှ ဒေါ်ရွှေ စိုးရိမ်စွာအော်နေသည်။

"ဟဲ့... အတင့် လုပ်ပါဦးဟဲ့၊ အိမ်ထဲက ပစ္စည်းတွေ သယ်ပါဦး"

"သယ်နေတာပဲ အရီးရဲ့"

ခင်တင့်က အိမ်ထဲသို့ ပြေးဝင်သည်။

"ဟဲ့... မောင်ထွန်းမြင့်ရယ် အရီးရွှေအိမ်လေး မီးမကူးအောင် လုပ်ပါဦး"

ဒေါ်ရွှေမှာ မီးနားကိုလည်း မကပ်ရဲ၍ ခပ်လှမ်းလှမ်းမှ အော်ဟစ် အကူအညီတောင်းနေသည်။





"မရတော့ဘူး အရီးရွှေရေ၊ အရီးရွှေအိမ်လေး ဖျက်ပစ်မှ ရမှာ"

"ဟင်... ငါ့အိမ်လေး ဖျက်ရမှာလားကွယ်"

"မဖျက်ရင်လဲ မီးကူးပြီး ကုန်မှာပဲ၊ ဖျက်လိုက်ရင် ဘေးအိမ်တွေမကူးအောင် တားလို့ရမယ်"

"ဩော်... ဒုက္ခ... ဒုက္ခ... လှရွှေ... ဂြိုဟ်ကောင် နှိပ်စက်လိုက်တာတော်"

"လာကြပါဗျို့၊ ဒီဘက်အိမ်လေး ဖျက်ရအောင်၊ ဒီအိမ်လောင်ရင် ဟိုဘက်က အိမ်မြင့်ကူးလိမ့်မယ်၊ အဲဒါဆိုရင် ငြိမ်းဖို့ မလွယ်တော့ဘူး"

ထွန်းမြင့်က လူများကိုလှမ်းခေါ်ရင်း အရီးရွှေအိမ်လေးဆီသို့ ပြေးသွားသည်။

ထိုအချိန်တွင် ခင်တင့်က အရီးရွှေအိမ်ထဲသို့ နောက်တစ်ခေါက်ဝင်ရန် ကြိုးစားနေ၍ ထွန်းမြင့်က လက်မောင်းမှ လှမ်းဆွဲထားလိုက်သည်။

"မဝင်နဲ့၊ မီးက ကူးခါနီးနေပြီ အန္တရာယ်ရှိတယ်၊ နောက်ဆုတ်"

"ဟင်... ကျ... ကျွန်မအိတ် ကျန်နေသေးတယ်"

ထွန်းမြင့်က မိန်းကလေးကို လှမ်းကြည့်သည်။

"ဒါဖြင့်လဲ ဒီက စောင့်၊ ကျွန်တော် ဝင်ယူပေးမယ်"

ထွန်းမြင့်က အိမ်ထဲသို့ ပြေးဝင်သွားပြီး အိတ်တစ်လုံးနှင့်အတူ လက်လှမ်းမီရာ သယ်နိုင်သမျှပစ္စည်းများကို ဆွဲယူ



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သည်။

"ရော့... ရော့"

ထွန်းမြင့်က အိတ်နှင့် ပစ္စည်းများကို ခင်တင့်လက်သို့ လှမ်းပေးသည်။

"အိမ်ထရံကို ရေနဲ့ပက်ပေးကြပါဟ"

လှဆောင်နှင့် တိုးမောင်က အရိုးရွှေ၏ အိမ်ထရံကို ရေနှင့်လှမ်းပက်ကြသည်။ အိမ်ထရံမှတစ်ဆင့် လွင့်စဉ်လာသော ရေများက ထွန်းမြင့်နှင့် ခင်တင့်ပါ စိုရွှဲသွားသည်။

"သွား... သွား... ဒီမှာမနေနဲ့ မြန်မြန်သွား"

ထွန်းမြင့်က ခင်တင့်ကို အသွားခိုင်းသည်။

ထွန်းမြင့်ပေးထားသော ပစ္စည်းများကိုယူပြီး ခင်တင့် ပြေးထွက်သွားသည်။

"လာကြပါဟ၊ ဒီအိမ်ကို အမြန်ဖျက်မှဖြစ်မယ်"

ထွန်းမြင့်နှင့် လူငယ်လေးယောက် အိမ်ဆီသို့ ပြေးကပ်ကြသည်။

သက်ကယ်မိုးများကို ဆွဲဖြုတ်နေစဉ်မှာပင် လေတစ်ချက် ဝေ့လာ၍ မီးလျှံကြီးများက အရိုးရွှေအိမ်လေးဘက်ဆီသို့ ရောက်လာသည်။

"လာကြပါဗျို့၊ ဒီမှာ ဝိုင်းကူကြပါ"

လူသားများလျှင် အရိုးရွှေအိမ်လေးကိုဖျက်ပြီး မီးတားနိုင်မည်မို့ ထွန်းမြင့် လူများကို အော်ခေါ်နေသည်။

သို့သော် မီးသတ်မည့်သူက တိုးပွားလာခြင်းမရှိ။





"မောင်ထွန်းမြင့် မရဘူး၊ မင်းတို့ ထွက်ခဲ့ကြတော့ အန္တရာယ်များတယ်"

ဆေးမှာရှိနေသော ဦးဘအောင်က လူငယ်များအတွက် စိုးရိမ်လာသည်။

ထွန်းမြင့်၊ လူငယ်များ အိမ်ကိုဖျက်ရန် ကြိုးစားနေစဉ် မှာပင် အပူရှိန်ကြောင့် ကျွတ်ရှနေသော အမိုးသက်ကယ်ပေါ် သို့ မီးတောက်တစ်ခုကျလာပြီး မီးထတောက်သည်။

"ဟာ... အမိုးမှာ မီးစွဲနေပြီဟေ့"

မီးကပ်လည်း ဘယ်သူမျှ ပါမလာ။ ဘယ်အိမ်မှာမှလဲ မရှိ။

ထွန်းမြင့် ဝါးလုံးတစ်ခုကိုဆွဲယူပြီး မီးတောက်ကို ရိုက်ငြိမ်းသည်။

မီးတောက် ငြိမ်းသွားသည်။

ထွန်းမြင့်တစ်ကိုယ်လုံး မခံမရပ်နိုင်အောင် ပူနေပြီ။

"လှဆောင်... ငါ့ကို ရေနဲ့ လှမ်းပက်ပေးပါ"

ရေပုံးနှင့် ရေသယ်ပြီး ပြေးလာသော လှဆောင်ကိုမြင်၍ ထွန်းမြင့်က အော်ဟစ် အကူအညီတောင်းသည်။

"ဗွမ်း"

လှဆောင်က ရေနှင့်ပက်ပေးသည်။

"အား"

ထွန်းမြင့် အပူသက်သာသွားသည်။

"ဟာ... ဟိုမှာ နောက်ထပ် မီးတောက်တစ်ခု"



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှ အော်ဟစ်ညွှန်ပြသည်။

ခေါင်မိုးမှာ မီးတောက်တစ်ခု ပေါ်လာပြန်သည်။

ထွန်းမြင့်နှင့် တိုးမောင် ငြိမ်းနေဆဲမှာပင် အခြားတစ်နေရာမှ မီးဖွားကျရာမှ နီရဲသောအကွက်ကြီး ပေါ်လာသည်။

လေပင့်သောအခါ မီးတောက်ဖြစ်လာသည်။

ထွန်းမြင့်နှင့် တိုးမောင် နှစ်နေရာ ပြေးလွှားငြိမ်းသတ်နေရသည်။

"ဟာ... ဘေးက ထရံမှာလည်း စွဲနေပြီဟေ့"

မီးငြိမ်းသတ်သူမှာ လေးငါးယောက်သာရှိ၏။ မနိုင်မနင်းဖြစ်နေသည်။

ရေသယ်ပြီး ပက်ပေးရသော လှဆောင်တို့ လူငယ်သုံးယောက်လည်း ခြေကုန်လက်ပန်းကျနေပြီ။

ထွန်းမြင့်တို့အဖွဲ့ အိမ်ထရံမှမီးကို ရေစိုအဝတ်နှင့် ပြေးရိုက်ကြသည်။

ခေါင်မိုးပေါ်မှ မငြိမ်းသေးသောနေရာက ထတောက်နေပြန်ပြီ။

"ဟဲ့... ငါ့အိမ်လေး မီးတောက်နေပြီ ငြိမ်းကြပါဦးဟဲ့"

အရီးရွှေက အော်နေဆဲ။

"ဩော်... ဒီအဘွားကြီးကလည်း သွား... သွား... ခင်ဗျားအိမ်ကစော မရတော့ဘူး"

ဦးဘအောင်က အရီးရွှေကို လှမ်းအော်သည်။

လူငယ်ငါးယောက် တောင်ကျူး မြောက်ပြေးနှင့် ကြိုးစား





၍ ငြိမ်းသတ်နေကြဆဲ။ လူသာများလျှင် အသေအချာနိုင်မည်ဟု ထွန်းမြင့် သိနေသည်။

"လာကြပါဗျို့၊ ဒီကို ဝိုင်းကူလှည့်ကြပါ၊ ကိုယ့်အိမ်ကိုယ် လုပ်မနေကြပါနဲ့"

ထွန်းမြင့် အသံကုန်အော်ဟစ်ပြီး အကူအညီတောင်းနေသည်။

"ဟုတ်တယ်ဟေ့၊ ဒီမှာ လူငယ်တွေကို ဝိုင်းကူလှည့်ကြပါ"

ဦးဘအောင်ပါ အော်ဟစ်အကူအညီ တောင်းပေးသည်။

"လာကြပါဗျို့၊ ဒီကိုလာကြပါ"

ကျန်လူငယ်များကလည်း ဝိုင်းကူအော်ကြသည်။

ရေသယ်သူ နှစ်ဆယ်လောက်၊ ဖျက်သူ သုံးဆယ်လောက်ဆိုလျှင် ကောင်းကောင်းနိုင်သည်။

သို့သော် လူက ဟိုးမလာ။

ငြိမ်းသတ်နေသောလူငယ်များမှာ အပူဒဏ်မခံနိုင် ဖြစ်လာသည်။

သုံးယောက်က အပူလွတ်ရာဘက်သို့ ပြေးထွက်သွားကြပြီ။

လှဆောင်တို့ ရေပက်ပေးရသူများမှာလည်း ရေသွားသယ်ရသောရေတွင်းက သုံးအိမ်ကျော်တွင်ဖြစ်၍ အလျှဉ်မီအောင် မရောက်နိုင်။

"ဟာ... ဒီဘက်ကထရံကို စွဲနေပြန်ပြီဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ထွန်းမြင့်နှင့် တိုးမောင် အမိုးမှမီးကို ငြိမ်းနေရဆဲ။

"ဟေး... မောင်ထွန်းမြင့်တို့ မလုပ်နဲ့တော့၊ ဖယ်ကြတော့၊ မင်းတို့ ထွက်ပေါက်မရှိ ဖြစ်လိမ့်မယ်၊ ဒီဘက်က ထရံ စွဲနေပြီ"

ဦးဘအောင်က လှမ်းအော်သတိပေးသည်။

"လာကြပါဗျို့၊ တစ်ရွာလုံး မီးမလောင်အောင် ဒီမှာ ဝိုင်းငြိမ်းကြပါဗျို့"

ထွန်းမြင့် ငိုသံပါလာသည်။

ဝိုင်းငြိမ်းလျှင် နိုင်သင့်ပါလျက် ကိုယ့်အိမ်ကိုယ်သာ အရေးစိုက်နေကြ၍ တစ်ရွာလုံး မီးလောင်ဆုံးရှုံးရတော့မည်ကို ထွန်းမြင့် သိနေသည်။

စိတ်ထဲမှာ မကောင်းဖြစ်မိသည်။ စည်းလုံးခြင်းမရှိသော ရွာသူရွာသားများကိုလည်း မကျေမနပ်ဖြစ်မိသည်။

ထရံမီးကိုလည်း မငြိမ်းနိုင်တော့ပါ။ ခေါင်မိုးမီးကိုလည်း မနိုင်တော့ပါ။

"မီးတောက် ကြီးလာပြီဟေ့၊ မြန်မြန်ထွက်တော့"

လူငယ်များအတွက် ဦးဘအောင် စိုးရိမ်နေရပြီ။

ရန်သူမီးသည် အရီးရွှေ၏အိမ်လေးကို ကူးစက်ခွင့်ရ သွားလေပြီ။

"အမယ်လေးတော် ကျုပ်အိမ်လေး မီးဟုန်းဟုန်းတောက် နေပါပြီ၊ ဟီး... အီး"

အရီးရွှေက သူ့အိမ်လေးကိုကြည့်ပြီး ငိုနေသည်။





"လာ... လာ... အရီး လာ... လွတ်ရာသွားရအောင်"

အရီးရွှေ၏ဘေးမှ မိန်းကလေးက အရီးရွှေကို တွဲခေါ် သွားသည်။

တစ်အိမ်လုံးသို့ မီးကူးစက်သည်က မြန်လွန်းလှသည်။

နောက်ဆုံးကျန်သော ထွန်းမြင့် မီးတောက်များနှင့်လွတ်အောင် မနည်းပြေးထွက်လာခဲ့ရသည်။

"သွားပြီ၊ မနိုင်တော့ဘူး"

အောင်ပွဲခံပြီး အပေါ်သို့ အညွန့်တက်လာသော အရီးရွှေ အိမ်မှ မီးတောက်ကြီးကို ထွန်းမြင့် မကျေမနပ် ကြည့်နေမိသည်။

လေကလည်း ပင့်လာသည်။

မြန်သည်။ ဘေးဘက်မှ ကပ်နေသောအိမ်ကို ဆက်ကူး နေပြီ။

"ကယ်ကြပါ၊ ကယ်ကြပါ"

ဘေးဘက်အိမ်မှ အော်သံထွက်လာသည်။

"ဟာ... ဒေါ်မြိုင် အိမ်ထဲမှာ ပိတ်မိနေပြီထင်တယ်"

"ဒေါ်ကြီးရေ... ဒေါ်ကြီး"

သူ့တူမများက အပြင်ဘက်မှ အော်ခေါ်နေကြသည်။

"ကယ်ကြပါ၊ ကယ်ကြပါ"

အတွင်းမှ ဒေါ်မြိုင်၏ အကူအညီတောင်းသံ

"လုပ်ကြပါဦး၊ ဒေါ်ကြီး ထွက်ပေါက်မတွေ့တော့ဘူး ထင်တယ်၊ ကယ်ကြပါဦး"

သူ့တူမများကပါ အော်ဟစ် အကူအညီတောင်းကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ... ဒေါ်မြိုင် မျက်စိက မြင်တာမဟုတ်ဘူး၊ အထဲမှာ မိတ်မိနေပြီ၊ လုပ်ကြပါဦး"

ဦးကျော်ခင်က လူငယ်များကို အော်ဟစ် အကူအညီ တောင်းသည်။

ထွန်းမြင့်၊ လှဆောင်၊ အောင်မင်းနှင့် တိုးမောင်တို့ လူငယ်လေးဦးသာ ကျန်တော့သည်။

ထွန်းမြင့်နှင့် လှဆောင် တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်လိုက်ကြသည်။

မျက်စိမမြင်သော အနိုပ်သည် ဒေါ်မြိုင် အိမ်ထဲမှာ ပိတ်မိနေရှာပြီ။

ထွန်းမြင့် ခြေကုန်လက်ပန်းကျပြီ။

အားပျက်စွာ ထိုင်နေရာမှ ထရပ်လိုက်သည်။

"ဟော့ကောင်... လှဆောင် မင်း ရေပုံးထဲကရေ ငါ့ကို အကုန်လောင်းလိုက်"

လှဆောင်က သူ့ပုံးထဲမှာ တစ်ဝက်ကျန်သောရေနှင့် ထွန်းမြင့်ကို ခေါင်းမှ လောင်းချလိုက်သည်။

"ကိုထွန်းမြင့် ကျွန်တော်ပါလိုက်မယ်"

အောင်မင်းက ထွန်းမြင့်ဘေးသို့ ရောက်လာသည်။

"မင်း မလိုက်ခဲ့နဲ့၊ အပြင်ကနေ အသင့်စောင့်"

မီးလောင်နေသောအိမ်ဆီသို့ ထွန်းမြင့် ပြေးသွားသည်။

ရှေ့ဘက်မှ အမိုးပေါက်ပွင့်နေသည်။

အိမ်ဘေးဘက်တစ်ခြမ်းနှင့် ခေါင်မိုးကို မီးစွဲနေပြီ။





ရှေ့ဘက်အပေါက်မှာ မီးမလောင်သေး။

"ဒေါ်ကြီး ဒီဘက်ကိုလာ၊ ဒီဘက်ကိုလာ"

သူ့တုမများက ရှေ့ဘက်မှ အသံပေးနေကြသည်။

"အပေါက်ရှာမရဘူး၊ ကယ်ကြပါ"

ဒေါ်မြိုင် ကြောက်လန့်စွာ အော်ဟစ်နေရှာသည်။

ထွန်းမြင့် အိမ်ထဲသို့ ပြေးဝင်သွားသည်။

မီးအားကကောင်း၍ အိမ်ထဲမှလေများပါ ပူနေပြီ။

"ဒေါ်မြိုင် ဘယ်မှာလဲ"

ထွန်းမြင့် အသံပေးသည်။

"ပူတယ်၊ ပူတယ်၊ ကယ်ပါ"

ဒေါ်မြိုင် အသံကျယ်ကျယ် မအော်နိုင်တော့ပါ။

ထွက်ပေါက်နှင့် ဝေးရာ အိမ်ခေါင်းရင်းမှာ လဲကျနေပြီ။

ထွန်းမြင့် ပြေးသွားပြီး ဒေါ်မြိုင်ကို ပွေ့ယူလိုက်သည်။

ခေါင်မိုးမှ ဝါးလုံးများ တဖောင်းဖောင်းပေါက်၍ လောင်နေသည်က ကြောက်စရာ။

မီးတောက်များ၊ မီးပွားများ အိမ်ထဲသို့ ကျနေသည်။

နေရာတိုင်းမှာ မီးတောက်နေကြပြီ။

မကြာမီ အိမ်ရှေ့ထရံကို မီးကူးလျှင် ထွက်ပေါက်ပိတ်တော့မည်။

ထွန်းမြင့် ဒေါ်မြိုင်ကို ပခုံးပေါ်သို့ ပြောင်းထမ်းပြီး အမြန်ပြေးထွက်သည်။

ဝင်ပေါက်အထက်မှာ မီးတောက်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com

ထိုအပေါက်မှပင် ထွန်းမြင့် ပြေးထွက်ရသည်။

"ဗျစ်... ဗျစ်... ဗျစ်... ဖျောင်း... ဒိုင်း"

အပေါ်မှ ထုပ်တန်းတစ်ခု ပြုတ်ကျလာသည်။

ပခုံးပေါ်မှထမ်းထားသော ဒေါ်မြိုင်နှင့်လွတ်အောင် ရှောင်လိုက်သည်။ လွတ်သည်။

"အား"

ဆက်တိုက်ပြုတ်ကျလာသော သစ်သားချောင်းတစ်ခု၏ အစွန်းက ထွန်းမြင့်ပါးကိုပြတ်ထိပြီး ထွန်းမြင့်ပခုံးပေါ်သို့ ကျသည်။

ထွန်းမြင့် ယိုင်သွား၍ မလဲအောင် သတိထားပြီး ထိန်းလိုက်ရသည်။

ပါးပြင်ဆီမှ သွေးများ ဖြာကျလာသည်။

တစ်ကိုယ်လုံးလည်း ပူချစ်နေပြီ။ အသက်ပင် ကောင်းကောင်းရှူ၍မရ။

ပခုံးက နာသွား၍ ဒေါ်မြိုင်ကို လွတ်မကျအောင် မနည်းမွေ့ပြီး အပြင်ရောက်အောင် ကြိုးစားထွက်ရသည်။

"ဗွမ်း ဗွမ်း"

လှဆောင်နှင့် အောင်မင်းက ရေနှင့်ဆီးပက်၍ ဒေါ်မြိုင်ရော ထွန်းမြင့်ပါ အပူသက်သာသွားသည်။

အပြင်ရောက်သည်နှင့် အောင်မင်းနှင့် တိုးမောင်က ဒေါ်မြိုင်ကို ထွန်းမြင့်လက်မှ လှမ်းယူလိုက်သည်။ လှဆောင်က ထွန်းမြင့်ကို တွဲခေါ်သွားသည်။





မီးတောက်များကတော့ ဒေါသတကြီး ပေါက်ကွဲပြီး အဆီးအတားမရှိ လောင်ကျွမ်းနေကြပြီ။

* * *


www.burmeseclassic.com

www.burmeseclassic.com



# ၅

အေးသာယာ တစ်ရွာလုံး မီးဘေးဒုက္ခသည်များဖြစ်၍ ရွာဦးကျောင်းဝင်းအတွင်းမှာ ရောက်နေကြသည်။

ကျောင်းအောက်ထပ်မှာ၊ ဓမ္မရုံထဲမှာ၊ ဇရပ်ပေါ်မှာ၊ ဆွမ်းစားကျောင်းထဲမှာ၊ ဆွမ်းချက်ဇရပ်မှာ သင့်သလိုနေကြရသည်။

အချို့ကတော့ ကျောင်းဝင်းထဲမှာပင် မန်ကျည်းပင်အောက်၊ ကုက္ကိုပင်အောက်၊ ထနောင်းပင်အောက်တို့မှာ သင့်သလို အမိုးအကာလေးများပြု၍ ဖြစ်သလိုနေကြရသည်။

ကျောင်းဝင်းထဲမှာ တစ်ရွာလုံးမှလူများရော၊ နွားများပါ ရောက်နေကြသည်။

"ဟဲ့... ညိုယဉ် နင်တို့သားအမိ ဘယ်မှာနေကြလဲ"

ထမင်းထုပ်ယူပြီး ပြန်လာသော ညိုယဉ်ကိုမြင်၍ မိချော က မေးခြင်းဖြစ်သည်။

"ဆွမ်းချက်ဇရပ်ဘေးက အဖီလေးမှာ"

"နင်တို့ ဘာတွေရလိုက်သေးလဲ"





"ဟင်"

ညိုယဉ် မျက်နှာတင်းသွားသည်။

"ဘာမှ မရလိုက်ဘူး၊ အားလုံး တက်တက်ပြောင်ပဲ၊ အဝတ်တစ်ထည် ကိုယ်တစ်ခုပဲကျန်တယ်"

"ဟယ်... ဖြစ်မှဖြစ်ရလေ၊ ညည်းတို့အိမ်ဆိုရင် ကြိုသိမ်းချိန် ရရဲ့သားနဲ့"

"မီးလောင်တဲ့အချိန်မှာ အမေက မရှိဘူးလေ၊ တကယ် အရေးကျတော့ ဘယ်သူမှ အားမကိုးရပါဘူး၊ အလကားပါပဲ"

ညိုယဉ်က ပြောရင်းနှင့် ထွန်းမြင့်ကို မြင်ယောင်လာ၍ စိတ်နာမိသည်။

"အိမ်မှာက ငါတစ်ယောက်တည်း၊ ကြောက်လိုက်တာ ဘာလုပ်ရမှန်းလဲ မသိဘူး၊ အမေရောက်လာလို့ သားအမိနှစ် ယောက် ရသလောက် နိုင်သလောက် သယ်မယ်လုပ်တော့ မီးက အိမ်နားရောက်နေပြီ။

"လေကလည်း ပင့်နေတော့ တစ်အိမ်တစ်အိမ် ကူးတာ မြန်လိုက်တာဟာ။

"ငါမှ အိမ်ထဲဝင်မိခါရှိသေးတယ် အမေက ဟဲ့... ထွက်ခဲ့တော့ လူထက် ပစ္စည်းက အရေးမကြီးဘူး၊ မြန်မြန်ပြန် ထွက်၊ မီးက နီးလာပြီဆိုတာနဲ့ ဘာမှတောင် မယူခဲ့နိုင်ဘူး ချက်ချင်း ပြန်ထွက်ခဲ့ရတယ်"

"ဖြစ်မှ ဖြစ်ရလေဟယ်"

"ရပါတယ်ဟယ်... ကိုယ့်ကံပေါ့၊ ဘယ်တတ်နိုင်ပါမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ညိုယဉ် လေသံမှာ မကျေနပ်မှုများ ပါနေသည်။

"နင်တို့ရော ရလား"

"အေး... ငါတို့က အဝတ်အစားတွေတော့ ရလိုက်တယ်၊ အိုးခွက်ပန်းကန်တွေလည်း ရလိုက်တယ်၊ စောင်တွေ၊ ခေါင်းအုံးတွေနဲ့ တခြားပစ္စည်းတွေအားလုံးတော့ ပါသွားတာ ပေါ့ဟာ။ ဖျာတစ်ဖျပ်လောက်မှ မရလိုက်တာ နာတယ်ဟာ၊ အခု လောလောဆယ် ခင်းထိုင်စရာတောင် မရှိဘူး"

"ငါတို့နဲ့စာရင် တော်သေးတာပေါ့ဟာ၊ နင်တို့က ရသလောက် ရလိုက်သေးတာပဲ"

"အေးပေါ့လေ... နင်ချက်ဖို့ ပြုတ်ဖို့ အိုးတွေ ဘာတွေ လိုရင် လာယူလေ၊ ငါတို့မိသားစု ဓမ္မာရုံခြေရင်းပိုင်းမှာ"

"ရပါတယ်ဟယ်၊ မြသီတို့လည်း ငါတို့နဲ့ နီးပါတယ်၊ သူတို့က တော်တော်လေး ရလိုက်တယ်၊ သူတို့ဆီကပဲ ယူပြီး ချက်ပြုတ်နေရတယ်၊ သွားမယ်နော်၊ အမေ့ ထမင်းကျွေးလိုက် ဦးမယ်"

ထမင်းထုပ်ကလေး နှစ်ခုကို တရိုတသေ ဆုပ်ကိုင်၍ ဇရပ်ဆီသို့ လျှောက်သွားသည်။

ထွန်းမြင့်ကို စိတ်ထဲမှာ လုံးဝမကျေနပ်။

တစ်ယောက်တည်းမို့ ကြောက်၍ တောင်းပန်နေသည့် ကြားမှ အတင်းပြေးထွက်သွားသည်။

"တကယ့်အရေးမှာ အားမကိုးရတဲ့လူ၊ ဟင်... သူ ငါ့ကို တကယ်မချစ်လို့ပေါ့"





စဉ်းစားလိုက်တိုင်း နာသည်။ မုန်းသည်။

ညိုယဉ် ဖြတ်လာသမျှ ကျောင်းဝင်းတစ်လျှောက်မှာ ဒုက္ခသည်တွေချည်း ဖြစ်နေသည်။

တချို့က ထမင်းထုပ် သွားယူပြီး ပြန်လာကြပြီး၊ တချို့က ယူရန် သွားနေကြဆဲ။

ကလေးများက ထမင်းမစားရသေး၍ ငိုနေကြသည်။

လူကြီးမိဘများမှာလည်း ဆုံးရှုံးသွားသော ပစ္စည်းဥစ္စာများအတွက် ပူဆွေးသောကရောက်နေကြသည်။

ရှေ့ဆက်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေကြသည်။

တွေ့သမျှ မြင်သမျှလူ အားလုံး ဘယ်သူမှ မျက်နှာ မသာယာ။

လူကြီးပိုင်းကတော့ ဝေပုံကျရသော ထမင်းထုပ်များနှင့် ဇရပ်ပေါ်မှာ ဝိုင်းဖွဲ့နေကြသည်။

"နင်တို့ရော ဘာတွေရလိုက်သေးသလဲ... ဟဲ့... တွေးမို"

ထမင်းထုပ်ကလေးကိုင်၍လာသော ဒေါ်တွေးမို ဇရပ် ပေါ်မှ ဦးလှအေးက လှမ်းမေးသည်။

"ဘာမှ မရပါဘူးတော်၊ သားတစ်ယောက်ရှိပေမယ့် အလကား- ဘာမှ အားကိုးရတဲ့ကောင် မဟုတ်ဘူး၊ အိမ်မှာ ပစ္စည်းသိမ်းပါဟဲ့ ပြောနေတဲ့ကြားက မီးသွားသတ်ရမယ်တဲ့၊ ကိုယ့်အိမ် ပစ်ထားခဲ့ပြီး မီးသွားသတ်တာလေ၊ သူ့ရဲ့ကောင်ကြီး ခုတော့ ဆေးရုံရောက်နေပြီ၊ ထမင်းထုပ်ကလေး ပေးပြီးရင် မြို့က ဆေးရုံ သွားရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထွေးမှီကလည်း သူ့သား ထွန်းမြင့်ကို လုံးဝမကျေနပ်။

"ဟာ... နင့်သားက တကယ့်လူကောင်းဟဲ့ ထွေးမှီ၊ နင် ဂုဏ်ယူဖို့ကောင်းတယ်"

ဧရိယာပေါ်မှာရှိနေသော ဦးဘအောင်က ထွန်းမြင့်ကို အပြစ်ပြောနေသော ဒေါ်ထွေးမှီကို မကျေနပ်။

"ဂုဏ်မယူနိုင်ပေါင်တော်၊ သားတစ်ယောက်ရှိလျက်သားနဲ့ မီးလောင်တာ ဖျာစုတ်တစ်ချပ်တောင် မရလိုက်ဘူးဆိုတော့ ဘာသွားဂုဏ်ယူရမှာလဲ"

"ဟာ... အဲဒီလိုမဟုတ်ဘူးဟာ၊ နင် အဲဒီလို မပြောသင့်ဘူး၊ မီးစလောင်တဲ့အချိန်တုန်းက နင့်သား ထွန်းမြင့်နဲ့ ဟိုလှဆောင်တို့၊ အောင်မင်းတို့ လူငယ်တွေ မီးငြိမ်းဖို့ ကြိုးစားနေကြတော့ အဲဒီနေရာမှာ ငါရှိတယ်။ ငါတို့ ဒီလိုဒုက္ခသည်ဘဝ ရောက်ရတာ ကျန်တဲ့ ရွာသားတွေအားလုံးရဲ့ အပြစ်ဟ"

"ဘာဆိုင်လို့ ရွာသားတွေ အပြစ်ရမှာလဲဗျ၊ လှထွေးကြောင့် လောင်တာ၊ လှထွေးအပြစ်ပေါ့"

ကိုမြဒင်က မီးလောင်ခံရသည့်အထဲ အပြစ်ပြောခံရသည်ကို မကျေနပ်။

"အေး... အမိကတရားခံဆိုတော့ လှထွေးပေါ့ကွာ၊ ဒီကောင်မှုလို့ ဖြစ်ရတာ၊ ဒါပေမယ့် အဲဒီမီးက ငါတို့ ရွာသားတွေအားလုံး တက်ညီလက်ညီ ဝိုင်းငြိမ်းရင်ရတယ်ကွ၊ တစ်ရွာလုံး မကူးဘဲနဲ့ လှထွေးအိမ်တင် ပြီးသွားမှာ၊ အလွန်ဆုံးလောင်ရင် ဘေးက မရွှေအိမ်ပေါ့ကွာ။





"ထွန်းမြင့် အော်တာ မှန်တယ်ကွ၊ လာကြပါဗျို့၊ မီးကို ဝိုင်းသတ်ကြပါ၊ မသတ်ရင် တစ်ရွာလုံး ကူးလိမ့်မယ်လို့ သူ အော်ပြီး တစ်ရွာလုံးကို ခေါ်တယ်။ ဘယ်သူမှ မလာဘူး၊ ကိုယ့်အိမ် ကိုယ့်ပစ္စည်းပဲ လုံးပမ်းနေကြတယ်။

"ကျုပ်လည်း ဝိုင်းကူအော်ပေးပါတယ်၊ လာကြပါဗျို့၊ မီးကို ဝိုင်းကူသတ်ကြပါလို့ ခေါ်တာပဲ၊ ဘယ်သူမှ ရောက်မလာကြဘူး။

"ကျုပ်က ခြေတစ်ဖက် မသန်တဲ့လူ၊ သူတို့ကို ကူချင်ပေမယ့် ဝင်မကူနိုင်ဘူး၊ ဘေးကနေ သူတို့လုပ်တာကြည့်ပြီး အားပေးရုံပဲ တတ်နိုင်တယ်။

"လှထွေးအိမ်ဘေးက မရွှေအိမ်သာ မီးမကူးရင် လှထွေးအိမ်လောင်ပြီးတာနဲ့ ဒီမီးပြီးသွားမှာ၊ တစ်ရွာလုံး ခုလို ဒုက္ခဖြစ်မှာ မဟုတ်ဘူး"

ထမင်းထုပ်ကိုယ်စီနှင့် လူကြီးများ ထမင်းမစားနိုင်သေးဘဲ ဦးဘအောင်ပြောသည်ကို နားထောင်နေကြသည်။

"မရွှေအိမ်မကူးဖို့ မောင်ထွန်းမြင့်နဲ့ လူငယ်ခြောက်ယောက်၊ ခုနစ်ယောက်ပဲရှိတယ်၊ လေးယောက်က မရွှေအိမ်ကို ဖျက်ဖို့လုပ်တယ်၊ သုံးယောက်က ရေသယ်ရတယ်၊ ဘယ်နိုင်မလဲ၊ နောက်ထပ် ငါးယောက်လောက်သာလာရင် နိုင်တာပေါ့"

"ဘယ်သူက လာမှာလဲတော်၊ ကိုယ့်အိမ်ကိုယ် ဂရုစိုက်မှာပေါ့"

"အေး... နင်ပြောတဲ့အကြောင်းပဲ ထွေးမှီ၊ အဲဒီလို ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကိုယ် ဂရုစိုက်နေကြလို့ ငါတို့အိမ်အားလုံး အခု တက်တက်ပြောင်တာပေါ့၊ နင့်သားလိုသာ တစ်ရွာလုံး အသိရှိရင် ငါတို့ ဒီအချိန်မှာ အခုလို သူများရွာက ပေးတဲ့ ထမင်းထုပ် စားနေရမှာမဟုတ်ဘူး၊ နင့်သားကို အပြစ်မပြောနဲ့၊ နင့်သားက အပြစ်မရှိဘူး၊ တာဝန်ကျေတဲ့လူ၊ အပြစ်ရှိတာက မီးလောင်တဲ့နေရာကို ဝိုင်းငြိမ်းဖို့ မလာတဲ့လူတွေ"

"မလာဆို ကျုပ်က သွေးကွဲစကား ပြောတာမဟုတ်ပါဘူးဗျာ၊ တောင်လေတိုက်နေတော့ မီးက မြောက်ဘက်ကို အမြန်ကူးလာနေတာ၊ ကျုပ်တို့ မြောက်ပိုင်းအိမ်တွေက မသိမ်းလို့ ဘယ်ရမလဲ၊ တောင်ပိုင်းသားတွေက တောင်လေတိုက်နေတယ်၊ သူတို့နဲ့ လွတ်တယ်ဆိုပြီး လက်ပိုက်ကြည့်နေတာ၊ နောက်မှ လေကြောင်းပြောင်းသွားလို့ သူတို့လည်း ဘာမှ မသယ်နိုင်ဘဲနဲ့ ကိုယ်လွတ်ထွက်ပြေးကြရတာ"

မြဒင်က တောင်ပိုင်းသားများကို မကျေနပ်။

"အတူတူပါပဲကွာ၊ တောင်ပိုင်း မြောက်ပိုင်း ခွဲပြောမနေစမ်းပါနဲ့၊ မောင်ထွန်းမြင့်က မြောက်ပိုင်းသားပဲ၊ သူ့အိမ်ထားပြီး လာတာပဲ၊ အဲဒီလိုသာ တစ်ရွာလုံး လာရင် ဒီမီး နိုင်ကို နိုင်တယ်"

ဦးဘအောင်ကို မြဒင် ဘာမျှ ပြန်မပြောနိုင်ပါ။

"ဒီမယ် ထွေးမှီ... ငါက မျက်မြင်ဟ၊ နင့်သား ဘယ်လောက်တော်တယ်ဆိုတာ ငါ ဆက်ပြောလိုက်ဦးမယ်၊ မီးအားကြီးလာပြီး မနိုင်တော့ ခြေကုန်လက်ပန်းကျနေတဲ့အချိန်မှာ





ှိုင် မမြင်မကမ်းနဲ့ မီးထဲပိတ်မိနေတာ ဘယ်သူမှ ဝင်မယ့်လူ ရှိဘူး၊ နင့်သားပဲ ဝင်ကယ်ရတာ"

"အဲဒါကြောင့် အခု ဆေးရုံရောက်နေပြီလေ၊ အမေကတော့ မနေနိုင်ပါဘူး၊ ထမင်းထုပ်လေး ဖြေစားပြီးရင် သွားရမယ်"

"သွားရမှာပေါ့၊ ငါတို့လည်း သွားကြမှာပဲ"

"ဟုတ်ပါတယ်၊ ကျုပ်တို့လည်း ထမင်းစားပြီးရင် ဆေးရုံ ား မေးကြမှာပဲ"

ဦးချစ်ရွှေက လူကြီးများကိုယ်စား ပြောသည်။

ဇရပ်ပေါ်မှ လူကြီးတော်တော်များများမှ ထမင်းစားပြီး င် ရွာကျိုးရပ်ကျိုးဆောင်သော ထွန်းမြင့်ကို ဆေးရုံသွားမေး အစီအစဉ်ရှိသူများ ဖြစ်ပါသည်။

"မောင်မင်းကြီးသား ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ မျော သက်စွန့်ဆံဖျား ဝင်ကယ်ရင်းနဲ့ ဒဏ်ရာရသွားရှာတာ၊ ငယ် ကျုပ်သားလောက်ပဲ ရှိပေမယ့် ထိုင်ရှိခိုးချင်အောင် ည်ညိုတယ်"

ဦးဘအောင်က သူ့ရင်ထဲမှာရှိသည့်အတိုင်း ထုတ်ပြော ်ခြင်းဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



**၁**

ကလင်… ကလင်… ကလင်… ကလင်။

စံညွန့် စက်ဘီးစီး၍ ဘုန်းကြီးကျောင်းဝင်းထဲသို့ ရောက်လာသည်။ သူတကာ မျက်နှာညှိုးနွမ်းနေကြသော်လည်း စံညွန့်မှာ မညှိုးမနွမ်း ရွှင်လန်းလျက် အပြုံးမျက်နှာရှိနေသည်။

စံညွန့်တို့အိမ်မှာ ရွာမြောက်ဖျားကျ၍ ပစ္စည်းသယ်ရန် အချိန်ရသည်။ ငွေကြေးတတ်နိုင်သူမို့ ကူသူ ဝိုင်းသူ တပည့်တပန်းကလည်းများသောကြောင့် ပစ္စည်းအားလုံး သယ်ချိန်ရလိုက်သည်။ အိမ်ချည်းသာ မီးထဲပါသွားသည်။

စပါး၊ ပဲ၊ နှမ်း၊ လျှောင်ကုန် သစ်စေ့များမှာလည်း ရွာနှင့်နီးသော သူတို့လယ်တောတွင် စပါးတလင်းဘောမှာ ရှိသည့်ကျီများတွင် ထည့်ထား၍ မီးဘေးမှလွတ်သည်။ တလင်းဘောမှာပင် နွားတင်းကုပ်နှင့် လူနေရန် တဲတစ်ပိုင်း အိမ်တစ်ပိုင်း အဆောက်အဦး ရှိသေးသည်။

ထိုအဆောက်အဦးသည် စံညွန့် တိတ်တိတ်ပုန်းဂျင်ဝိုင်းလုပ်သောနေရာလည်းဖြစ်သည်။





ယခုလို မီးဘေးသင့်ချိန်တွင် စံညွန့်တို့မိသားစုသည် သူများလို ဘုန်းကြီးကျောင်းထဲ မနေရဘဲ လယ်တဲအိမ်မှာပင် လူနေမှုမပျက် ရွှေ့ပြောင်းနေနိုင်ကြသည်။

"ဟော… ညိုယဉ် နင်တို့ ဘယ်မှာနေလဲ"

မြသီထံမှ အိုးတုံးပြန်လာသော ညိုယဉ်ကိုမြင်၍ စံညွန့် စက်ဘီးပေါ်မှ လှမ်းမေးသည်။

"ဆွမ်းချက်ဇရပ်ဘောက အဖီလေးမှာ"

အဝတ်ညှိုးနွမ်း၊ လူညှိုးနွမ်းဖြစ်နေ၍ စံညွန့်ဘက်သို့ ညိုယဉ် မျက်နှာမလှည့်ချင်။

ဖြေသည်ကပင် မဖြေချင် ဖြေချင်။

"ဒေါ်လေးမြရော ရှိလား"

စံညွန့်က မေးခွန်းဆက်နေသေးသည်။

"ရှိတယ်"

"အေး… ဒါဆိုလဲ ဝါလိုက်တွေ့ပါဦးမယ်ဟာ"

စံညွန့် စက်ဘီးပေါ်မှ ဆင်းလိုက်သည်။

မမှာရုံထဲမှာရှိနေသော သားသည်အမေတစ်ဦးက သူ့ဘေးမှာ ရှိနေသော မြသီကို လက်ကုပ်၍ ညိုယဉ်နှင့်အတူ လိုက်သွားသော စံညွန့်ရှိရာသို့ မေးငေါ့ပြလိုက်သည်။

"ဒေါ်လေးမြ နေကောင်းလား"

"ဟော့ ဘယ်သူလဲဟဲ့… ဪ… မောင်စံညွန့်ပါလား၊ နေကောင်းပါတယ်၊ လာလေကွယ်၊ ဒါပေမယ့် ထိုင်စရာတော့ နေရာတောင်မရှိဘူးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ဗျာ၊ ဒေါ်လေးမြကလဲ ဒီအချိန်မှာ ကျွန်တော် နားလည်ပါတယ်၊ ဘာတွေလိုသလဲလို့ ဝင်ကြည့်တာ"

"မင်းမြင့်တဲ့အတိုင်းပါပဲကွယ်၊ သားအမိနှစ်ယောက် လူလွတ်အောင် မနည်းပြေးခဲ့ကြရတာ၊ ဘာမှ မရလိုက်ပါဘူး၊ ဟီး... အီး"

ဒေါ်ချစ်မြ ပြောရင်း ဝမ်းနည်းလာ၍ ငိုသံထွက်လာသည်။

"အမေကလဲတော်... မငိုစမ်းပါနဲ့"

ညိုယဉ်က သူ့အမေငိုသည်ကို သဘောမကျ။

"ဘာဖြစ်လဲဟဲ့ ကိုယ့်အဖြစ်က ငိုစရာဖြစ်နေတာ၊ မငိုလို့ ငါက ရယ်နေရမှာလား"

"ဟုတ်သားပဲဟာ ညိုယဉ်ကလဲ... ကဲပါ ဒေါ်လေး ရယ် ငိုမနေပါနဲ့၊ ရော့ ငွေတစ်ရာ ယူထားလိုက်၊ ဒါ... ကျွန်တော့် ကူညီတာပါ၊ ညနေကျရင် ဖျာတို့၊ စောင်တို့၊ အိုးခွက် ပန်းကန်ရော လူကြီးနဲ့ မြမောင် အပို့ခိုင်းလိုက်ပါဦးမယ်"

"အို... ဒုက္ခပါပဲ"

ညိုယဉ် အသံမထွက်ဘဲ စိတ်ထဲမှာတင် စိတ်ပျက်စွာ ညည်းလိုက်မိခြင်းဖြစ်သည်။

ပိုးကြေးပေးသည် ပန်းကြေးပေးသည်ဟု အတင်းချကြမည့် ပါးစပ်များကို ညိုယဉ် မြင်ယောင်နေသည်။

သို့သော် ေါချ( )ကြ ငွေကို လက်ခံနေပြီ။

"အားနာစရာ မောင်စံညွန့်ရယ်၊ မင်းတို့အိမ်လည်း မီး





ထဲပါသွားတာ စိတ်မကောင်းပါဘူးကွယ်၊ နှစ်ထပ်အိမ်ကြီး နှမြောစရာ"

"ဟာ... ဒေါ်လေးကလဲ၊ ကျွန်တော်တို့က လူများတော့ ပစ္စည်းတွေအားလုံး ရလိုက်တယ်ဗျ၊ သိုးနံ့တွေကလည်း တလင်းထဲမှာထားတော့ ဘာမှမပါဘူး၊ အိမ်ကလည်း အိုပါပြီဗျာ၊ ကျွန်တော်က အသစ်ဆောက်ချင်နေတာ၊ အမေက အဘိုးအဘွား အမွေဆိုပြီး ပြောမရလို့ ခုတော့ ဟန်ကောင်ကျသေး၊ အသစ်ဆောက်ခွင့် ရသွားတာပေါ့"

စံညွန့်၏လေသံက ခပ်ကျယ်ကျယ် ခပ်ကြွားကြွား။

"ဪ... မောင်စံညွန့်ရယ်..."

နှစ်ထပ်အိမ်ကြီး မီးထဲပါသွားသည်ကို အနှမြောမရှိသော စံညွန့်ကို ဒေါ်ချစ်မြ အံ့သြနေသည်။

ညိုယဉ်ကတော့ စံညွန့်၏ အဝါအကြွားအတွက် စိတ်ပျက်မိသည်။ သို့သော် "အေးလေ... ဘယ်လိုပဲဖြစ်ဖြစ် သူကမှ ကူညီဖော်ရသေးတယ်၊ ဟင်း..."

အကူအညီတောင်းနေဆဲမှာ ပြေးထွက်သွားသော ထွန်းမြင့်ကို မြင်ယောင်၍ ရင်ထဲမှာ နာကျင်မိသည်။

"ဟဲ... ညိုယဉ် မြသီတို့ဆီက ငှားလာတဲ့အိုးနဲ့ ရေနွေးကြမ်း တည်ပါလားဟဲ့၊ ကပ္ပိယကြီးဆီက လက်ဖက်ခြောက် တစ်ခါစာလောက် တောင်းလို့ရပါတယ်။ မောင်စံညွန့် ရေနွေးကြမ်း သောက်ရတာပေါ့"

ဒေါ်ချစ်မြက စေတနာ ပိုနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တာ... ဒေါ်လေးကလဲ နေပါစေဗျာ၊ မဟုတ်တာ ဒုက္ခဖြစ်နေတဲ့အချိန်မှာ"

"ရေချွေးကြမ်းတော့ ဘိုက်လို့ရပါသေးတယ်ကွယ်၊ သွားပါဖြဲ့"

အိုးကိုဆွဲပြီး ရေတွင်းဆီသို့ ညိုယဉ် ထလာခဲ့သည်။

စိတ်ပျက်စရာ စကားသံများမှ လွတ်မြောက်လာရ၍ ဝမ်းသာမိသည်။

စံညွှန့်ကို ရင်ထဲမှာ ဘယ်တုန်းကမျှ နှစ်သက်၍မရ။

"ငါမရှိတုန်း အမေ့ကပ်ပြီး နားဖောက်နေမှဖြင့်"

စိုးရိမ်စိတ် ဖြစ်မိသည်။

"အေးလေ... နားဖောက်လို့ အမေသဘောတူရင်လဲ အေးတာပဲ"

ထွန်းမြင့်ကို မုန်းတီးစိတ်ဖြင့် အရွဲ့တိုက်ပြီး တွေးလိုက်မိသည်။

သို့သော် စံညွှန့်ကို လင်ယောကျ်ားအဖြစ် ပေါင်းရမည့်အရေး တွေးမိတော့ စိတ်ပျက်ရပြန်သည်။

စံညွှန့်ကို ဘယ်လိုမှ အထင်ကြီး၍ရမ။ သို့သော် ထွန်းမြင့်ကို ပိုမုန်းနေသည်က အခက်။

"တော်ပြီ၊ ဘယ်သူ့မှ မယူချင်ဘူး"

ညိုယဉ် မကျေမနပ် တွေးလိုက်သည်။

"အမေက စံညွှန့်နဲ့ အတင်းပေးစားရင်"

"ဒေါင်"





ရေတွင်းသို့ရောက်ပြီမို့ ရေတွင်းနှုတ်ခမ်းပေါ်သို့ လက်ထဲမှ ဒန်အိုးကို ဆောင့်တင်လိုက်သည်။

"ဟင်း... စိတ်ပျက်စရာကောင်းလိုက်တာ"

ညိုယဉ် ဆက်တွေးချင်စိတ် မရှိတော့ပါ။

ရေငင်ပုံးကို တွင်းထဲသို့ ချလိုက်သည်။

ဒေါ်ချစ်မြနှင့် စကားပြောနေသော စံညွှန့်၏ မျက်လုံးများသည် ခပ်လှမ်းလှမ်းမှာ မြင်နေရသော ရေတွင်းဆီသို့ ရောက်နေ၏။

စက်သီးတပ်ထားသောရေပုံးကို တစ်လှမ်းချင်း ဆွဲငင်နေ သည့် ညိုယဉ်၏ ပြေပြစ်ကြော့ရှင်းသော နောက်ဘက်ပိုင်းအလှကို စံညွှန့် တအံ့တဩ ငေးမောလျက်။

* * *



www.burmeseclassic.com

www.burmeseclassic.com



# ၉

မိုးလေးက တဖွဲဖွဲကျနေသည်။

ထွန်မွှေနေရင်း မျက်နှာပေါ်မှ ချွေးနှင့်ရော၍ စီးကျ

သော မိုးရေများကို ထွန်းမြင့် လက်နှင့်သုတ်ပစ်လိုက်သည်

"ဒီလယ်တစ်သွယ်ပြီးရင် ထွန်တုံးပိတ်ရတော့မယ်"

စောစောထွန်တုံးပိတ်၍ စောစောလယ်ရိတ်ရမှ နွေစပေါ်

စောစောစိုက်နိုင်မည်ဖြစ်သည်။

ယခုနှစ် မိုးစပါး၊ နွေစပါးပြီးလျှင် ညိုယဉ်နှင့် လ

ထပ်မည်ဟု စိတ်ကူးယဉ်ထားခဲ့သည်။

ခုတော့ လေထဲမှာဆောက်ခဲ့သော တိုက်အိမ်က

သည် မိုးထဲမှာ ပါသွားခဲ့ပြီ။

ရသမျှ စပါးလေးရောင်းပြီး အိမ်ပြန်ဆောက်နိုင်အော

ကြိုးစားရဦးမည်။ လယ်ယာသုံး ပစ္စည်းကိရိယာများ ဖြ

ရဦးမည်။

တွေးလိုက်တိုင်း ရင်ထဲမှာ မကျေမနပ် ခံစားရသည်

အရှယ်ရောက်သူယောကျ်ားတိုင်းသာ မိုးလောင်သော





နေရာကိုလာပြီး မီးငြိမ်းကြလျှင် ယခုလို ရွာလုံးကျွတ် မီးလောင်

သည့်ဒုက္ခကို ခံစားရမည်မဟုတ်။

ခုတော့ လူတိုင်း သူညမှ ပြန်စနေရသည်။

ကိုယ့်မှာ ပစ္စည်းဥစ္စာအားလုံး ဆုံးရှုံးရုံသာမက ညာဘက်

ပါးပြင်တွင် အမာရွတ်ကြီးတစ်ခုပါ ရခဲ့သည်။

သို့သော် မျက်နှာမှ အမာရွတ်ထက် အသည်းမှာရသော

မီးလောင်ဒဏ်ရာက ပို၍ခံစားရသည်။

ခပ်လှမ်းလှမ်းရှိ ဦးကံဆက်၏လယ်ကွက်ဆီသို့ လှမ်း

ကြည့်လိုက်သည်။

ညိုယဉ်အပါအဝင် ကောက်စိုက်မ နှစ်ဆယ်ခန့် မိုးထဲ

ရေထဲမှာ ကောက်စိုက်နေကြသည်။

မီးကိုငြိမ်းသတ်ရန် ထွန်းမြင့် ပြေးထွက်သွားစဉ်၌ ညို

ယဉ်က သူ့ အကူအညီတောင်းနေသည်ကို ငဲ့ညှာခြင်းမရှိဟု

စိတ်အနာကြီး နာသွားခဲ့သည်။

ထွန်းမြင့် ဆေးရုံတက်နေစဉ် တစ်ရွာလုံးနီးပါး

မေးကြသော်လည်း ညိုယဉ် တစ်ကြိမ်တစ်ခါမျှ လာ

"တကယ့်အရေးမှာ ဘာမျှ အားကိုးရတဲ့လူမဟုတ်

ပြောကြောင်း ညိုယဉ်၏သူငယ်ချင်း မြသီက ဆေးရုံ

မေးရင်း ပြောသွားသည်။

ဆေးရုံက ဆင်းတော့ ညိုယဉ်နှင့် တွေ့ပြီး

ကြိုးစားသေးသည်။

သို့သော် ညိုယဉ်က လုံးဝအတွေ့မခံ၍



www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲမှာ ညိုယဉ်တို့အိမ်သို့ စံညွှန့် အဝင်အထွက်များနေသည်။ အိမ်ပြန်ဆောက်ရာတွင် အကူအညီပေးနေသည်ဆိုသော သတင်းများကိုလည်း ကြားနေရသည်။

ကြာတော့လည်း ညိုယဉ်နှင့် တွေ့ခွင့်ရရန် ထွန်းမြင့်မကြိုးစားချင်တော့ပါ။ ရှင်းပြချင်စိတ်လည်း မရှိတော့ပါ။

သို့သော် ရင်ထဲမှာ ဝေဒနာတစ်ခုက စွဲမြဲလျက်။

အမေအပေါ်အဝင် တစ်ရွာလုံးမှာ မီးလောင်လျှင် ကိုယ့်အိမ် ကိုယ့်ပစ္စည်းသာ အလေးထားချင်နေကြသည်။

မီးကို ဝိုင်းငြိမ်းရန် ဆန္ဒမရှိကြ။

"မှားတယ်ကွာ၊ သိပ်မှားတယ်၊ အဲဒီအယူအဆကို ဖျက်ပစ်ရမယ်"

ထွန်းမြင့် မခံချင်စိတ်နှင့် တွေးမိသည်။

သို့သော် မည်သို့ဖျက်ရမှန်းမသိ။

မိုးကလေးက ဖွဲရာမှ သည်းလာသည်။

မျက်နှာပေါ်မှ မိုးရေများကိုသပ်ချရင်း အမာရွတ်ကို စမ်းမိသည်။

"ငါ့ကို ညိုယဉ် မတွေ့ချင်တော့တာ မျက်နှာက ဒီအမာရွတ်ကြီးကြောင့်လား စံညွှန့်ဘက်ကို စိတ်ပြောင်းသွားလို့လား"

လှမ်းမြင်နေရသော ဦးကံဆက်၏ လယ်ကွက်ဆီမှ ကောက်စိုက်မများကို လှမ်းကြည့်ငေးမောရင်း ထွန်းမြင့် ရင်ထဲမှာ လှိမ်းလှိမ်းဆွေးဆွေး ခံစားရသည်။

* * *





## ၁၀

"မြသီရေ… ငါ ကုလားပဲရွက် သွားခူးချင်လို့ လိုက်ခဲ့ပါဦး"

ညိုယဉ်က အိမ်နီးချင်းဖြစ်သူ မြသီကို အဖော်ခေါ်သည်။

"အေး… အတော်ပဲ၊ ငါလဲ ငရုတ်သီး တစ်ခါချက်လောက်ဆွတ်ချင်လို့"

"ဒါဖြင့် ငါ့ကို ကုလားပဲရွက် ကူခူးပေး၊ နင့်ကို ငရုတ်သီး ကူဆွတ်ပေးမယ်"

"အေးပါဟဲ့"

သနပ်ခါးပါးကွက်များကို တူတူညီညီလိမ်းထားသော ညိုယဉ်နှင့် မြသီတို့ ရွာထဲမှ ထွက်လာခဲ့ကြသည်။

အိမ်နီးချင်း သူငယ်ချင်းဖြစ်၍ ညိုယဉ်က လအနည်းငယ်ကြီးသောကြောင့် ညီအစ်မအရင်းလိုလည်း ချစ်ကြသည်။

"နင်တို့အိမ်လဲ ပြီးခါနီးပြီနော် မညို"

"အင်း… အကြွေးတွေ အများကြီးပါဟာ"

"ဟင်းဟင်း… ပြန်ပေးဖို့မလိုတဲ့ အကြွေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုစံညွန့်က ငွေထုတ်ချေးတာ မဟုတ်လား"

"ဘယ်သူ့က ချေးချေး အကြွေးဟာ အကြွေးပေါ့ဟာ၊ ဆေးချိန်တန်တော့ ပြန်ပေးရမှာပေါ့"

"မညိုနဲ့ လက်ထပ်တော့ အကြွေးတွေက ကျေသွားမှာပေါ့ဟ"

"တော်စမ်းပါဟာ၊ ငါ အဲဒါ စိတ်ပျက်တာ၊ အမေကလည်း သူတို့ဆီက မယူပါနဲ့ပြောတာ မရဘူး၊ သူတို့ဆီက မယူလို့ ဘယ်သူ့ဆီက ယူရမှာလဲတဲ့၊ ငါကတော့ ဖြစ်တဲ့နည်းနဲ့ ပြန်ဆပ်နိုင်အောင် လုပ်မှာပဲ"

"ငါ သိပါတယ်၊ မညို ကြည့်ရတာ ကိုစံညွန့်ကို သဘောမကျဘူး မဟုတ်လား"

"မကျဘူး"

"ဩော်... နေဦး၊ မညိုကို ငါ ပြောစရာရှိတယ်၊ ဒီနေ့မှော်ရုံမှာ အစည်းအဝေးလုပ်တာ မညို သိပြီလား"

"မသိပါဘူးဟာ၊ အိမ်ထောင်ဦးစီးတွေအားလုံး တက်ရမယ်ဆိုလို့ အမေတော့ သွားတာပဲ၊ ဘာမှ ပြန်မပြောပါဘူး"

"အေး... အဲဒါဆို ငါပြောမယ်၊ အစည်းအဝေးက ရ–ဝ–ဓ ဥက္ကဋ္ဌအသစ်ရွေးဖို့ ရွာသားတွေရဲ့သဘောထားကို ညှိနှိုင်းတာတဲ့၊ မြို့နယ်က လူတွေ လာတယ်တဲ့"

ရွာအပြင် ရောက်လာပြီမို့ လေကလေးက တဖြူးဖြူးတိုက်လာသည်။ ပါးပြင်ပေါ်ကျလာသော ဆံပင်များကို ညိုယဉ်နားဘက်သို့ ဆွဲသပ်လိုက်သည်။





"အဲဒါ ဦးဘအောင်ကြီးက ဘယ်သူ့ကို တင်တယ်ထင်လဲ"

ညိုယဉ် မသိ။ မြသီကို လှည့်ကြည့်လိုက်သည်။

"ကိုထွန်းမြင့်ကို တင်တယ်တဲ့ဟ"

"သူက အိမ်ထောင်ဦးစီးမို့လား"

"သူ့အဖေမရှိတော့ သူ အိမ်ထောင်ဦးစီးပေါ့ဟ၊ သူပဲလုပ်နေတဲ့ဟာ၊ ဦးဘအောင်ကြီးက မီးလောင်တုန်းက ရွာအတွက်အသက်စွန့်ပြီး မီးငြိမ်းသတ်တဲ့အကြောင်း၊ ငယ်ပေမယ့် ဒီလိုလူမျိုးဟာ ရွာကျိုးရပ်ကျိုး အားကိုးရမယ့်သူဖြစ်တဲ့အကြောင်း ပြောတယ်တဲ့ဟ"

"သူ့ရဲ့ကောင်းကြီးပေါ့လေ"

ညိုယဉ် အရွဲ့တိုက်၍ ပြောလိုက်ခြင်းဖြစ်သည်။

"အေး... လူအတော်များများကလည်း သဘောတူကြတယ်တဲ့ဟ"

"ငါ မပါဘူး"

ညိုယဉ်က သူ့သဘောထားကိုမမေးဘဲ ကြေညာလိုက်သည်။

"မညို မပါလဲ မညိုက အိမ်ထောင်ဦးစီးမှ မဟုတ်ဘဲ"

"ဘာလဲ မညိုက ယောက္ခမလောင်းကြီး ဖြစ်နေချင်လို့လား"

"ဘယ်က ယောက္ခမလောင်းလဲ"

"ကိုစံညွန့်အဖေ ဦးဘခိုင်လေ"



www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့ ဘာဆိုင်လဲဟဲ့"

"ဆိုင်တယ်ဟ၊ ကိုထွန်းမြင့်ကို ရွာသားတွေက သဘောကျကြောင်းပြောတော့ သူက မောင်ထွန်းမြင့်ဆိုတာ ရွာလူကြီးလုပ်ဖို့ သိပ်ငယ်ပါတယ်တဲ့၊ အခုမှ သူ့အဖေသေလို့ မလွဲသာမရှောင်သာ လယ်ယာလုပ်ငန်းကို ဦးစီးလုပ်ရတဲ့ လူငယ်တစ်ယောက်ပါတဲ့၊ ရွာထဲမှာ သူ့ထက်ပိုပြီး အတွေ့အကြုံရှိတဲ့လူကြီးတွေ အများကြီးရှိပါတယ် ဆိုပြီး ထပြောတယ်တဲ့ဟ"

ညိုယဉ်ဘာမျှမပြောဘဲ နားထောင်နေသည်။

"အဲဒါနဲ့ ဦးမိုးက ဦးဘခိုင်ကို ရွာလူကြီးလုပ်ဖို့ သဘောတူပါတယ်လို့ ထပြောတယ်တဲ့၊ မညို သိတယ်မဟုတ်လား ဦးမိုးက ဦးဘခိုင်အိမ်မှာပဲ ကူညီလုပ်ကိုင်ပေးရင်း စားသောက်နေတာ သဘောတူမှာပေါ့။

"ဒါနဲ့ ဦးရွှေကလည်း ဦးဘခိုင်ကိုပဲ သဘောတူကြောင်း ထပြောတယ်တဲ့၊ ဟင်း... ဟင်း... ဦးရွှေဆိုတာကလည်း ဦးဘခိုင်အိမ်မှာ ခိုကပ်နေရင်း စာရင်းငှားတစ်ပိုင်း ဖြစ်နေတာ"

မြသီက သူ့ဘာသာပြောရင်း ရယ်နေသည်။

"အဲဒီနှစ်ယောက်ဆိုရင် မညို ဘယ်သူဖြစ်စေချင်သလဲ"

မြသီက အကဲခတ်စမ်းကြည့်သည်။

"ဘယ်သူမှ မဖြစ်စေချင်ဘူး"

ညိုယဉ်အဖြေက ပြတ်သားသည်။

"ဟင်း... ဟင်း... မညို သိပ်ရယ်ရတယ်"

"ဘာလို့ ရယ်ရမှာလဲဟ"





ညိုယဉ် မကျေနပ်။

"ငါတို့အဖေကတော့ ကိုထွန်းမြင့်ကိုပဲ ဖြစ်စေချင်တယ်တဲ့၊ ငယ်ပေမယ့် အသောက်အစားမရှိဘူး၊ တည်တည်တံ့တံ့ ရှိတယ်၊ မီးလောင်တုန်းကလည်း သူ့လိုသာ အနစ်နာခံပြီး ဝိုင်းမြှမ်းကြရင် တစ်ရွာလုံး ခုလိုဖြစ်မှာမဟုတ်ဘူးလို့ ဦးဘအောင်ပြောတာ မှန်တယ်တဲ့။ ဦးဘခိုင်ဆိုတာက သူ့ဘာသာ ချမ်းသာပေမယ့် ဘယ်တုန်းကမှ ရွာကျိုးရပ်ကျိုး လုပ်ခဲ့တာမဟုတ်ဘူးတဲ့။

"စပါးပွဲစား၊ နှမ်းပွဲစား၊ စပါးပေး၊ နှမ်းပေး ငွေချေးပြီး ချမ်းသာတာတဲ့၊ သူ့သားကျတော့ ဖဲဝိုင်းထောင်၊ ကျင်ဝိုင်းထောင်နဲ့ ပိုတောင်ဆိုးသေးတယ်တဲ့"

"အဲဒါတွေ ဦးလေးချစ်က မြသီကို ပြောပြတာလား"

"ငါ့အဖေလား ငါ့ကိုပြောမှာ၊ အမေ့ကို ပြောတာ၊ ငါအားကနေ နားထောင်ရတာ၊ မညို အမေက ဘယ်ပြန်ပြောမလဲ၊ သူက ဦးဘခိုင် ဖြစ်စေချင်မှာပေါ့"

"ငါ မဖြစ်စေချင်ပါဘူး"

"မညိုက ကိုထွန်းမြင့် ဖြစ်စေချင်တာလား"

မြသီ ဝမ်းသာအားရ မေးလိုက်သည်။

"မဖြစ်စေချင်ပါဘူး"

"ဒါဖြင့် ဘယ်သူ ဖြစ်စေချင်တာလဲ"

"ဘယ်သူဖြစ်ဖြစ် မဖြစ်ဖြစ် ဘယ်သူ့မှ ငါအရေးမစိုက်ဘူး၊ တကယ့်အရေးကျတော့ ဘယ်သူမှ အားကိုးရတာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ညိုယဉ်၏ မကျေနပ်ချက် ပေါ်ထွက်လာသည်။

"ကိုထွန်းမြင့်က မညိုကို မကူညီတာမဟုတ်ပါဘူးဟာ၊ တစ်ရွာလုံး မီးမလောင်အောင် ငြိမ်းနိုင်ရင် မညိုကိုလည်း ကူညီပြီးသား ဖြစ်မှာပါတဲ့၊ ငါ ဆေးရုံသွားမေးတုန်းက ပြောတယ်"

"တော်ပြီဟာ... သူ့အကြောင်း ငါ မကြားချင်ဘူး၊ နင် ဘာမှ ဆက်မပြောနဲ့တော့"

ဒေါသတကြီးဖြစ်နေသော ညိုယဉ်ကိုကြည့်ပြီး မြသီ ပြုံးလိုက်သည်။

"ကဲ... မပြောနဲ့ဆိုရင်လဲ မပြောတော့ပါဘူး၊ ရှေ့မှာ ငရုတ်ခင်း ရောက်နေပြီ၊ ကုလားပဲခင်းက ဆက်သွားရဦးမယ်၊ အဲဒီတော့ ငရုတ်သီး အရင်ခူးမှာလား၊ ပဲရွက် အရင်ခူးမှာလား ပြော"

"ငရုတ်သီး အရင်ခူးမယ်ဟာ... လာ"

ညိုယဉ် ငရုတ်ခင်းဆီသို့ လျှောက်သွား၍ မြသီနောက်မှ လိုက်ရသည်။

ငရုတ်ခင်းကိုရောက်တော့ ညိုယဉ် မဆင်းသေးဘဲ မြသီဘက်သို့ လှည့်ကြည့်လိုက်သည်။

မြသီက မသိချင်ယောင်ဆောင်၍ ငရုတ်ခင်းထဲသို့ ဆင်းမည်လုပ်သည်။

"ဒါနဲ့... နင် ခုနပြောတာ ရ-ဝ-တ ဥက္ကဋ္ဌ ဘယ်သူဖြစ်သွားလဲ"





မြသီ တခစ်ခစ်နှင့် ရယ်နေသည်။

"နင်က ဘာရယ်တာလဲဟ၊ တော်ပြီဟာ မပြောချင်လဲ နေ၊ ငါ စိတ်မဝင်စားဘူး"

"ဟင်း... ဟင်း... ဘယ်သူမှ မဖြစ်သေးဘူး၊ မြို့နယ်က ရွာသူရွာသားတွေရဲ့ သဘောထားကို သိချင်လို့ မေးတာတဲ့၊ တကယ် ဘယ်သူဖြစ်မယ်ဆိုတာ မကြာခင် စာနဲ့ အကြောင်းကြားမယ်တဲ့၊ ဟင်း... ဟင်း"

မြသီ ရယ်နေသည်။

ညိုယဉ် ငရုတ်ခင်းထဲသို့ ဆင်းသွားသည်။

"နေဦးဟဲ့၊ ပြောစရာ ကျန်သေးတယ်"

မြသီဘက်သို့ ညိုယဉ် လှည့်ကြည့်သည်။

"အဖေကတော့ ပြောတယ်၊ ကိုထွန်းမြင့် ဖြစ်မှာမဟုတ်ဘူးတဲ့၊ ဦးဘခိုင်က ငွေကြေးတတ်နိုင်တယ်၊ မြို့နယ်ကလူတွေကို အပိုင်ပေါင်းရင် ရမှာသေချာတယ်တဲ့၊ သူ့သားကလည်း မြို့ပေါ်မှာ အဆက်အသွယ်တွေရှိတယ်၊ ငွေဘယ်လောက်ကုန်ကုန် ရအောင်လုပ်မယ်၊ ထွန်းမြင့် အုပ်ချုပ်တာတော့ မခံနိုင်ဘူးလို့ ပြောနေတယ်တဲ့"

ညိုယဉ် ဘာမျှ ပြန်မပြောတော့ဘဲ သူ့ရှေ့ရှိ ငရုတ်ပင်မှ စိမ်းစိမ်းညို့ညို့ ငရုတ်သီးတစ်တောင့်ကို စ၍ခူးလိုက်သည်။

"အဖေပြောတာ ဟုတ်တယ်၊ ကိုထွန်းမြင့် ရမှာမဟုတ်ပါဘူး၊ သူ့မှာ ငွေကြေးဆိုတာလည်း ဘယ်ရှိမလဲ၊ သူ့အိမ်ကလည်း ရှိစုမဲ့စု မီးထဲအားလုံးပါသွားတာ၊ ဘာမှ ရှေ့ပိုက်တာ



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ဘူး၊ ဒီကြားထဲ မျက်စိမမြင်တဲ့ ဒေါ်မြိုင် ဝင်ကယ်ရတာ ပါ်းမှာ အမာရွတ်ကြီးတစ်ခု ရသွားသေတယ်၊ သူ့ခမျာ သနား ပါတယ်"

"သနားရင် နင် ယူလိုက်ပေါ့ဟ"

"ဟီး... ဟီး... ယူလို့ဘယ်ဖြစ်မလဲ၊ သူက မညိုမှ ကြိုက်တာ"

"မြသီနော်၊ ကောင်စုတ်မ"

ညိုယဉ် စိတ်ပေါက်ပေါက်နှင့် လက်ထဲမှ ငရုတ်သီး တောင့်များနှင့် မြသီကို လှမ်းပေါက်လိုက်သည်။

မြသီက ငရုတ်သီးတောင့်များကို လိုက်ကောက်ရင်း ရယ်နေဆဲ။

* * *





# အပိုင်း [၂]



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

"ရှက်စရာကောင်းလိုက်တာကွာ၊ ကိုယ့်သားလောက် ာင်က အုပ်ချုပ်တာကို ခံရမယ်လို့"

ရွာမှာ အစည်းအဝေးပြီး၍ ဆယ်ရက်ခန့်တွင် ထွန်းမြင့် ၅-ဝ-တဥက္ကဋ္ဌအဖြစ် ရွေးချယ်လိုက်ကြောင်း မြို့နယ်မှ ရောက်လာ၍ ဦးဘခိုင် စိတ်ဆိုးနေသည်။

"မင်းပြောတော့ သေချာတယ်ဆိုကွ စံညွန့်၊ ဘယ်လို တာလဲ"

သူ့သားကို မကျေမနပ်ဖြစ်နေသည်။

"ကျွန်တော့်ကို သူတို့က သေချာတယ်လို့ ပြောတာကိုး၊ ်ဝင်ထားပြီးသား စိတ်ချလို့ အာမခံတော့ ကျွန်တော်လည်း ာပေါ့"

"ဟင်း... ခုတော့ ပိုင်လိုက်တာ၊ ငါဖြင့် အဟုတ်မှတ် ဆိုမိုးကိုတောင် သေချာတယ် အပိုင်ပဲလို့ ကြွားထားတာ၊ ါးစပ်ကလည်း သိတဲ့အတိုင်း တစ်ရွာလုံး နံ့နေပြီ၊ သိပ် ရာကောင်းတာပဲ၊ မင်းကောင်တွေ လှလည်လုပ်ပြီး ဆေး



www.burmeseclassic.com

www.burmeseclassic.com


သမျှငွေ ညာယူနေတာ၊ ဟိုကိုတောင် ရောက်မှာမဟုတ်ဘူ မင်းတာ သူတို့ပြောသမျှ ယုံနေတာ၊ မင်း လူအ"

"ဟာ... အဖေကလဲ၊ ဒီလူတွေ အဲဒီလိုမလုပ်ပါဘူ ကျွန်တော်နဲ့ အလွန်ရင်းနှီးတဲ့လူတွေပါ၊ အခုဟာက သူ လုပ်တဲ့အတိုင်း မဖြစ်လို့နေမှာပေါ့"

သူ့လူများကို အပြစ်တင်ရုံမက ကိုယ်တိုင်လူအ,ဖြ သည်ကို စံညွန့် မခံချင်။

"အေး... ခုတော့ သူက ဖြစ်သွားပြီကွ၊ ဒီလို မလော လေးမလောက်စား ကောင်လေးနဲ့ပြိုင်ပြီး ရှုံးရတာ သိပ်ရှ စရာကောင်းတယ်၊ သူ အုပ်ချုပ်တဲ့အောက်မှာ နေမယ့်အ သေလိုက်ရတာကမှ ကောင်းဦးမယ်"

"အဖေကလဲဗျာ၊ ဒီကောင်က ဘာလို့အုပ်ချုပ်ရမှာ ကိုယ့်ဘာသာ နေတာပဲ၊ လူလည်လာလုပ်လို့တော့ သတ် လိုက်မှာပေါ့"

စံညွန့်ကိုယ်တိုင်လည်း မခံချင် ဖြစ်နေပါသည်။

"မကျေနပ်ဘူးကွာ၊ လုံးဝမကျေနပ်ဘူး၊ ဒီကောင် ငါ ကြည့်လို့မရဘူး"

ထွန်းမြင့်ကို ဦးဘခိုင် မုန်းတီးစိတ် ဖြစ်နေသည်။

"သူက မီးငြိမ်းဖို့ ကြိုးစားတာနဲ့ ဒေါ်မြိုင်ကို မီးထဲ ကယ်တဲ့ကိစ္စ ဦးဘအောင် အကျယ်ချဲ့ပြောတာကို လူတွေ အထင်ကြီးနေကြတာ"

"ဟင်း... အလကား မိုက်ရူးရဲလုပ်တာ၊ ကိုဘအော



ဆိုတဲ့လူတလည်း အကျယ်တိုင်း လျှောက်ပြောနေတာ အလကားအရှုး၊ ငါ ဒီကောင်ကို တစ်ခုခုတော့ ပြန်လုပ်ချင်တယ်"

"ဘယ်သူ့ကိုလဲ အဖေ"

"ထွန်းမြင့်ဆိုတဲ့ ကောင်ကို"

"စောင့်ပါဦးအဖေရာ၊ ခုချက်ချင်းလုပ်ရင်တော့ ကျွန်တော်တို့မှန်း သိမှာပေါ့"

"မင်းက ဘာလုပ်မှာမို့လဲ"

"ကျွန်တော်က အပြတ်ရှင်းပစ်ချင်တာ"

စံညွန့်က လူမိုက်ပုံစံမျိုးနှင့် ဟန်ပန်ပါလုပ်ပြသည်။

"ငါက အပြတ်ရှင်းချင်တာ မဟုတ်ဘူး၊ တစ်နည်းနည်းနဲ့ အနိုင်ယူချင်တာ၊ အဲဒါကို စဉ်းစားနေတာ"

စံညွန့် ဘာပြန်ပြောရမှန်းမသိ၊ အကြံပေးစရာလည်းမရှိ။

ဦးဘခိုင်က စဉ်းစားနေဆဲ။

စံညွန့်မှာ စဉ်းစားဟန်လုပ်နေရသော်လည်း ခေါင်းထဲမှာ ဘာအကြံအစည်မျှမထွက်။

"ဒီမယ်... စံညွန့်... မင်းနဲ့ ဟိုကောင်မလေးက ဘယ်အခြေအနေ ရောက်နေလဲ"

"ဘယ်ကောင်မလေးလဲ"

"ဟာ... ဒီကောင်... ငါ့ လာကြောင်နေပြန်ပြီ၊ ဟိုကျော ချစ်မြသမီး... သူ့နာမည်က ညိုပါတယ်"

"ညိုယဉ်ကို ပြောတာလား အဖေ"


www.burmeseclassic.com

www.burmeseclassic.com

"အေး... ဟုတ်တယ်၊ မင်း အဲဒီကောင်မလေးကို ပိုးကြေးပန်းကြေး အိမ်ပြန်ဆောက်ပေးနေတာအထိ ငါသိတယ်"

စံညွန့် သူ့အဖေကို လှမ်းကြည့်လိုက်သည်။

စိတ်ထဲမှာတော့ မအံ့ဩပါ။ အိမ်ခြေ တစ်ရာငါးဆယ်လောက်သာရှိသော ရွာကလေးမှာ ဘာမျှ မသိစရာမရှိ။

"မင်း ပွဲခနဲ့ မင်း ပေးနေတာ ငါ ဘာမှမပြောဘူး၊ ဒါပေမယ့် မင်းကို ငါပြောလိုက်မယ်၊ အဲဒီကောင်မလေးနဲ့ ငါ လုံးဝသဘောမတူဘူး"

"ဗျာ"

စံညွန့် ခုမှ အံ့ဩရသည်။

"မုဆိုးမသမီး ဘာမှရှိတာမဟုတ်ဘူး၊ မင်း အပျော်သဘောနဲ့ လုပ်နေတာမှတ်လို့လဲ မပြောဘဲနေတာ၊ မင်းကို မြို့ပေါ်က မကျင်ထွေးသမီးနဲ့ သဘောတူတာ"

"ဟာ... တရုတ်မနဲ့ အဖေရာ"

"ဟာ... တရုတ်မက ကုန်စုံဆိုင်ရှိတယ်ကွ၊ ပိုက်ဆံချမ်းသာတယ်"

"ကျွန်တော်မှ သူ့ကိုမကြိုက်ဘဲ"

ဦးဘနိုင်က သူ့သား စံညွန့်ကို လှမ်းကြည့်ပြီး ပြုံးလိုက်သည်။

"ခုတော့... မင်း သဘောကျဖြစ်မှာပါ၊ ဒါကြောင့်မို့ မင်းနဲ့ အဲဒီကောင်မလေး အခြေအနေကို မေးနေတာ"

"သူ့အမေကတော့ သဘောတူတဲ့ပုံပဲ"





"ဟာ... မင်းဟာကလဲ မရေမရာ ရှိလိုက်တာ"

"သူ့အမေကတော့ သဘောတူပါတယ်"

စံညွန့်က စကားကို ပြင်ပြောသည်။

"ကောင်မလေးကရော"

"သူကတော့ ပြောလို့မရသေးဘူး"

"မရသေးရင်လဲ သူ့အမေပိုင်ရင် ပိုင်ပြီပေါ့ကွ၊ ပုံအောလိုက်ကွာ၊ သူ့အမေကို ငွေငါးထောင်လောက် ပေးလိုက်"

"ဗျာ... ဘာဖြစ်လို့လဲအဖေ"

သူ့အဖေ၏ သဘောထားကို စံညွန့် နားမလည်ပါ။

"ဘာဖြစ်လို့လဲဆိုတော့ ဟိုကောင် ထွန်းမြင့်က အဲဒီကောင်မလေးကို အသေအလဲ ကြိုက်နေတာကွ၊ သူတို့ချင်းနီးစပ်တောင် နေကြတာ၊ ငါ့ကို မြမောင် အားလုံးပြောပြီးသား"

မြမောင်ဆိုသည်က ဦးဘနိုင်၏ စာရင်းငှား။

"ခုတော့ သူ့ကို လုံးဝအတွေ့တောင်မခံဘူးအဖေ"

"ဘယ်အတွေ့ခံမလဲကွ၊ ဒီကောင့်မျက်နှာမှာ မိုက်ရူးရဲလုပ်လို့ရတဲ့ အမာရွတ်ကြီးနဲ့ ပုံပျက်ပန်းပျက် ဖြစ်နေတာကိုး၊ အဲဒါ မင်းအတွက် အခွင့်ကောင်းပဲ၊ သူ့အမေကို အပိုင်ကိုင်ပြီး ကောင်မလေးနဲ့ အမြန်ဆုံး မင်္ဂလာဆောင်လိုက်"

"တကယ်လား အဖေ"

စံညွန့် သိပ်ကို ဝမ်းသာသွားသည်။

"သူ့အမေက လက်ခံရင် အဖေ မိန်းမတောင်းပေးမှာလား"



www.burmeseclassic.com

www.burmeseclassic.com


"ပေးမယ်ကွာ၊ ဒီကောင့်ကို တစ်ခုရှုံးပေမယ့် တစ်ခုတော့ ပြန်နိုင်မှဖြစ်မှာ၊ ငါက ချက်ချင်းကို ပြန်နိုင်ချင်တာ၊ မွေးမသား ဒါမှ မှတ်ကရော"

"ကောင်းတယ်အဖေ၊ ကျွန်တော် လုပ်မယ်"

"လုပ်ကွာ၊ မြန်မြန်... ဟား... ဟား... ဟား"

ဦးဘနိုင် သဘောကျစွာ ရယ်နေသည်။

စံညွန့် မျက်နှာမှာလည်း ဝင်းလက်သောအပြုံးများနှင့်။

* * *

# ၁၂

ညသည် ငြိမ်သက်တိတ်ဆိတ်နေသော်လည်း ညိုယဉ် အိပ်၍မပျော်။

တစ်ချက်တစ်ချက်တွင် စီးကွက် လဘက်ကောင်၏ အခေါက် မပြတ် အော်ဟစ်သံ တိတ်ဆိတ်သောညကို ဆူညံသွားစေသည်။

"ဒီရွာမှာ သူက အကြီးဆုံး၊ ရွာလူကြီးဖြစ်သွားပြီ"

မှိတ်ထားသော ညိုယဉ်၏ မျက်စိထဲမှာ ထွန်းမြင့်ကို မြင် ယောင်နေသည်။

မျက်ရည်များက အလိုလို စီးကျလာသည်။

ကိုယ့်ဘာသာ မကျေနပ်။ ဤမျက်ရည်များက ဘာ ကြောင့် စီးကျရမှန်းမသိ။

ကိုယ်က အားကိုးတကြီး တောင်းပန်နေသည့်ကြားမှ အတင်းပြေးထွက်သွားသောထွန်းမြင့်ကို စိတ်ထဲမှာ နာနေဆဲ။

"သူက ရွာအကျိုးအတွက် စေတနာကောင်းထားလို့ ဆိုတာ တကယ်ပဲလား"

ညိုယဉ် စဉ်းစားကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရွာလုံးက ထိုသို့ပြောနေကြသည်ကို ညိုယဉ် ကြားနေရသည်။

ညနေကပင် မြသီ ပြောသွားသေးသည်။ သူ့အမေက "မောင်ထွန်းမြင့်ကတော့ယော... ရွာကလည်း သဘောကျ၊ မြို့နယ်နဲ့ ခရိုင်ကလူကြီးတွေလည်း သဘောကျဆိုတော့ ထီးလိုမင်းလို ဖြစ်တာပဲတဲ့"

ထွန်းမြင့် ရွာလူကြီးဖြစ်သည်ကို ရွာထဲမှာ လူအများစု ဝမ်းသာနေကြသည်။

ဦးဘခိုင်နှင့် သူ့သား စံညွန့်တို့ကတော့ အကြီးအကျယ် မကျေနပ်ဖြစ်နေကြသည်ဟု ကြားရသည်။

"ငါ့စိတ်ထဲမှာရော"

ကျေနပ်သလား၊ မကျေနပ်ဘူးလားဆိုသည်ကို ညိုယဉ် စဉ်းစား၍မရ။

ခက်နေသည်က စံညွန့်တို့သားအဖနှင့်ရောပြီး အမေကပါ မကျေမနပ်ဖြစ်နေသည်။

"မလောက်လေးမလောက်စားအရွယ်က ဘာလူကြီးလုပ်တတ်မှာလဲ"ဟု အမေကပြောတော့ ညိုယဉ် စိတ်ထဲမှာ မကျေနပ်။

သို့သော် ဘာမျှ ပြန်မပြောဘဲ နေလိုက်သည်။

အိမ်ပြန်ဆောက်သည့်ကိစ္စတွင် စံညွန့်က ငွေတော်တော်များများ ထုတ်ပေးထား၍ အမေက စံညွန့်မှ စံညွန့် ဖြစ်နေသည်။

မကြာခဏလည်း ညိုယဉ်ကို နားချနေသည်။





ညိုယဉ် ဘယ်သူ့ကိုမှ မယူချင်သေးကြောင်း၊ အဖိုးဘ၀ နှင့် တစ်နှစ်လောက် နေချင်သေးကြောင်း အချိန်ဆွဲပြီး ငြင်းနေရသည်။

ခုတလော စံညွန့်ကလည်း အိမ်ကို အဝင်အထွက်များနေသည်။

ထွန်းမြင့် ဆေးရုံမှ ဆင်းလာပြီး တွေ့ခွင့်ရရန် နှစ်ကြိမ် ကြိုးစားသေးသည်။ ပြတ်ပြတ်တောင်းတောင်း ငြင်းပယ်ခဲ့၍ ထွန်းမြင့်ကလည်း တွေ့ခွင့်ရအောင် ထပ်မကြိုးစားတော့ပါ။

"အခုတော့ ၂၀-တဥက္ကဋ္ဌ ဖြစ်သွားလို့ သူက သွေးကြီးသွားပြီလား၊ ဟင်း... ဘာမှမဟုတ်သေးခင်ကတောင် ငါ့ကို အရေးမလုပ်ဘဲ ပစ်ပြေးခဲ့သေးတာ၊ ရွာလူကြီး ဖြစ်ပြီဆိုတော့ ဘယ်လှည့်ကြည့်မလဲ"

ထွန်းမြင့်အပေါ်မှာ မကျေနပ်စိတ်များ ဖြစ်လာရပြန်သည်။

သို့သော် စံညွန့်၏ ပြိတ္တာမျက်နှာကိုလည်း မည်သို့မျှ ကြည့်၍မရ။ လက်ထပ်ရန် ဆိုသည်မှာ စဉ်းစား၍ပင်မရ။

"ငါ စိတ်ညစ်လိုက်တာ"

ညိုယဉ် တစ်ဘက်သို့ လှည့်ပြောင်းလိုက်သည်။

အိပ်မပျော်တိုင်း ဘယ်ညာပြောင်းရသည်လည်း များလှပြီ။ အမေကတော့ ဘာမျှမသိ။ ခေါင်းရင်းဘက်အခန်းမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်။ အမေ၏ အသံရှူသံကို မှန်မှန်ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com

ညက တိတ်ဆိတ်လျက်။

"သူ့ပါးမှာ အမာရွတ်ကြီးနဲ့ သနားပါတယ်"

မြသီ၏ စကားသံကို ကြားယောင်လာရပြန်သည်။

မျက်ရည်များက ပါးပေါ်မှာ စီးဆင်းလာကြပြန်သည်။

"အို... ဒီမျက်ရည်တွေက ဘာလို့ကျရတာလဲ"

မျက်ရည်များကို မကျေမနပ် ခေါင်းအုံးနှင့်ပွတ်၍ သုတ်ပစ်လိုက်သည်။

"သူ့ကို ငါ မုန်းနေတာပဲ၊ သူ့ကို ငါ စိတ်နာနေတာပဲ၊ သူ့အတွက် ဘာလို့ မျက်ရည်ကျရမှာလဲ၊ သူက ရွာလူကြီး ဖြစ်သွားတော့ ငါ့ကို သတိရမှာတောင် မဟုတ်တဲ့လူ"

နာစရာကို တွေးလိုက်သည်။

သို့သော် သူ့မျက်နှာမှ အမာရွတ်ကို လုံးဝမမြင်ဖူးသေးကြောင်း တွေးမိလာသည်။

"ဘယ်လောက်များသလဲ၊ အရုပ်ဆိုးသွားပြီလား"

ဆက်ပြီး စဉ်းစားနေမိပြန်သည်။

"ဘာဖြစ်လို့ သူ့အကြောင်း စဉ်းစားနေရပြန်တာလဲ"

ကိုယ့်ဘာသာ မကျေနပ်၍ တစ်ဘက်သို့ လှည့်ပြောင်းပစ်လိုက်မိသည်။

သို့သော် အမာရွတ်မရှိမီက သူ့မျက်နှာကို မြင်နေရပြန်သည်။

စောင်ကိုဆွဲယူ၍ မျက်နှာပါ လုံအောင်ခြုံပစ်လိုက်သည်။

သူ့မျက်နှာက စောင်ထဲအထိ ရောက်လာ၍ စောင်ကို ဖျက်နှာပေါ်မှ ဖယ်ပစ်လိုက်ပြီး ညိုယည် သက်ပြင်းတစ်ချက် ချမိသည်။

* * *





www.burmeseclassic.com

www.burmeseclassic.com

## ၁၂

တိမ်စင်သောကောင်းကင်မှာ ရှစ်ရက်လသည် ထိန်ထိန်သာနေ၏။

ရ–ဝ–တရုံးရှေ့မှ မြေကွက်လပ်တွင် စားပွဲတစ်လုံးနှင့် ခုံရှည်နှစ်ခုချပြီး ရေနွေးကြမ်းကရားနှင့်မို့ လူစည်ကားနေသည်။

အသစ်ဆောက်ပြီးသွားသော ရ–ဝ–တ ရုံးကို ကြည့်ပြီး ထွန်းမြင့် သဘောကျနေသည်။

ရွာရပ် ဝိုင်းကူဆောက်၍ ပြီးသွားခြင်းဖြစ်သည်။ သက်ကယ်မိုး ထရံကာဖြစ်သော်လည်း သပ်သပ်ရပ်ရပ် ရှိပါသည်။

မီးမလောင်မီက ရ–ဝ–တ ရုံးဟူ၍ သီးခြားမရှိ။ ရ–ဝ–တ ဥက္ကဋ္ဌ ဦးထွန်းအိမ်သည် ရ–ဝ–တရုံး ဖြစ်သည်။

မီးလောင်ပြီး၍ ရွာကို အသစ်ပြန်ဆောက်ကြသောအခါ မ–ဝ–တ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ ရ–ဝ–တ ရုံး သီးခြား အကောင်အထည်ပေါ်လာခြင်းဖြစ်သည်။

"ဘာလဲကွ၊ မင်းက ကိုယ့်ရုံးကိုယ်ကြည့်ပြီး သဘောကျနေတာလား"





ရ–ဝ–တအဖွဲ့ဝင် ဦးချစ်ရွှေကို လှည့်ကြည့်ပြီး ထွန်းမြင့် ခေါင်းညိတ်ပြလိုက်သည်။

"ဟင်း... ဟင်း... ခုမှ မင်းကို ငါပြောပြရဦးမယ်၊ ရုံးဆောက်တော့ ကိုယ့်အိမ်လေးတွေ ပြန်ဆောက်နေတဲ့အထဲကပဲ ရွာသားတွေက သစ်လှူကြ၊ ဝါးလှူကြ၊ သက်ကယ်လှူကြနဲ့ တတ်နိုင်သလောက် ကူညီကြတယ်။

"ဒါနဲ့ ငါက ဦးဘနိုင်တို့ဘက်ရောက်တော့ သူနဲ့လဲ တွေ့နေတာနဲ့ ရုံးဆောက်ဖို့ တတ်နိုင်သလောက် လှူပါဦးဗျာလို့ ပြောလိုက်တယ်"

ထွန်းမြင့်သာမက ဘေးမှာထိုင်နေကြသူများပါ ဦးချစ်ရွှေ၏စကားကို စိတ်ဝင်စားနေကြသည်။

"သစ်တို တစ်ချောင်းတောင် မလှူနိုင်ဘူးတဲ့၊ စေတနာလည်း လုံးဝမရှိဘူးတဲ့"

"သူ ရ–ဝ–တ ဥက္ကဋ္ဌ မလုပ်ရလို့"

ထွန်းမြင့်၏ သူငယ်ချင်း လှဆောင်က ဖြတ်ပြောလိုက်သည်။

"မပြီးသေးဘူး၊ ဆက်ပြောသေးတယ်၊ သူသာ ဥက္ကဋ္ဌဖြစ်ရင် ဘယ်သူ့မှ အလှူမခံဘူးတဲ့၊ ဒီထက် နှစ်ဆကြီးအောင် ကိုယ့်ဘာသာ အကုန်အကျခံပြီး ဆောက်မယ်တဲ့၊ ခုလဲ ရ–ဝ–တ လုပ်ချင်တဲ့ကောင် အဆောက်ခိုင်းပေါ့၊ ဘာလို့ လူတကာ လိုက်အလှူခံနေရတာလဲတဲ့"

"သူက ပိုက်ဆံရှိလို့ ဆောက်နိုင်ပေမယ့် ရ–ဝ–တ



www.burmeseclassic.com

www.burmeseclassic.com



ဥက္ကဋ္ဌ ဘယ်ဖြစ်မလဲ၊ အကျင့်မှမကောင်းတာ”

လှဆောင်က မကျေနပ်။

“ခုတော့ သူမရူလည်း ပြီးသွားတာပါပဲကွာ”

ဦးချစ်ရွှေလည်း ထွန်းမြင့်လိုပင် ကိုယ့်ရုံးကိုယ် သဘော ကျနေပါသည်။

ကျန်လူများကတော့ ဦးဘခိုင်ကို မကျေမနပ်ဖြစ်၍ တစ်ယောက်တစ်မျိုးစီ ပြောဆိုနေကြသည်။

ထွန်းမြင့်ကတော့ ယှဉ်ပြိုင်ရာမှာ ကိုယ်က အနိုင်ရပြီး သူက ရှုံးနိမ့်သွား၍ ဘာမျှမပြောချင်။

ပြီးတော့ ကိုယ်က လူငယ်၊ သူက လူကြီး။

ကိုယ်ပြောသည့်စကား သူပြန်ကြားလျှင် ပြဿနာ ကြီးဦးမည်။ ရွာလေ့ဆိုသည်က သူပြောသည့်စကား ကိုယ် ပြန်ကြားသလို ကိုယ်ပြောသည့်စကားကိုလည်း သူပြန်ကြား စမြဲ။

နှစ်ရက်လ အနောက်ဘက်သို့ အတော်စောင်းသွားပြီ။

အလှည့်ကျဖြစ်သူ ရာအိမ်မှူး ဦးသာပိုလည်း ရှိနေပြီ။ ထွန်းမြင့်က ပြန်၍ မတ်တတ်ရပ်လိုက်သည်။

“ကျွန်တော် ပြန်တော့မယ်ဗျာ၊ အမေက သိပ်နေမကောင်း ဘူး”

ထွန်းမြင့် ပြန်လာတော့ လရောင်က အားကောင်းဆဲ။ ဆောက်ပြီးစ အိမ်သစ်ကလေးများကို လရောင်အောက်မှာ မြင် နေရသည်။





များသောအားဖြင့် သက်ကယ်မိုး ထရံကာဖြစ်သည်။

“နောက်တစ်ခါ မီးဆိုရင်–”

အိမ်သစ်များကိုကြည့်ပြီး ထွန်းမြင့် စိုးရိမ်မိသည်။

မမျှော်လင့်ဘဲ ရ–ဝ–တ ဥက္ကဋ္ဌ ဖြစ်လိုက်ရသော်လည်း ထွန်းမြင့် ဆန္ဒရှိသည်များ ဘာမျှမလုပ်နိုင်သေးပါ။

ဤရွာကို နောက်တစ်ကြိမ် မီးအန္တရာယ် မကြုံရအောင် ထွန်းမြင့် ကာကွယ်ချင်သည်။

သို့သော် ဘာဆက်လုပ်ရမှန်းမသိပေ။ ရ–ဝ–တ အလုပ် များကိုလည်း ဘာမျှ နားမလည်သေး။

ရ–ဝ–တ ဥက္ကဋ္ဌဆို၍သာ ရွာလူကြီးနေရာ ရလိုက်သည် ဘာတာဝန်ရှိ၍ ဘယ်လိုလုပ်ရမည်ကို ဘာမျှမသိ။ ယခင် ရ–ဝ–တ ဥက္ကဋ္ဌ ဦးထွန်းကတော့ သူ့အတွေ့အကြုံများကို ပြသည်။

သို့သော် ထွန်းမြင့်စိတ်ထဲမှာ ဟုတ်သည်မထင်၊ သူ့ သလိုလုပ်ခဲ့ခြင်းများသာဖြစ်၍ အမှားတွေလည်း အများကြီး ခဲ့သည်။

မီးလောင်သည့်ညကလည်း သူကိုယ်တိုင် မီးလောင်သည့် နေရာသို့ ရောက်လာခြင်းမရှိ။ သူ့အိမ်မှ ပစ္စည်းများကိုသာ သိမ်းနေသည်။ ပစ္စည်းအများစု မီးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်သည်။

ကိုယ့်လက်ထက်တွင် ထိုသို့မဖြစ်ချင်။ အကောင်းဆုံး ဖြစ်ချင်သည်။ သို့သော် အကောင်းဆုံးဖြစ်အောင် လုပ်ရမည့် နည်းလမ်းများကို မသိ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပေါ့ကွာ၊ မုဆိုးစိုင်သင် ဆိုတဲ့ စကားရှိပါတယ် လုပ်ရင်းကိုင်ရင်းနဲ့ ကျွမ်းကျင်သွားမှာပေါ့"

ဦးဘအောင်ကတော့ သူတင်ထားသော ရွာလူကြီးဖြစ်၍ အားပေးစကားပြောသည်။

ထွန်းမြင့်စိတ်ထဲမှာတော့ အသေအချာ နားလည်ပြီး လုပ်ရလျှင် ပိုကောင်းမည်ဟု ထင်နေဆဲ။

* * *





## ၁၄

ထွန်းမြင့် ပြန်ပြီး မကြာမီပင် စံရင်နှင့် ဦးချစ်ရွှေလည်း ပြန်သွားကြသည်။

ရ-စ-တ စာရေး ဝင်းမောင်နှင့် ဆယ်အိမ်မှူး တင်အောင်တို့ ရေနွေးကြမ်းတစ်အိုး ထပ်တည်နေသည်။

"ဟေး... ကိုသာပိုလားကွ၊ ပြန်မအိပ်သေးဘူးလား"

"ဟာ... ထွန်းရီ၊ မင်း အနောက်ကုန်းက ပြန်လာတာလား"

"ဒီအချိန် အနောက်ကုန်းက မလာလို့ ဘယ်ကလာရမှာလဲ"

"မင်း ကြည့်ရတာ တော်တော်မှန်လာပြီ"

"နည်းနည်းပါဗျာ၊ ဘာမှမဖြစ်ပါဘူး"

"ဒီမှာတော့ ရေနွေးကြမ်းပဲရှိတယ်၊ ရေနွေးကြမ်းသောက်ချင်ရင် ထိုင်၊ ငါတို့လည်း ပျင်းနေတာနဲ့ အတော်ပဲ"

ထွန်းရီ ဝင်ထိုင်ကြသည်။

"သန်းခေါင်ကျော်မှ ပြန်မလို့၊ ဟိုမယ်လေ... အမြီးထောင်



www.burmeseclassic.com

www.burmeseclassic.com

တော့မှာ"

ဦးသာပိုပြရာဆီသို့ ထွန်းရီနှင့် အောင်မြင့် လှမ်းကြည့်လိုက်သည်။

မြောက်ဘက်ကောင်းကင်တွင် ခုနစ်စင်ကြယ်ပြောင် အမြီးထောင်ခါနီးနေပြီ။ အမြီးထောင်လျှင် သန်းခေါင်ရောက်တော့မည်။

ထွန်းရီ ခေါင်းထဲမှာ အတွေးတစ်ခု ရောက်လာသည်။

"ခုန ကိုသာပို ပျင်းနေတယ်လို့ ပြောတယ်၊ အပျင်းပြေ သန်းခေါင်စာရင်း စစ်ပါလားဗျ"

ထွန်းရီက အကြံကောင်းပေးနေသည်။

"မလုပ်ပါနဲ့ကွာ၊ ရ-ဝ-တ ဥက္ကဋ္ဌလည်း မသိဘဲနဲ့"

"ထွန်းမြင့်ကို ပြောတာလား၊ ရ-ဝ-တ ဥက္ကဋ္ဌဆိုတာ ဒီကောင်လေးက ဘာသိမှာလဲ၊ သန်းခေါင်စာရင်း ဘယ်လိုစစ်ရတယ်ဆိုတာတောင် နားလည်မှာမဟုတ်ဘူး၊ ခင်ဗျားက သန်းခေါင်စာရင်း စစ်ထားတယ်ဆိုရင် ခင်ဗျားကို သဘောကျပြီး အထင်တောင် ကြီးဦးမယ်"

ဦးသာပိုက ထွန်းရီကို လှမ်းကြည့်လိုက်သည်။

"ငါလည်း မစစ်တတ်ဘူးကွာ"

"ဟား... ဟား... ကျွန်တော် စစ်တတ်ပါတယ်ဗျ၊ ကျွန်တော်က ဒါတွေအားလုံး နှံ့ကျေနေတဲ့ကောင်ပါ၊ ရဲထဲနေတုန်းက မြို့ပေါ်ရပ်ကွက်တွေ ညဉ့်စာရင်းစစ်တိုင်း လိုက်နေရတာပါ"

ပြီးပန်းတစ်ရာစာပေ



ထွန်းရီ ရဲတပ်ဖွဲ့မှ ထွက်လာသူဖြစ်သည်ကို ဦးသာပို သိပါသည်။ ရိုးရိုးထွက်သည်မဟုတ်၊ မိန်းမပြဿနာနှင့် ထုတ်စစ်လိုက်၍ ထွက်ခဲ့ရသည်ကိုပါ ဦးသာပို သိပါသည်။

"မလုပ်ချင်ပါဘူးကွာ၊ ဒီတစ်ရွာလုံးပြီးအောင် ငါ ဘယ်လိုလုပ် စစ်နိုင်မလဲ"

"ဟား... အဲဒါကြောင့် ခင်ဗျားတို့ ခက်နေတာ၊ လုပ်သာလုပ်နေကြတယ် ဘာမှလဲ မသိဘဲနဲ့၊ ညဉ့်စာရင်းစစ်တာ တစ်ရွာလုံးစစ်ရမယ်လို့ ခင်ဗျားကို ဘယ်သူပြောလဲ၊ ကိုယ်မသင်္ကာတဲ့ အပိုင်း၊ ကိုယ်မသင်္ကာတဲ့ အိမ်တွေပဲ စစ်ရတာဗျ"

"ဟုတ်လို့လားကွာ"

"သိပ်ဟုတ်တာပေါ့ဗျ၊ ဒါတွေ ကျုပ်တို့ လုပ်လာတာပါဗျာ၊ ဒီမယ် ခင်ဗျားကို ပြောမယ်"

ထွန်းရီက ဦးသာပို နားနားကပ်ပြီး တိုးတိုးပြောသည်။

"ဟာ... သေချာလို့လား"

"သေချာတာပေါ့၊ ကျုပ်ကိုယ်တိုင် တွေ့လာတာ"

"ဟာ... ဒါဆိုရင် အပိုင်ဝင်ဖမ်းလိုက်ရုံပဲပေါ့"

"ဘယ်ကလာ အပိုင်ဖမ်းရမှာလဲဗျ"

ထွန်းရီက ဦးသာပို နားနားကပ်ပြီး ဝိုးတိုးပြောလိုက်သည်။

"ဒါဆို ညဉ့်စာရင်းစစ်တာ မင်း လိုက်ပေးမှာပေါ့"

"ဩော်... ခက်နေပါပြီ၊ လိုက်ပေးမှာပေါ့၊ သဘာဝကျအောင် အဲဒီတစ်လမ်းလုံးတော့ စစ်ရမယ်၊ ငါးအိမ် ခြောက်အိမ်လောက်ပေါ့"

ပြီးပန်းတစ်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com

"ရတယ် စစ်ရမှာပေါ့၊ ဟိုကောင်လေး ရ-ဝ-တ စာရေး ဝင်းမောင်နဲ့ တင်အောင်ရော ခေါ်ခဲ့ဖို့ လိုသေးလို့လား"

"လိုတာပေါ့၊ ခေါ်ရမှာပေါ့၊ ဧည့်စာရင်းစစ်တယ်ဆိုတာ အင်အားများရတယ်ဗျ"

"ဟောကောင်တွေ ဝင်းမောင်နဲ့ တင်အောင်၊ ရေနွေးအိုး တည်တာကို မီးငြိမ်းထားခဲ့တော့၊ ဧည့်စာရင်း သွားစစ်ရအောင် လိုက်ခဲ့ကြ"

"ကိုထွန်းမြင့်က နိုင်းထားခဲ့လို့လား"

ဝင်းမောင်က ပြန်မေးသည်။

"ဟာ... လျှာရှည်တဲ့ကောင်၊ ဒီနေ့မှာ ငါ တာဝန်ကျ တာကွ"

ဦးသာပိုက တကယ့်ခေါင်းဆောင်ကြီးလေသံနှင့် ပြော လိုက်သည်။

"ရတယ်လေ၊ လိုက်ရမှာပေါ့"

ဝင်းမောင်ရော တင်အောင်ပါ ဧည့်စာရင်း မစစ်ဖူး၍ စိတ်ဝင်စားသည်။

ဦးသာပိုခေါင်းဆောင်၍ ရွာအနောက်ပိုင်းသို့ ထွက်ခဲ့ ကြသည်။

"အဲဒီရှေ့က လမ်း၊ ညာဘက်ဝင်၊ ထိပ်အိမ်က စစ်ရ မယ်"

ထွန်းရီက အကြံပေး လမ်းညွှန်ပြသည်။

"ဘယ်လိုစစ်ရမယ်ဆိုတာ ပြောထားဦးလေကွာ"





ဦးသာပို ဘာလုပ်ရမှန်း မသိသေး။

"အရင်ဆုံး အိမ်ရှင်ကို နှိုးရမယ်၊ နိုးရင် ဧည့်စာရင်း စစ်တာလို့ပြောပြီး တံခါးဖွင့်ခိုင်းရမယ်၊ ပြီးတော့ ဧည့်သည်ရှိ မရှိ မေးရမယ်၊ ရှိတယ်ဆိုရင် ခင်ဗျားတို့ ရ-ဝ-တရုံးမှာ ဧည့် စာရင်းတိုင်ထားတာ ရှိရမယ်၊ ဧည့်စာရင်းတိုင်ထားတာ မရှိရင် မနက်ဖြန်ကာ ရုံးခေါ်ပြီး ဧည့်သည်ရော၊ အိမ်ရှင်ရော ဒဏ်ငွေ ရိုက်ရမယ်၊ ခင်ဗျား နာမည်တောင် ကြီးသွားဦးမယ်"

ဦးသာပို ခေါင်းတညိတ်ညိတ်နှင့် သဘောကျနေသည်။

"ဧည့်သည်မရှိဘူးဆိုရင်ကော"

"သူပြောတိုင်း ယုံလို့ဘယ်ရမလဲဗျ၊ အိမ်ထောင်စုစာရင်း ပြခိုင်းရမယ်၊ စာရင်းထဲမှာ ဘယ်နှစ်ယောက်ပါလဲ ကြည့်၊ ပြီး တော့ အိမ်ထဲဝင်ရှာမှာပေါ့"

"ဟာ... ဒီတစ်ရွာတည်းနေကြတာ ဘယ်သူ့အိမ် လူ ဘယ်နှစ်ယောက် ရှိတယ်ဆိုတာ သိနေတာပဲ၊ အိမ်ထောင်စု စာရွက် တောင်းနေရဦးမှာလား၊ ငါ့မျက်စိက ညဆို စာဖတ်လို့ မြင်တာမဟုတ်ဘူး"

ဝင်းမောင်နှင့် အောင်မြင့်က ရယ်သည်။

"ခင်ဗျား အဲဒါတွေ ခက်တာပဲ၊ သိပေမယ့် သန်းခေါင် စာရင်းစစ်တာဗျ၊ အိမ်ထောင်စုစာရွက်တော့ တောင်းကြည့်ရ မှာပေါ့၊ မမြင်လဲ ဟန်နဲ့ ပန်နဲ့ ကြည့်ပေါ့ဗျာ၊ ကျုပ် မြင်ပါ တယ်၊ ကျုပ် ဖတ်ပြမှာပေါ့"

"အေး... အဲဒါဆိုရင် ရတယ်"


www.burmeseclassic.com

www.burmeseclassic.com

"ရှင် အဲဒီထိပ်အိမ်က စန္ဒီးလေဗျာ"

"ဒါ... ကျောင်းဆရာအိမ်ကွ"

"ကျောင်းဆရာလည်း ဘာဖြစ်လဲဗျ၊ စစ်ရမှာပေါ့"

"အိမ်ရှင်တို့... အိမ်ရှင်တို့... တံခါးဖွင့်ပါဦး"

ခေါ်သံများကြောင့် ခွေးဟောင်သံများ ထွက်ပေါ်လာသည်။

"အိမ်ရှင်တို့... အိမ်ရှင်တို့"

ဦးသာပိုက ထပ်နှိုးသည်။

"ဘယ်သူတွေလဲ"

"ရ-ဝ-တ အဖွဲ့ပါ"

"ဘာကိစ္စရှိလို့လဲ"

ဆရာ ဦးကျောင်ရင်၏အသံဖြစ်သည်။

"ဧည့်စာရင်းစစ်မလို့"

"ဧည့်သည်မရှိဘူး၊ အိမ်သားတွေချည်းပဲ"

ဆရာက နားလည်သည့်။ တံခါးတစ်ခြမ်းကိုသာ ဖွင့်သည်။

"ဧည့်သည်မရှိရင် အိမ်ထောင်စုစာရွက်ပြ"

ထွန်းရီက လှေကားသုံးထစ်အိမ်ကလေးကို တက်သွားမှာ ယိုင်သွား၍ လဲမကျအောင် ဦးသာပိုက ထိန်းပေးထားလိုက်သည်။

"ညကြီးမှဗျာ၊ အိမ်ထောင်စုစာရွက်က ရှာရဦးမှာ"

"ဟာ... ဒါတော့ ရှာရမှာပေါ့ဗျ၊ ဧည့်စာရင်းစစ်နေတာပဲ"





ထွန်းရီက ခပ်မာမာ ပြောလိုက်သည်။

ဦးကျော်ရင်က ထွန်းရီကို မကျေမနပ် လှမ်းကြည့်လိုက်သည်။

လူပုံသဏ္ဍာန်ကြည့်ရုံနှင့် မူးနေမှန်း သိပါသည်။ စကားပြောလိုက်တိုင်း အနံ့တထောင်းထောင်းနံနေ၍ သောက်ထားမှန်းပိုသေချာသွားသည်။

ဦးကျော်ရင် အိမ်တံခါးဖွင့်ပေးလိုက်ပြီး မီးခြစ်ရှာ၍ ဖယောင်းတိုင် အရင်ထွန်းသည်။

အိမ်သားတွေလည်း နိုးကုန်ကြပြီ။

ခွေးဟောင်သံတွေလည်း ပိုဆူနေပြီ။

အိမ်ထောင်စုစာရွက်ကို ဆရာကဲတော်ပါ ကူရှာပေးသည်။ တွေ့ပြီ၊ မိသားစု ငါးယောက်။

ယခုတွေ့ရသည်က ဦးကျော်ရင် ဆရာကတော်နှင့် အငယ်ဆုံးကလေးတစ်ယောက်။

"ဆရာ့သားရော"

"မရှိဘူး၊ မြို့သွားတယ်"

"ကျွန်တော်တို့ အိမ်ထဲဝင်ရှာကြည့်မယ်"

"ရှာလေ... ရှာပေါ့"

ဆရာဦးကျော်ရင် သိပ်မကျေနပ်။

"ဒါ ဘယ်သူအိပ်တာလဲ"

"ကျုပ်တို့မိသားစု သုံးယောက် အိပ်တာ"

ဦးကျော်ရင်က ခြင်ထောင်ကို မ,ပြသည်။



www.burmeseclassic.com

www.burmeseclassic.com

အထဲမှာ ဘယ်သူမျှမရှိ။

"ဟို ခြင်ထောင်ကရော"

ခြေရင်းခန်းဘက်မှ ခြင်ထောင်ဆီသို့ ထွန်းရီ လျှောက်သွားသည်။

"အဲဒါ သမီး အိပ်နေတာ"

ထွန်းရီက ခြင်ထောင်ကို မ,ကြည့်မည်ပြုသည်။

"ဟောကောင်... မင်း မကိုင်နဲ့၊ ဒါ... ဘာလုပ်တာလဲ၊ မိန်းကလေးအိပ်နေတာကွ၊ မိုက်ရိုင်းလှချည်လား"

ဦးကျော်ရင် ဒေါသနှင့် လှမ်းအော်ပြောသည်။

"ဒါ ဥစ္စာရင်းစစ်နေတာဗျ"

ထွန်းရီကလည်း မလျှော့။

"ဥစ္စာရင်းစစ်တဲ့လူက အရက်မူးနေရသလားကွ"

ဆရာဦးကျော်ရင်၏ လေသံက မာမာတင်းတင်း ဖြစ်နေသည်။

"ဘယ်သူက အရက်မူးလို့လဲဗျ"

"မင်းပါးစပ်က အရက်စော် တထောင်းထောင်းနံနေတာ"

"မဆိုင်တာတွေ မပြောနဲ့ဗျာ၊ ဒါ တာဝန်နဲ့ စစ်နေတာဗျ၊ ခြင်ထောင်လှန်ပြ"

"တာဝန်နဲ့စစ်ရအောင် မင်းက ရ-ဝ-တ အဖွဲ့ဝင်လား"

ဦးကျော်ရင် မကျေနပ်။

"ဒါ ရ-ဝ-တ အဖွဲ့ဝင်ဗျ၊ ဒီနေ့ည သူ တာဝန်ကျတယ်၊ သူက တာဝန်ပေးရင် ကျုပ်မှာ စစ်ပိုင်ခွင့်ရှိတယ်"





"ကောင်းပြီလေ၊ မရီ... သမီးခြင်ထောင်ထဲ အရင်ဝင်လိုက်၊ သမီးက အပျိုပေါက်လေး ဖြစ်နေပြီဗျ၊ သူ့ခြင်ထောင်ထဲမှာ သူ လွတ်လွတ်လပ်လပ် အိပ်နေမှာ"

"အမေ... ဘာဖြစ်လို့လဲ"

အထဲမှ မိန်းကလေးက ခြင်ထောင်အပြင်ဘက်သို့ ထွက်လာသည်။ လူအများကိုမြင်မှ လုံချည် ဒူးပေါ် ပေါင်ပေါ်ဖြစ်နေသည်ကို ဆွဲဖုံးလိုက်သည်။

"ကြည့်ဗျာ... ကြည့်ကြ"

ဦးကျော်ရင်က ခြင်ထောင်ကို ဆွဲမ,ပြရုံမက ကြိုးများကိုပါ ဖြုတ်ဖြုတ်ပြီး အခန်းထောင့်သို့ လွှင့်ပစ်လိုက်သည်။

"စိတ်မရှိပါနဲ့ ဆရာရယ်၊ စိတ်မရှိပါနဲ့နော်၊ တာဝန်အရ လုပ်ရတာပါ"

ဦးသာပိုက တောင်းပန်စကားဆိုရင်း အိမ်ထဲမှ ထွက်သည်။

"မကျေနပ်ဘူးဗျာ၊ လုံးဝမကျေနပ်ဘူး၊ ဒါ တာဝန်အရ လုပ်တာ မဟုတ်ဘူးဗျ၊ အရက်မူးပြီး စော်ကားတာ"

ဦးကျော်ရင် ဒေါသတကြီး ပြောဆိုကျန်ရစ်ခဲ့သည်။

ခွေးဟောင်သံတွေက ပို၍ဆူညံနေသည်။

*

"ဟေး... ထွန်းရီ... မင်းဟာက ပြဿနာပဲကွာ"

ဦးသာပို စိတ်ပျက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ ပြဿနာမဟုတ်ဘူး၊ မကျေနပ်ရင် လဲသေလိုက်၊ သူက ကျောင်းဆရာဆိုပြီး စာနည်းနည်းတတ်တာနဲ့ လူလည် လုပ်တာ၊ ဧည့်စာရင်းစစ်တာပဲဗျ၊ လူပို ရှိမရှိ သေချာအောင် ကြည့်ရမှာပေါ့၊ ကျုပ်က ဒီဥပဒေတွေ အကုန်သိပါတယ်ဗျာ"

ဦးသာပို ဘာမျှ ဆက်မပြောနိုင်တော့ပါ။

ရ-ဝ-တ စာရေး ဝင်းမောင်ကတော့ ထွန်းရီ လုပ်ပုံ ကိုင်ပုံကို သဘောမကျ။

နောက်တစ်အိမ်သို့ ရောက်လာပြီ။

"ထွန်းရီ... ဒီတစ်ခါတော့ အရမ်းမလုပ်ပါနဲ့ကွာ"

"မလုပ်ဘူး၊ ကျုပ် ဘာမှမပြောဘူး၊ ဘယ်လိုစစ်ရမယ် ဆိုတာ ခုနအိမ်မှာ နမူနာပြပြီးပြီပဲ၊ ခင်ဗျားဘာသာစစ်"

"အေး... အေး... ကောင်းတယ်"

ထွန်းရီကလည်း အရက်စော်နံသောပါးစပ်နှင့် ပြောရမှာ လန့်သွားသည်။

"အိမ်ရှင်တို့... အိမ်ရှင်တို့"

"ဘယ်သူလဲကွ၊ သာပိုတို့လား"

"ဟုတ်တယ် ဘကြီးဆွဲ"

"ဘာလုပ်တာလဲကွ၊ ခွေးတွေကလည်း ဆူလို့"

"ဧည့်စာရင်းစစ်တာ ဘကြီးဆွဲ၊ ဧည့်သည်ရှိလား"

"မရှိပါဘူးကွာ၊ ကိုယ့်ဘာသာတောင် မနည်းစားနေရတာ မင်းသိသားနဲ့၊ ညအိပ် ညဉ့်နေ ဧည့်သည် တင်ကျွေးမထားနိုင်ပါဘူး"





"ကဲ... ဒါဆိုလဲ ရပါပြီဗျာ"

ဦးသာပိုက အိမ်ထောင်စုစာရင်းကိုပင် တောင်းမကြည့်တော့။

နောက်နှစ်အိမ်လည်း နီးနေကြသည်မို့ ခပ်မြန်မြန်နှင့် ပြီးသွားသည်။

"ဗျို့... ဦးကျော်လှ"

"ဟော... ကိုသာပိုလားကွ"

"ဟုတ်တယ်၊ ဧည့်သည်ရှိလား"

"နှစ်ယောက်ရှိတယ်လေ"

"ဟင်... ဧည့်စာရင်းတိုင်လား၊ ဘယ်ကဧည့်သည်တွေလဲ"

"တိုင်တယ်လေကွာ၊ တစ်ယောက် တစ်ဆယ်နဲ့ ငွေနှစ်ဆယ်တောင် ပေးခဲ့သေးတယ်၊ ငါ့အစ်မနဲ့ ငါ့တူမပါ"

"ငွေနှစ်ဆယ်က ဘယ်သူ့ပေးခဲ့ရတာလဲ"

ဦးသာပို မသိ။

"မောင်ဝင်းမောင် ပေးခဲ့ရတာလေ"

"ဟုတ်လား ဝင်းမောင်"

"ဟုတ်တယ်"

ရ-ဝ-တ စာရေး ဝင်းမောင်က ဝန်ခံသည်။

"ငွေနှစ်ဆယ်က ဘာလုပ်ဖို့ တောင်းရတာလဲ"

"ဖြတ်ပိုင်းကြေးလေ"

"ဘယ်က ဖြတ်ပိုင်းလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးသာပို နားမလည်။

"ညှော်စာရင်းဖြတ်ပိုင်းပေါ့ဗျ၊ တိုင်တဲ့လူ ပေးရတာပေါ့"

"ဒါဖြင့် ခင်ဗျားမှာ ဖြတ်ပိုင်းရှိလား"

ထွန်းရီက ဦးကျော်လှကို မေးသည်။

"မပေးပေါင်ဗျာ၊ ဖြတ်ပိုင်းစာအုပ် ကုန်နေလို့တဲ့ မရခဲ့ပါဘူး"

"ဟာ... ဒီကောင်"

ဦးသာပိုက ဝင်းမောင်ကို မကျေနပ်။

"လောလောဆယ် စာအုပ်ကုန်နေလို့ဗျ"

"မင်း အဲဒီလို အမြဲတမ်းယူတာပဲလား"

"ညှော်စာရင်းတိုင်ရင် ဖြတ်ပိုင်းခ ယူရတာပေါ့ဗျ"

"ထွန်းမြင့် သိလား"

"သူ့တော့ မပြောရသေးဘူး၊ အရင် ဦးလေးထွန်း လက်ထက်ကတည်းက ဒီလိုပဲ ယူရတာပဲ"

"အဲဒီငွေကို မင်း ဘာလုပ်လဲ"

"ခင်ဗျားတို့ ရေနွေးကြမ်းသောက်တာ၊ လက်ဖက်ခြောက်ဖိုး ဘယ်ကရမလဲဗျ၊ တစ်ခါတလေ လက်ဖက်သုတ် ကျွေးရသေးတယ်၊ မြို့ကလူတွေလာရင်လည်း ဒီငွေနဲ့ပဲ ညှော်ခံရတာ"

အိမ်ရှင် ဦးကျော်လှက ညှော်စာရင်းစစ်သူများကိုကြည့်ပြီး ပြုံးနေသည်။

"လာပါဗျာ၊ ခင်ဗျားတို့ကလည်း ခုမှ စာရင်းရှင်းနေကြတယ်"





ထွန်းရီက ဦးကျော်လှ ပြုံးနေသည်ကို သတိထားမိသည်။

ရှေ့အိမ်က သူတို့ အဝိကထားသော အိမ်မို့ ဦးသာပို ပိုစိတ်ဝင်စားသည်။ ရင်ခုန်သံပင် နည်းနည်းမြန်လာသည်။

"ဒီအိမ်ရော ညှော်စာရင်းတိုင်လား"

ဝင်းမောင်ကို ခပ်တိုးတိုးမေးသည်။

"မတိုင်ဘူး"

"ကောင်းတယ်"

ဦးသာပို သဘောကျသွားသည်။

"ဒေါ်ရွှေ... ဒေါ်ရွှေ"

"ဟေ... ဘယ်သူလဲဟဲ့"

"ကျုပ်တို့ပါ၊ ညှော်စာရင်းလာစစ်တာ"

"ဟေ... ကိုသာပိုလားဟဲ့"

"ဟုတ်တယ်၊ ညှော်သည်ရှိလား"

"မရှိပေါင်တော်"

"မညာနဲ့နော်၊ ဝင်ရှာလို့တွေ့ရင် ညှော်စာရင်းမတိုင်တာရော၊ လိမ်ညာတာရောနဲ့ တည်းတဲ့လူရော အိမ်ရှင်ပါ ရုံးရောက်ခန်းရောက်ဖြစ်ကုန်မယ်"

ထွန်းရီက ခြိမ်းခြောက်သည်။

"ဟဲ့... ငါ့တူမ ခင်တင့်တစ်ယောက်တော့ ရှိတာပေါ့ဟဲ့၊ သူက ညှော်သည်မှမဟုတ်ဘဲ၊ လာနေကျဟာ"

"အိမ်ထောင်စုစာရင်းမှာ ပါသလား"

ထွန်းရီမေးပုံကို ဦးသာပို သဘောကျသည်။ နောင်တွင်



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ချက်ပိုင်ပိုင်မေးရန် မှတ်ထားသည်။

"အိမ်ထောင်စုစာရင်းထဲတော့ ဘယ်ပါမလဲကွယ်၊ ဒါပေမယ့် လာနေပဲဟာ၊ ဒါက မြို့မှမဟုတ်ဘဲတော်၊ ကိုယ့်ရွာနဲ့ ကိုယ်နေကြတဲ့ဟာပဲ"

"ရွာပေမယ့် ဘယ်ရမလဲဗျ"

"အံမယ်လေးတော်.., မောင်ထွန်းရီရယ်၊ အကဲပါနေ လိုက်တာ၊ ကဲပါကွယ်.., နောက်ဆိုရင် ဧည့်စာရင်းတိုင်ပါမယ်။ သူကလည်း ညမှ ရောက်လာတော့ ငါကလည်း မမြင်မကမ်းနဲ့မို့ မင်းတို့ ရ-ဝ-တ ရုံး မလာနိုင်လို့ပါ၊ နောက်ဆိုရင် တိုင်ပါ့ မယ်"

"ဒါဖြင့် ဘယ်မလဲ အဲဒီမခင်တင့်က"

"ရှိပါတယ် ကိုသာပိုရယ်၊ ပဲ့... အတင့် ခဏလာပါဦး"

မခင်တင့်ဆိုသူ ထွက်လာသည်။

အသက် သုံးဆယ်ခန့်၊ အသားဖြူဖြူနှင့် ရုပ်ရည်က သင့်တင့်သည်။ ကိုယ်လုံးကိုယ်ပေါက် ပြည့်ပြည့်ဖြိုးဖြိုးဖြစ်၏။

ဦးသာပိုကတော့ ဖယောင်းတိုင်မီးရောင်နှင့် မြင်နေရသော ခင်တင့်ကို အငေးသား ကြည့်နေသည်။

"ကဲ... ဘယ်လိုလုပ်မလဲ ရ-ဝ-တ အဖွဲ့ဝင်ကြီး၊ ဧည့် စာရင်းစစ်တာ အိမ်ထောင်စုမပါတဲ့လူတော့ တွေ့နေပြီ"

ထွန်းရီက အကွက်ဝင်အောင် ဖန်နေသည်။

ဦးသာပိုက ဒေါ်ရွှေကို လှမ်းကြည့်ရင်း စဉ်းစားဟန်ပြု နေသည်။





"ကိုသာပိုရယ်... ကိုယ့်တစ်ရွာထဲသားတွေပဲဟာ"

ဒေါ်ရွှေက လေချိုသွေးနေသည်။

"ခင်ဗျားကတော့ ဟုတ်တယ်လေ၊ ကိုယ့်တစ်ရွာထဲသား၊ သူက ဧည့်သည်ဖြစ်နေလို့"

မိန်းကလေးဘက်သို့ ဦးသာပို လှမ်းကြည့်လိုက်သည်။

မိန်းကလေးက ဦးသာပိုကို ပြုံးပြပြီး မျက်လုံးအကြည့် လေး သိသိသာသာဝေ့ပြလိုက်သည်။

"အစ်ကိုကြီးကလဲ... အတင့်ကလဲ... ဒီရွာသူလိုဖြစ်နေ ပါပြီ၊ အရီးရွှေရဲ့တူမပဲဟာ"

ဦးသာပို၏မျက်နှာပေါ်မှ ဟန်ဆောင်အတင်းများ အား လုံး ပျောက်သွားသည်။

"ခက်တာပဲဗျာ၊ အချင်းချင်းတွေဆိုတော့ အရေးယူပြန် ရင်လဲ ဒုက္ခဖြစ်ဦးမယ်"

ဦးသာပိုက ညည်းညူခြင်းဖြင့် ခြောက်လှန့်လိုက်သည်။

"ကဲ... ဒီလိုလုပ်ပါ ဦးသာပို"

ထွန်းရီက အကြံပေးသည်။

"ခင်ဗျားက ဒီနေ့ည တာဝန်ကျတဲ့ ရ-ဝ-တ အဖွဲ့ဝင် ... ခင်ဗျား အရေးယူရင်တော့ သူ ဒုက္ခဖြစ်မှာပဲ၊ ခင်ဗျား ခွင့် ...ရင်တော့ ပြီးသွားမှာပဲ၊ ဒါပေမယ့် သူများက ထောက်ဦး ... အဲဒီတော့ တရားဝင်သွားအောင် ဧည့်စာရင်းတိုင်တဲ့ ...ယူလာပြီး ဒေါ်ရွှေက လက်မှတ်ထိုးလိုက်ပေါ့"

"လုပ်ပေးပါ ကိုသာပိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေက တောင်းပန်သည်။

"ကူညီပါနော်... အစ်ကိုကြီး"

ခင်တင့်ပြောပုံက ညှသံလေးနှင့်။

"အေးလေ... အဲဒီလိုပဲ လုပ်ပေးရမှာပေါ့၊ ဘယ်တတ်နိုင်မလဲ"

ဦးသာပို၏ ဟန်ပန်က အပြည့်။

"ကဲ... ဒါဆိုရင် သွားစို့၊ အိပ်မနေကြနဲ့ဦးနော်၊ ဦးသာပို ပြန်လာဦးမှာ"

ထွန်းရီက သူ့ဆင်သည့် အကွက်ထဲသို့ ဝင်သွားပြီမို့ သဘောကျနေသည်။

"မအိပ်ပါဘူးတော်၊ စောင့်နေမှာပေါ့"

"ဟုတ်တယ်၊ စောင့်နေ၊ မကြာပါဘူး ပြန်လာခဲ့မယ်၊ မီးတော့ ငြိမ်းထားလိုက်ပေါ့၊ ဖယောင်းတိုင်က ဈေးကြီးတယ်"

ဦးသာပိုက ပို၍ပင် ထောင့်စေ့နေသေးသည်။

"ဟုတ်ကဲ့ပါ အစ်ကိုကြီး"

ခင်တင့်က ဖယောင်းတိုင်မီးကို လှမ်းမှုတ်လိုက်သည်။ မှောင်သွားသည်။

"ကဲ.., သွားကြစို့"

ဧည့်စာရင်းစစ်သူများ ဒေါ်ရွှေအိမ်မှ ပြန်ထွက်လာခဲ့သည်။

* * *



# ၁၅

အရှေ့ဘက်ကောင်းကင်တွင် နေမင်းကြီး ထွက်ပေါ်မလာသေးသော်လည်း အရုဏ်ဦး၏ ရောင်ခြည်များက နေ့အသစ်ကို အလှပန်းချီခြယ်နေသည်။

တောပျော်ငှက်ကလေးများက သာယာသောတေးကို သီ၍ နေမင်းကြီးကို ကြိုနေကြ၏။ နံနက်ခင်း၏ လေအသုတ်မှာ ဟင်းငုတ်ပွင့်ဖြူဖြူဖွေး ဖွေးများက တဖြုတ်ဖြုတ် ကြွေနေကြသည်။

ရွာဘက်ဆီမှလာသော ကန်သင်းရိုးလမ်းကလေးဆီသို့ ထွန်းမြင့် လှမ်းကြည့်လိုက်၏။ မျှော်သူ၏ အရိပ်အယောင်ကိုပင် မမြင်ရသေး။

"လာမှ လာပါ့မလား"သံသယအတွေး ဖြစ်ရသည်။

"မြသီကတော့ အသေအချာပြောလိုက်တာပဲလေ"

မျှော်လင့်ချက်လေး မပျက်ချင်။

မနေ့ညက ရု-ဝ-တ ရုံးမှအပြန်တွင် မြသီတို့အိမ်ရှေ့ အရောက်မှာ မြသီနှင့်တွေ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ယနေ့မနက်စောစော မြသီတို့ ငရုတ်ခင်းမှာ ညိုယဉ်နှင့် နှစ်ယောက်တည်း ဆေါင်းနုတ်ကြမည်။ နေမထွက်မီ အရောက်လာမည်။ ညိုယဉ်နှင့်တွေ့ပြီး စကားပြောချင်လျှင် အရုဏ်တက်အရောက် ဟင်းငုတ်ပင်အောက်ကစောင့်ရန် မြသီမှာထားသည်။

ယခင်က နှစ်ကြိမ်ကြိုးစားဖူးသည်။ ညိုယဉ်က တူးတူးခါးခါးငြင်းသည်။ ရှောင်သည်။ မျက်နှာချင်းပင် ဆိုင်ခွင့်မရ။ ထွန်းမြင့်ကို လုံးဝလှည့်မကြည့်ဘဲ ကျောခိုင်းသွားခဲ့သည်ချည့်ဖြစ်သည်။

နောက်တစ်ခါ မြသီကို မေးမြန်းကြည့်ဖို့ ပြောသေးသည်။ သို့သော် လုံးဝမတွေ့ချင်ကြောင်း ငြင်းခဲ့ပြန်သည်။

"ငါ့ကို သူ သိပ်မုန်းနေတယ်ဟာ၊ အတွေ့ခံမယ် မထင်ပါဘူး"

ထွန်းမြင့် စိတ်အားပျက်စွာ မြသီကို ပြောခဲ့မိသည်။

"အင်း... ခုတော့ အဲဒီလောက် မတင်းမာတော့ဘူး ထင်တာပဲ၊ လာတွေ့ကြည့်လိုက်ပါ"

မြသီ၏ အကြံပေးစကားကြောင့် အားတက်ခဲ့ရသည်။

သို့သော် မလှပသောကိုယ့်မျက်နှာကို ပြရန်အတွက် စိတ်ပျက်ခဲ့ရသည်။

မနေ့ညက တော်တော်နှင့် အိပ်မပျော်။

တွေ့လည်း တွေ့ချင်သည်။ ထပ်ပြီး တူးတူးခါးခါးငြင်းလျှင် ရင်ထဲမှာ နာကျင်စွာ ခံစားရမှာလည်းစိုးသည်။

မနက်ကျတော့ အစောကြီး အိပ်ရာမှနိုးနေ၍ နောက်ဆုံးအကြိမ်အဖြစ် ကြိုးစားကြည့်ရန် ဟင်းငုတ်ပင်အောက်သို့ ရောက်လာခဲ့ရသည်။

အရှေ့ဘက်ကောင်းကင်သည် ညိုမှောင်ရာမှ အနီရောင်သို့ ကူးပြောင်းလာ၏။

ထွန်းမြင့် ရင်မှာ လှုပ်ရှားရလွန်းသည်။

ပါးပြင်မှ အမာရွတ်ကို လက်ဖြင့်ဖမ်းကြည့်လိုက်မိ၏။

မျက်နှာချင်းဆိုင် မတွေ့ရသေး၍ ပါးပြင်မှ အမာရွတ်ကို ညိုယဉ် မမြင်ရသေး။

"ဒီအမာရွတ်ကြီးနဲ့ အရုပ်ဆိုးသွားတဲ့ ငါ့မျက်နှာကိုမြင်ရင် ပိုတောင် စိတ်ပျက်သွားမယ်ထင်ပါတယ်"

နိုးရိမ်စိတ်များက ဖိစီးလာပြန်၏။

"ဟင်း"

သက်ပြင်းတစ်ချက်ချပြီး မှေမှေပျောက်ပျောက်ဖြစ်စေရန် ဟင်းငုတ်ပွင့်များ လိုက်ကောက်နေလိုက်သည်။

တစ်ညလုံးကြွေထား၍ ခဏကောက်ရုံနှင့် အစုလိုက်အပုံလိုက်ရသည်။ လေအလှုပ်မှာ ဆက်၍ကြွေနေကြဆဲ။ ကောက်မနိုင်။

ညိုယဉ် ယူမည်ဆိုလျှင် မြသီနှင့် တစ်ဝက်ခွဲပေးချင်သည်။

ရွာဘက်ဆီသို့ လှမ်းကြည့်လိုက်၏။

"အို... ဟာ... ဒီတစ်ခါတော့ ဟုတ်ပြီ"

ခပ်လှမ်းလှမ်းဆီတွင် လယ်ကန်သင်းအတိုင်း လျှောက်





www.burmeseclassic.com

www.burmeseclassic.com



လှမ်းလာနေကြသည့် မြသီနှင့် ညိုယဉ်ကို မြင်ရသည်။

ဟင်းငုတ်ပင်ကြီး၏ တစ်ဖက်တွင်ဝင်၍ ထွန်းမြင့် ကွယ်နေလိုက်သည်။

အရုပ်ဆိုးသောမျက်နှာကို မပြရဲ၍ ပပဝတီကို ချောင်းမြောင်းကြည့်ရသည်ဆိုသော မင်းကုသကို သတိရမိသည်။

"ပပဝတီကတော့ မင်းကုသမျက်နှာကို မြင်တာနဲ့လန့်ပြီး မေ့လဲသွားကယ်တဲ့၊ ညိုယဉ်လည်း ငါ့ကိုမြင်ရင် လန့်ပြီး မေ့လဲသွားမလား"

ကိုယ့်မျက်နှာကိုပြရမှာ စိုးရွံ့လာသည်။

"ဟယ်... စောစောစီးစီး ဟင်းငုတ်ပွင့်တွေ အများကြီး ကောက်မလို့ အောက်မေ့တာ၊ သူများဦးသွားပြီ၊ ကောက်ပြီး စုပုံထားတယ်"

ညိုယဉ့်အသံကို ထွန်းမြင့် ကြားနေရသည်။

ညိုယဉ်နှင့် မြသီ ဟင်းငုတ်ပင်နားသို့ ရောက်လာကြပြီ။

"ဟိုမှာ... ခုမှ ကြွေတာတွေ အများကြီး ရှိတာပဲ ကောက်ပေါ့၊ လေတိုက်ရင် ဆက်ကြွေဦးမှာ၊ နင့်အမေက သီကြိုက်တာပဲ ကောက်လိုက်ဦးပေါ့၊ ပြုတ်ပြီးသုတ်ရင် ငရုတ်သီး စိမ်းချက်နဲ့ဆို သိပ်ကောင်းပေါ့"

"အေး... ငါ ကောက်လိုက်ဦးမယ်"

"ကောက်... ငါ ငရုတ်ခင်းထဲ ဆင်းနှင့်မယ်"

ခပ်လှမ်းလှမ်းတွင် မြင်နေရသော ငရုတ်ခင်းဆီသို့ မြ





လျှောက်သွားသည်။

ဟင်းငုတ်ပင်အောက်မှာ ညိုယဉ်တစ်ယောက်တည်း ကျန်ရစ်သည်။

ထွန်းမြင့်ရင်မှာ မောရလွန်းသည်။

ဟင်းငုတ်ပင်ကို ကွယ်နေရာမှ ထွက်တွေ့ရန် အသင့်တော်ဆုံးအချိန် ဖြစ်သည်ကို သိပါသည်။

သို့သော် အထွက်ရခက်နေသည်။

ရင်ခုန်သံကလည်း ပုံမှန်ထက် ပိုကြမ်းနေ၏။

မီးတောက်လောင်နေသော အိမ်ထဲသို့ဝင်ရန် မကြောက်ခဲ့သူသည် ကိုယ်ချစ်သောမိန်းကလေးနှင့် တွေ့ရမှာကို ကြောက်နေသည်။

"မညို"

ဟင်းငုတ်ပင်အကွယ်မှပင် ထွန်းမြင့် အသံပြုလိုက်သည်။

လှုပ်ရှားသောရင်မှလာသောအသံဖြစ်၍ ကြည်လင်ခြင်းမရှိ။ ခြောက်သွေ့သွေ့ အက်ကွဲကွဲ။

"ဟင်"

ဟင်းငုတ်ပွင့်လေးတစ်ခုကို ကောက်မည်ရွယ်ထားသော ညိုယဉ်၏လက်ကလေးသည် လမ်းခုလတ်မှာပင် ရပ်ဆိုင်းသွားသည်။

"မညို... ငါ့ကို စိတ်ဆိုးနေတုန်းပဲလား"

ညိုယဉ်ထံမှ ဘာသံမျှ ထွက်မလာ။

လှည့်မကြည့်သော်လည်း ဟင်းငုတ်ပင်အောက်မှ ပြေး

www.burmeseclassic.com

www.burmeseclassic.com

ထွက်သွားခြင်း မပြုသည်ကို ထွန်းမြင့် သိပါသည်။

"မညို တားနေတဲ့ကြားထဲက ပြေးထွက်သွားတာ မညိုကို အရေးမစိုက်လို့ မဟုတ်ပါဘူး၊ မီးလောင်တာကို တစ်ရွာလုံးဝိုင်းငြိမ်းရင် နိုင်မယ်ထင်လို့ပါ။

"ဒါပေမယ့် ငါထင်သလို မဖြစ်ခဲ့ပါဘူးဟာ၊ မီးဝိုင်းငြိမ်းတဲ့လူက ဆယ်ယောက်တောင် မပြည့်ပါဘူး၊ နောက်ဆုံးတော့ တစ်ရွာလုံး လောင်သွားတာပါပဲ"

"ဒါပေမယ့် သူရဲကောင်းကြီးဖြစ်ပြီး ၅-၀-တ ဥက္ကဋ္ဌ ဖြစ်သွားတယ် မဟုတ်လား"

ညိုယဉ် ပြန်ပြောသံကြားရ၍ ထွန်းမြင့် အားတက်သွားသည်။ သို့သော် မလှသောမျက်နှာကို မပြချင်၍ ဟင်းဒုတ်ပင်အကွယ်မှ မထွက်ရဲ။

"အဲဒါတွေ... ငါ ဘာမှ မျှော်လင့်ခဲ့တာ မဟုတ်ပါဘူးဟာ"

"ကောင်းပါတယ်၊ ညိုယဉ်တို့ကတော့ ကူညီမယ့်လူမရှိလို့ ဘာပစ္စည်းမှ မရလိုက်ဘူးလေ"

"မညိုတို့က ဘာပစ္စည်းမှမရရုံပါ၊ ငါကတော့ ပစ္စည်းအားလုံးလည်း ဆုံးရှုံးတယ်၊ မညိုမုန်းတာလည်း ခံရတယ်"

"ဘယ်သူမုန်းမုန်း အခုတော့ ဂရိုက်စိုက်စရာမရှိပါဘူး၊ ၅-၀-တဥက္ကဋ္ဌဆိုတော့ ရွာမှာ မျက်နှာကြီးနေတာပေါ့"

"မျက်နှာကြီးတာ မဟုတ်ပါဘူးဟာ၊ မျက်နှာမှာ အမာရွတ်ကြီး ရလိုက်တာပါ"





ညိုယဉ် စိတ်မကောင်းဖြစ်သွားသည်။ ထိုအမာရွတ်ကြီးကို ရွာစ်ရွာလုံး မြင်ကြသော်လည်း ညိုယဉ် ခုထိမမြင်ဖူးသေး။

"သူ့ခမျာ သနားပါတယ်ဟာ၊ ညာဘက်ပါးမှာ အမာရွတ်ကြီးက အကြီးကြီးပဲဟ၊ ဒါပေမယ့်ဟာ ကိုထွန်းက စိတ်ကောင်းရှိလို့ သူများကို အသက်စွန့်ကယ်ရင်း ဖြစ်ရတာပါ"

မြသီပြောခဲ့သောစကားကို ကြားယောင်လာသည်။

ညိုယဉ်၏မျက်လုံးအိမ်မှာ မျက်ရည်များက အလိုလိုရစ်ဝဲလာကြသည်။

ရှေ့မှ ဟင်းဒုတ်ပွင့်လေးကိုကောက်ရင်း မြက်ခင်းပြင်မှာ ညိုယဉ် ထိုင်လိုက်သည်။

"မညို စဉ်းစားကြည့်ပါဟာ၊ မညိုအိမ်ကပစ္စည်းကို ကူမသိမ်းဘဲ ငါ့အိမ်ကပစ္စည်းကို သွားသိမ်းနေတယ်၊ တခြားအိမ်ကပစ္စည်းကို သွားသိမ်းနေတယ်ဆိုရင်တော့ မညို ငါ့ကို စိတ်ဆိုးသင့်ပါတယ်၊ ခုဟာက တစ်ရွာလုံးအတွက် မီးသွားသတ်နေတာ မညိုလည်း သိပါတယ်"

"ဒါပေမယ့် တစ်ရွာလုံး လောင်သွားတာပဲ မဟုတ်လား"

"အဲဒါကတော့ ရွာသားတွေက မီးလောင်တဲ့နေရာကို ဝိုင်းပြီး မငြိမ်းကြလို့ပါ"

"ဒီရွာမှာ အဲဒီလို စိတ်ထားမျိုးပဲ ရှိတယ်ဆိုတာ သိနေကြတာပဲ၊ ကိုယ့်အိမ် ကိုယ့်ပစ္စည်းသိမ်းတဲ့လူတွေ မှန်တာပေါ့"

"အဲဒီစိတ်ထားမျိုးကို မကြိုက်တာ၊ ဒီရွာမှာ အဲဒီစိတ်မျိုးသာ ဆက်ထားရင်း နောက်တစ်ခါ မီးလောင်ရင်လည်း



www.burmeseclassic.com

www.burmeseclassic.com

ခုလိုပဲ ဒုက္ခဖြစ်ကြဦးမှာပဲ"

မကျေနပ်စိတ်ကြောင့် ထွန်းမြင့် လေသံမာသွားသည်။

"မညို စဉ်းစားကြည့်လေ"

ထွန်းမြင့် လေသံ လျှော့သွားသည်။

"ကိုယ့်အိမ် ကိုယ်သိမ်းတယ်ဆိုတာ ဘယ်လောက်သိမ်းနိုင်မှာလဲ၊ အရေးကြီးတဲ့ပစ္စည်းလောက်၊ အဝတ်အစားလောက်၊ စောင်တို့ ဖျာတို့လောက်ပဲ သယ်နိုင်မှာပေါ့။ မျိုးစပါးတွေ၊ ဝမ်းစာစပါးတွေ ဘယ်သူက သယ်နိုင်မှာလဲ၊ အိမ်ကိုရော ဘယ်သူက သယ်သွားနိုင်မှာလဲ"

ထွန်းမြင့်ပြောသည်ကို ညိုယဉ် နားလည်ပါသည်။

"မီးလောင်တဲ့နေရာကိုသာ ရွာထဲက ယောကျာ်းတွေ အားလုံး လူအား ရေအားနဲ့ ဝိုင်းငြိမ်းရင် အဲဒီမီးက နိုင်ကိုနိုင်တယ်၊ နိုင်လို့ မီးငြိမ်းသွားရင် ပစ္စည်းသိမ်းစရာ ဘာလိုသေးလဲ"

ထွန်းမြင့် ပြောသည်မှာ မှန်သည်ဟုလည်း ညိုယဉ် သိပါသည်။

"ဒါပေမယ့် လူတွေက ဒီလိုမှမလုပ်ကြတာပဲ"

ပကတိရှိနေသော လူများ၏သဘောထားကိုလည်း ညိုယဉ် သိနေသည်။

"အဲဒါကို လူတွေက သိပြီး လုပ်လာကြအောင် လုပ်ရမှာပေါ့"

"ဒါတော့ ရ-ဝ-တ ဥက္ကဋ္ဌဆိုပြီး လုပ်နိုင်ရင်တော့"

ညိုယဉ်က စကားကို မဆုံးဘဲ ရပ်ထားလိုက်သည်။





"အဲဒီနည်းနဲ့ လုပ်လို့ရရင်လည်း လုပ်ရမှာပဲ"

ထွန်းမြင့် စိတ်ထဲမှာ မခံချင်ဖြစ်နေဆဲ။

သို့သော် ထွန်းမြင့် သတိရလိုက်သည်။ ညိုယဉ် ပြေလည်အောင် တောင်းပန်စကားပြောဖို့လာရင်း အငြင်းပွားသလို ဖြစ်နေရသည်။

"ကဲပါလေ... အဲဒါကြောင့် မညို စိတ်ဆိုးပြီး ငါ့ကို အတွေ့မခံတာဆိုရင် ရှင်းပြပြီး စိတ်မဆိုးပါနဲ့လို့ တောင်းပန်ချင်လို့ပါ၊ အဲဒါကြောင့် မဟုတ်ဘူး၊ စံညွန့်တို့ ကူညီတဲ့ ကျေးဇူးတွေကြောင့် စံညွန့်ဘက်ကို စိတ်ပြောင်းသွားပြီဆိုရင်တော့-"

"အဲဒီလို စိတ်ပြောင်းတယ်လို့ ဘယ်သူက ပြောလို့လဲ"

ညိုယဉ် စကားကြောင့် ထွန်းမြင့် အားတက်ရသည်။

"ငါ့မျက်နှာကလည်း အရုပ်ဆိုးသွားပြီဆိုတော့"

"ရုပ်ဆိုးတာ ရုပ်လှတာနဲ့ မဆိုင်ပါဘူး"

"ဒါဖြင့် ဘာနဲ့ဆိုင်လဲ"

ညိုယဉ် ဘာမျှပြန်မပြောပါ။

ထွန်းမြင့်အကြောင်းကို တစ်ရွာလုံးက နားလည်ကြ ပြောဆိုကြရာမှ ညိုယဉ်လည်း နားလည်ခဲ့ပြီး ဖြစ်ပါသည်။

ထွန်းမြင့်မျက်နှာကို ကြည့်ချင်သည်။

သို့သော် ထွန်းမြင့်က ခုထိ ဟင်းငုတ်ပင်အကွယ်မှ ထွက်မလာ။

"မညို ငါ့ကို စိတ်မဆိုးတော့ဘူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ညိုယဉ် ဘာမျှမပြော။

"မညို စိတ်လည်း မပြောင်းပါဘူးနော်"

ထွန်းမြင့်က ထပ်မေးသည်။

"အဲဒါ မေးစရာမလိုပါဘူး"

ထွန်းမြင့် သိပ်ကို ဝမ်းသာသွားသည်။

ဟင်းငုတ်ပင် အကွယ်မှ ထွက်မည်ပြုပြီးမှ မျက်နှာမှ အမာရွတ်ကို သတိရ၍ မထွက်ချင်ဖြစ်သွားသည်။

အမြင်မလှသော မျက်နှာအတွက် ချစ်သူကို ပြရမှာစိတ်နေသည်။

"မညို မျက်နှာလေးကို ငါ ကြည့်ချင်လိုက်တာ"

တမ်းတမ်းတတ ပြောမိခြင်းဖြစ်သည်။

"ဒါပေမယ့် ငါ့မျက်နှာကို မညို မမြင်စေချင်ဘူး"

ညိုယဉ် ပါးပေါ်မှာ မျက်ရည်များ စီးကျနေသည်။

ထွန်းမြင့် ပါးပေါ်မှ အမာရွတ်ကိုလည်း ညိုယဉ် ကြည့်ချင် မြင်ချင်လှပြီဖြစ်သည်။

"အဲဒီအမာရွတ်က တစ်ရွာလုံး မြင်နေကြတာပဲ"

"တစ်ရွာလုံးကို မရှက်ပါဘူး၊ မညိုတစ်ယောက်တည်းကိုပဲ ရှက်တာပါ"

"ဘာဆိုင်လို့လဲ"

"မညိုက တို့သိပ်ချစ်တဲ့သူမို့၊ အမာရွတ်ကိုမြင်ပြီး မညို စိတ်ပျက်သွားမှာ စိုးရိမ်လို့"

"အဲဒီအမာရွတ်ကို ကြည့်ချင်တယ်"





ရင်ထဲမှ ဆန္ဒအတိုင်း ညိုယဉ် ပြောလိုက်မိသည်။

"အမာရွတ်ကိုမြင်ရင် မညို မုန်းမသွားဘူးလား"

"ဘာလို့ မုန်းရမှာလဲ"

"ဟာ... ဝမ်းသာလိုက်တာ မညိုရာ"

ဟင်းငုတ်ပင်အကွယ်မှ ထွန်းမြင့် ထွက်လာသည်။

သို့သော် ညာဘက်ပါးကို လက်ဖြင့်အုပ်လျက်။

ညိုယဉ်က ထွန်းမြင့်လက်ကို ဖယ်ပစ်လိုက်သည်။

"အို"

ထွန်းမြင့်၏ပါးပေါ်မှ အမာရွတ်ကြီးကို လက်ဖြင့် စမ်းကြည့်ရင်း ညိုယဉ် ဝမ်းနည်းကြေကွဲစွာ ငိုချလိုက်သည်။

"မညို"

ထွန်းမြင့်က ညိုယဉ်၏ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်၍ နှစ်သိမ့်သည်။

ညိုယဉ် ငိုရှိုက်နေဆဲ။

"စိတ်မကောင်း ဖြစ်သွားလား မညို"

ညိုယဉ်က ထွန်းမြင့်ကို ဖက်ပြီး ငိုသည်။

တသိမ့်သိမ့်ရှိုက်နေသော မညို၏ကိုယ်လေးကို ထွန်းမြင့် ထွေးပွေ့ထားလိုက်သည်။

အရှေ့ဘက်ကောင်းကင်မှာ နေမင်းကြီး ထွက်ပေါ်လာပြီဖြစ်သော်လည်း ဟင်းငုတ်ပင်အနီးမှ ဆူးရစ်ခြံတန်းက နေ့အရောင်ကို ကွယ်ကာလျက်။ ငရုတ်ခင်းထဲမှာတော့ မြူသိတစ်ယောက်တည်း ပေါင်းနုတ်လျက်။



www.burmeseclassic.com

www.burmeseclassic.com



# ၁၆

"ကောင်းရောကွာ၊ မလုပ်တတ်ဘဲနဲ့ လူလည်လုပ်ချင်တဲ့ကောင်တွေ၊ ခုတော့ ကျောင်းဆရာ ဦးကျော်ရင်က တိုင်လို့တဲ့ မ-ဝ-တ ရုံးက ခေါ်စစ်နေပြီလေ။ ညွှန်ကြားစစ်တဲ့လူက အရက်မူးပြီး မိန်းကလေးအိပ်နေတဲ့ ခြင်ထောင်ကို အတင်းဆွဲလှန်တယ်တဲ့၊ မိုက်ရိုင်းလိုက်တာ၊ ရွာလူကြီး မလုပ်စဖူးလုပ်ရတော့ သူတို့ကိုယ်သူတို့ သွေး နားထင်ရောက်နေကြတာ။ ဟင်း... ဟင်း... ကောင်းတယ်၊ ဘာမှနားမလည်တဲ့ကောင် ဥက္ကဋ္ဌခန့်ထားတော့ ဒီလိုပဲဖြစ်မှာပေါ့"

ဦးဘခိုင် ဝမ်းသာအားရ ဖြစ်နေသည်။

"ဒါကြောင့်မို့ ဦးဘခိုင်ကို ကျွန်တော် ထ,တင်ခဲ့တာပေါ့။ ဦးဘခိုင်ဆိုရင် ဒီလိုဘယ်ဖြစ်မလဲ"

ဦးမိုးက ခပ်ပင့်ပင့်လေးပြောရင်း လက်ဖက်သုတ်တစ်ဇွန်းကို ယူ၍ အားပါးတရ စားနေသည်။

"အလကားပါ ကိုမိုးရာ၊ ဟိုလူကြီး ဦးဘအောင် အာကျယ်တာကို မြို့ကလူတွေကလည်း အဟုတ်ထင်သွားတာပါ။ ခုတော့ သူတို့ကောင်က ဖိုးသင်းမျောက် လုပ်ပြလိုက်ပြီလေ"

"ဒါပေမယ့် ညွှန်ကြားစစ်တာတော့ ထွန်းမြင့် မပါဘူးတဲ့ အဖေရ"

"ဟာ... စံညွှန့်ရာ သူကိုယ်တိုင် စစ်တဲ့အထဲမပါပေမယ့် သူခိုင်းတာ၊ သူ့မှာလည်း တာဝန်ရှိတာပေါ့၊ အမှုးသမား အရှုံးသမားတွေ သူ ဘာလို့အစစ်ခိုင်းသေးလဲ၊ ပြီးတော့ ထွန်းရီဆိုတာ ရဲတပ်ဖွဲ့ကထုတ်ထားတဲ့ လူရှုပ်၊ တာဝန်ရှိတဲ့လူလည်း မဟုတ်ဘူး၊ အဲဒီကောင်ကို သူ ဘာလို့ ညွှန်ကြားရင်း အစစ်ခိုင်းရမှာလဲ"

သူ့အဖေပြောသည်ကို သဘောကျ၍ စံညွှန့် ခေါင်းညိတ်ပြလိုက်သည်။

"ထွန်းရီလောက်မှ ဒီကောင်က နားမလည်တော့ ထွန်းရီကို ဆရာတင်တာဖြစ်မှာပေါ့ ဦးဘခိုင်ရာ"

ဦးမိုး နောက်ထပ် လက်ဖက်တစ်ဇွန်း ထပ်စားလိုက်ပြန်သည်။

"သေချာတာပေါ့၊ ဘာမှ မလုပ်တတ်တော့ တွေ့ကရာလူ ဆရာတင်မှာပေါ့၊ သာပိုကလည်း ဘာဉာဏ်ရှိတဲ့ကောင်လဲ၊ အဲဒီတော့ ငါသား မြို့က မင်းအပေါင်းအသင်းတွေနဲ့ သေချာအောင် မေးကြည့်စမ်း၊ သာပိုတင် ပြုတ်လို့တော့ အလကားပဲ၊ အဲဒီထွန်းမြင့်ဆိုတဲ့ကောင်ပါ ပြုတ်သွားမှ ကောင်းမှာ၊ မင်း အသိတစ်ယောက်က ရုံးမှာရှိတယ်မဟုတ်လား"

"ရှိတယ်၊ ရုံးဝန်ထမ်းပဲ၊ စာရေးကြီး ကိုမြင့်ဆွေ၊ သူ့







www.burmeseclassic.com

www.burmeseclassic.com



မေးကြည့်ရင် ရတယ်”

“မေးရုံတင်မကဘူးကွ၊ တစ်ဖွဲ့လုံးပါ ပြုတ်သွားအောင် လုပ်ပေးဖို့ ပြောကွာ၊ ဒီကောင်တွေပြုတ်သွားမှ ငါပြန်ရမှာ၊ ဒါမှ အရှက်ပြေမှာ၊ နည်းနည်းမှ မခံချင်ဘူးကွာ၊ ဟင်း... ဟင်း... ဒင်းတို့ပြုတ်ပြီး ပြန်ရလို့ကတော့ အရှက်ပြေရုံမက ဘူး တကယ့်အောင်ပွဲပဲ၊ မင်းလူကို သေသေချာချာပြော၊ ပိုက်ဆံပေးဖို့ လိုရင်လည်း ပေးပြီးသာခိုင်း၊ ဒါပေမယ့် သေချာပါ စေနော်၊ ဟိုတစ်ခါလိုတော့ မဖြစ်စေနဲ့”

“မဖြစ်ပါဘူး အဖေ၊ သေချာအောင် လုပ်ပါ့မယ်”

“အေး... လုပ်စမ်း၊ ခွေးမသားတွေပြုတ်မှ ငါ့အိမ်မှာ အောင်ပွဲခံပစ်မယ်”

“သိပ်ကောင်းတာပေါ့ ဦးဘနိုင်ရာ၊ အောင်မှာ သေချာ ပါတယ်ဗျာ၊ အောင်ပါစေ”

ဦးမိုး လက်ဖက်တစ်ဇွန်း ထပ်စားပြီး ရေနွေးကြမ်းတစ် ခွက်ပါ သောက်လိုက်သည်။

* * *



# ၁၅

၇-၀-တ ရုံးထဲမှာ အဖွဲ့ဝင်များ စုနေကြပြီ။

ဦးသာပိုက မျက်နှာငယ်လေးနှင့်။

“ဦးသာပိုရာ... ခင်ဗျားကို ဘယ်သူမှလဲ မခိုင်းဘဲနဲ့ ဘာလို့ ညှော်စာရင်းစစ်ရတာလဲ”

ထွန်းမြင့် မကျေနပ်။

“ငါလည်း ကောင်းမယ်ထင်လို့ လုပ်လိုက်တာပါကွာ”

“ဘယ်ကောင်းမလဲဗျ၊ အခုတော့ ပြဿနာဖြစ်နေပြီ။ ...တာကလည်း ခင်ဗျားတို့ဟာ အရက်မူးတဲ့လူတွေပါ ခေါ် ...တယ်၊ ဒါနဲ့ နေပါဦး ကျွန်တော်ပြန်လာတဲ့အထိ ခင်ဗျား ... ညှော်စာရင်းစစ်မယ့် အစီအစဉ်မရှိပါဘူး၊ ဦးချစ်ရွှေ ခိုင်းခဲ့ ...လား”

သူပြန်ချိန်အထိ ကျန်နေခဲ့သော ဦးချစ်ရွှေကို ထွန်းမြင့် ...ကြည့်သည်။

“မခိုင်းပါဘူးကွာ၊ ငါလည်း မင်းပြန်ပြီး သိပ်မကြာပါ ...ပြန်လာတာပဲ”



www.burmeseclassic.com

www.burmeseclassic.com



“မင်းတို့အားလုံး ပြန်သွားပြီး ငါလည်း ဖျင်းနေတာ ထွန်းရီတို့ရောက်လာတော့ သူ အကြံပေးတဲ့အတိုင်း လုပ်လို မိတာပဲကွာ”

ဦးသာပိုက အမှန်အတိုင်း ဝန်ခံလိုက်သည်။

“ဘာဆိုင်လဲဗျာ၊ သူက ရ-ဝ-တအဖွဲ့ဝင်မဟုတ်ဘဲ နောက်ပြီး ဒီလူက အရက်မူးနေတာ၊ ခုတော့ ရှက်စရာကော တာပေါ့ဗျာ၊ လုပ်တာမှ မကြာသေးဘူး အစစ်အဆေးခံနေရ

သူ့ကိုပါ မြို့နယ်မှ ခေါ်ဘား၍ ထွန်းမြင့် စိတ်ပူ နေသည်။

“ဒီကျောင်းဆရာကိုက လူစွာလုပ်တာပါကွာ၊ သူ့ ငါ တောင်းပန်ခဲ့ရဲ့သားနဲ့”

“ကျောင်းဆရာ လူစွာလုပ်တာ မဟုတ်ဘူးဗျ၊ ခင်ဗျ တို့ ထွန်းရီ လူစွာလုပ်တာ၊ ဆရာဦးကျော်ရင်အိမ် ကျွန်တေ သွားမေးပြီးပြီ၊ ခင်ဗျားကောင်က မူးပြီး စော်ကားတာ”

ဦးချစ်ရွှေလည်း မကျေနပ်။

“ဟုတ်ပါတယ်၊ သူ့လည်း ငါ အပြစ်တင်ပါတယ်”

“ဒါပေမယ့် သူက ရ-ဝ-တ အဖွဲ့ဝင်မဟုတ်ဘူး ခေါ်ကိုမသွားသင့်ဘူး”

“အေးပါကွာ၊ ငါလည်း အတွေ့အကြုံမရှိတော့ သွားတယ်”

ဦးသာပို ဝန်ခံသည်။

“ခုတော့ တစ်ရွာလုံး ပြောစရာဖြစ်နေတာပေါ့ဗျာ၊ သ အတိုင်းပဲ မလိုတဲ့လူတွေက ဝမ်းသာအားရနဲ့ ပိုပြောကြတာ ပေါ့”

ထွန်းမြင့်မှာ ချစ်သူနှင့် အဆင်ပြေ၍ ပျော်ရွှင်မှုလေး ခံရချိန်တွင် ပြဿနာနှင့် ရင်ဆိုင်နေရသည်။

“ငါ့ကြောင့်ဖြစ်တာကွာ၊ ငါတာဝန်ယူမှာပေါ့”

“အဲဒီလိုလဲ ဘယ်ဟုတ်မလဲဗျာ၊ ဖြစ်လာပြီဆိုရင်တော့ အားလုံး တာဝန်ရှိတာပေါ့၊ အခုပဲကြည့်လေ၊ တစ်ဖွဲ့လုံး အခေါ် ပြီ၊ နောက်တော့ အဖွဲ့ကမသိဘဲနဲ့ ကိုယ့်ဘာသာကိုယ် ဘာ လုပ်ကြနဲ့ဗျာ၊ ကဲ... လာကြ ဖြစ်မှတော့ ရင်ဆိုင်ရုံ ရှိတော့ ဘာပေါ့”

ထွန်းမြင့် ထိုင်ရာမှ ထလိုက်သည်။ ရ-ဝ-တ အဖွဲ့ဝင် အားလုံး မြို့နယ်ကို သွားကြရမည်ဖြစ်သည်။

* * *





www.burmeseclassic.com

www.burmeseclassic.com

## ၁၈

ကောင်းကင်မှာ လမင်းကြီး ထိန်ထိန်သာနေသည်။

သဘာဝမီးချက်ကြီး၏ အလင်းရောင်နှင့် ညိုယဉ် အိမ်ရှေ့ ကွပ်ပျစ်မှာထိုင်၍ အမေ့အတွက် ပြောင်းဖူးဖက်ဆေးလိပ် လိပ်နေသည်။

အမေက ကွပ်ပျစ်ပေါ်မှာထိုင်၍ ပြောင်းဖက်ဆေးလိပ် တစ်လိပ်ကို မွှာရှိုက်လျက်။

"ညိုယဉ်ရေ... သတင်းထူးတစ်ခု ကြားပြီးပြီလားဟော့"

စံညွန့်က အိမ်ဝင်းထဲရောက်သည်နှင့် အဆက်အစပ်မရှိ လှမ်းပြောလိုက်သည်။

"ဟဲ့... မောင်စံညွန့် လာလေ... ထိုင်၊ မိညို ရေနွေးကြမ်း လုပ်ပါဦးဟဲ့"

ဒေါ်ချစ်မြက စံညွန့်ကို ဝမ်းပမ်းတသာ ဆီးကြိုသည်။

"ဟာ... နေပါစေ ဒေါ်လေးမြ၊ မသောက်ချင်ပါဘူး သတင်းထူးပြောချင်လို့ ဝင်လာတာ"

စံညွန့်က ကွပ်ပျစ်ပေါ်မှာ ဝင်ထိုင်သည်။





"ဘာ... သတင်းများလဲဟဲ့၊ ပြောပါဦး"

"ဟင်း... ဟင်း... ရ–ဝ–တ အဖွဲ့ သတင်းလေ"

စံညွန့် အမနာပ ပြောတော့မည်ဟု ညိုယဉ် နားလည် လိုက်သည်။

"ရ–ဝ–တ ကိုသာပိုက အရက်သမား ထွန်းရီ ခေါ်ပြီး ညော်စာရင်းစစ်တယ်တဲ့လေ၊ ဆရာ ဦးကျော်ရင်အိမ် ဝင်စစ်ပြီး ဦးကျော်ရင် သမီးလေးအိပ်နေတဲ့ ခြင်ထောင်ကို အတင်းဆွဲလှန်တယ်တဲ့လေ"

"အံမယ်လေးတော်... မိုက်ရိုင်းလိုက်တာ"

အမေ့ကို ညိုယဉ် လှမ်းကြည့်လိုက်သည်။

"မိုက်ရိုင်းတာပေါ့ ဒေါ်လေးရာ၊ ပြီးတော့ မူးမူးရူးရူးနဲ့ လုပ်တာဆိုတော့ ဦးကျော်ရင်က ဘယ်ခံနိုင်မလဲ၊ အဲဒါ မြို့နယ်ကို တိုင်လို့ ခုတော့ မြို့နယ်က ရ–ဝ–တ တစ်ဖွဲ့လုံး ခေါ်စစ်နေပြီလေ"

"အေးကွယ်... အဲဒီညော်စာရင်းဆိုတာလည်း မစစ်တာ ကြာလှပါပြီ"

"ဟင်း... ဟင်း... ရ–ဝ–တ အဖွဲ့အသစ်ဆိုတော့ အာဏာတွေ ပါဝါတွေ ပြချင်တာပေါ့ဗျာ၊ ခုတော့ တိုင်တဲ့လူနဲ့တွေ့တော့ တစ်ဖွဲ့လုံး ပြုတ်မယ့်အခြေအနေ ဖြစ်နေပြီ"

"အို"

ညိုယဉ် ရင်ထဲမှာတင် အသံထွက်လိုက်ခြင်းဖြစ်သည်။ ချစ်သူ ကိုထွန်းအတွက် စိုးရိမ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"စစ်တဲ့အထဲ ကိုထွန်းပါသလား၊ ကိုထွန်းက ဘာမှ မပြောဘူးလား၊ တစ်ဖွဲ့လုံးဆိုတော့ ဥက္ကဋ္ဌဖြစ်တာမှ မကြာလိုက်ဘဲနဲ့ ပြုတ်တော့မှာလား"

ညိုယဉ်အတွက် တွေးစရာ၊ ပူစရာတွေ ဖြစ်ရသည်။

သို့သော် စံညွန့်ကို ဘာမျှပြန်မမေးဘဲ နေလိုက်သည်။

မေးလျှင် ဝမ်းသာအားရ ဆက်ပြောနေဦးမည်။

သို့သော် အမေက မနေ။

"ဖြစ်တာမှ ဘာကြာသေးလို့လဲဟယ်၊ ပြုတ်တော့မယ်ဆိုလို့"

"ဒါပေါ့ဗျာ၊ ခွေးရူးကောင်းစား တစ်မွန်းတည့်ဗျပေါ့၊ ဟား... ဟား... ဟား"

အမေကပါ စံညွန့်နှင့် ရောရယ်နေသော်လည်း ညိုယဉ် မရယ်မိ။

သူများကို ရိုင်းစိုင်းသောအသုံးအနှုန်းများနှင့် ချိုးချိုးနှိမ်နှိမ်ပြောနေသော စံညွန့်၏ စိတ်ထားယုတ်ညံ့ပုံကို စက်ဆုပ်ရွံမုန်းမိသည်။

"ရွှေမန်းတင်မောင်ရဲ့ ဗုဒ္ဓဝင်ထဲက ဗကဘိုးဘိုးကြီး ပြောသလိုပေါ့ ဒေါ်လေးရာ၊ လူတွေက ရာထူးလေးရတာနဲ့ ဆောင့်ကြွားကြွားဖြစ်လာတာပေါ့"

"အေးကွယ်... ဥက္ကဋ္ဌတဲ့... ဟိုကောင်လေးကလည်း သူ့အဖေသေလို့ လယ်ဦးစီးလုပ်တာမှ နှစ်နှစ်ပဲရှိသေးတယ်"

"ဟိုကောင် ထွန်းမြင့် ပြောတာလား ဒေါ်လေး"





"အေးပါ၊ ထွေးမှိုရဲ့သားလေ"

"အဲဒါပေါ့ဗျာ၊ မလောက်လေးမလောက်စားက ဥက္ကဋ္ဌလုပ်တော့ မဖြစ်သင့်တာတွေ ဖြစ်တာပေါ့၊ သူက ဘာနားလည်မှာလဲ၊ ဟိုကောင် အရက်သမား ထွန်းရီကို ဆရာတင်ပြီး ထွန်းရီ နိုင်းတဲ့အတိုင်း လိုက်လုပ်တာနေမှာပေါ့"

စံညွန့်က ရောထွေးပြီး ပြောလိုက်သည်။

"ဟုတ်ကဲ့လား၊ ကိုထွန်းကလည်း ဘာလို့ အဲဒီလိုလုပ်ရတာပါလိမ့်"

ညိုယဉ် စဉ်းစားစရာ ဖြစ်လာရသည်။

"အေးကွယ်... မင်းအဖေ ကိုဘနိုင်ဆိုရင် အသက်လည်းကြီးပြီ၊ ငွေကြေးလည်း ချမ်းသာတယ်၊ ရွာထဲမှာ ဂုဏ်သိက္ခာရှိတဲ့လူပဲ၊ အဲဒီလိုလူဖြစ်ဖို့ ကောင်းတာပေါ့"

"အဲဒါပြောတာပေါ့ ဒေါ်လေးရ၊ ဟိုကောင်က မီးလောင်တဲ့ကိစ္စမှာ မိုက်ရူးရဲလုပ်လိုက်တယ်လေ၊ ဟင်း... ဟင်း... အဲဒီနားမှာ ကောင်မလေးတွေလည်း ရှိတယ်ဒေါ်လေးရ၊ အဲဒီတော့ သူ့ရဲ့ကောင်းလုပ်ပြရင်း မျက်နှာမှာ အမာရွတ်ကြီး ရုပ်ပျက်ဆင်းပျက် ရသွားတယ်လေ၊ အဲဒါကို ဦးဘအောင်က ထုံးစံအတိုင်း အာကျယ်အာကျယ်နဲ့ ထပြောလိုက်တော့ မြို့နယ်ကလာတဲ့လူတွေ အဟုတ်ထင်သွားတာပေါ့"

ညိုယဉ်က ပြောင်းဖူးဖက် ဆေးလိပ်ဖင်စီခံညိုအောင် သစ်သားတုံးပေါ်မှာ ခပ်ပေါက်ပေါက် သုံးချက်ဆောင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုတော့ သူတို့လူ့အကြောင်း သူတို့သိပြီး ခေါ်စစ်နေပြီလေ"

"ဘယ်တုန်းက စစ်တာလဲ"

ညိုယဉ် မနေနိုင်၍ မေးလိုက်မိသည်။

"ဒီနေ့လေဟာ၊ သူတို့တစ်ဖွဲ့လုံး တိုက်ကြီးသွားကြရတယ်၊ တစ်ရွာလုံးသိတာပဲ၊ နင် မသိဘူးလား"

ညိုယဉ် သက်ပြင်းတစ်ချက်ကို မသိမသာ ရှိုက်လိုက်သည်။

"နေထွက်က နေဝင် တောသွားနေရတာ ဘယ်လိုလုပ်သိမလဲ"

မြသီလည်း မသိ၍ မပြောခြင်းဖြစ်မည်ဟု ညိုယဉ် စဉ်းစားနေသည်။

"ခုရော မြသီ သိပြီလား"

မြသီတို့အိမ်ဘက်သို့ ပြေးမေးချင်စိတ် ဖစ်မိသည်။

"ဒီကောင်က ဘုန်းကြီးကျောင်းထွက်ပဲ၊ စာကလည်း ရေးတတ် ဖတ်တတ်ရှိတာ၊ မြို့လည်း သိပ်ရောက်ဖူးတာမဟုတ်တော့ ဗဟုသုတလည်း ဘာရှိမှာလဲ ဒေါ်လေးရာ၊ ဒီလိုကောင် ရ-ဝ-တ ဥက္ကဋ္ဌဖြစ်တော့ ရွာနာတာပေါ့"

တစ်ဖက်သားကို မှီချိုးမျှစ်ချိုးပြောနေ၍ မြသီ မခံချင်ဖြစ်မိသည်။ အစက ကိုထွန်း ရ-ဝ-တ ဥက္ကဋ္ဌဖြစ်သည်ကို ထူးထူးခြားခြား ဝမ်းသာခြင်းမဖြစ်ခဲ့သော်လည်း ခုတော့ စံညွှန့်စကားများကြောင်း ကိုထွန်း ရ-ဝ-တ ဥက္ကဋ္ဌအဖြစ်က ပြုတ်သွားမှာကိုပင် စိုးရိမ်လာမိသည်။





"အေးကွယ်... မင်းတို့လို မြို့ကျောင်းလည်းတက်၊ မြို့ပေါ်ကလူတွေနဲ့လည်း ရင်းနှီး၊ လည်လည်ချယ်ချယ်လူဖြစ်ရင် ကောင်းတာပေါ့"

စံညွှန့်အကြိုက်လိုက်ပြီး ပြောနေသော အမေ့ကိုလည်း ညိုယဉ် မကျေမနပ် ဖြစ်မိသည်။

"ဒါပေမယ့် ကျွန်တော်လိုကောင်ကတော့ ဘယ်လုပ်မလဲဗျာ၊ ကိုယ့်စီးပွား ကိုယ်ရှာမှာပေါ့၊ ဘာလုပ်ဖို့လဲ၊ ကျွန်တော်ပြောချင်တာက သူလို အတွေ့အကြုံလည်းမရှိ၊ ပညာကလည်း မတတ်ဆိုတော့ ခုပဲကြည့်လေ၊ ဖြစ်ချင်ရာဖြစ် အတိုင်အတောခံရ၊ အစစ်ဆေးခံရနဲ့ ဘယ်လောက်ရှက်ဖို့ကောင်းလဲ"

ညိုယဉ် ဆက်ပြီးသည်းမခံနိုင်တော့ပါ။ တမင်သက်သက် တစ်ဖက်သတ် နိမ်ပြောသည်ကို ဆက်ပြီး နားမထောင်ချင်တော့ပါ။ ကိုထွန်းနှင့်တွေ့ပြီး မေးကြည့်ချင်စိတ်များ ပြင်းပြင်းပျပျ ဖြစ်လာရသည်။

ဆေးလိပ်တောင်းကိုထားခဲ့ပြီး အိမ်ထဲသို့ ဝင်ခဲ့သည်။ စံညွှန့်ကတော့ အိမ်ရှေ့ကွပ်ပျစ်မှာ တစ်ဖက်သားကို အားပါးတရ နှိမ့်ချနေဆဲ။

ညိုယဉ် အိမ်ထဲမှတစ်ဆင့် နောက်ဖေးပေါက်မှထွက်ပြီး ခြံစည်းရိုးကို ငုံ့ထွက်၍ မြသီတို့အိမ်ဘက်သို့ ကူးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

# ၁၉

မြသီ၏ အကျိုးဆောင်ပေးမှုကြောင့် သက်ကြီးခေါင်းချ ကြက်တွန်ပြီးချိန်တွင် ညိုယဉ်တို့အိမ်နောက်မှ ဘူးစင်အောက်တွင် ညိုယဉ်နှင့် ထွန်းမြင့်တို့ တွေ့ကြရသည်။

ဒေါ်ချစ်မြ အိမ်တွင်းမှာ အိပ်မောကျနေပြီ။

ညိုယဉ်က စံညွန့်ပြောသည်များအားလုံးကို ပြန်ပြောပြသည်။

ထွန်းမြင့် ပြုံးနေသည်။

"ပြောပါစေ မညိုရာ၊ သူ့အဖေ မဖြစ်တာကို စိတ်နာပြီး ပြောတာနေမှာပေါ့"

"ဟုတ်တယ်၊ ယောက်ျားဖြစ်ပြီး မနာလိုစိတ်တွေ အားကြီးနေတာ"

"အခုလို တွေ့နေကြတာသာသိရင် ပိုပြီး မနာလိုဖြစ်ဦးမယ်"

ထွန်းမြင့်က ညိုယဉ်ကို ရင်ခွင်ထဲမှာ ထွေးပွေ့ထားလိုက်သည်။





"နေဦး ကိုထွန်း... သူပြောသလို ကိုထွန်း ပြုတ်သွားနိုင်သလား"

ထွန်းမြင့် ပြုံးသည်။

"ကိုယ့်မှာ ဘာအပြစ်ရှိလို့လဲ"

"မသိဘူးလေ၊ ကိုထွန်းတို့ကို မြို့နယ်က ခေါ်စစ်နေတယ်ဆိုလို့"

"ဒေါ်စစ်တာက မေးတာပါ၊ အဲဒီနေ့က ဧည့်စာရင်းစစ်တဲ့အထဲ ငါမှမပါဘဲနဲ့၊ ဆရာဦးကျော်ရင် တိုင်တဲ့အထဲလည်း ငါ မပါဘူး"

"ဒါပေမယ့် ကိုထွန်းက အစစ်ခိုင်းတာ မဟုတ်ဘူးလား"

"စစ်တာကို သိတောင်မသိဘူး၊ ဦးသာပိုက ငါ့လည်း ဘာမှမပြောဘဲနဲ့ သူ့သဘောနဲ့သူ လုပ်လိုက်တာ၊ တစ်ခုတော့ရှိတာပေါ့ မညိုရာ၊ ငါ့မှာလည်း တာဝန်တော့ ရှိတာပေါ့"

"ဟိုလူကဖြင့် ပြောလိုက်တာ အခုချက်ချင်း ပြုတ်တော့မှာကျနေတာပဲ"

"ဦးသာပိုကတော့ တာဝန်ရှိတယ်လို့ ပြောတာပဲ၊ ငါတို့ကိုလည်း နောင် ဒီလိုမဖြစ်အောင်တော့ သတိပေးခံရမှာပေါ့"

"တော်သေးတာပေါ့"

"မညိုက ပြုတ်မှာစိုးလို့လား"

"စိုးတယ်၊ စံညွန့် ဝမ်းသာအားရဖြစ်မှာစိုးလို့ကို မပြုတ်စေချင်ဘူး"

ညိုယဉ်စကားကြောင့် ထွန်းမြင့်ရင်ထဲမှာ ဝမ်းသာကြည်



www.burmeseclassic.com

www.burmeseclassic.com



နူးရသည်။

မှောင်ရီဝိုးတဝါးမှာပင် ရှုန်းလဲ့နေသော ချစ်သူ၏မျက်လုံး အစုံကို မြတ်နိုးစွာ ကြည့်နေမိသည်။

"စံညွန့် ပြောတာတွေလဲ ဟုတ်သလောက်တော့ ဟုတ်တယ် မညီ့ရဲ့၊ ငါတို့မှာ အတွေ့အကြုံမရှိတော့ ဘာမှမလုပ်တတ်သေးဘူး၊ ဦးသာပိုလည်း အတူတူပဲပေါ့၊ ဒါကြောင့်မို့ သူများပြောတဲ့အတိုင်း လိုက်လုပ်မိတာနေမှာ"

ထွန်းမြင့်က ရိုးသားစွာ ဝန်ခံသည်။

"ဒါတော့ သူ့အဖေ ၅-၀-တ ဥက္ကဋ္ဌဖြစ်လည်း အတူတူပဲနေမှာပေါ့၊ သူရော ဘာအတွေ့အကြုံရှိလို့လဲ"

ညိုယဉ်ပြောသည်မှာလည်း ဟုတ်သည်ဟု ထွန်းမြင့်များလည်းရပြန်သည်။

တာဝန်ကြီးသောလုပ်ငန်းဖြစ်၍ သေသေချာချာ ကျွမ်းကျွမ်းကျင်ကျင်လုပ်တတ်ရင်ကောင်းမှာဟု ထွန်းမြင့် စဉ်းစားနေမိသည်။

ကြက်တွန်သံများ ကြားရသည်။ လုလင်ပြန်ကြက် ဖြစ်သည်ဟု ရွာခလေ့အရ ညိုယဉ်ရော ထွန်းမြင့်ပါ သိကြသည်။

"ပြန်တော့နော် ကိုထွန်း... အမေနိုးလို့သိရင် မကောင်းဘူး၊ မညီ သွားအိပ်တော့မယ်"

ညိုယဉ်က တောင်းပန်စကားဆိုသည်။

ပွေ့ဖက်ထားရာမှ ထွန်းမြင့်မလွှတ်ချင်။

"ခဏလေးနေပါဦး မညီရယ်"





ညိုယဉ်ကိုယ်တိုင်လည်း ချစ်သူရင်မှ ရုန်းထွက်နိုင်စွမ်း မရှိပါ။

"အို... ကိုထွန်း"

ညိုယဉ်က ရှက်ရွံ့စွာနှင့် ငြင်းသည်။

သို့သော် ညိုယဉ်၏ နုညက်သော ပါးပြင်လေးများပေါ်မှာ နွေးထွေးမှုများ ဖြစ်သွားခဲ့လေပြီ။

"မညီ အမေက မညီကို ဟိုကောင်စံညွန့်နဲ့ သဘောတူနေတာ တစ်ရွာလုံးသိတယ်"

"မညီ မကြိုက်ရင် ပြီးတာပဲ ကိုထွန်းကလဲ"

"ဟုတ်ပါတယ်၊ မညီကို ယုံပါတယ်၊ ဒါပေမယ့် ဒွေးလေးမြနဲ့ စံညွန့်ကို မယုံလို့"

"မညီမပါရင် သူတို့ ဘာလုပ်လို့ရမှာလဲ"

ညိုယဉ်က သူ့ဘက်မှ ယုံကြည်ချက်အပြည့် ဖြစ်သည်။

"အိမ်ဆောက်ဖို့ စံညွန့် ပိုက်ဆံထုတ်ပေးထားတာဆိုတော့ အရီးလေးက စံညွန့်သဘောအတိုင်း မညီမသိဘဲ လက်ခံလိုက်မှာစိုးတာပါ"

"အိမ်ဆောက်ဖို့ ပိုက်ဆံယူတာလဲ လယ်တစ်ဝက်ကို အပေါင်စာရင်း ပြထားရတာပါ၊ ဆုံးချင်းဆုံးရင် လယ်ပဲအဆုံးထားလိုက်မယ်၊ လူကတော့ အထိမခံပါဘူး"

ညိုယဉ်စကားကြောင့် ထွန်းမြင့် အားတက်ရသည်။

"ကောင်းတယ်၊ မညီနဲ့ လွဲရမှာ သိပ်ကြောက်တာ၊ ဒီပြင် ဘာမှ မကြောက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လွဲရမှာလဲ၊ မညိုကလည်း ကိုထွန်းနဲ့ မလွဲချင်ပါဘူး၊ စံညွန့်ဆိုရင် ပိုဆိုးတာပေါ့၊ သူ့စိတ်သဘောထားကို မညိုမုန်းတယ်"

"ငါ့ကိုကျတော့"

မညို ဘာမျှမပြော။

"ပြောလေ... မညို"

"ချစ်တယ်"

မညိုလေသံက တိုးတိုးလေးဖြစ်သည်။

"ဝမ်းသာလိုက်တာ မညိုရာ၊ ငါ့ရင်ထဲမှာ ပျော်လိုက်တာ"

ထွန်းမြင့် စိတ်ကိုမထိန်းနိုင်အောင် ဖြစ်ရသည်။

မညို၏ ပါးမို့နုနုလေးများမှာ နွေးထွေးမှုပေါင်းများစွာကို ဆက်တိုက်ခံစားလိုက်ရပါသည်။

လုလင်ပြန် ကြက်တွန်သံများလည်း တိတ်ဆိတ်သွားလေပြီ။

* * *



## ၂၀

"အတော်ပဲ... သားအဖနှစ်ယောက်စလုံး အဆင်သင့်ရှိနေတယ်၊ သတင်းထူးလေး ပြောစရာရှိလို့"

ဦးဘခိုင်အိမ်သို့ ရောက်လာသော ဦးမိုး၏မျက်နှာမှာ သတင်းထူးနှင့်အတူ ထူးခြားစွာ ရွှင်လန်းအားရဖြစ်နေသည်။

"ထိုင်... ကိုမိုး... ဘာသတင်းထူးတာလဲ ပြောစမ်းပါဦး"

ဦးဘခိုင်က ခုံတန်းလျားရှည်မှာ ဝင်ထိုင်သည်။

ဦးမိုးက ဘေးပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ လူစိမ်းတစ်ယောက်မျှမရှိ။

စံညွန့်က စက်ဘီးနှင့် ထွက်တော့မည်လုပ်နေရာမှ ဘီးကို အိမ်ရှေ့မှာ ထောင်ထားခဲ့ပြီး တန်းလျားခုံမှာ ဝင်ထိုင်သည်။

စံညွန့်၏အမေ ဒေါ်သိန်းက မိန်းကလေးတစ်ဦးနှင့် ခပ်လှမ်းလှမ်း မီးဖိုချောင်မှာ ချက်ပြုတ်နေသည်။

"ဒီလိုဗျ၊ သာမိုတို့ ညော်စာရင်းစစ်တဲ့ကိစ္စက ဒေါ်ရွှေအိမ်မှာ နောက်ဆုံးဗျ"

"အဲဒါဘာဖြစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟီး... ဟီး... ဧည့်စာရင်းစစ်တဲ့ ရည်ရွယ်ချက်ကိုက ဒေါ်ရွှေအိမ်မှာရောက်နေတဲ့ ခင်တင့်ဆိုတဲ့ ဧည့်သည်ကောင်မလေးကြောင့်"

"ဘယ်က ခင်တင့်လဲ"

ဦးဘခိုင် အမေးကြောင့် စံညွန့်က ပြုံးလိုက်သည်။

"မင်းက ဘာပြုံးတာလဲ၊ အဲဒီခင်တင့်ဆိုတာ မင်းသိလို့လား"

"အဖေကလည်း ကျွန်တော်က လူငယ်ပဲ သိတာပေါ့၊ ရန်ကုန်က လာတဲ့ ကောင်မလေးဗျ... ဟီး... ဟီး"

"ဘာလဲ ကိုမိုး... အဲဒီကောင်မလေးက-"

ခုထိ ဦးဘခိုင် အသေအချာ နားမလည်သေး။

"ဟို... မကောင်းတဲ့ ကောင်မလေးပေါ့ဗျာ၊ မကြာမကြာ လာတတ်တယ်လို့ ပြောတာပဲ၊ မောင်စံညွန့်ပြောသလို လူငယ်တွေသိတာပေါ့"

"အဲဒီတော့-"

ဦးဘခိုင်က ရှေ့ဆက်မည့်စကားကို ပိုသိချင်သည်။

"အဲဒါကို ထွန်းရီကသိတော့ သာဗိုကို ဧည့်စာရင်းစစ်ဖို့ပြောတာ"

"အင်း... ဟုတ်ပြီ"

ဦးဘခိုင် ဆက်စပ်မိလာပြီ။

"သာဗိုဆိုတာကလည်း ဦးဘခိုင် သိတဲ့အတိုင်း"

"သိတယ်၊ သိတယ်၊ ဒါမျိုး သိပ်ဝါသနာကြီးတဲ့ကောင်"





"အဲဒီတော့ ကျန်တဲ့အိမ်တွေကို ဟန်ဆောင်စစ်ရင်း ဆရာဦးကျော်ရင်နဲ့ ပြဿနာတက်သွားတာ"

"တော်တော်ယုတ်မာတဲ့ကောင်တွေ"

ဦးဘခိုင်က အားပါးတရ ရှုံ့ချနေသည်။

"ဒေါ်ရွှေတို့အိမ် စစ်တော့ ဘာဖြစ်သေးလဲ"

စံညွန့်က နောက်ဆက်တွဲကို သိချင်သည်။

"ဟုတ်တယ်၊ အဲဒါပြောချင်လို့လာတာ"

"အင်း"

ဦးဘခိုင် ပို၍စိတ်ဝင်စားသွားသည်။

"ဧည့်စာရင်းစစ်တော့ သူတို့က အပိုင်သိထားတာပဲ၊ ကောင်မလေးကို တွေ့တာပေါ့၊ ဧည့်စာရင်းလည်း ဘယ်တိုင်ထားမလဲ၊ အဲဒီတော့ ဟိုကောင် ထွန်းရီက သိတဲ့အတိုင်းပဲလေ ...ရှုနဲ့ ရဲထဲက ထွက်ထားရတဲ့ကောင်၊ အဲဒီတော့ ပြဿနာ ...တာပေါ့။

"ပြဿနာလုပ်တော့ ဒေါ်ရွှေနဲ့ ကောင်မလေးက တောင်း...တာပေါ့၊ အဲဒီတော့ သူတို့အကွက်ထဲ ဝင်သွားတာပေါ့"

"ဟင်... ဧည့်စာရင်းစစ်ရင်း အဲဒီလို... အထိဖြစ်တယ်"

ဦးဘခိုင် သိပ်ကို အံ့ဩသွားသည်။

"မဟုတ်ဘူး၊ သူတို့က ခွင့်လွှတ်ပေးခဲ့တယ်၊ ပြီးတော့ ...သာဗိုနဲ့ ထွန်းရီက တစ်ခေါက်ပြန်သွားတာ"

"ဟာ... တကယ့် အကြံသမားတွေပဲ၊ ယုတ်မာလိုက်...



www.burmeseclassic.com

www.burmeseclassic.com



ဦးဘခိုင် စားပွဲကို လက်နှင့်ရိုက်လိုက်သည်။

"အဲဒါကို ကျောင်းဆရာ ဦးကျော်ရင်က တိုင်ပြီးမှ သိသွားတယ်၊ ဒေါ်ရွှေက နှုတ်မှမလုံပဲ"

"အဲဒီတော့ ဦးကျော်ရင်က ပိုစိတ်ဆိုးမှာပေါ့"

"ဆိုးတာပေါ့၊ ဒါပေမယ့် သူက ထပ်မတိုင်ချင်တော့ဘူးတဲ့"

"ဟာ... မတိုင်လို့ ဘယ်ရမလဲ၊ ဒါက တိုင်ရမှာ၊ တကယ်ပိုင်ကွက်ပဲ"

စံညွန့်က အားပါးတရ ဖြစ်နေသည်။

"နောက်တစ်ခုရှိသေးတယ်"

ဦးမိုး အရေးကြီးလေသံနှင့် ခပ်တိုးတိုးပြောသည်။

"ဘာလဲပြော"

ဦးဘခိုင် ကိုယ်အပေါ်ပိုင်း ရှေ့သို့ကိုင်းသွားသည်။

"ဒေါ်ရွှေအိမ်ကို ထွန်းရီနဲ့ သာပိုသွားပြီး နောက်တစ်နာရီလောက်ကြာတော့ လူတစ်ယောက် လာသေးတယ်တဲ့။ မိုးမထွန်းနဲ့ဆိုတော့ မှောင်ထဲမှာ ဘယ်သူမှန်းမသိဘူးတဲ့၊ စောင်ကြီးခြုံထားတယ်တဲ့၊ ပြီးတော့ အသံဖျက်ပြီး သူလည်း ရ-ဝ-တ အဖွဲ့ကပဲလို့ ပြောတယ်တဲ့၊ လူက ခပ်ငယ်ငယ်ပဲတဲ့"

"ဟာ... ဒါဆို အဲဒီအချက်သာ တိုင်လိုက်ရင် ရ-ဝ-တ အဖွဲ့ဝင်တွေအားလုံး ပြဿနာဖြစ်နိုင်တယ်"

စံညွန့် ဝမ်းသာအားရ ဖြစ်သွားသည်။

"နေဦးကွ..."





ဦးဘခိုင် တည်ငြိမ်စွာ စဉ်းစားနေဆဲ။

"လူက ခပ်ငယ်ငယ်ဆိုတော့ အဲဒါဟာ ထွန်းမြင့်ဖြစ်တယ်လို့ပဲ စွပ်စွဲရင်ရော"

ဦးဘခိုင်က ဦးမိုးကို လှမ်းကြည့်လိုက်သည်။

"ဒေါ်ရွှေက အဲဒါဘယ်သူဆိုတာတော့ သူလည်း အသေအချာမသိဘူးတဲ့၊ အသံကလည်း ဖျက်ထားတာတဲ့"

"အဲဒါက အရေးမကြီးပါဘူး၊ ဒေါ်ရွှေက ထွန်းမြင့်ပါ ငါးများပါဘူး၊ စွပ်စွဲရင် ပြီးတာပဲ"

"ဒေါ်ရွှေက အဲဒီလိုတော့ စွပ်စွဲမှာမဟုတ်ဘူး၊ သူတို့လည်း ရာ ပြဿနာဖြစ်မှာ ကြောက်တယ်"

ဦးမိုးက သတင်းရခဲ့ပြီးသားဖြစ်သည်။

"ဒါဆို ဆရာဦးကျော်ရင်ကို ထပ်တိုင်နိုင်းရင်ရော"

ဦးမိုးက ဦးဘခိုင်ကြည့်၍ ခေါင်းယမ်းပြလိုက်သည်။

"ကျွန်တော် ဦးကျော်ရင်ကို ပြောကြည့်ပြီးပြီ၊ ဦးကျော်ရင်က သူ့ကိစ္စ သူတိုင်ပြီးပြီတဲ့၊ ကျန်တဲ့ဟာ သူနဲ့မဆိုင်ဘူးတဲ့"

"ဒါဆိုရင် တစ်ယောက်ယောက်က တိုင်ရမယ်၊ ဒါ အကွက်ကောင်းပဲဗျ၊ ဒါဆိုရင် ဒီကောင် အသေအချာပြုတ်မှာပဲ"

"ဟုတ်တယ် အဖေ... ဒါ တိုင်လိုက်ရင် အခုစစ်နေတဲ့အမှုနဲ့ ထပ်ပေါင်းသွားမယ်"

"ဘယ်သူက တိုင်မှာလဲ"

ဦးဘခိုင် အသံထွက် စဉ်းစားနေသည်။

"ကျွန်တော်တို့ တိုင်လိုက်ရင်ရော"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘခိုင် စဉ်းစားနေဆဲ။

စံညွန့်နှင့် ဦးမိုးက ဦးဘခိုင်ကို ကြည့်နေကြသည်။

"ငါတို့တိုင်ရင် မကောင်းဘူးကွ၊ ငါက ရ-ဝ-
ဥက္ကဋ္ဌလုပ်ချင်လို့ တိုင်တာဖြစ်သွားလိမ့်မယ်"

"ဟုတ်တယ်"

စံညွန့် သဘောပေါက်သည်။

"တခြားတစ်ယောက်က တိုင်မှကောင်းမှာ"

"ဘယ်သူမှ နာမည်မခံဘဲနဲ့ တိုင်ရင်ရော"

ဦးမိုးက အကြံကောင်းပေးသည်။

"မရဘူး ဦးလေးမိုး၊ အဲဒါဆိုရင် ပစ်စာဖြစ်သွား
မနိုင်မာဘူး၊ ဦးကျော်ရင် တိုင်သလိုတိုင်မှ ချက်ချင်းအရေး
မှာ"

စံညွန့်က ပိန္နားလည်သည်။

"ကိုမိုး... ခင်ဗျားနာမည်နဲ့ တိုင်လိုက်"

"ဗျာ"

"တိုင်လိုက်ပါ၊ ခင်ဗျား အိမ်ဆောက်ဖို့ ကျုပ်ဆီက
နှစ်ထောင် စပါးပေးယူထားတာရှိတယ် မဟုတ်လား"

ဦးမိုး ခေါင်းညိတ်ဝန်ခံသည်။

"အဲဒါ မပေးနဲ့တော့ဗျာ၊ ခင်ဗျားနာမည်ခံပြီး တိုင်လို

"ဟို... ကျုပ်က တိုင်စာတွေ ဘာတွေမှ မရေးတတ်

"ဟာ... အဲဒါ မပူနဲ့ဦးလေးမိုး၊ မြို့ပေါ်မှာ ကျွန်
အသိတစ်ယောက်ရှိတယ်၊ သူက ဒီလို တိုင်စာတွေရေး





တာ၊ ဒီလူကို ကျွန်တော် အရေးခိုင်းမယ်၊ ဦးလေးမိုးက လက်
မှတ်ထိုးရုံပဲ"

ဦးမိုး စဉ်းစားနေဆဲ။

"ဘာလဲ ကိုမိုးက ကြောက်နေလို့လား"

"မဟုတ်ပါဘူး"

"မဟုတ်ရင် လုပ်လိုက်၊ ကျုပ်ကောင်းစားရင် ခင်ဗျား
လည်း ကောင်းစားမှာပဲ၊ ဘယ်သူ့မှ ကြောက်စရာမရှိပါဘူး၊
ကျုပ် ရ-ဝ-တ ဥက္ကဋ္ဌဖြစ်ရင် ခင်ဗျားလည်း အနည်းဆုံး ရာ
အိမ်မှူးတော့ ဖြစ်မှာပေါ့"

ဦးမိုးက ဦးဘခိုင်ကို ကြည့်နေသည်။

"ဘယ်လိုလဲ၊ တိုင်မယ်မဟုတ်လား"

"ရပါတယ် ဦးဘခိုင်"

ဦးမိုးထံမှ ဝန်ခံချက် ရသွားသည်။

"ကဲ... စံညွန့်... မင်း ဒီနေ့သွားကွာ၊ အဲဒီစာရေးခဲ့၊
အကောင်းဆုံးဖြစ်အောင် ရေးခိုင်း၊ ဟိုကောင် ထွန်းမြင့်လို့သာ
ရှုပ်ရွဲပြီးရေး"

"စိတ်ချအဖေ... အဲဒီလူက သိပ်ရေးသတ်တာ"

"အေး... ကောင်းတယ်"

ဦးဘခိုင် သားအဖ ဝမ်းသာအားရဖြစ်နေကြသည်။

"အဲဒီလိုတိုင်လို့ ခေါ်စစ်တော့ ဒေါ်ရွှေက အဲဒီလိုထွက်
ပါမလား"

ဦးမိုးက စိုးရိမ်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ထွက်ပါတယ်၊ ဒေါ်ရွှေကို ကျွန်တော် ပြောလို့ရပါတယ်”

ဦးဘခိုင်က တာဝန်ခံသည်။

“ဒါဖြင့် … ဟို … ဦးဘခိုင် ကျွန်တော် စပါးပေးစရာမလိုတော့ဘူးပေါ့နော်”

ဦးမိုးက သေချာအောင် ထပ်မေးသည်။

“မလိုဘူး၊ မပေးနဲ့၊ စာကိုသာ ခင်ဗျား လက်မှတ်ထိုးပြီး တိုင်ပေး”

“ဦးဘခိုင် ရ–ဝ–တ ဥက္ကဋ္ဌဖြစ်ရင် ကျွန်တော် ရာအိမ်မှူး”

“စိတ်ချ ဖြစ်စေရမယ်”

“ဒါဖြင့် ကျုပ်ကိုလည်း စိတ်ချ၊ တိုင်မယ် ဘယ်သူ့မှ မကြောက်ပါဘူးဗျာ၊ ဟား… ဟား… ဟား”

ဦးမိုးကရယ်၍ သုံးယောက်သား အားပါးတရ ရယ်လိုက်ကြသည်။

* * *



## ၂၁

“ယုတ်မာလိုက်တာဗျာ၊ ဒီလောက် အောက်တန်းကျတဲ့ အလုပ်မျိုး ကျွန်တော် ဘယ်တော့မှမလုပ်ဘူး”

ထွန်းမြင့် မခံမရပ်နိုင် ဖြစ်နေသည်။

မြို့နယ်မှပေးပို့သောစာကြောင့် ထွန်းမြင့် အစည်းအဝေးခေါ်၍ ရ–ဝ–တရုံးထဲမှာ ရ–ဝ–တ အဖွဲ့ဝင်နှင့် ဦးသာပို အပါအဝင် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများအားလုံး ရောက်နေသည်။

“ဘယ်သူက ဘယ်လိုပဲတိုင်တိုင် ဒါမျိုး မင်းမလုပ်ဘူးဆိုတာ ငါတို့ ယုံပါတယ်”

ဦးချစ်ရွှေ နှစ်သိမ့်စကားဆိုသည်။

“အဓိပ္ပာယ်မရှိတာဗျာ၊ ဒါမျိုးလုပ်ဖို့ထားလို့ စိတ်နဲ့တောင် မကူးဘူး၊ ဒီလူကြီးဗျာ တစ်ရွာတည်းသားချင်း သက်သက်လုပ်ကြတာ”

“ဒါပေမယ့် ဒါဟာ သူ့ဉာဏ်မဟုတ်ပါဘူးကွာ၊ ဒီလူ သူများခိုင်းလို့ မျက်နှာလိုအားရလုပ်တာ”

အဖွဲ့ဝင် ဦးဘကောင်းက တစ်ရွာတည်းသားချင်းမို့



www.burmeseclassic.com

www.burmeseclassic.com



ခာတ်သိဖြစ်သည်။

"ကျွန်တော်လည်း သိပါတယ်ဗျာ၊ ဒါဟာ စံညွှန်း

သားအဖဥာဏ်တွေပါ"

"အေး... အဲဒါ အမှန်ပဲကွ"

ရာအိမ်မှူး ဦးကျော်အေးက သတင်းရထားပြီးဖြစ်သည်

"ဒါပေမယ့် ကိုယ့်လူကလည်း မဟုတ်တာလုပ်ထားသေ

သိပ်ခက်တယ်၊ ကဲ... ဦးသာပို... ခင်ဗျား မဟုတ်ဘူး

ငြင်းမလား၊ ငြင်းနိုင်လား အမှန်အတိုင်းပြော"

ထွန်းမြင့်စကားကြောင့် မျက်လုံးအကြည့်များအား

ဦးသာပိုထံသို့ ရောက်သွားသည်။

ကိုယ့်ထက် အသက်များစွာငယ်သော ထွန်းမြင့်ကို ဦးသ

ပို မဝံ့မရဲ ပြန်ကြည့်လိုက်သည်။

"သူတိုင်သလိုတော့ မဟုတ်ပါဘူးကွာ၊ ငါနဲ့ ထွန်း

နောက်တစ်ခေါက်ပြန်သွားတာတော့ ဟုတ်ပါတယ်၊ ဒါပေ

မဟုတ်တာတော့ ဘာမှမလုပ်ပါဘူး၊ တို့ပြန်သွားတော့ ဒေါ်

တင်မှကပါဘူး၊ သောအိမ်က စံတင်တို့လင်မယားလည်း

စာရင်းစစ်ထားလို့နီးပြီး ဒေါ်ရွှေတို့အိမ် ရောက်နေကြပါတယ်

ငါတို့ ခဏပဲ စကားပြောပြီး ပြန်လာခဲ့တာပါ။

"ဒါပေမယ့် ညှော်စာရင်းစစ်ပြီးမှ ညှော်စာရင်းမတိုင်

လူကို တွေ့ပျက်နဲ့ ခင်ဗျားတို့က ခွင့်ပြုချက်လုပ်ပေးတာ

မဟုတ်လား"

ဦးသာပိုက ထွန်းမြင့်ကို ခေါင်းညိတ်ပြသည်။



"ဘယ်ကောင်းမလဲဗျ၊ ဘာမှမဟုတ်ဘူးဆိုပေမယ့် ခင်ဗျား

တို့သွားတဲ့ ရည်ရွယ်ချက်ကိုက မကောင်းဘူး၊ အဲဒါရော ခင်ဗျား

ဘယ်လိုပြောမလဲ"

ဦးသာပို ဘာမျှပြန်မပြောနိုင်။

အားလုံး နားလည်ခြင်းနှင့်အတူ စိတ်ပျက်မိကြသည်။

"ခင်ဗျားဗျာ... လုံးဝမလုပ်သင့်ဘူး၊ သိပ်ရှက်စရာ

ကောင်းတာပဲ"

"ကိုယ်က ရွာလူကြီးဖြစ်နေပြီဗျ၊ ရွာလူကြီးတစ်ယောက်

က ဒီလို မမှန်မကန်လုပ်တော့ ကျုပ်တို့ကို ဘယ်သူလေးစား

တော့ မှာလဲ"

ဦးသာပို ခေါင်းငုံ့လျက်။

"တိုင်တဲ့လူကလည်း သာသာထိုးထိုးတွေ လုပ်ကြတိုင်

တော့ သိပ်ရှက်စရာကောင်းတာပဲ၊ မြို့ပေါ်မှာလည်း ကျွန်တော်

တို့ရွာက နာမည်ပျက်နေပြီ၊ တက်လာတာ မကြာသေးဘူး

အမှုက တစ်မှုပြီး တစ်မှု အစစ်ခံနေရတယ်။ ရပ်ရွာအကျိုးရှိ

အောင်လည်း ဘာမှမလုပ်နိုင်သေးဘူး၊ အမှုစစ်တာပဲ ခံနေရတယ်"

ရ–ဝ–တ ရုံးထဲမှာ ငြိမ်သက်လျက်။

"ခင်ဗျား မဟုတ်တာ လုပ်တော့ အခု ကျွန်တော်ပါ

မတော်မတရား စွပ်စွဲခံနေရပြီ။ ကျွန်တော့်အမှုကတော့ ကျွန်

တော် ရှင်းမယ်၊ မတော်မတရား စွပ်စွဲတာတော့ လုံးဝမခံနိုင်

ဘူး၊ ခင်ဗျားလည်း ခင်ဗျားလုပ်တာ ခင်ဗျား တာဝန်ယူရမှာပဲ"

ထွန်းမြင့်က ဦးသာပိုကိုကြည့်ပြီး မကျေနပ်ဖြစ်နေသည်၊



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးတစ်ယောက် ဖြစ်လျက်သားနဲ့ လုံးဝမလုပ်သင့်တာကို ခင်ဗျားမို့ သွားလုပ်တယ်ဗျာ"

"ငါလည်း ဒီလို ပြဿနာဖြစ်မယ်မထင်လို့ ထွန်းရီ အကြံပေးတဲ့အတိုင်း လုပ်လိုက်မိတာပါကွာ"

ဦးသာပိုက ဝန်ခံသည်။

"ပြဿနာဖြစ်မယ် မထင်ရင်လဲ ဒါမျိုးကတော့ မလုပ်သင့်ဘူးဗျ၊ ကိုယ်က ရွာလူကြီးဗျ၊ အခု ခင်ဗျားလုပ်တာက သိပ်ဆိုးတယ်၊ ကျန်တဲ့အဖွဲ့ဝင်တွေပါ ထိခိုက်တယ်၊ တစ်ဖွဲ့လုံးအတွက် သိပ်ရှက်စရာကောင်းတယ်၊ ကျွန်တော် လုံးဝမကျေနပ်ဘူး။

"ငါ... မှားသွားပါတယ်ကွာ"

ဦးသာပို မျက်နှာမဖော်ဝံ့တော့ပါ။

"နောက်ထပ်သွားတဲ့လူရော ခင်ဗျားသိလား၊ ဘယ်သူလဲ"

"အဲဒါတော့ ငါ လုံးဝမသိဘူး"

"အဲဒီညက ခင်ဗျားနဲ့ ကိုထွန်းရီ ဒီအကြောင်း ဘယ်သူ့ပြောသေးလဲ"

"ဘယ်သူမှ မပြောဘူး"

"နောက်ထပ်သွားတဲ့ကောင်လည်း ယုတ်မာတာပဲ"

ထွန်းမြင့် မကျေမနပ် ဖြစ်နေသည်။

"ဒါပေမယ့် ဒါလဲ ငါတို့ ဒေါ်ရွှေကို မေးပြီးသားပဲ၊ ဦးသာပိုတို့ ဧည့်စာရင်းစစ်ပြီး ခွင့်ပြုချက်ပေးသွားတယ်ဆိုတော့ သူလည်း ပြန်သွားတယ်လို့ ဒေါ်ရွှေ ပြောတာပဲ"



ဦးချစ်ရွှေက စကားဖြတ်ပြောလိုက်သည်။

"ဒါပေမယ့် သွားတဲ့ရည်ရွယ်ချက်ကတော့ ဘယ်ကောင်းမလဲဗျ"

ဦးချစ်ရွှေ ခေါင်းညိတ်သည်။

"ကျွန်တော်ကတော့ ရ-ဝ-တ အဖွဲ့ဝင် လူကြီးအားလုံးကို ကတိပေးတယ်ဗျာ၊ အဲဒီလိုယုတ်မာတာမျိုး စိတ်ထောင်မကူးဘူး၊ ကျွန်တော့်ကိုယ်ကျွန်တော် အသိဆုံးပဲ၊ ဒါပေမယ့် တိုင်တဲ့လူက ကျွန်တော်ဆိုပြီး မတော်မတရားတွေ လုပ်ကြံတိုင်ထားတာ ဘယ်လောက်ရှက်ဖို့ကောင်းလဲ၊ အဲဒီလို သွားတာ ဘယ်သူလဲဆိုတာ ပေါ်အောင်စုံစမ်းရမယ်၊ မတော်မတရား တိုင်တဲ့လူကိုလည်း လုံးဝမကျေနပ်ဘူး၊ ဒါဟာ အကျင့်ယုတ်တာဗျ။ အဲဒါမျိုး ကျွန်တော် သွားမိလို့တော့ ဘယ်သူ့မှ တိုင်စရာမလိုဘူး၊ ကျွန်တော့်ဘာသာ ထွက်မှာပဲ"

အချို့က ဦးသာပိုကို လှမ်းကြည့်ကြသည်။

"ငါ... ထွက်စာတင်ပါမယ်ကွာ"

ဦးသာပို ခေါင်းငုံ့လျက် ဝန်ခံကတိပြုသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ၂၂

"ဒေါ်လေး တစ်ယောက်တည်းလား"

စံညွန့်က ညိုယဉ်ကို မမြင်၍ မေးခြင်းဖြစ်သည်။

"အေး... ဟုတ်တယ်၊ မောင်စံညွန့် လာ... ထိုင်လေ"

"ညိုယဉ်ရော"

"ဟိုဘက်က မြသီတို့အိမ် သွားမှာပေါ့"

ထိုအချိန်တွင် ညိုယဉ် ခြံစည်းရိုးကိုငုံ့ပြီး မြသီတို့အိမ်ဘက်မှ ပြန်ကူးလာနေပြီ။

အိမ်ထဲသို့ နောက်ဘက်အပေါက်မှ ဝင်လာ၍ အိမ်ရှေ့ကွပ်ပျစ်မှာထိုင်နေကြသော ဒေါ်ချစ်မြနှင့် စံညွန့် မမြင်ခြင်းဖြစ်သည်။

"ဟိုကောင်... ထွန်းမြင့်ကတော့ တော်တော်ကို ယုတ်မာတာပဲ ဒေါ်လေး"

"ဟဲ့... ဘာတွေလုပ်လို့လဲ"

ကိုထွန်းအကြောင်း မကောင်းပြောတော့မည်ကို သိ၍ ညိုယဉ် အိမ်ထဲမှာ အသာရပ်ပြီး နားထောင်နေလိုက်သည်။





စံညွန့်က ဒေါ်ရွှေအိမ်မှ ခင်တင့်ဆိုသောမိန်းကလေးနှင့် ...ည့်စာရင်းစစ်သူများ၏ ကိစ္စကို ပြောပြသည်။

ဒေါ်ချစ်မြ တအံ့တသြ ဖြစ်နေသည်။

ညိုယဉ်ကတော့ မြသီထံမှ တစ်စိတ်တစ်ပိုင်း ကြားထားရ... သိပ်ပြီး မအံ့သြမိ။

သို့သော် စံညွန့်ပြောပုံက မြသီထက်ပိုပြီး အစီအစဉ်ကျ...ည်။ ပြည့်စုံနေသည်။

"အဲဒီမှာ ဦးသာပိုတို့ ပြန်သွားပြီးတော့ ဒေါ်ရွှေအိမ်ကို ...တစ်ယောက် ရောက်လာတယ်တဲ့၊ အဲဒါ ဘယ်သူလဲ ဒေါ်လေး ...သား"

ဒေါ်ချစ်မြက ခေါင်းယမ်းပြသည်။

"မသိပါဘူးကွယ်"

"ထွန်းမြင့်ပေါ့ ဒေါ်လေးရဲ့"

"ဟင်"

ကွပ်ပျစ်ပေါ်မှ ဒေါ်ချစ်မြက အံ့သြရုံသာဖြစ်သည်။

ညိုယဉ်မှာ တစ်ကိုယ်လုံး ထုပ္ပြီး ခေါင်းပါကြီးသွား...ည်။

"သေချာလို့လားကွယ်"

ဒေါ်ချစ်မြပင် ယုံရမှာ ခက်နေသည်။

"သြော်... ဒေါ်လေးကလည်း ဒေါ်ရွှေကိုယ်တိုင် ပြော... ဟိုကောင်မလေးကငြင်းတော့ သူက ငါ ရ-ဝ-တ ဥက္ကဋ္ဌ ...ခြင်း၊ ဧည့်စာရင်းမတိုင်ဘဲနဲ့နေတာ ဒုက္ခဖြစ်သွားချင်သလား"



www.burmeseclassic.com

www.burmeseclassic.com

လို့ ကြိမ်းမောင်းပြောတော့ ကောင်မလေးလည်း မငြင်းရဲတော့ဘူး၊ ဒေါ်ရွှေလည်း ကြောက်တော့ ဘာမှမပြောရဲဘူးပေါ့"

စံညွှန့်က သာသာထိုးထိုး လုပ်စာတ်ခင်းလိုက်သည်။

"ဟင်... ယုတ်မာလိုက်တဲ့ကောင်... ထွီ"

ဒေါ်ချစ်မြက တံတွေးမပါဘဲ ထွေးလိုက်သည်။

ညိုယဉ် မယုံချင်။

"ဟုတ်ပါ့မလား၊ ကိုထွန်း ဒီလိုလုပ်ပါ့မလား"

စံညွှန့် ပြောနေသည်မို့ ပိုပြီးမယုံချင်။

သို့သော် စံညွှန့်က အနိုင်အမာပြောနေသည်။

ဒေါ်ရွှေကိုယ်တိုင် ပြောသည်ဟုဆိုသည်။ သူ့ကိုယ်သူ ရ–ဝ–တ ဥက္ကဋ္ဌ ထွန်းမြင့်ဟုလည်း ပြောသေးသည်။

ညိုယဉ် ဆက်မတွေးချင်။

မယုံပါဘူးဟု တင်းထားပါလျက် မျက်ရည်များက စီးကျလာသည်။

ဟုတ်တယ်ဆိုရင်တော့ လုပ်ရဲ့လိုက်တာ ကိုထွန်းရယ်၊ ညိုယဉ် ရင်ထဲမှာ ခံစားရလွန်းသည်။ အော်ဟစ်ငိုပစ်လိုက်ချင် စိတ်ပင် ဖြစ်ရသည်။

"အဲဒီလို မတရားလုပ်တာကြားတော့ ဦးမိုးက မခံချင်လို့ တိုင်တာ၊ အခု မြို့ပေါ်က ဓါးစစ်တော့မယ်၊ စစ်ရင် ဒီကောင်လုပ်တာတွေ အားလုံးပေါ်ပြီး ပြုတ်မှာပဲ"

"ပြုတ်ပါစေ ပြုတ်မှကောင်းတယ်"

ဒေါ်ချစ်မြ မကျေမနပ်ဖြစ်နေသည်။





"မဟုတ်ဘူး၊ မဟုတ်နိုင်ဘူး၊ ကိုထွန်း ဒီလိုလုပ်မှာ မဟုတ်ပါဘူး"

ညိုယဉ် အားတင်းပြီး ငြင်းသည်။

"လူတွေက ရ–ဝ–တလေးလုပ်ရတာနဲ့ အာဏာရူးနေတာ ဒေါ်လေးရ၊ ဘယ်လောက် ရှက်စရာကောင်းလဲ"

"အေးကွယ်... ရှက်စရာကောင်းလိုက်တာ၊ သူ့ကိုများ လူတွေက အထင်ကြီးနေကြတာ အံ့သြစရာပဲ"

ညိုယဉ် အိမ်ထဲမှ အားလုံးကြားနေရသည်။

"ဒေါ်ရွှေရဲ့တူမ ခင်တင့်ဆိုတဲ့ မိန်းကလေးက ရန်ကုန်ပြန်သွားပြီ၊ ဒေါ်ရွှေကလည်း ကြောက်နေတာပေါ့၊ သူတို့ကလည်း ဧည့်စာရင်းတိုင်မထားတော့ အပြစ်ရှိနေတာကိုး၊ ခုတော့ သူ့ကို ဓါးစစ်ရင် အမှန်အတိုင်းထွက်မယ်တဲ့၊ မကြောက်တော့ဘူး"

"ကောင်းတယ်... အရှက်မရှိတဲ့ကောင်တွေ... ဒါမှ အရှက်ကွဲမှာ"

ဒေါ်ချစ်မြက ဝမ်းသာအားရ ဖြစ်နေသည်။

"ဒီလောက်ယုတ်မာတဲ့ကောင်ကများ ရာရာစစ ညိုယဉ်ကို သဘောကျနေသေးတယ်"

စံညွှန့် သူလိုချင်သောစကားကို အစပြုလိုက်သည်။

"အဲဒီလိုကောင်မျိုးနဲ့များ လုံးဝသဘောမတူဘူး၊ ကြားရတာနဲ့တင် စိတ်ကုန်လွန်းလို့"

"ဒါပေမယ့် ဒေါ်လေးရဲ့သမီး ညိုယဉ်က အဲဒီကောင်ကို အထင်ကြီးနေမှာစိုးရတယ်"



www.burmeseclassic.com

www.burmeseclassic.com



စံညွန့်က လေသံခပ်တိုးတိုးပြောသော်လည်း ညိုယဉ် သဲသဲကွဲကွဲကြားရသည်။ မျက်နှာကို မဲ့ပစ်လိုက်သည်။

"ဟင်း... ယုတ်မာလိုက်တဲ့လူ... မဖြစ်နိုင်ပါဘူး၊ ကိုထွန်း ဒါမျိုးလုပ်မှာ မဟုတ်ပါဘူး"

သို့သော် ညိုယဉ် ပါးပေါ်မှာ မျက်ရည်များက စီးဆင်းလာပြန်သည်။

"တကယ်သာလုပ်ခဲ့ရင်"ဟု တွေးမိပြီး ရင်ထဲမှာ နာချင်သလို ခံစားရသည်။

"အဲဒီလိုကောင်မျိုးနဲ့တော့ လုံးဝသဘောမတူဘူး"

ဒေါ်ချစ်မြက စံညွန့်နှင့် အတိုင်အဖောက်ညီနေသည်။

"ဒေါ်လေးက သဘောမတူပေမယ့် ညိုယဉ်က သဘောကျနေရင် ဘယ်လိုလုပ်မလဲ"

"ဒီကောင်မကို သတ်ပစ်မှာပေါ့"

ဒေါ်ချစ်မြ လေသံက မာသည်။

"ဒေါ်လေးကို ကျွန်တော်ပြောထားတဲ့အတိုင်း ဖြစ်နိုင်ရင် ညိုယဉ်နဲ့ မြန်မြန်လက်ထပ်လိုက်ချင်တယ်၊ အဖေကလည်း သဘောတူတယ်"

"အေး... ဒေါ်လေးလည်း သဘောတူတယ်၊ မောင်စံညွန့်နဲ့ မြန်မြန်လက်ထပ်ပေးချင်တယ်"

"ဒေါ်လေး သူ့ကို ပြောမပြဘူးလား"

"ပြောတာပေါ့၊ ဒီကောင်မက တစ်နှစ်လောက် ဒီအတိုင်းနေချင်သေးတယ်၊ နေပါရစေဦးပြောနေလို့"

ပြီးပန်းတစ်ရာစာပေ



"ကျွန်တော်ကတော့ မစောင့်ချင်တော့ဘူး ဒေါ်လေး၊ တော်ကြာ ဟိုအယုတ်တမာကောင်ကို အထင်ကြီးပြီး နှစ်ယောက်ထွက်ပြေးကြမှဖြင့်"

"အို... အဲဒီလိုတော့ ဘယ်အဖြစ်ခံပါ့မလဲကွယ်"

"ဒါဆိုရင် ဒေါ်လေးရယ်၊ ကျွန်တော်နဲ့ ညိုယဉ်ကိစ္စ မြန်မြန်လုပ်ပေးပါ"

"အေး... ဒေါ်လေးကလည်း မြန်မြန်ကိစ္စပြီးသွားရင် မြန်မြန်စိတ်အေးတာပါပဲ"

"ဒါဖြင့် ထပ်ပြီး ပြောပေးပါဦးဒေါ်လေး"

"အေး... ပြောပေးမယ်၊ စိတ်ချ"

"ဟင်း... သူများမကောင်းပြောပြီး ကိုယ့်ဘက်ယက်တဲ့ လိပ်မျိုး"

ညိုယဉ် ဆက်ပြီးနား မထောင်ချင်တော့ပါ။

"ကျွန်တော်နဲ့ ညိုယဉ် လက်ထပ်လိုက်ရင် အခု အိမ်ဆောက်တဲ့အကြွေးတွေနဲ့ စပါးပေးယူထားတဲ့ အကြွေးတွေလည်း ဆပ်စရာမလိုတော့ဘူး"

ညိုယဉ် ဆက်ကြားနေရသည်။

"အေးပါ... စိတ်ချပါ"

အမေက အာမခံနေသည်။

"ဒေါ်လေးတို့ဘက်က သေချာပြီဆိုရင်တော့ ကျွန်တော့်ဘက်က အဆင်သင့်ပဲ"

ကြားနေရသည်များကို စိတ်ပျက်၍ အိမ်ထဲမှ အသာပြန်

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြီး မြသီတို့အိမ်ဘက်သို့ ညိုယဉ် ကူးသွားသည်။

စိုညွန့်ကတော့ ဒေါ်ချစ်မြကို ဆက်ပြီးပြောနေဆဲ။

* * *



BURMESE CLASSIC .com

## ၂၃

အပြင်ဘက်တွင် နေ့လယ်နေက ပူပြင်းနေ၏။

ဒေါ်ရွှေရင်တွင်းမှာလည်း အပူငွေ့များဟပ်နေသည်။

စောင့်နေရသည်ကို ကြာလွန်းလှသည်ဟုထင်၏။ အခန်းကျယ်ကြီးထဲမှာ ကိုယ်တစ်ယောက်တည်း ရှိနေသည်က စိတ်ချောက်ချားစရာ။

ဤရုံဝင်းထဲသို့ စဝင်ကတည်းက စိတ်လှုပ်ရှားခဲ့ရခြင်းဖြစ်သည်။

ရုံးအဆောက်အဦက တစ်ထပ်ဖြစ်သော်လည်း ကြီးသည်။ သပ်သပ်ရပ်ရပ် ခံ့ခံ့ညားညားရှိသည်။

အပြင်ဘက်ဝရံတာမှာ သွားလာလှုပ်ရှားသူများကို မြင်နေရသည်။

ဒေါ်ရွှေ စောင့်နေသောအခန်းထဲကိုတော့ ဝင်လာကြခြင်းမရှိ။

ဝင်လာမှာကိုလည်း စိုးနေသည်။ ဝင်လာလျှင် ကိုယ့်ကိုခေါ်မည်။ ကိုယ့်အလှည့် ဖြစ်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးမိုးကို ခေါ်သွားသည်မှာ အတော်ကြာပြီ။

ဒေါ်ရွှေ သက်ပြင်းတစ်ချက်ချလိုက်သည်။

တိုက်ကြီးမြို့ကို ယခင်ကလည်း ရောက်ဖူးပါ၏။ ဤကဲ့သို့ဆိုသည်မျိုးကိုတော့ တစ်ခါမျှ မရောက်ဖူးခဲ့။ ယခုကိစ္စက ရောက်ရုံမက အစစ်အမေးခံရဦးမည်။

"ဦးမိုးကို ဘာတွေမေးနေလို့ ဒီလောက်ကြာတာပါလိမ့်"

"ငါ့ကို ဘာတွေမေးကြမှာလဲ"

"ဘယ်လိုလူတွေက မေးကြမှာလဲ"

ဒေါ်ရွှေတစ်ယောက်တည်း တွေးရင်း စိုးရိမ်စိတ်ဖြစ်လာသည်။

ဦးဘခိုင်ကို လွယ်လွယ်ကတိပေးခဲ့သော်လည်း ခုတော့ ကြောက်စိတ်ဝင်လာသည်။

အပေါ်အင်္ကျီမှ အတွင်းအိတ်ကပ်ကို စမ်းကြည့်လိုက်သည်။

ဦးဘခိုင်ပေးထားသော ငွေတစ်ထောင်။

အိမ်မှာထားခဲ့ရမှာ စိတ်မချ၍ ယူလာခဲ့ခြင်းဖြစ်သည်။

"ဟင်း... သူ့ငွေကိုတော့ ယူထားမိပြီ"

ဒေါ်ရွှေ စိတ်မောစွာနှင့် ဦးဘခိုင်ပြောသည်ကို ကြားယောင်နေမိသည်။

"ညည်းစာရင်းစစ်တဲ့ညက နောက်ဆုံးလာတာ ထွန်းမြင့်ဟုတ်ပါတယ်၊ သေသေချာချာ သိပါတယ်လို့ပြော၊ ကြားလား။ ဘာမှ ကြောက်စရာမရှိဘူး ရဲရဲသာပြော"





ဒေါ်ရွှေ ဝရံတာဘက်ဆီသို့ လှမ်းကြည့်လိုက်သည်။

လူတစ်ယောက် လာနေသည်။

ရဲဝတ်စုံ ဝတ်ထားသည်။

"ဘုရား... ဘုရား... ငါ့ကို လာခေါ်တာများလား"

ခြေဖျား လက်ဖျားများ အေးသွားသည်။

သို့သော် ဒေါ်ရွှေရှိနေသောအခန်းကို ကျော်လွန်သွားသည်။

"ဟင်း... တော်ပါသေးရဲ့"

ဦးမိုးလည်း ပြန်ထွက်မလာသေး။

"သူ ဘာတွေများ ပြောနေပါလိမ့်"

"ဟင်း... သူတိုင်လို့ ငါ ဒီလိုလာအစစ်ခံရတာ"

ဦးမိုးကို မကျေနပ်စိတ် ဖြစ်လိုက်သေးသည်။

"အေလေ... သူ့ကြောင့် ငွေတစ်ထောင်ရတာပေါ့"

ဦးမိုးကို ကျေးဇူးတင်ချင်စိတ် ဖြစ်ရပြန်သည်။

"သူလည်း ဦးဘခိုင်က ပေးမှာပဲ၊ ဒါကြောင့်မို့ တိုင်တာနေမှာ"

"ငါလည်း ဦးဘခိုင်ပြောခိုင်းတဲ့အတိုင်း ပြောလိုက်ရင်"

ဒေါ်ရွှေ စဉ်းစားသည်။

"ဟင်း... ဒါဆို ငါတို့ ညည်းစာရင်းမတိုင်တဲ့အပြစ်က"

ဒေါ်ရွှေ စိုးရိမ်သည်။

"ပြီးတော့ အတင်းဆိုတာကလဲ"

ရင်ထဲမှာ မောပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရွာကိုယ် ပြန်ပြေးချင်စိတ်ပင် ဖြစ်လာသည်။

လူတစ်ယောက် လာနေပြန်ပြီ၊ အသားညိုညိုနှင့် တုတ်တုတ်ခိုင်ခိုင်ဖြစ်သည်။

"ငါ့ကို လာခေါ်တာ မဟုတ်ပါစေနဲ့"

ဒေါ်ရွှေ ကြောက်ရွံ့စွာ ဆုတောင်းနေမိသည်။

"ဒေါ်ရွှေဆိုတာ ခင်ဗျားလား"

"ဟင်... ဟုတ်... ဟုတ်ပါတယ်"

ဒေါ်ရွှေ ဆုတောင်းမပြည့်ပါ။

"လာ... ကျွန်တော်နဲ့လိုက်ခဲ့"

"ဟင်... ဘယ်လိုက်ရမှာလဲ"

ဒေါ်ရွှေ အသံများတုန်နေသည်။

"ကျွန်တော့်နောက်က လိုက်ခဲ့"

ဒေါ်သူ၏အသံက မာသည်။

ဒေါ်ရွှေ လေးကွေးစွာထနေ၍ ထိုလူက စိတ်မရှည်[illegible] ကြည့်နေသည်။

ဝရံတာမှာ အတော်လေးလျှောက်မိတော့ အခန်းတစ်ခု[illegible]မှ ဦးမိုး ထွက်လာသည်ကို တွေ့ရသည်။

တစ်နာရီကျော်ကြာအောင် အမေးခံထား၍ မျက်နှာ[illegible]နွမ်းနယ်နေသည်။

ဒေါ်ရွှေနှင့် ဆောင်းချင်းယှဉ်မိတော့

"ရဲရဲသာဖြေ"ဟု လေသံတိုးတိုးနှင့် ပြောသွားသည်။

"အဲဒီအခန်းထဲဝင်"



BURMESE CLASSIC .com



ညိုညိုတုတ်တုတ်လူက အခန်းအဝင်တံခါးကို ဖွင့်ပေးသည်။

ဒေါ်ရွှေ ကိုယ့်ရင်ခုန်သံကို ပြန်ကြားနေရသည်။

အခန်းကျယ်ကြီးထဲမှာ စားပွဲအကြီးကြီးတစ်ခုတွင် လူသုံးယောက်ထိုင်နေကြသည်။

သူတို့ရှေ့ရှိ စားပွဲပေါ်တွင် စားပွဲခင်းအဖြူပေါ်မှာ အနီကို ထောင့်တန်းအကွက်ပေါ်အောင် ထပ်ခင်းထားသည်။

ဘေးနားမှ စားပွဲငယ်တွင် လက်နှိပ်စက်တစ်လုံးနှင့် လူတစ်ယောက် ထိုင်နေသည်။

စားပွဲကြီးရှေ့မှာ ကုလားထိုင်လွတ်တစ်လုံး ချထားသည်။

"ဒေါ်ရွှေဆိုတာလား"

စားပွဲကြီးတွင် ထိုင်နေသူသုံးယောက်အနက်မှ တစ်ယောက်က မေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်... ဟုတ်ပါတယ်"

"ထိုင်... အဲဒီမှာထိုင်"

ကုလားထိုင်အလွတ်မှာ ဒေါ်ရွှေ ထိုင်လိုက်သည်။

ဖျောက်... ဖျောက်... ဖျောက်ဖျောက်

ရုတ်တရက် လက်နှိပ်စက်သံထွက်ပေါ်လာ၍ ဒေါ်ရွှေ အထိတ်တလန့် ဖြစ်သွားသည်။

လက်နှိပ်စက်သမားက ဒေါ်ရွှေ၏ ဘခင်အမည်နှင့် အသက်၊ နေရပ်၊ အလုပ်အကိုင်များ မေးသည်။

ဒေါ်ရွှေ ဖြေပြီးသည်နှင့် လက်နှိပ်စက်သံ ရေးဆွဲသည်



www.burmeseclassic.com

www.burmeseclassic.com

ထွက်ပေါ်လာသည်။

"ကဲ... ခင်ဗျားကို မစစ်ဆေးခင် အရေးကြီးတဲ့စကား ပြောစရာရှိတယ်"

အလယ်မှာထိုင်နေသော အသားညိုညို ရုပ်သန့်သန့် မျက်မှန်နှင့် လူကို ဒေါ်ရွှေ လှမ်းကြည့်လိုက်သည်။

"ခင်ဗျားက အရေးကြီးတဲ့သက်သေဖြစ်တယ်၊ တိုင်ထားတာကလည်း ရ-ဝ-တ ဥက္ကဋ္ဌဆိုတော့ ခင်ဗျားတို့ရွာမှာ အရေးအကြီးဆုံးလူဖြစ်တယ်"

ဒေါ်ရွှေ ခေါင်းညိတ်ပြလိုက်သည်။

"အဲဒီတော့ ခင်ဗျားဖြေတဲ့အဖြေတွေဟာ တိကျမှန်ကန်ဖို့ လိုတယ်၊ မဟုတ်တာတွေ လိမ်ညာပြောရင် ခင်ဗျားမှာ အများကြီး အပြစ်ရှိသွားလိမ့်မယ်၊ နားလည်လား"

ဒေါ်ရွှေ ခေါင်းညိတ်ပြရင် တုန်နေသော ဒူးနှစ်ဖက်ကို တင်းတင်းပါအောင် ထိကပ်ထားလိုက်သည်။

"မသိရင် မသိဘူး လို့ပဲ ပြောပါ၊ သိရင်လည်း သိတဲ့အတိုင်း ပြောပါ၊ အပြစ်မရှိတဲ့လူတစ်ယောက်ကို အပြစ်ရှိအောင် လိမ်ညာမပြောပါနဲ့၊ အပြစ်ရှိတဲ့လူတစ်ယောက်ကိုလည်း အပြစ်လွတ်အောင် လိမ်ညာမပြောပါနဲ့၊ မှန်တဲ့အတိုင်းပဲ ပြောပါ၊ သိတဲ့အတိုင်းပဲ ပြောပါ၊ အဲ... ကိုယ့်ပြောတဲ့စကားကိုတော့ ကိုယ် တာဝန်ခံရမယ်၊ ကြားလား အဒေါ်ကြီး"

"ဟုတ်... ဟုတ်ကဲ့ပါ"

ဒေါ်ရွှေ၏ရင်ထဲ လည်ချောင်းထဲမှာ ပူခြောက်နေသည်။

မြို့ပန်းတစ်ရာစာပေ



ရွာမှာဆိုလျှင် ဘယ်သူကမှမမေးဘဲ တစ်အိမ်ပြီးတစ်အိမ် ကူး၍ စကားတွေ အများကြီးပြောခဲ့သည်။ ဘယ်သူ့ကိုမှလည်း မကြောက်ခဲ့။ ခုတော့ မေးသည့်စကားကို ဖြေရမှာ ကြောက်နေသည်။

"ရ-ဝ-တ ဥက္ကဋ္ဌ ကိုထွန်းမြင့်ကို ဒေါ်ရွှေ သိသလား"

ဘယ်ဘက်အစွန်မှထိုင်သော ရဲဝတ်စုံနှင့်လူက မေးခြင်းဖြစ်သည်။

"သိ... သိ... သိပါတယ်"

ဖြေပြီးသည်နှင့် လက်နှိပ်စက်သံ ထွက်လာပြန်သည်။

"ဦးမိုးရဲ့ တိုင်စာထဲမှာ ဦးသာပိုနဲ့ ကိုထွန်းရီ သေ့စာရင်းစစ်ပြီးတော့ ဒေါ်ရွှေအိမ်ကို နောက်တစ်ခေါက် ပြန်လာကြတယ် ဆိုတာ ဟုတ်သလား"

ရဲအရာရှိကပင် မေးခြင်းဖြစ်သည်။

"ဟုတ်... ဟုတ်ပါတယ်"

"ဘာလုပ်လာတာလဲ"

ဒေါ်ရွှေ စဉ်းစားရပြီ။

ကိုယ့်အတွက် သေ့စာရင်းမတိုင်သော အပြစ်ဖြစ်မှာလည်း ကြောက်နေသည်။ အတင့်ကို မကောင်းသောမိန်းကလေးအဖြစ် သိသွားလျှင်လည်း ကိုယ့်အိမ်မှာ မကောင်းသောအလုပ်ကို လက်ခံပြီး လုပ်နေကြောင်း ပေါ်လွင်သွားမှာ ကြောက်နေသည်။

မေးနေသူကလည်း ရဲဝတ်စုံနှင့် ရဲအရာရှိ။

ဒေါ်ရွှေ ဘယ်လိုဖြေရမှန်းမသိ။

မြို့ပန်းတစ်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com

"ဖြေလေ အဒေါ်ကြီး"

"ဟို... စည့်စာရင်းတိုင်ဖို့ စာရွက်လာပေးတာပါ"

ဦးသာပိုတို့ ပြန်လာချိန်မှာ တကယ်လည်း ဧည့်စာရင်းတိုင်သော စာရွက် ပါလာ၍ ဒေါ်ရွှေ ရဲရဲဝံ့ဝံ့ဖြေလိုက်သည်။

"ဦးမိုးရဲ့တိုင်စာထဲမှာ အဲဒီမိန်းကလေး ဧည့်စာရင်းတိုင်မထားတာကို အခွင့်အရေးယူပြီး ဦးသာပိုနဲ့ ကိုထွန်းရီက မိန်းကလေးကို... ဟိုဟာ... မတော်မတရား အခွင့်အရေးယူတယ်ဆိုတာ ဟုတ်သလား"

ရဲအရာရှိကို လှမ်းကြည့်ရင်း ဒေါ်ရွှေ ဒူးများ တုန်လာကြပြန်သည်။

"ဟုတ်... မဟုတ်ပါဘူး"

လက်နှိပ်စက်သမား ဘယ်လိုရိုက်ရမှန် မသိ။

"အဒေါ်ကြီး ဘယ်လိုလဲ၊ ခင်ဗျားအဖြေက နှစ်မျိုး ဖြစ်နေတယ်၊ ဟုတ်ရင် ဟုတ်တယ်လို့ပြော၊ မဟုတ်ရင် မဟုတ်ဘူးလို့ပြော"

"ကျုပ်... မ... မသိပါဘူး"

"ဟ... ဘာလို့မသိရမှာလဲ၊ ဒီတစ်အိမ်ထဲပဲဟာ"

ရဲအရာရှိ၏လေသံက ခပ်မာမာဖြစ်လာ၍ ဒေါ်ရွှေ ပို ကြောက်သွားသည်။

"အဲဒီညက ကျုပ်အိမ်မှာတော့ ဘာမှမဖြစ်ပါဘူး၊ သူတို့ရောက်လာတော့ ဘေးအိမ်က စံတင်တို့လင်မယားလည်း ရှိပါတယ်"





"တခြားနေရာမှာရော ဘာဖြစ်သေးလဲ"

ရဲအရာရှိက ထပ်မေးသည်။

"အဲဒါ... ကျုပ် မသိပါဘူး"

"ဧည့်စာရင်းတိုင်တဲ့စာရွက် လာပေးပြီး သူတို့ ချက်ချင်းပြန်သွားတာလား"

"ခဏပဲ စကားပြောပြီး ပြန်သွားပါတယ်"

"အဲဒီ အတင့်ဆိုတဲ့မိန်းကလေးက မကောင်းတဲ့အလုပ်နဲ့ ငွေရှာတယ်ဆိုတာ ဟုတ်သလား"

"မဟုတ်ပါဘူး"

"အဒေါ်ကြီး မှန်တဲ့အတိုင်းပြောနော်"

အလယ်မှလူက သတိပေးသည်။

"ဟုတ်... ဟုတ်ကဲ့ပါ"

"အဲဒီမိန်းကလေးက ဒေါ်ရွှေရဲ့တူမ ဆိုတာရော ဟုတ်သလား"

ညာဘက်မှာထိုင်နေသည့် အသား ဖြူဖြူနှင့် ခပ်ငယ်ငယ်လူက မေးခြင်း ဖြစ်သည်။

"ရန်ကုန်မှာနေတုန်းက သူ့အမေနဲ့ အိမ်နီးချင်းပါ၊ ညီမလိုခင်တော့ တူမလို ဖြစ်နေတာပါ"

"ကဲဗျာ... ဒါဖြင့်ရင် နောက်တစ်နာရီလောက်ကြာတော့ လူတစ်ယောက် လာတယ်ဆိုတာ ဒေါ်ရွှေ သိသလား"

"သိ... သိပါတယ်"

"အဲဒါ ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



အလယ်မှလူက မေးသည်။

ဒေါ်ရွှေ မဖြေသေးဘဲ စဉ်းစားနေသည်။

"ဦးအာခိုင် ခိုင်းတဲ့အတိုင်း ထွန်းမြင့်လို့ ဖြေလိုက်ရင် ကောင်းမလား၊ ဘယ်လိုဖြေရမလဲ"

"ခုဖြေရမှာက အရေးကြီးဝယ်နော်၊ မှန်တဲ့အတိုင်း ဖြေပါ၊ ကိုယ်ဖြေတာ ကိုယ်တာဝန်ယူရမယ်၊ ဒါပေမယ့် မှန်တဲ့အတိုင်း ဖြေရင် ဘာမှ ကြောက်စရာမလိုဘူး၊ ရဲရဲသာဖြေ"

အလယ်မှလူက အားပေးသည်။

သို့သော် ဒေါ်ရွှေ ကြောက်နေပြီ။ ညာဖြေလျှင် အလိမ် ပေါ်သွားမှာကို စိုးရိမ်နေသည်။

"ဖြေလိုက်လေ၊ အဲဒါ ဘယ်သူလဲ"

ညာဘက်မှ အသားဖြူဖြူလူက ထပ်မေးသည်။

"မသိပါဘူး"

"ဟင်… ဘာလို့မသိတာလဲ"

ရဲအရာရှိက မေးသည်။

"မီးမထွန်းရတော့ မှောင်နေပါတယ်၊ သူက စောင်ကြီး ကိုလည်း ခြုံထားပါတယ်"

"အသံကို မမှတ်မိဘူးလား"

"အသံဖျက်ပြီး တိုးတိုးပြောတာပါ"

"ဦးမိုးရဲ့ တိုင်စာထဲမှာ အဲဒီလူဟာ ရ-ဝ-တ ဉက္ကဋ္ဌ ကိုထွန်းမြင့်လို့ ရေးထားတယ်၊ ကိုထွန်းမြင့် မဟုတ်ဘူးလား"

ရဲအရာရှိက ထပ်မံမေးသည်။





"မသိပါဘူး"

"ရ-ဝ-တ ဉက္ကဋ္ဌမို့ ကြောက်လို့ မသိဘူးလို့ ပြောတာ လား"

အလယ်မှလူက ထပ်မေးသည်။

"မဟုတ်ပါဘူး၊ အမှောင်ထဲမှာ စောင်ကြီးခြုံပြီး အသံ ဖျက်ထားလို့ မသိတာပါ"

"ဒါဖြင့် ပုံသဏ္ဌာန်က ကိုထွန်းမြင့်နဲ့ တူသလား၊ ကိုထွန်းမြင့်လို့ ထင်ရသလား"

ညာဘက်မှလူက မေးခြင်းဖြစ်သည်။

"လူက ခပ်ငယ်ငယ်လို့တော့ ထင်ပါတယ်၊ မောင်ထွန်း မြင့် ပုံသဏ္ဌာန်မျိုးနဲ့လည်း တူပါတယ်"

"ကိုထွန်းမြင့်ဖြစ်တာ သေချာပါယ်လို့ အနိုင်အမာ မပြောနိုင်ဘူးလား"

အလယ်မှလူက မေးသည်။

"အဲဒီလိုတော့ မပြောနိုင်ပါဘူး"

"အဲဒီ ကိုထွန်းမြင့်ဆိုတဲ့လူရဲ့ ခိတ်နေသဘောထားက ဘယ်လိုရှိလဲ၊ ခင်ဗျားတို့ တစ်ရွာတည်းသား ချင်းပဲ မသိဘူးလား"

ဒေါ်ရွှေက မေးနေသော ရဲအရာရှိကို လှမ်းကြည့်လိုက် သည်။

"မောင်ထွန်းမြင့်ကတော့ အဲတင့်ကို စိတ်ဝင်စားနေတယ် လို့ ထင်ပါတယ်"

"ဘာလို့ ထင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မီးလောင်တဲ့ညက အတင့် အိမ်ထဲဝင်မယ်လုပ်တော့ အတင့်လက်မောင်းကို ဆွဲကိုင်ထားပါတယ်၊ ပြီးတော့ အိမ်ထဲကို သူကိုယ်တိုင်ဝင်ပြီး၊ အတင့်ရဲ့ လုံချည်အိတ်ကို ယူပေးပါတယ်"

ဦးဘခိုင်နှင့် စံညွန့်တို့ သားအဖထံမှ ငွေတစ်ထောင် ယူထားသည်ကို တန်ပြီဟု ထင်လိုက်သည်။ မှန်လည်း မှန်နေ၍ ရဲရဲဝံ့ဝံ့ ဖြေလိုက်ခြင်းဖြစ်သည်။

"ဒါကတော့ မိန်းကလေးတစ်ယောက် အန္တရာယ်ရှိမှာစိုးလို့ ဝင်ကူညီတာလည်း ဖြစ်နိုင်တာပေါ့၊ ဒီပြင် အထောက်အထား ခိုင်လုံတာရှိသေးလား"

အလယ်မှလူက သေချာအောင် ထပ်မေးသည်။

"သူ... အတင့်ကိုကြည့်တဲ့ မျက်လုံးတွေက မရိုးသားဘို... စိတ်ဝင်စားတဲ့ မျက်လုံးမျိုးလို့ ယင်ပါတယ်"

"ဒီပြင်ရော ဘာအထောက်အထား ရှိသေးလဲ"

ညာဘက်မှလူက ထပ်မေးသည်။

"မီးလောင်မယ့်ညနေက သူ အိမ်ရှေ့က ဖြတ်သွားရင်း အတင့်ကို လှမ်းကြည့်သွားပါတယ်"

"ရိုးရိုးကြည့်တာရော မဖြစ်နိုင်ဘူးလား"

"မျက်လုံးကြည့်တာက သိသာပါတယ်၊ မီးလောင်တဲ့ညကလည်း သူ စွန့်စွန့်စားစားလုပ်နေတာ အတင့်ရှေ့မို့ အစွမ်းပြနေတာလို့ ထင်တာပဲ"

"အဲဒီ အတင့်ဆိုတဲ့မိန်းကလေးက တော်တော်လှလို့လား"

"လုံးကြီးပေါက်လှပေါ့"

မေးသူရဲ့အရာရှိနှင့် ညာဘက်ဆားမှလူက ပြုံးသော်လည်း အလယ်မှလူက မပြုံးပါ။

"အဲဒါတွေကြောင့် ဒေါ်ရွှေက စောင်ခြုံပြီး လာတဲ့လူကို ရ-ဝ-တ ဥက္ကဋ္ဌ ကိုထွန်းမြင့်လို့ ထင်တာလား"

"အရွယ်ကလည်း သူ့အရွယ်၊ အရပ်ကလည်း သူ့အရပ်မျိုးမို့ပါ"

"ရွာထဲမှာ အဲဒီအရွယ် အဲဒီအရပ် ဒီပြင်လူတွေရော တွေ့တာရှိနိုင်သလား"

အလယ်မှလူက မေးခြင်းဖြစ်သည်။

"ရှိနိုင်ပါတယ်"

"ဒါဆိုရင် အခုမေးမယ့်မေးခွန်းကို ဒေါ်ရွှေက အသေအချာ စဉ်းစားပြီးမှဖြေပါ။ အဲဒီညက စောင်ခြုံပြီး ရောက်လာတဲ့ လူဟာ ကိုထွန်းမြင့် ဖြစ်တယ်လို့ ဒေါ်ရွှေ အသေအချာ အခိုင်အမာပြောနိုင်သလား"

ဒေါ်ရွှေက အလယ်မှာထိုင်သည့် မေးနေသူကို လှမ်းကြည့်လိုက်သည်။ မေးသူကလည်း ဒေါ်ရွှေကို ကြည့်နေသည်။

ဆားမှနှစ်ယောက်လည်း ဒေါ်ရွှေကို လှမ်းကြည့်၍ အဖြေကို စောင့်နေကြသည်။

"အသေအချာတော့ မပြောနိုင်ပါဘူး"

ဒေါ်ရွှေ လိမ်ညာပြောရမှာ ကြောက်၍ အမှန်အတိုင်း ဖြေလိုက်ခြင်း ဖြစ်ပါသည်။







www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလူနဲ့ အတင့်ဆိုတဲ့မိန်းကလေးနဲ့ နှစ်ယောက်တည်း တွေ့သေးလား"

ဒေါ်ရွှေ စဉ်းစားနေသည်။

"အမှန်အတိုင်းဖြေနော်"

အလယ်မှလူက ထပ်သတိပေးသည်။

"နှစ်ယောက်တည်း မတွေ့ပါဘူး၊ ကျုပ်လည်း ရှိပါတယ်၊ သူက ဧည့်စာရင်းမတိုင်ဘဲနဲ့ ရောက်နေတယ်ဆိုတာ ဟုတ်သလား လို့ မေးတယ်၊ ကျုပ်က မဟုတ်ပါဘူး၊ ကိုသာပိုနဲ့ မောင်ထွန်းမြ နဲ့ စစ်ပြီးပါပြီ၊ ဧည့်စာရင်းစာရွက် ရှိပါတယ်လို့ စာရွက်ထုတ် ပြလိုက်တယ်"

"သူ ပြန်သွားရောလား"

ရဲအရာရှိက မေးသည်။

"ဟုတ်ပါတယ်၊ သူ ပြန်သွားပါတယ်"

အခန်းထဲမှာ လက်နှိပ်စက်သံ တဖျောက်ဖျောက် ထွက် ပေါ်နေပါသည်။

* * *



၂၄

ဦးမိုးနှင့် ဒေါ်ရွှေတို့ ကိုရှုရစ် လက်ဖက်ရည်ဆိုင်ဘေးမှ ကိုရှုရစ်၏ တူမများဖွင့်ထားသော ထမင်းဆိုင်သို့ ဝင်လိုက်ကြ သည်။

ဆိုင်ထဲမှာ လူရှင်းနေ၏။ အတွင်းကျကျစားပွဲမှာ စံညွန့် ထိုင်စောင့်နေသည်။

"အမယ်လေ ... ဗိုက်ဆာလိုက်တာ မောင်စံညွန့်ရယ်၊ မေးလိုက်တာတွေကလည်း စုံနေတာပဲ၊ အရီးရွှေဖြင့် ဖြေလိုက်ရ ပြောလိုက်ရတာကို မောနေတာပဲ"

ဒေါ်ရွှေ၏မျက်နှာသည် ရှုံးမှာနှင့် တခြားစီဖြစ်နေ၏။

"ဆာရင် စားရမှာပေါ့ဗျာ၊ ကဲ ... ထိုင်ကြ"

စံညွန့်က ဒေါ်ရွှေမျက်နှာကို လှမ်းကြည့်ပြီး အားရသွား သည်။

"ဟော့ ... ဆိတ်သားဟင်းနဲ့ ထမင်းနှစ်ပွဲပေး၊ သီးစုံချဉ် ရည်ဟင်းလည်း ပေး"

စံညွန့်က ဆိုင်မှ မိန်းကလေးကို လှမ်းမှာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်သားဟင်းဆိုသော အသံကြားရသည်နှင့်ပင် ဒေါ်ရွှေ မိုက်က မြည်လာ၏။ မစားရသည်မှာ ကြာပြီ။

"မောင်စံညွန့်ရော"

"ကျွန်တော်က စားပြီးပြီ ဦးလေးမိုး၊ ဒီအချိန်ထိအောင် ဘယ်နေမလဲ"

"ဟုတ်တာပေါ့၊ နေတောင်စောင်းနေပြီ၊ ငါလည်း မေး လိုက်တာ အကြာကြီးပဲကွာ၊ ဒေါ်ရွှေကမှ စောသေးတယ်၊ ငါ လောက် မကြာဘူး"

"အံမယ်လေး... ကြာတာပါပဲတော်၊ ဖြေလိုက်ရတာမှ အများကြီး"

ဒေါ်ရွှေက သိပ်ကို အရေးပါချင်နေသည်။

စံညွန့်က ဒေါ်ရွှေကို လှမ်းကြည့်လိုက်သည်။

"ဦးလေးမိုးကတော့ တိုင်ထားတဲ့လူဆိုတော့ ဒါတွေပဲ ထပ်မေးတာပဲ မဟုတ်လား"

"အေးပေါ့... ငါ တိုင်ထားတာတွေပဲ ပြန်မေးတာပေါ့ ငါကတော့ သူတို့မေးသမျှ အခိုင်အမာဖြစ်အောင် ဖြေရတာပေါ့ ကွာ၊ သူတို့က အမျိုးမျိုး လှည့်ပတ်မေးတယ်ကွ၊ ဘယ်ရမလဲ ကွာ ဒါတွေက ရိုးနေပါပြီ။ ကိုယ်တိုင်ထားတဲ့အချက်ကိုတော ဘယ်အပျက်ခံနိုင်မလဲ။ နောက်ဆုံးတော့ တကယ် အစော်ကာ ခံရတဲ့အိမ်ရှင် မရွှေကိုသာ မေးကြည့်တော့ဗျာ၊ ကျွန်တော်ပြ တာတွေ အားလုံးမှန်တဲ့အကြောင်း ရ-ဝ-တ ဥက္ကဋ္ဌမို့ ကြော ပေမယ့် မတရားတာကို မခံနိုင်လို့ တာဝန်သိတဲ့ ရွာသားတ





ယောက်အနေနဲ့ တိုင်ရတာဖြစ်တဲ့အကြောင်း ပြောပြလိုက်တာ ပေါ့"

စံညွန့် ခေါင်းညိတ်ပြလိုက်သည်။

သူ့လူရေးပေးသော တိုင်စာမှာပါသည့် နောက်ဆုံးအပိုဒ် ကို ဦးမိုးက ပြောလိုက်ခြင်းဖြစ်ကြောင်းလည်း စံညွန့် သိပါသည်။

"ကောင်းတယ်ဗျာ၊ အရေးကြီးတာက အရီးရွှေရဲ့ ထွက် ချက်ဗျ၊ ကဲ... အရီးရွှေ ပြောစမ်းပါဦး၊ ရဲရဲဝံ့ဝံ့ပြောခဲ့ရဲ့လား၊ ကျွန်တော်က အရီးရွှေ ကြောက်နေမှာစိုးလို့"

"မကြောက်ပေါင်တော်... လူလူချင်း ဘာလို့ကြောက်ရ မှာလဲ၊ အရီးရွှေက မမေးခင်ကတည်းက ဖြေချင်လိုက်တာမှ လျှာကို ယားနေတာပဲ"

စံညွန့် ပြုံးလိုက်သည်။

ဆိုင်မှ မိန်းကလေးက ထမင်းပွဲနှင့် ဟင်းပွဲများ လာချ ပေးသည်။

ဒေါ်ရွှေက ဆာလှပြီမို့ အသင့်ရှိသော လက်ဆေးဇလုံမှာ လက်နှိုက်ဆေးလိုက်သည်။

"ကဲ... ဘယ်လိုမေးလို့ ဘယ်လိုဖြေခဲ့တယ်ဆိုတာ ပြောပါဦး"

စံညွန့်က အရီးရွှေ၏အဖြေကို ကြားချင်နေသည်။

"ပြောပါ့မယ်ဟယ်၊ ဆာလွန်းလို့ စားရင်း ပြောပါရစေ"

အရီးရွှေက ဆိတ်သားဟင်းတစ်တုံးကို အနှစ်များများ ပါအောင် ခတ်ယူပြီး သူ့ပန်းကန်ထဲသို့ထည့်နယ်၍ ထမင်းတစ်



www.burmeseclassic.com

www.burmeseclassic.com

လုတ်ကို ပလုတ်ပလောင်းစားနေသည်။

မိန်းကလေးတစ်ယောက် လာချပေးသော သီးစုံချဉ်ရည်ဟင်း မှုပ်ပူကိုလည်း ဇွန်းနှင့်ခတ်၍ သောက်လိုက်သေးသည်။

"သာပိုနဲ့ ထွန်းရီအကြောင်းကို အရင်မေးတယ်"

"အင်း... ပြောပါဦး"

စံညွန့် အစိုးကြုံးချင်သောအကြောင်း မဟုတ်သေးပါ။

"အဲ... နေဦး... အဲဒီလိုမမေးခင် ပြောသေးတယ်၊ လိမ်ညာ မဖြေရဘူးတဲ့ မှန်တဲ့အတိုင်းပဲ ဖြေရမယ်တဲ့၊ ခင်ဗျားက အရေးကြီးတဲ့ သက်သေတဲ့"

စံညွန့် ခေါင်းညိတ်ပြသည်။

ဦးမိုးကတော့ ခေါင်းငုံ့၍ အားပါးတရစားရင်း နားထောင်နေသည်။

ဒေါ်ရွှေက ဆိတ်သားဟင်းတုံးပါ ထမင်းထဲမြှုပ်၍ နောက်တစ်လုတ် စားနေသောကြောင့် စံညွန့် သည်းခံပြီး စောင့်နေရသည်။ ပထမအကြိမ်လိုပင် အချဉ်ရည်တစ်ဇွန်း သောက်လိုက်သေးသည်။

"သူတို့ကတော့ ထုံးစံအတိုင်း ပြောရမှာပေါ့"

စံညွန့်က ထောက်ပေးလိုက်သည်။

"ဒါပေါ့"

အရီးရွှေ ခေါင်းညိတ်ပြသည်။

"အရီးရွှေက ခေါင်းညိတ်ပြပြီး ကြောက်တဲ့ပုံလေးနဲ့ နေလိုက်တယ်"





ဒေါ်ရွှေပြောပုံကို သဘောကျ၍ စံညွန့် ပြုံးလိုက်သည်။

"ငါ့တူန်းကလည်း အဲဒီလိုပြောတာပဲကွ၊ ငါက အမှန်အတိုင်းပဲပြောမှာပါလို့ ပြောပြီး ရဲရဲဝံ့ဝံ့ ချလိုက်တော့ သူတို့ သဘောကျပြီး ယုံသွားတယ်ကွ၊ ဒီကောင်တွေ အားလုံးသွားမှာ သေချာတယ်"

ဦးမိုးက ဝင်ပြောနေ၍ စံညွန့် ခေါင်းညိတ်ပြပြီး ဒေါ်ရွှေအဖြေကို စိတ်ဝင်စားစွာ နားစွင့်နေသည်။

"ကျုပ်ကလည်း ရဲရဲဝံ့ဝံ့ပါပဲတော်၊ သာပိုနဲ့ ထွန်းရီ ရောက်လာပုံ၊ ရှာလူကြီးတွေဖြစ်ပြီး ညှဉ်းသည်မိန်းကလေးကို ဇော်ကားရက်ပုံတွေ အကုန်ပြောချလိုက်တယ်"

စံညွန့် သဘောကျစွာ ခေါင်းညိတ်သည်။

ဒေါ်ရွှေက ပြောပုံပြောနည်းများကိုပါ သာသာထိုးထိုး အပိုအမိုများနှင့် ပြောပြလိုက် စားလိုက် သောက်လိုက်လုပ်နေသည်။

"ဟိုကောင်နဲ့ပတ်သက်ပြီး မေးတာပြောပါဦး"

စံညွန့်က အရေးကြီးသောအချက်ကို သိချင်နေသည်။

"ပြောမှာပေါ့"

ဒေါ်ရွှေက စစ်ဆေးရေးအဖွဲ့မှ မေးသော မေးခွန်းများကို အရင်ပြောပြသည်။

စံညွန့် ပို၍ စိတ်ဝင်စားလာသည်။

"အဲဒီတော့ အရီးရွှေက ဘယ်လိုဖြေလိုက်လဲ"

"ထွန်းမြင့် ရောက်လာပြီး မီးမထွန်းနဲ့လို့ ပြောတဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း၊ စောင်ခြုံပြီး အသံဖျက်ထားပေမယ့် သူ့အသံကို မှတ်မိတဲ့အကြောင်း၊ သူ့ရုပ်ကိုလည်း သိတဲ့အကြောင်း ပြောလိုက်တာပေါ့"

"ကောင်းတယ်၊ အဲဒီတော့ သူတို့က ဘာပြောလဲ"

"ထွန်းမြင့်ဟုတ်တာ သေချာတယ်လို့ အာမခံနိုင်သလားတဲ့ ထပ်မေးတယ်"

"အဲဒီတော့ အရီးရွှေက"

စံညွှန့် စကားရပ်ထားသည်။

"သေချာတယ်၊ အာမခံနိုင်တယ်၊ တစ်ရွာတည်းသားချင်းတွေဖြဲ ဘာမသိစရာရှိလဲလို့ ပြောလိုက်တာပေါ့"

"ဟား… ဟား… ဟား… ဟား… ကောင်းတယ်ဗျာ"

စံညွှန့် သဘောကျစွာရယ်သည်။

"ပြီး သူတို့ယုံသွားအောင်လို့ မီးလောင်တဲ့ညက အတင့်အိမ်ထဲဝင်ပြီး အဝတ်အိတ်ယူမယ်လုပ်တာကို လက်မောင်းဆွဲထားပြီး တားတာလဲ ပြောပြတယ်၊ အိမ်ထဲ ထွန်းမြင့်ကိုယ်တိုင်ဝင်ပြီး အတင့်ထဘီအိတ် ယူပေးတာလဲ ပြောပြလိုက်တယ်"

"ကောင်းတယ်"

"နေဦး၊ ဒီလောက်တင် ဘယ်ကမလဲ၊ အဲဒီနေ့ ညနေက အိမ်ရှေ့လာပြီး အတင့်ကို စောင့်ကြည့်နေတာလဲ ပြောလိုက်သေးတယ်၊ သူ့မျက်လုံးကြည့်ပုံတွေက မရိုးသားတာ သိသာပါတယ်တော်၊ တကယ်တော့ မီးသတ်တယ်ဆိုတာလဲ အတင့်ရှေ့မှာမို့ သတ္တိရှိဟဲ့ပုံနဲ့ စွန့်စားပြနေတာပါ၊ တကယ်ကတော့ မီး





ကိုလည်း မယ်မယ်ရရ ဘာမှ သတ်နိုင်တာမဟုတ်ပါဘူး၊ အဲဒီကတည်းက အတင့်ကို သူ သဘောကျနေတာ၊ ညှိစာရင်းစစ်တဲ့ညကျတော့ အခွင့်အရေးလဲရရော မရှက်မကြောက်တော်ကျုပ်အိမ်ရောက်လာပြီး ကျုပ်တူမလေးကို စော်စော်ကားကားသူမို့လုပ်ရက်တယ်၊ ဒါပေမယ့် ကျုပ်တို့မှာက မိန်းမသားတစ်ယောက်တည်း နေရတာဆိုတော့ တိုင်လည်း မတိုင်ရဲ၊ တိုင်လည်း မတိုင်တတ်တာနဲ့ ဒီအတိုင်း ငုံ့ခံနေရတာ၊ နောက်မှ ဦးမိုးကို ပြောပြမိလို့ ဦးမိုးက မခံနိုင်တာနဲ့ ကြားကနေ တိုင်ပေးတာပါလို့ ပြောပြလိုက်တော့ စစ်မေးနေတဲ့လူသုံးယောက်လုံး အရီးရွှေကို သနားနေကြတာပေါ့"

"ဟား… ဟာ… ဟာ… ဟား… အရီးရွှေက ပြောတတ်တယ်ဗျာ၊ အချိတ်အဆက်ကို မိနေတာပဲ"

ဒေါ်ရွှေက ဟုတ်သည်လည်းပါ၊ မဟုတ်သည်လည်းပါ ရောရောနှောနှော ပြောလိုက်၍ စံညွှန့် သဘောကျနေသည်။

"ဒါကြောင့် မင်းကို စိတ်မပူပါနဲ့၊ မရွှေက ပြောတတ်ပါတယ်လို့ မင်းကို ငါပြောတာပေါ့"

"ဒါဆိုရင်တော့ ဒီကောင်တွေ ပြုတ်မှာ သေချာတယ်ဗျ"

စံညွှန့် ဝမ်းသာအားရဖြစ်နေသည်။

"သေချာတာပေါ့ကွ"

ဒေါ်ရွှေရှေ့မှ ဆိတ်သားဟင်းပန်းကန် ကုန်နေပြီကို စံညွှန့် လှမ်းကြည့်လိုက်သည်။

"ဟော… ဆိတ်သားဟင်းတစ်ပွဲ ယူခဲ့ပါဦး"



www.burmeseclassic.com

www.burmeseclassic.com

စံညွန့် စေတနာပိုနေပြီ။

"တော်ရောပေါ့ မောင်စံညွန့်ရယ်"

ဒေါ်ရွှေက ငြင်းဟန်ပြုသည်။

"စားပါဗျာ၊ တစ်ခါတလေ မြို့ရောက်တုန်း စားရတာ"

"ဟေး... ကြက်သားတစ်ပွဲလည်း ယူခဲ့ပါဦးဟေ့"

ဦးမိုးကပါ ရောနှောမှာလိုက်သည်။

"အရီးရွှေ ခုပြောခဲ့တာတွေကို ရွာကျရင်လည်း လူတွေကို ပြန်ပြောပြစမ်းပါဗျာ၊ တစ်ရွာလုံး ပြန့်သွားအောင်"

အရီးရွှေက ဆိတ်သားတစ်တုံးကို လှမ်းဆယ်ရင်း စံညွန့်ကို ကြည့်လိုက်သည်။

"ဩော်....နေဦးဗျ"

စံညွန့် ခေါင်းထဲသို့ အတွေးတစ်ခုဝင်လာသည်။

"ရွာထဲ ပြန့်အောင်ပြောရုံနဲ့တင် မရသေးဘူးဗျ၊ ညိုယဉ်နဲ့ တွေ့အောင်လုပ်ပြီး ညိုယဉ်သိသွားအောင် ပြောပေးစမ်းပါ"

ဒေါ်ရွှေ ပြုံးလိုက်သည်။

"ဟင်း... ဟင်း... ဒီအတိုင်းတော့ ဘယ်ရမလဲ"

"ဟာ... အရီးရွှေကလည်း ဈေးကိုင်နေပြန်ပြီ"

"ဈေးကိုင်ရမှာပေါ့တော်၊ ဒါ ဘယ်လောက်အရေးကြီးတယ်ဆိုတာ မင်းသိတာပဲ"

"ပေးမှာပေါ့ဗျာ"

"ဒါဖြင့် အခုပေး၊ ငါးရာ"

ဦးမိုးက ဒေါ်ရွှေကို လှမ်းကြည့်ပြီး အံ့သြနေသည်။





စံညွန့်က စဉ်းစားနေဆဲ။

ဒေါ်ရွှေက ညာလက်ဖြင့် ထမင်းစားရင်း ဘယ်လက်က ဖြန့်ထားဆဲ။

"ပေးမယ်ဗျာ၊ အရီးရွှေသာ ညိုယဉ့်ကို ပြောပြ၊ အခုပြောတာထက် ပိုပါစေဗျာ၊ အရီးရွှေ ပြောတတ်ပါတယ်"

စံညွန့် အိတ်ထဲမှ ပိုက်ဆံငါးရာ ထုတ်ယူလိုက်သည်။

"ရော့... အသေအချာပြောနော်"

"စိတ်ချ"

ဒေါ်ရွှေက ငွေငါးရာကို လှမ်းယူလိုက်သည်။

* * *


www.burmeseclassic.com

www.burmeseclassic.com

## ၂၅

"ဒီအတိုင်းသာ ယုတ်ယုတ်မာမာ ဆက်ပြောရင် ကျွန်တော် လူသတ်မိလိမ့်မယ် ဦးလေးရာ"

ထွန်းမြင့် မခံမရပ်နိုင် ဖြစ်နေသည်။

"မလုပ်ပါနဲ့ကွာ၊ စိတ်ရှည်ရှည်ထားပြီး ဖြေရှင်းရမှာပေါ့"

ရ-ဝ-တရုံးထဲမှာ ဦးချစ်ရွှေနှင့် ထွန်းမြင့် နှစ်ယောက်တည်းရှိသည်။

"တစ်ရွာတည်းသားချင်းတွေဗျာ၊ အဲဒီဒေါ်ရွှေနဲ့ ကျွန်တော်နဲ့ အမုန်းလည်း မရှိပါဘူး၊ သူ့လည်း ဘာမှ မတော်မတရား မလုပ်ဖူးပါဘူး၊ ဒီလို လုပ်ကြံပြောနေတာ ဘယ်ကောင်းမလဲ"

"အမုန်းရှိလို့တော့ ဘယ်ဟုတ်မလဲကွာ၊ ရ-ဝ-တ ဥက္ကဋ္ဌဖြစ်လို့ မင်း ဒီပြဿနာမျိုး ကြုံရတာကွ"

"ဘာဆိုင်လဲဗျ၊ ရ-ဝ-တ ဥက္ကဋ္ဌနဲ့ ဒီအဘွားကြီးနဲ့"

"ဆိုင်တာပေါ့ကွ၊ မင်း နာမည်ပျက်စေချင်တာလေကွာ"

"ဟုတ်တယ်ဗျ၊ ဒါ တမင်သက်သက် နာမည်ဖျက်တာ၊ မီးလောင်တဲ့ညက တစ်ရွာလုံး မီးပြန့်သွားမှာ စိုးရိမ်တဲ့စိတ်ပဲ





ရှိတယ်၊ ဘယ်မိန်းမမှလည်း စိတ်မဝင်စားနိုင်ပါဘူး"

"သူ့အိမ်လည်း မီးမကူးအောင် လုပ်ပေးရသေးတယ်၊ ဒါတောင် မထောက်ဘူး။ သူ့အိမ်မှာ အဲဒီညက ခင်တင့်ရှိနေလို့ ကျွန်တော်က သူ့ရဲကောင်းလုပ်ပြတာ၊ ခင်တင့်ကို စိတ်ဝင်စားနေတာတဲ့၊ စုတ်ပဲ့လိုက်တာ၊ အဲဒီမိန်းမ ဘယ်လိုမိန်းမဆိုတာ ကျွန်တော် သိတာပဲ၊ ဘာလို့ စိတ်ဝင်စားရမှာလဲ။ မိညိုကလွဲရင် ကျွန်တော် ဘယ်သူ့မှ စိတ်မဝင်စားဘူး ဆိုတာ တစ်ရွာလုံး သိတာပဲ"

ဦးချစ်ရွှေ ပြုံးသည်။

"အဲဒါကြောင့် ဒီစကားတွေ ပေါ်လာတာပေါ့ကွ"

ထွန်းမြင့်က ဦးချစ်ရွှေကို လှမ်းကြည့်လိုက်သည်။

"တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုတာ အဲဒါမျိုးကွ"

ထွန်းမြင့်က ဦးချစ်ရွှေကို အမေးမျက်လုံးများနှင့် ကြည့်နေဆဲ။

ဦးချစ်ရွှေ နားလည်သည်။

"ဒေါ်ရွှေဆိုတာ အရွယ်ရှိတုန်းက ဦးဘခိုင်နဲ့ အဆက်အသွယ်ရှိတယ်ကွ"

"ဘာထူးလဲဗျာ၊ အခုလည်း သူ့သား စံညွန့်က ခင်တင့်ဆိုတဲ့ကောင်မလေး ဒေါ်ရွှေအိမ် ရောက်လာတိုင်း သွားနေတာ ကာလသားတွေ အကုန်သိတယ်"

"အေး... ဒါဆိုရင် မင်း နားလည်သွားရောပေါ့၊ ဒေါ်ရွှေက ပိုက်ဆံရရင် ဘာမဆို လုပ်မှာပဲ၊ အခု မင်းက ရ-ဝ-တ



www.burmeseclassic.com

www.burmeseclassic.com



ဥက္ကဋ္ဌ ဖြစ်တော့ ကိုဘနိုင်က သူမဖြစ်ရလို့ မခံချင်ဘူး၊ နောက်တစ်ချက်က သူ့သား စံညွန့်ကလည်း ညိုယဉ်ကို သဘောကျနေတယ်"

"ဟင်း… အကြံကြီးလိုက်တဲ့လူတွေဗျာ၊ ယုတ်မာလိုက်တာ"

"မယုတ်မာနဲ့လေကွာ၊ သူတို့အတွက်တော့ ခုန ငါပြောသလိုပဲ ဒါဟာ တစ်ချက်ခုတ် နှစ်ချက်ပြတ်ကွ၊ တစ်ချက်က မင်း ရ–ဝ–တ ဥက္ကဋ္ဌကပြုတ်သွားရင် ဦးဘနိုင်က မင်းနေရာကို သူရမယ်လို့ထင်တယ်"

ထွန်းမြင့် ခေါင်းညိတ်သည်။

"နောက်တစ်ချက်က ဒီသတင်းတွေ ခုပဲ ရွာထဲပြန့်နေလို့ မင်းတောင် ပြန်ကြားလာရပြီ၊ အေး… ဒီအချိန်လောက်ဆိုရင် ညိုယဉ်လည်း ကြားမှာပဲ၊ ကြားရင် ညိုယဉ်က မင်းကို မုန်းမယ်၊ ဒါဆို စံညွန့်က ညိုယဉ်ကို သူရမယ်လို့ထင်တယ်"

"ကျွန်တော်တော့ ရွာလူကြီးလုပ်ဖို့တောင် စိတ်ကုန်သွားပါပြီ ဦးလေးရာ"

ထွန်းမြင့် တကယ်ပင် စိတ်ပျက်မိသည်။

"စိတ်မကုန်ပါနဲ့ကွာ၊ မင်းက ခုမှ စစချင်း ကြုံရတာမို့ပါ၊ လူ့လောကမှာ ဒါမျိုးတွေက အများကြီးပါ။ မင်းက မီးလောင်တဲ့ညက မီးသတ်လို့ နာမည်ကောင်းရခဲ့တာ၊ အဲဒါကို နာမည်ပျက်အောင် ပြန်လုပ်တာကွ၊ မြို့နယ်က စစ်ဆေးရင် မင်း ဘယ်လိုဖြေမယ်ဆိုတာ စဉ်းစားထား"





"ဘာလို့ စဉ်းစားရမှာလဲ၊ အမှန်အတိုင်း ဖြေမှာပေါ့"

"ဒါဖြင့် ချည်စာရင်းစစ်တဲ့ညက မင်း မသွားဘူးဆိုတာ ဘယ်လိုပြောမလဲ"

"သွားမှမသွားဘဲ… မသွားဘူးလို့ ပြောမှာပေါ့"

"ဒေါ်ရွှေက မင်း ဟုတ်ပါတယ်၊ မင်းကို အသေအချာ သိပါတယ်လို့ ပြောခဲ့ရင်ရော"

"ဟာ… ဒါဆိုရင်တော့ ဒီအဘွားကြီးကို သတ်မှာပေါ့ဗျ"

ထွန်းမြင့် ဒေါသဖြစ်နေပြီ။

"အဲဒီလို လွယ်လွယ်မပြောနဲ့လေကွာ၊ သူက အဲဒီပြောခဲ့ရင် မင်းကို စစ်မေးတဲ့အခါကျတော့ ဘယ်လိုပြန်ဖြေရမယ်ဆိုတာ စဉ်းစားထားမှ ဖြစ်မှာပေါ့၊ သူက ပြောခဲ့တယ်ဆိုရင် မြို့နယ်က စစ်မေးတဲ့လူတွေက ဟုတ်တယ်လို့ ထင်ချင်ထင်ကြမှာ"

ထွန်းမြင့် စိတ်ပျက်သွားသည်။

"ဒါဆိုရင် ငါတော့ပြုတ်ပြီ၊ ညိုယဉ်ကလည်း မုန်းသွားတော့မယ်"ဟု ထွန်းမြင့် နားလည်လိုက်သည်။

ဘာလုပ်ရမှန်းလည်း မသိတော့ပါ။

စိတ်ထဲမှာ ရှုပ်ထွေးသွားပြီ။ မမှန်သူတို့က နိုင်သွားတော့မည်။ မှန်ပါလျက်နှင့် အရှက်တကွဲဖြစ်ရတော့မည်။

ထွန်းမြင့် မခံချင်စိတ်လည်း ဖြစ်မိသည်။

"အိုဗျာ… ဒီလောက်တောင်မှ လိမ်ပြောတာကို [illegible]ချင်ရင်လည်း ယုံပေါ့၊ ရ–ဝ–တ ဥက္ကဋ္ဌ မလုပ်ရလဲ ဘာအရေးစိုက်



www.burmeseclassic.com

www.burmeseclassic.com



စရာရှိလဲ”

ဦးချစ်ရွှေက ထွန်းမြင့်ကို ကြည့်နေသည်။

ဦးချစ်ရွှေမှာ ယခင်က ရွာလူကြီးမလုပ်ဘူးသော်လည်း ရွာရေးရပ်ရေး သာရေးနာရေးကိစ္စများမှာ ရွာမိရွာဖအဖြစ် ကူညီဆောင်ရွက်လေ့ရှိသူဖြစ်သည်။

ဘုန်းကြီးကျောင်းကိစ္စ၊ ရွာဦးစေတီ ပြုပြင်ရေးကိစ္စများမှာ ကမကထပြုသူဖြစ်၍ ရွာရပ်မှ ကြည်ညိုလေးစားသူဖြစ်သည်။

အသက်အရွယ်အရ အတွေ့အကြုံရှိနေသူလည်းဖြစ်သည်။ ယခုမှ ရ–ဝ–တ ဥက္ကဋ္ဌဖြစ်လာသည့် အသက်ငယ်ရွယ်သော ထွန်းမြင့်ကို သနားစိတ်ဖြစ်မိသည်။

မီးလောင်သည့်ညက ထွန်းမြင့်၏ ရွာပေါ်ထားသော စေတနာ မှန်ကန်ကြောင်းကိုလည်း မျက်မြင်ဖြစ်သည့် ဦးဘအောင်နှင့် ဦးကျော်ဒင်ပြော၍ သိထားပြီးဖြစ်သည်။

“ငါ့တူက ငယ်သေးတာကိုးကွ၊ ဒါပေမယ့် မင်းက စိတ်ကောင်းရှိတော့ ဦးလေးတို့က မင်း ပြုတ်မသွားစေချင်ဘူး၊ ကဲကွာ... ရ–ဝ–တ ဥက္ကဋ္ဌ မလုပ်ရလဲ မင်းအရေးမစိုက်ဘူးဆိုပေမယ့် စွပ်စွဲတဲ့အတိုင်း သူတို့က အနိုင်ရသွားရင် မင်းကို ညှိယဉ်ကလည်း မှန်းသွားမယ်၊ အဲဒါဆိုရင်ရော မင်း ဘယ်လိုလုပ်မလဲ”

“ဗျာ”

အမျိုးမျိုး ဆုံးရှုံးရမည့်အဖြစ်ကို ထွန်းမြင့် နားလည်





လာရပြန်သည်။

“သူ့ဘက်က မင်းကို နာမည်ပျက်အောင် သက်သေတွေထည့်သလို ကိုယ့်ဘက်ကလည်း သက်သေပြရမှာပေါ့ကွ”

ဦးချစ်ရွှေကို ထွန်းမြင့် အားကိုးတကြီး လှမ်းကြည့်လိုက်သည်။

“ဦးဘအောင်ကို မင်း သက်သေထည့်ရမယ်၊ ဦးဘအောင်က မခံမရပ်နိုင် ဖြစ်နေတယ်ကွ၊ ယုတ်မာလိုက်ကြတာ၊ ဒီကလေး အဲဒီညက မီးသတ်တာဟာ ဘယ်ကောင်မကြောင့်မှ တဏှာရူးထနေတာ မဟုတ်ဘူး၊ ငါကိုယ်တိုင်မြင်တာလို့ ပြောတယ်”

သူ့ကို သက်သေထည့်ရမယ်။

ထွန်းမြင့် ခေါင်းညိတ်သည်။

“ငါ့ကိုလည်း မေးဦးမှာပါပဲ၊ မေးရင် ငါကမပေးဘူး မင်းဘက်က အသေအချာပြောမှာပါ”

ဦးချစ်ရွှေကို ထွန်းမြင့် ယုံပါသည်။

“အေ ... မင်းကိုမေးရင်လည်း ဘယ်လိုဖြေရမယ်ဆိုတာ မင်း စဉ်းစားထားရမယ်”

ထွန်းမြင့် စဉ်းစားသည်။ သို့သော် သူ့ခေါင်းထဲမှာ ရှုပ်ထွေးနေသည်။ ဘာမှ မယ်မယ်ရရ အဖြေမရှိ။ စိတ်ပျက်ခြင်း၊ ဒေါသဖြစ်ခြင်းများသာ လွှမ်းမိုးနေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ၂၆

"ဟဲ့ကောင် ... ထွန်းမြင့် ... အမေက တားတာတောင် မရဘူး၊ ရေပုံ ဆွဲပြီး ပြေးလိုက်တာ၊ အင်း ... ခုတော့ မင်းဟာက ဟိုမှကောင် တဲ့ကောင်မလေး ရှိနေလို့ သူ့ရှေ့မှာ သူရဲကောင်း လုပ်ပြတာဆို၊ ကောင်မလေးပစ္စည်း တွေလည်း မီး လောင်နေတဲ့ အချိန်မှာ အိမ်ထဲဝင်ယူပေး တယ်ဆို"

ဒေါ်ထွေ မီးက အိမ်လည်သွား ရာမှ ပြန်ရောက်ရောက်ချင်း မကျေမနပ်သံများ ထွက်ပေါ်လာခြင်းဖြစ်သည်။

"အမေကလဲဗျာ၊ သူများ က ကျွန်တော့်ကို သိက္ခာကျ အောင် ပြောတာတွေ အဟုတ်မှတ်လာပြန်ပြီ"

"ဟဲ့ ... အဟုတ်မှတ်ရတာပေါ့၊ 'အဲဒီညက ငါတားနေ တာ ရမှမရဘဲ၊ အတင်းပြေးထွက်သွား လိုက်တာ"

"ကဲဗျာ ... ထင်ချင်သလိုထင်ကြ၊ ပြောချင်သလို ပြော ကြ"

ထွန်းမြင့် စိတ်ပျက်မိသည်။ရွာထဲမှာ ဤစကားများက ပြန့်နေသည်။ မွေးသည့် အမေကပင် ယုံနေသည်။





ကိုယ့်ကို နားအလည်ဆုံး ဖြစ်မည်ထင်သော ညိုယဉ် ကလည်း နားမလည်နိုင်တော့ဘဲ စိတ်အနာကြီး နာနေပြီ။

စံညွန့်တို့ သားအဖ၏ လုပ်ဇာတ်မှာ ရွာထဲတွင် အောင် မြင်နေသည်။

ဒေါ်ရွှေ၏စကားများ ရွာထဲတွင် ပြန့်နေသည်။

ငွေကြေး အသင့်အတင့်ပေးရုံနှင့် မရှက်မကြောက် တရား ပျက်ရဲသော လူတို့၏သဘာဝကိုလည်း ထွန်းမြင့် တအံ့တသြ ဖြစ်ရသည်။

ယုံချင်စရာပင်မရှိ။

လူတွေကို စိတ်ပျက်မိသည်။

"ထွန်းမြင့်တော့ အရှက်ကွဲတာပဲ၊ ရွာလူကြီးကလည်း ပြုတ်တော့မှာတဲ့၊ ပြောနေလိုက်ကြတာ"

အမေက မကျေမနပ် ဆက်ပြောနေသည်။

"ပြုတ်လည်း အေးတာပဲအမေရာ"

ရွာလူကြီးအလုပ်ကိုပါ ထွန်းမြင့် စိတ်ကုန်သွားမိသည်။

ရွာလူကြီးဖြစ်၍ ဤမျှ အတွန်းအတိုက်ခံနေရသည်ကို လည်း နားလည်မိသည်။

"ဟဲ့ ... အေးပေမယ့် ငယ်ငယ်ရွယ်ရွယ်နဲ့ အရှက်ကွဲ တာပေါ့ဟဲ့"

"အရှက်ကွဲလဲ ကွဲပါစေပေါ့ဗျာ၊ ဒီလောက် အရှက်မရှိ လုပ်ကြပြောတာကို အမေကတောင် ယုံနေတယ်ဆိုတော့ သူ များယုံတာ ဘာမှမဆန်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့... သူတို့က စစ်တဲ့ ဆေးကဲ့နေရာမှာ ထွက်ခဲ့တာဆိုတော့ ယုံကြတာပေါ့ဟဲ့"

"စစ်တဲ့ ဆေးတဲ့နေရာမှာ လိမ်ညာထွက်လို့ ရတာပဲဗျ။ ကျွန်တော် အဲဒီလို မိန်းမတွေနဲ့ ဘယ်တုန်းကမှ မပတ်သက်ဘူး၊ သူတို့ကို စိတ်လည်း မဝင်စားဘူး၊ အဲဒါမျိုးတွေ စိတ်ဝင်စားတာက စံညွန့်... အခုတော့ ပြောင်းပြန် သူက ကိုယ့်ကို စွပ်စွဲပြီး အရှက်ကွဲအောင်လုပ်တာ ခံနေရတယ်"

"ဒါဖြင့်... ငါ မေးပါဦးမယ်၊ မြို့နယ်ကလူတွေကရော သူတို့ပြောတာ ယုံမှာပဲလား"

"ယုံချင်လဲ ယုံမှာပေါ့၊ သူတို့က ဒီရွာအကြောင်း သိတာမှမဟုတ်ဘဲ၊ အမေတောင် ယုံနေသေ ကာပဲ"

"နေစမ်းပါဦး၊ ဒါကို ညီုယဉ်ကရော ယုံသလား"

"မသိဘူး၊ အဲဒီသတင်းတွေဖြစ်ပြီးမှ ကျွန်တော့်ကို လုံ ၀ အတွေ့မခံဘူး"

"ဟင်း... ဟင်း... ဖြစ်ရမယ်လေ၊ သူတို့အိမ်ပြန်ဆောက်ထားတာလဲ စံညွန့်က ငွေထုတ်ပေးထားတာ တစ်ရွာလုံးသိတယ်၊ မချစ်မြတို့များ အိမ်က သပ်သပ်ရပ်ရပ်ပြီးသွားတော့ လေသံကို ကျယ်နေတာပဲ၊ မသိကြရင် ခက်မယ်"

ကိုယ့်အိမ်က တစ်ခြမ်းမကာနိုင်သေးဘဲ ဤသို့လို့တန်းလန်းဖြစ်နေသည်ကို ထွန်းမြင့် လိပ်ပြာမလုံစွာ လှမ်းကြည့်လိုက်မိသည်။

"အမေကလဲဗျာ၊ သူများအကြောင်းတွေ လျှောက်ပြောမနေစမ်းပါနဲ့"





"ဟဲ့... ပြောရမှာပေါ့ဟဲ့၊ ကိုယ့်အကြောင်းလည်း သူများတွေ ပြောနေကြတာပဲဟာ၊ ကိုယ်က ဘာလို့ သူများအကြောင်း မပြောဘဲနေရမှာလဲ"

အမေပြောသည်မှာလည်း မှန်သည်ဟု ထွန်းမြင့် နားလည်ရပြန်သည်။

"ကဲ... ပြောဗျာ၊ ပြော... အမေ့ဘာသာ တစ်ယောက်တည်းပြော"

ထွန်းမြင့် စိတ်ပျက်စွာနှင့် အိမ်ထဲမှ ထွက်သွားပါသည်။

• • •



www.burmeseclassic.com

www.burmeseclassic.com

## ၂၅

ကောင်းကင်မှာ လင်းလက်နေသော ကြယ်ကလေးများသည် ညအမှောင်ထုကို မဖြိုခွင်းနိုင်အောင် ဖြစ်နေသည်။

တစ်ရွာလုံး မှောင်နှင့်မည်းမည်း ဖြစ်နေ၏။

ညဉ့်နက်ပြီဖြစ်သော်လည်း ညိုယဉ် အိပ်၍မပျော်နိုင်ပါ။

မျက်ရည်များက အလိုလိုစီးဆင်းလာကြသည်။

မြို့က ခေါ်ယူစစ်ဆေးရာမှာ ဒေါ်ရွှေပြောခဲ့သည်ဆိုသော စကားများက တစ်ရွာလုံး ပြန့်နှံ့နေသည်။

ဒေါ်ရွှေပြောတာတွေဟာ တကယ်လားဟု ညိုယဉ် စဉ်းစားနေရပြီ။

"စစ်မေးတဲ့လူတွေရှေ့မှာ ဒေါ်ရွှေက မဟုတ်ဘဲနဲ့ ပြောပါ့မလား"

သံသယအတွေးများ ဖြစ်ရပြီ။

"တကယ်ဟုတ်လို့ ပြောရတာလား"

ရင်ထဲမှာ နာကျင်စွာ ခံစားရသည်။

ကိုထွန်းကို အထင်ကြီးခဲ့သည်။ အယုံကြီး ယုံခဲ့သည်။





"ဟုတ်ရင်တော့ လုပ်ရက်လိုက်တာ ကိုထွန်းရယ်"

တစ်ရွာလုံး သူ့အကြောင်း ပြောနေကြသည်များ နားရှက်စရာကောင်းလှသည်။

စံညွန့်ပြောစဉ်က မယုံခဲ့။ ခုတော့ ယုံရတော့မလို ဖြစ်နေပြီ။

ပိုဆိုးသည်မှာ မီးလောင်သည့်က သူကြောက်၍ တောင်းပန်နေသည့်ကြားမှ အတင်းပြေးထွက်သွားခဲ့သည်။ ကိုယ့်မှာ ဘာပစ္စည်းမျှမရခဲ့။

"ခင်တင့်ဆိုတဲ့ မိန်းမ အိမ်ထဲဝင်ပြီး သူ့အိတ်ယူမှာကို လက်မောင်းဆွဲပြီး တားတယ်တဲ့၊ သူကိုယ်တိုင် ထဘီအိတ်ကို ဝင်ယူပေးတယ်တဲ့၊ ငါ့ကိုပြောတော့ ငါ့ပစ္စည်းကို ကူသယ်မပေးသလို သူ့အိမ်ကပစ္စည်းလည်း သွားသယ်နေတာ မဟုတ်ဘူး၊ ဘယ်သူ့ပစ္စည်းမှ ကူသယ်ပေးနေတာ မဟုတ်ဘူးတဲ့"

ဒေါ်ရွှေနှင့် အိမ်နီးချင်းဖြစ်သော ဒေါ်မြိုင်၏တူမများဖြစ်သည့် မအေးနှင့် ခင်ထွေးတို့ကို မေးကြည့်တော့ မီးလောင်သည့်ညတွင် ဒေါ်ရွှေအိမ်မှာ ခင်တင့်ဆိုသော မိန်းမရှိနေကြောင်း သိရသည်။ ထိုမိန်းမ၏အိတ်ကို ကိုထွန်း စွန့်စွန့်စားစား ဝင်ယူပေးသည်မှာလည်း မှန်ကြောင်း သိရသည်။

"ဒီမိန်းမကို သူ သဘောကျနေတာလား၊ ဟိုက မြို့သူလုံးကြီးပေါက်လှတဲ့"

ညိုယဉ် ရင်ထဲမှာ ပူပူလောင်လောင် ခံစားရသည်။

"ကိုထွန်း... ဒီလိုလုပ်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



မယုံချင်စိတ်နှင့် ပြန်တွေးမိပြန်သည်။

"သူ... ငါ့ကို သိပ်ချစ်တယ်လို့ ပြောတာပဲ"

ညိုယဉ် သက်ပြင်းမောတစ်ချက်ကို ရှိုက်လိုက်သည်။

ကိုယ်တိုင်လည်း သူ့ကို သိပ်ချစ်သည်ဟု ခံစားရ၍ လွမ်းလွမ်းဆွေးဆွေးဖြစ်မိသည်။

အပျိုဖော်ဝင်စတည်းက ကိုသာဆောင်တို့အလှူမှာ လက်ဖက်ပွဲချရင်း လက်ဖက်ရည်ပွဲချရင်း မျက်လုံးအကြည့်ချင်းဆုံ၍ သူ စိတ်ဝင်စားသည်ကို သိခဲ့ရသည်။

ဦးဘနိုင်လယ်မှာ သူက ပျိုးနုတ် ကိုယ်က ကောက်စိုက်ရင်း ဆုံရတော့ မမြလေး အစသန်၍ ရက်ခဲ့ရ စိတ်ဆိုးခဲ့ရသည်။

သူ့ကို စိတ်ဆို မြင်းမဟုတ်။ သူ့သဘောထားကို မြသီ ပြောထား၍ သိပြီးသားဖြစ်သည်။ သူ့ကို ရက်ပြီး မမြလေးကို စိတ်ဆိုးခြင်းဖြစ်သည်။

ဒကိုယ့်လယ် ကိုယ်ပျိုးခင်းမှာ သူ့လက်တွေ ပေါက်ပြဲပြီး သွေးရဲရဲမိုးနေတာ တွေ့ရပော့ သူ့ကို သိပ်သနားခဲ့ရသည်။

မလုပ်တော့ရန် တားသည့်ကြားမှ ကိုယ့်ပေါ်မှာ စေတနာထားသော သူ့မေတ္တာကိုလည်း နားလည်ခဲ့ရသည်။

ထို့ကြောင့် ဘာမှုမစဉ်းစားနိုင်တော့ဘဲ ညိုယဉ် သူ့ကို တုံ့ပြန်ခဲ့သည်။ ချစ်သူတွေဘဝ ရောက်ခဲ့ကြရသည်။

ချစ်ခဲ့ကြသည့်ရက်များ ကြည်နူးခဲ့ရသည့်ရက်များကို ပြန်တွေးရင်းနှင့် ညိုယဉ် ဝမ်းနည်းကြေကွဲစွာ ခံစားရသည်။

မျက်ရည်များက အဆီးအတားမရှိ စီးကျလာကြသည်။





"ငါ... ကိုထွန်းနဲ့ ဝေးကြရတော့မှာလား"

ဟုတ်သည်ဆိုလျှင်တော့ နာသည်။ ဤမျှ ချစ်ခဲ့ကြပါလျက် သစ္စာဖောက်လျှင် လုံးဝခွင့်မလွှတ်နိုင်။

ခုချိန်မှာပင် သူ့ကို မမြင်ချင်။ သူက တွေ့ခွင့်တောင်းသော်လည်း မတွေ့ချင်၊ တွေ့လျှင် ဘာမျှ မစဉ်းစားနိုင်ဘဲ ထုမိ ရိုက်မိမည်ထင်သည်။ ဝမ်းပမ်းတနည်းငိုမိလျှင် ပိုဆိုးမည်။

မြသီကတော့ "ကိုထွန်း လုံးဝမဟုတ်နိုင်ဘူး"ဟု ပြောနေသည်။

"ဒါဖြင့် ဒေါ်ရွှေအိမ်ကို စောင်ခြုံသွားပြီး အသံဖျက်ပြောတာ ဘယ်သူလဲ"

တချို့ကတော့ ဒေါ်ရွှေပြောတာ ယုံသည်။ မယုံသူများလည်းရှိသည်။

အမှုစစ်ဆေးနေသည်ကို စောင့်ကြည့်ရန် ညိုယဉ် ဆုံးဖြတ်ထားသည်။ သူ့ကို ရ-ဝ-တ ဥက္ကဋ္ဌအဖြစ်က ဖြုတ်ပစ်လိုက်လျှင်တော့ ဟုတ်တာသေချာသည်ဟု ယူဆရတော့သည်။

မျက်ရည်များက စီးဆင်းလာပြန်၏။

ဒါဆိုရင်တော့...

ညိုယဉ် သက်ပြင်းတစ်ချက်ချလိုက်ပြီးမှ အမေ ကြားသွားမည်လားဟု စိုးရိမ်၍ အမေအိပ်နေသောဘက်သို့ လှည့်ကြည့်လိုက်မိသည်။

အမေကတော့ ဘာမျှမသိ။ နှစ်ခြိုက်စွာ အိပ်ပျော်လျက်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# ၂၈

စစ်ဆေးခန်းထဲသို့ ဝင်လိုက်သည်နှင့် စားပွဲကြီးမှာထိုင်နေသူ သုံးဦးကို ထွန်းမြင့် တွေ့ရသည်။

အလယ်မှထိုင်နေသူမှာ ရှာကို လာဖူးသော မ-ဝ-တ ဥက္ကဋ္ဌဖြစ်၍ ထွန်းမြင့်သိပါသည်။ အသားညိုညို မျက်မှန်နှင့်ဖြစ်သည်။

ညာဘက်မှထိုင်နေသူမှာ ရဲဝတ်စုံနှင့်ဖြစ်သည်။ ထွန်း မြင့် မြင်ဖူးသည်။ ဘယ်ဘက်မှထိုင်နေသော အသား ဖြူဖြူနှင့်လူကို ထွန်း မြင့်မသိ။

"ထိုင်ပါ"

စားပွဲရှေ့မှာရှိသော ကုလားထိုင်လွတ်တွင်ထိုင်ရန် အလယ်မှ ဆရာက ညွှန်ပြသည်။ ထွန်း မြင့် ထိုင်လိုက်သည်။

လူသုံးဦးလုံး၏ မျက်လုံးများက စူးစူးစိုက်စိုက်ကြည့်နေကြ၍ ထွန်းမြင့် အနေရခက်စွာနှင့် ထိုင်လိုက်ရသည်။

"အေးသာယာ ရ-ဝ-တ ဥက္ကဋ္ဌ ကိုထွန်းမြင့် ဟုတ်လား"





အလယ်မှလူ၏အမေးကို ထွန်းမြင့် ခေါင်းညိတ်၍ ဖြေလိုက်သည်။

လက်နှိပ်စက်ရိုက်သံကြားမှ ဘေးဘက်စားပွဲတွင် လက်နှိပ်စက်သမားတစ်ဦး ရှိနေသည်ကို ထွန်းမြင့် သတိထားမိသည်။

"ကိုထွန်းမြင့်က ဒေါ်ရွှေအိမ်မှာ ညှော်စာရင်းစစ်တဲ့ညက ညှော်သည်မိန်းကလေးနဲ့ သွားတွေ့တယ်လို့ တိုင်ထားတာ ဟုတ်ပါလား"

ဘယ်ဘက်ဘေးမှ ရဲအရာရှိက မေးခြင်း ဖြစ်သည်။ မေးခွန်းက တိုက်ရိုက်တည့်တည့်ကြီး ဖြစ်နေ၍ ထွန်း မြင့် ထူထူပူပူ ဖြစ်သွားသည်။ မျက်နှာထားရသည့်ပင် ခက်သွားမိသည်။

"မဟုတ်ပါဘူး"

လက်နှိပ်စက်သံ ထွက်လာပြန်သည်။

"ဘိုင်ကဲလျှက အနိုင်အမှာ စာနဲ့ရေ တိုင်လာ တာနော်၊ ပြဲ ပေးဟာ ပစ်မှာမဟုတ်ဘူ၊ မှာမည်ခပ်ပုံဟာ၊ အမှန်အတိုင်း ဖြေပါ"

မေးသူကို ထွန်း မြင့် လှမ်းကြည့်လိုက်သည်။ ညာဘက်ဘေးမှ အသား ဖြူဖြူနှင့်လူဖြစ်သည်။

"ကျွန်တော့်ကိုယ်ကျွန်တော် အသိဆုံးပါ၊ လုံးဝမဟုတ်ပါဘူး"

"မဟုတ်ကြောင်း ဘယ်လိုသက်သေပြမလဲ"

"ဘာမှ သက်သေပြစရာမလိုပါဘူး၊ ကိုယ်မဟုတ်တာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်အသိဆုံးပဲ"

ထွန်းမြင့်ကိုကြည့်ပြီး သုံးယောက်စလုံးပြုံးသည်။

"အမှုစစ်တဲ့နေရာမှာ အဲဒီလိုပြောလို့ မရဘူးလေ၊ နားထောင်တဲ့လူတွေ ယုံသွားအောင် သက်သေပြနိုင်ဖို့လိုတယ်"

အလယ်မှ မ-ဝ-တ ဥက္ကဋ္ဌက သတိပေးသည်။

"လိမ်ညာတိုင်တဲ့လူကရော ယုံအောင် ဘယ်လို သက်သေ ပြနိုင်လို့လဲ"

ထွန်းမြင့်က ပြန်မေးသည်။

"အိမ်ရှင် ဒေါ်ရွှေကလည်း စောင်ခြုံပြီး ရုပ်ဖျက်လာတဲ့ လူဟာ ခင်ဗျားပုံသဏ္ဌာန်၊ ခင်ဗျားအသက်အရွယ်မို့ ခင်ဗျာ လို့ ထင်နေတယ်"

ဘယ်ဘက်မှထိုင်သော အသားဖြူဖြူလူက ပြောခြင်းဖြစ်သည်။

"သူက ကျွန်တော်လို့ အသေအချာပြောသလား"

ထွန်းမြင့်က မကျေနပ်သံနှင့် ပြန်မေးသည်။

"ခင်ဗျား... ကျွန်တော်တို့ကို ပြန်မမေးနဲ့လေ၊ ကျွန်တော်တို့မေးတာပဲ ခင်ဗျားက ဖြေရမှာ"

ဘယ်ဘက်မှလူက ထွန်းမြင့်ကို ခပ်မာမာ သတိပေးလိုက်သည်။

ထွန်းမြင့် စိတ်ပျက်သွားသည်။

"အခုအတိုင်းဆိုရင် တိုင်ထားတဲ့အချက်အလက်တွေနဲ့ သက်သေထွက်ထားတာတွေက ခိုင်မာနေတယ်၊ ကိုထွန်းမြင့်





ခိုင်မာအောင် ဖြေမှဖြစ်မယ်"

ညာဘက်မှ ရဲအရာရှိကပါ သတိပေးနေပြန်သည်။

"ကျွန်တော်ကလည်း အခိုင်အမာပြောတာပဲ၊ ကျွန်တော် မဟုတ်ဘူး၊ ကျွန်တော် မသွားဘူး"

ထွန်းမြင့်က ခိုင်မာအောင် ထပ်ဖြေသည်။

"ကျွန်တော်တို့က ကိုထွန်းမြင့်ပြောတာကို မယုံဘူး၊ သူတို့ပြောတာပဲ ယုံမယ်ဆိုရင်ရော"

ဘယ်ဘက်မှလူက ပြောခြင်းဖြစ်သည်။

"ယုံပေါ့၊ ဘယ်တတ်နိုင်မလဲ"

ထွန်းမြင့် သည်ထက်ပို မပြောတတ်ပါ။

"ယုံရင် ကိုထွန်းမြင့်ကို ရ-ဝ-တ ဥက္ကဋ္ဌကနေ ဖြုတ်ပစ်ရမှာ"

"ဖြုတ်ပါ၊ ကျွန်တော်လည်း မလုပ်ချင်ပါဘူး၊ ရ-ဝ-တ ဥက္ကဋ္ဌဖြစ်ကတည်းက အတိုင်အတောခံနေရတာ၊ ကိုယ့်လယ်လေးကိုယ် အေးအေးဆေးဆေးလုပ်နေရင် ဘယ်သူမှ တိုင်မှာမဟုတ်ဘူး"

"တိုင်တဲ့လူက တမင်သက်သက် အပြစ်ရှာပြီး တိုင်တာလို့ ကိုထွန်းမြင့် ပြောချင်တာလား"

ထွန်းမြင့် မေးသူကို လှမ်းကြည့်လိုက်သည်။

ဘယ်ဘက်မှ အသားဖြူဖြူနှင့်လူဖြစ်သည်။

"အဲဒီအတိုင်းပါပဲ"

ထွန်းမြင့်က ခွင့်ဝတ်ကျေဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆိုရင် ကျွန်တော်က ထပ်မေးမယ်ဗျာ၊ ဘာဖြစ်လို့ တမင်သက်သက် အပြစ်ရှာပြီး တိုင်တယ်လို့ ကိုထွန်းမြင့်ထင်တာလဲ"

"ကျွန်တော့်ကို ရ-ဝ-တ ဥက္ကဋ္ဌက ပြုတ်သွားစေချင်လို့ ဖြစ်မှာပေါ့"

"ဒါဖြင့် ဆရာဦးကျော်ရင်က ဦးသာပိုကို တိုင်တာရော တကယ်မဟုတ်ဘဲနဲ့ ဦးသာပို ပြုတ်သွားစေချင်လို့ တိုင်တာလား"

အလယ်မှလူက ဖြတ်မေးလိုက်ခြင်းဖြစ်သည်။

"ဟာ... အဲဒါကတော့ အဲဒီလိုမဟုတ်ဘူး ဗျ"

ထွန်းမြင့် ပျာပျာသလဲငြင်းသည်။

"ဘယ်လိုလဲဗျ၊ လုပ်ပါဦး"

ဘေးမှ နှစ်ယောက်ပါ စိတ်ဝင်စားလာကြသည်။

"ဦးသာပိုနဲ့ ထွန်းရီ မဟုတ်မမှန်တာ လုပ်လို့ ဆရာဦးကျော်ရင်က မခံနိုင်လို့ တိုင်တာဗျ"

"ကဲ... ဒါဆို ဦးသာပိုက အဲဒီလို ငွေစာရင်းစစ်ပြီး ဒေါ်ရွှေအိမ်သွာ တယ်၊ ကိုမိန်းကလေးနဲ့ တွေ့တယ် ဆိုတာတွေရော ဟုတ်သလား"

ထွန်းမြင့် ခေါင်းညိတ်ပြရင်း

"ဟုတ်ပါတယ်"ဟု ဖြေလိုက်သည်။

"ဘယ်လိုအထောက်အထားရှိလို့ ကိုထွန်းမြင့်က ဟုတ်ပါတယ်လို့ ပြောနိုင်တာလဲ"





"သူ့ကို ရ-ဝ-တ ရုံးမှာ ကျွန်တော် မေးပြီးပြီလေ၊ သူ ဝန်ခံတယ်၊ သူတင်မဟုတ်ပါဘူး၊ ကိုထွန်းရီဆိုတဲ့သူလည်း ပါတယ်၊ သူတို့နှစ်ယောက်စလုံး မငြင်းနိုင်ပါဘူး၊ မှန်နေတာပဲ၊ ဘယ်လိုလုပ် ငြင်းလို့ရမလဲ"

"ကိုထွန်းရီဟာ ရ-ဝ-တ အဖွဲ့ထဲ မပါဘူးမဟုတ်လား"

"မပါ,ပါဘူး၊ သူက အကျင့်မကောင်းလို့ ရဲတပ်ဖွဲ့က အထုတ်ခံထားရတာ၊ လူရှုပ်၊ အဲဒီညက ဖြစ်ရတာလဲ သူ့ကြောင့်"

"ဒါတော့ ခင်ဗျားတို့က သူပြောတာတွေ လိုက်လုပ်ကြတာကိုးဗျ"

ရဲအရာရှိက ပြောလိုက်ခြင်းဖြစ်သည်။

"ကျွန်တော် လိုက်မလုပ်ပါဘူး၊ ဦးသာပို လိုက်လုပ်တာပါ"

"အေးလေ... ရ-ဝ-တ အဖွဲ့ဝင်က အဲဒီလူရှုပ်ပြောတာကို လိုက်လုပ်တာ မှားတာပေါ့"

"ကျွန်တော်တို့ကလည်း ရ-ဝ-တဖြစ်စဗျ၊ ဘာမှ လုပ်တတ်ကြသေးတာ မဟုတ်ဘူး၊ သူက မြို့ပေါ်မှာ တာဝန်ထမ်းဖူးတာဆိုတော့ သူပြောတာတွေ ဟုတ်မယ်ထင်ပြီး လိုက်လုပ်ခဲ့တာ ဖြစ်မှာပေါ့"

"အဲဒီတော့ သူတို့လုပ်တာ မှန်သလား၊ မှားသလား ကိုထွန်းမြင့် ဖြေပါ"

အလယ်မှလူက မေးခြင်းဖြစ်သည်။

"မှားတာပေါ့၊ မှားလို့ သူတို့ကို ရ-ဝ-တရုံးခေါ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ပြောပြီးပြီ၊ ဦးသာပို နုတ်ထွက်စာတင်တာကိုလည်း ဒီရုံးကို ပို့ထားပြီးပါပြီ"

"အဲဒီလိုဆိုရင် ဦးကျော်ရင် တိုင်တာဟာ ဦးသာပိုကို ရ-ဝ-တက ပြုတ်စေချင်လို့ မတော်မတရား တိုင်တာမဟုတ်ဘူးပေါ့"

ဘယ်ဘက်မှလူက ထောက်ပေးလိုက်ခြင်းဖြစ်သည်။

"မဟုတ်ပါဘူး၊ မတရားတာကို မခံနိုင်လို့ တိုင်တာပါ"

ကိုယ်စကားနှင့်ကိုယ် မိသွားပြီဟု ထွန်းမြင့် နားလည်လိုက်ပါသည်။

"ဒါဆိုရင် ဦးမိုးက ကိုထွန်းမြင့်ကို တိုင်တာကျမှ မတော်မတရားတိုင်တာလို့ ဘာလို့ပြောရတာလဲ"

ဘယ်ဘက်အားမှ မေးသူက အပိုင်ကိုင်လိုက်နိုင်ပြီဟူသော အသာစီးမျက်နှာနှင့် ထွန်းမြင့်ကို ကြည့်နေသည်။

"မတူပါဘူး ၊ ဟိုဟာက မတရားတာကို မခံနိုင်လို့ တိုင်တာ၊ ကျွန်တော့်ဟာက တိုင်တဲ့လူ မတရားတာပါ"

မေးသူက အသံထွက်အောင် ရယ်လိုက်သည်။

"ဘယ်လိုလဲ ရ-ဝ-တ ဥက္ကဋ္ဌကြီးရဲ့၊ ကိုယ့်ကို တိုင်တာကျတော့ တိုင်တဲ့လူ မတရားတာတဲ့လား၊ ဟုတ်ပါ့မလား"

သရော်လှောင်ပြောင်သောလေသံကို ထွန်းမြင့် သဘောမကျပါ။

"ဟုတ်ပါတယ်၊ ကျွန်တော့်ကို တိုင်တာ မတိုင်တာနဲ့ မဆိုင်ပါဘူး၊ မှန်တဲ့ဟာကို မှန်တယ်လို့ ပြောတာပါ၊ မမှန်တဲ့





ဟာကို မမှန်ဘူးလို့ ပြောတာပါ"

ထွန်းမြင့်မျက်နှာ ပကတိ တည်ငြိမ်စွာနှင့် မေးသူကို ကြည့်နေသည်။

"ကဲ... အဲဒီလိုဆိုရင်တော့ ဦးမိုးက ဘာလို့ မတရားတိုင်တယ်ဆိုတာ ကိုထွန်းမြင့် ရှင်းပြဗျာ"

အလယ်မှဆရာက မေးခြင်းဖြစ်သည်။

"ဟုတ်ကဲ့ပါ၊ ဦးကျော်ရင် တိုင်တာက တကယ်မခံနိုင်လို့ တိုင်တာပါ၊ ဦးမိုး တိုင်တာက မခံနိုင်တဲ့အကြောင်း ဘာမှ မရှိပါဘူး၊ ဒေါ်ရွှေတို့၊ ခင်တင့်ဆိုတဲ့ မိန်းမတွေနဲ့လည်း သူနဲ့ ဘာမှမတော်ပါဘူ"

"ဟ... ဘာမှမတော်ပေမယ့် ကိုယ့်ရွာသူရွာသား မိန်းမတွေ မတရားစော်ကားခံရတာကို မခံနိုင်လို့ တိုင်တာဖြစ်မှာပေါ့ဗျ"

ဖြတ်ပြောသော ဘယ်ဘက်မှလူကိုကြည့်ပြီး ထွန်းမြင့် ပြုံးလိုက်သည်။

"ဦးမိုးမှာ အဲဒီလောက်ကောင်းတဲ့စိတ်မျိုး ဘယ်တုန်းကမှ မရှိဖူးပါဘူး"

ထွန်းမြင့်က အပြတ်ပြောလိုက်သည်။

"ဟာ... ခင်ဗျား အဲဒီလိုပြောလို့ ဘယ်ရမလဲဗျ"

"ရပါတယ်၊ ခုတိုင်တာလည်း အဲဒီမိန်းမတွေ မတရားခံရတယ်ဆိုပြီး တိုင်တာ မဟုတ်ပါဘူး၊ ဦးဘခိုင်က သူ့ကို အတိုင်ခိုင်းလို့ တိုင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ ဦးဘခိုင်က အတိုင်ခိုင်းရတာလဲ"

အလယ်မှဆရာက ဖြတ်မေးသည်။

"တိုင်လို့ ကျွန်တော်ပြုတ်သွားရင် သူ ရွာလူကြီးလု
ချင်လို့ပါ"

"ကိုထွန်းမြင့် ပြုတ်သွားပေမယ့် ဦးဘခိုင် ရွာလူကြ
ဖြစ်ချင်မှ ဖြစ်မှာပေါ့ဗျ"

ဘယ်ဘက်ဘေးမှ ဆရာက ပြောလိုက်ခြင်းဖြစ်သည်

"ဦးဘခိုင်ကတော့ အဲဒီလို ဖြစ်မယ်လို့ပဲ ထင်နေပါတယ်

"ဒါဖြင့် ဦးဘခိုင် အတိုင်ခိုင်းတာနဲ့ ဦးမိုးက ဘာ
တိုင်ရမှာလဲဗျ"

"ဦးမိုးက အိမ်ဆောက်တော့ ဦးဘခိုင်ဆီမှာ စပါးပေး
ငွေနှစ်ထောင် ယူထားတယ်၊ ဒါကို တိုင်ရင် အဲဒီငွေနှစ်ထော
ပေးစရာမလိုတော့ဘူး ပြောလို့ တိုင်တာပါ"

"ခင်ဗျားမှာ အထောက်အထားရှိလို့လား"

"အထောက်အထားတော့ မရှိပါဘူး၊ ဒါပေမယ့် ဟုတ်ထ
တော့ သေချာပါတယ်"

"ဟ... အထောက်အထားမရှိဘဲနဲ့ သေချာပါတယ်
ပြောလို့ ဘယ်ရမလဲဗျ"

"အဲဒီလိုဆိုရင် ကျွန်တော် ဒေါ်ရွှေအိမ်သွားတယ်ဆို
ပြောတာရော အထောက်အထားရှိလို့လား"

"ဒေါ်ရွှေက ပြောတာ အထောက်အထားပေါ့ဗျ"

ဘယ်ဘက်မှလူကို ထွန်းမြင့် မကျေမနပ် လှမ်းကြည့်





လိုက်သည်။

"အဲဒီလို ပြောကြေးဆိုရင် ကျွန်တော်ပြောတာလဲ
အထောက်အထားပေါ့ဗျ"

"သူတို့က တိုင်တဲ့လူနဲ့ ဒေါ်ရွှေနဲ့ နှစ်ယောက်မြင်
တာဗျ"

"အဲဒါဆိုရင် ကျွန်တော်တို့ ရ-ဝ-တ တစ်ဖွဲ့လုံးကို
ခေါ်မေးကြည့်ပေါ့ဗျာ၊ ကျွန်တော်တို့က ပိုတောင်များသွားပါ
လိမ့်မယ်"

ထွန်းမြင့်ကို စစ်ဆေးသည်မှာ လက်နှိပ်စက်သမားအတွက်
မည်သို့ရိုက်ရမှန်းမသိအောင် အခက်အခဲရှိနေ၍ အလယ်မှ မ-
ဝ-တ ဥက္ကဋ္ဌက လက်နှိပ်စက်သမားရိုက်ရအောင် ပြန်ပြော
ပေးနေရသည်။

"ဒါဆိုရင် ကိုထွန်းမြင့်ကို ကျွန်တော် တစ်ခုမေးမယ်ဗျာ"

အလယ်မှဆရာကို ထွန်းမြင့် လှမ်းကြည့်လိုက်သည်။

"ဟုတ်ကဲ့ မေးပါ"

ဤဆရာမေးပုံကို ထွန်းမြင့် သဘောကျသည်။ သူ့
အပေါ်မှာ နားလည်မှုရှိသည်ဟု ထင်သည်။

"အဲဒီညေ့်စာရင်းစစ်တဲ့ညက ဦးသာပိုနဲ့ ကိုထွန်းရီတို့
ညေ့်စာရင်းစစ်ကြတာကို ကိုထွန်းမြင့် သိသလား"

"လုံးဝ မသိပါဘူး၊ ကျွန်တော်တင် မဟုတ်ပါဘူး၊ ကျွန်
တဲ့ ရ-ဝ-တ အဖွဲ့ဝင်တွေလည်း မသိပါဘူး"

"ဦးသာပိုက အဲဒီည အလှည့်ကျ တာဝန်ဆိုတာရော



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သလား"

"ဟုတ်ပါတယ်"

"သူတို့ ညှော်စာရင်းစစ်တဲ့ ကိစ္စကို ဘယ်အချိန်မှာ ကိုထွန်းမြင့် သိသလဲ"

"နောက်တစ်နေ့မှာ ဦးကျော်ရင် တိုင်မှပဲသိတာပါ"

မေးသူက ခေါင်းညိတ်ပြသည်။

လက်နှိပ်စက်ရိုက်သည်ကို ခဏစောင့်နေကြရသည်။

"ဒါဆိုရင် အဲဒီညက ဒီအကြောင်းတွေ လုံးဝမသိဘူးပေါ့"

ဘယ်ဘက်ဘေးမှဆရာက မေးခြင်းဖြစ်သည်။

"မသိပါဘူး"

"ဒါဆို အဲဒီညက ကိုထွန်းမြင့် ဒေါ်ရွှေအိမ် သွားတယ်ဆိုတာ မဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူး"

"ကိုထွန်းမြင့် မညာဖူးဆိုတာ သေချာရဲ့လား"

ဘယ်ဘက်မှ အသားဖြူဖြူလူက မေးခြင်းဖြစ်သည်။

ဤဆရာမေးပုံကို ထွန်းမြင့် သဘောမကျ။ စံညွှန်းနှင့် ခင်မင်သူဖြစ်လေသလားဟုပင် သံသယဖြစ်မိသည်။

"သေချာပါတယ်"

"ဘာလို့ သေချာတာလဲ"

ထိုမေးခွန်းကို ပို၍မကျေနပ်။

"ကိုယ်မသွားတာ ကိုယ်သေချာတာပေါ့"





စစ်ဆေးသူ သုံးဦးလုံး ပြုံးကြသည်။

"မီးလောင်တဲ့ညက ကိုထွန်းမြင့် မီးသွားသတ်တော့ ဒေါ်ရွှေအိမ်မှာ မခင်တင့်ဆိုတဲ့ မိန်းကလေးရှိနေတာ သိသလား"

ရဲအရာရှိက မေးခြင်းဖြစ်သည်။

"မသိပါဘူး၊ ကိုယ့်ရွာ မီးလောင်မှာစိုးတာကလွဲပြီး ဘယ်သူ့မှ စိတ်မဝင်စားပါဘူး"

"ဒေါ်ရွှေ ပြောတာတော့ ကိုထွန်းမြင့်က ခင်တင့်ဆိုတဲ့ မိန်းကလေးကို စိတ်ဝင်စားနေတာတဲ့၊ မီးလောင်တဲ့ညက စွန့်စွန့်စားစား မီးငြိမ်းတာလည်း ခင်တင့်ရှေ့မှာ သူ့ရဲကောင်းလုပ်ပြချင်လို့တဲ့ ဟုတ်လား"

ဘယ်ဘက်မှဆရာက မေးခြင်းဖြစ်သည်။

မေးသူကိုရော ဒေါ်ရွှေကိုပါ မကျေနပ်ဖြစ်ရသည်။ ဖြေချင်စိတ်လည်း မရှိပါ။

"ကျွန်တော် အဲဒီမေးခွန်းကို မဖြေချင်ပါဘူး"

ထွန်းမြင့် စိတ်ပျက်စွာ ပြောလိုက်မိခြင်းဖြစ်သည်။

"ဘာဖြစ်လို့လဲ"

ဘယ်ဘက်မှဆရာက ခပ်မာမာပြန်မေးသည်။

"ကျွန်တော့်ကို တမင်သက်သက် စော်ကားတဲ့မေးခွန်းဖြစ်နေလို့ပါ"

အလယ်မှဆရာက ထွန်းမြင့်ကို နားလည်စွာကြည့်ရင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ မဟုတ်ဘူး ဖြေလိုက်ရင် ပြီးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com

ဘယ်ဘက်မှဆရာက အဖြေကို အတင်းတောင်းနေသည်။

"သူ့အိမ် မီးမကူးအောင် အစွမ်းကုန်လုပ်ပေးတဲ့လူကို သူ အဲဒီလို မပြောသင့်ဘူး၊ ကျွန်တော့်ကို အရှက်ကွဲစေချင်ရအောင် သူနဲ့ ကျွန်တော် ရန်သူလည်း မဟုတ်ဘူး၊ သူ ဘာဖြစ်လို့ အဲဒီလိုပြောတယ်ဆိုတာ စစ်ဆေးတဲ့လူကြီးတွေ စဉ်းစားဖို့ကောင်းပါတယ်"

"ညီစာရင်းစစ်တဲ့ညက သူ့အိမ်လာပြီး စော်ကားသွားတာကို မကျေနပ်လို့ ဖြစ်မှာပေါ့"

ဘယ်ဘက်မှလူ၏ မှတ်ချက်ဖြစ်သည်။

"အဲဒါဟာ ကျွန်တော် မဟုတ်ဘူးဆိုတာ သူသိတာပဲ"

"ညအမှောင်ထဲဆိုတော့ ကိုထွန်းမြင့်ဖြစ်တာ သေချာတယ်ထင်လို့ရော မဖြစ်နိုင်ဘူးလား"

ရဲအရာရှိကို ထွန်းမြင့် ခေါင်းယမ်းပြလိုက်သည်။

"ဦးမိုးရဲ့တိုင်စာထဲမှာတော့ ထင်တာတောင် မဟုတ်ဘူး၊ ကိုထွန်းမြင့်ဆိုတာ သေချာတယ်လို့ အခိုင်အမာစွပ်စွဲတာ"

ဘယ်ဘက်မှဆရာ၏ လေသံကလည်း ခိုင်ခိုင်မာမာဖြစ်သည်။

"အဲဒါဆိုရင် ကျွန်တော် ဘာမှမပြောချင်တော့ပါဘူး၊ သူတိုင်တဲ့အတိုင်း လက်ခံချင်ရင် လက်ခံလိုက်ပါ၊ ကျွန်တော့်ကို ကြိုက်တဲ့အပြစ်ပေးပါ"

ထွန်းမြင့် ဘာမျှဆက်ဖြေချင်စိတ် မရှိတော့ပါ။

"ဟာ... အဲဒီလို မဟုတ်ဘူးလေဗျာ၊ ကျွန်တော်တို့က





အမှန်တရား ပေါ်ပေါက်လာအောင် စိတ်ရှည်ရှည်ထားပြီး မေးနေရတာ"

ဘယ်ဘက်မှဆရာက ရှင်းပြသည်။

"သူများကို ထိခိုက်မပြောချင်လို့ပါ၊ အမှန်တရားသိချင်တာဆိုရင်တော့ ကျွန်တော် ပြောပါမယ်"

"ပြောပါ"

အလယ်မှဆရာက ခေါင်းညိတ်ပြလျက် အာ ပေးသည်။

ထွန်း မြင့်က ဒေါ်ရွှေနှင့် ခင်တင့်ဟိုတို့၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းနှင့် ဦးဘခိုင်တို့ သားအဖနှင့် ဆက်သွယ်ပုံများမှစပြီး ထွန်းမြင့် ရ–ဓ–တ ဥက္ကဋ္ဌမှပြုတ်လျှင် ဦးဘခိုင် ရ–ဝ–တ ဥက္ကဋ္ဌဖြစ်ရန် မျှော်မှန်းပုံ၊ ထွန်း မြင့် အရှက်တကွဲဖြစ်ပြီး မိန်းမကိစ္စနှင့် သိက္ခာကျလျှင် ညီယဉ်ကို စီည္ဓနို့က ရယူလိုပုံများ အထိ ပြောပြလိုက်သည်။

သူ၏ပြောဆိုချက်များ မှန်မမှန် အဖွဲ့ဝင် ဦးချစ်ရွှေနှင့် ရ–ဝ–တ အဖွဲ့ဝင်များကို ခေါ်မေးရန်၊ ဦးဘအောင်ကိုပါ ခေါ်မေးရန်ကိုလည်း ထပ်ပြောလိုက်သည်။

"အခု ကိုထွန်းမြင့်ပြောတဲ့လူတွေ အားလုံးကိုလည်း ကျွန်တော်တို့ ဆက်မေးသွားမှာပါ"

မ–ဝ–တ ဥက္ကဋ္ဌက ထွန်းမြင့်ကို ကတိပေးလိုက်သည်။

စစ်ဆေးခန်းမှထွက်လာတော့ ထွန်းမြင့် ကိုယ်ရောစိတ်ပါ ပင်ပန်းနွမ်းနယ်နေသည်။

ကိုယ့်ရွာကို ပြန်ရမည်ပင် စိတ်မပါသလို ခံစားနေရ



www.burmeseclassic.com

www.burmeseclassic.com

သည်။

ကိုယ့်ရွာသည် ကိုယ့်အတွက် ချစ်စရာမဟုတ်တော့သလို ကြုံတွေ့နေရသောအဖြစ်က ထွန်းမြင့်ရင်မှာ နှမ်းလျစရာ။

* * *



## ၂၉

"အို ... ကိုစံညွန့်"

အိမ်ထဲသို့ ဝင်လာသော စံညွန့်ကိုကြည့်ပြီး ညိုယဉ် ထိတ်လန့်တုန်လှုပ်သွားသည်။

အချိန်က ည ၇:၀၀ နာရီခန့်။ မှောင်နေပြီ။

အိမ်ထဲမှာ ညိုယဉ်တစ်ယောက်တည်း ရှိနေချိန် ဖြစ်သည်။

ဖယောင်းတိုင် ထွန်းထားသော်လည်း အလင်းအားက နည်းသည်။

အိမ်ထဲမှာ ညိုယဉ်တစ်ယောက်တည်း စုတ်နေသော အင်္ကျီတစ်ထည်ကို ပြန်ချုပ်နေချိန် ဖြစ်သည်။ တန်းလျားခုံရှည်ပေါ်တွင် ဆက်ထိုင်နေရခက်၊ ထရအခက် ဖြစ်နေသည်။

"ဒေါ်လေးနဲ့ လမ်းမှာတွေ့တယ်။ သူ ဒေါ်ခင်တိုးဆီကို သွားမလို့တဲ့။ အိမ်မှာ ညိုယဉ်ရှိတယ် သွားလိုက်ဆိုလို့ လာခဲ့တာ"

"ဟင်.. အမေကလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ…ညိုယဉ် မကျေနပ်ဘူးလား"

"ကိုယ့်သမီး တစ်ယောက်တည်း အိမ်မှာရှိနေတာ၊ ဒီအချိန်ကြီးများ"

ညိုယဉ် ဆက်မပြောတော့ဝါ။

"ဟုတ်တယ်လေ၊ ညိုယဉ်နဲ့ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် တိုင်ပင်ခွင့် ရအောင်လို့ နေမှာပေါ့"

"အမေရှိရင် ပိုကောင်းတာပေါ့"

ညိုယဉ်က အင်္ကျီကို ဆက်ချုပ်နေသည်။ လက်ထဲမှာ အပ်ချည်တန်းလန်းနှင့် အပ်ကို ကိုင်ထားရသည်က အားရှိသလို ခံစားရသည်။

အပ်ချုပ်ရင်းမှ အပ်ကို ဆောင့်၍ဆွဲနေရသည်ကလည်း အနားသို့ စံညွန့် ကပ်မလာရဲအောင် ခြိမ်းခြောက်သလို ဖြစ်နေ၍ သဘောကျသည်။

"ဒေါ်လေးက သဘောတူပြီးသားပဲ။ ညိုယဉ့်သဘောထားပဲ ကွဲကွဲပြားပြားသိဖို့ လိုတော့တယ်"

စံညွန့်က ညိုယဉ် ထိုင်နေသော တန်းလျားခုံ၏ တစ်ဖက်အစွန်းမှာ ဝင်ထိုင်သည်။

နေရာချင်း လက်လှမ်းမမီအောင် ကွာလှမ်း၍ ညိုယဉ် ဆက်ထိုင်နေလိုက်သည်။ မတ်တတ်ထလိုက်မှ သူက ကိုယ့်အနား လာရပ်မှာကိုလည်း ပို၍ကြောက်သောကြောင့် ဖြစ်သည်။

"ကဲ … ပြောလေ"

စံညွန့်က အပိုင်မေးနေသည်။





"ဘာမှ ပြောစရာ မရှိပါဘူး"

ညိုယဉ်က မပြတ်မသား လုပ်ထားလိုက်သည်။

"ဟာ … အဲဒီလို မလုပ်နဲ့လေ၊ ပြောစရာ ရှိရမှာပေါ့"

"ပြောစရာ မရှိပါဘူးလို့ ပြောထားပြီပဲ"

ညိုယဉ့်အသံက နည်းနည်းမာသည်။

"အမေနဲ့ ဒေါ်လေးမြက တို့နှစ်ယောက်ကို လက်ထပ်ပေးဖို့ သဘောတူထားကြပြီ"

"ကျွန်မ ဒီတစ်နှစ်အတွင်း ဘယ်သူနဲ့မှ လက်မထပ်သေးဘူးလို့ အမေ့ကို ပြောပြီးသားပဲ"

"ဟုတ်ပြီ … ဒါဆိုရင် သင်္ကြန်ပြီးလို့ နှစ်သစ်ကူးတာနဲ့ လက်ထပ်လို့ ရပြီပေါ့"

စံညွန့်က လက်ချိုးရေတွက်သည်။

"အခု တပို့တွဲလဆိုတော့ နောက်ထပ် နှစ်လကျော်ကျော်လောက်ပဲ စောင့်ရတော့မယ်"

စံညွန့်က အပိုင်တွက်နေသည်။

"တို့ကတော့ အဲဒီနှစ်လကို မြန်မြန်ကုန်ပြီး မြန်မြန်လက်ထပ်ချင်လှပြီ။ ညိုယဉ်နဲ့ နှစ်ယောက်အတူတူ နေချင်လှပြီ"

ညိုယဉ် နားရှက်မိသည်။ ဆက်ပြီး နားထောင်ချင်စိတ်လည်း မရှိ။

"ကိုစံညွန့် အမေ မရှိတုန်း အဲဒါမျိုးတွေ လာမပြောပါနဲ့။ ပြန်ပါတော့၊ နှစ်ယောက်တည်းဆိုတာ သူများတွေသိ



www.burmeseclassic.com

www.burmeseclassic.com

ရှင် မကောင်းပါဘူး"

ညိုယဉ်က အိမ်ထဲမှ နှင်လွှတ်နေသည်။

"ဘာမှ မကောင်းစရာ မရှိဘူး။ မကြာခင် လက်ထပ်တော့မှာပဲ ညိုယဉ်ကလဲ"

"လက်ထပ်ဖို့ ကျွန်မ ဘာမှ မစဉ်းစားသေးဘူး"

ညိုယဉ်၏ လေသံက မာ၍ စံညွှန့်ရင်ထဲမှာ မကျေမနပ် ဖြစ်ရသည်။

"ဘာလဲ ... ညိုယဉ်က ဟိုကောင် ထွန်းမြင့်ကို အထင်ကြီးနေတုန်းပဲလား"

"ဘယ်သူ့မှ အထင်မကြီးဘူး။ မဆိုင်တဲ့ စကားတွေ မပြောပါနဲ့"

"အဲဒီကောင်လည်း ရ-ဝ-တ ကနေ ပြုတ်တော့မှာ။ တော်တော် ယုတ်မာတဲ့ကောင်။ ရ-ဝ-တ ဥက္ကဋ္ဌဖြစ်တာမှ ရက်ပိုင်း ရှိသေးတယ်၊ ဧည့်စာရင်းစစ်ပြီး ဧည့်သည်မိန်းကလေးကို မတော်မလျော် စော်ကားရတယ်လို့"

ကြားနေရသည့် စကားများအတွက် ညိုယဉ် စိတ်ပျက်မိသည်။

"နေပါဦး ... ကိုစံညွှန့်၊ ဘာဖြစ်လို့ အဲဒါတွေ ပြောနေရတာလဲ"

"ညိုယဉ် ဒီကောင့်ကို စိတ်ပြတ်သွားအောင်လို့"

"အဲဒါ ကျွန်မ စဉ်းစားရမှာပါ၊ ရှင်နဲ့ မဆိုင်ပါဘူး"

"ဆိုင်တာပေါ့၊ ညိုယဉ်နဲ့ ငါက လူကြီးချင်း သဘော





တူပြီးသား၊ ဘယ်လိုပဲဖြစ်ဖြစ် မကြာခင် လက်ထပ်ရမှာ"

"ကျွန်မ ဘာမှ မစဉ်းစားသေးဘူးလို့ ပြောထားပြီပဲ"

"မစဉ်းစားလို့ မရဘူး ... ညိုယဉ်၊ စဉ်းစားရမယ်။ အေးလေ ... စဉ်းစားနေစရာတောင် မလိုဘူး၊ နှစ်သက်ကူးပြီးရင် လက်ထပ်ရမယ်"

စံညွှန့်က အပိုင်ပြောနေရာက ညိုယဉ့်မျက်နှာကို ရွှန်းရွှန်းစားစား ကြည့်နေသည်။

"ရှင် ကျွန်မကို အဲဒီကို အကျပ်ကိုင်လို့ ရမယ် ထင်သလား"

"အကျပ် မကိုင်ပါဘူး၊ ဒေါ်လေးကို နားချနိုင်မှာပေါ့"

"ကျွန်မ သဘောမတူရင်တော့ နားချလို့ မရဘူး၊ ပါးချရင်တောင် အသေခံသွားမယ်"

ညိုယဉ်က တင်းတင်းမာမာ ပြန်ပြောလိုက်သည်။

"ညိုယဉ်ရယ်၊ ဒီလောက်တောင် ဘာဖြစ်လို့ ကိုယ့်ကို တင်းတင်းမာမာ ဖြစ်နေရတာလဲ"

စံညွှန့်က လေချိုသွေးလိုက်သည်။

"ကိုယ်မကြိုက်တဲ့ စကားတွေ လာပြောနေတာပဲ။ တင်းတင်းမာမာ ဖြစ်မှာပေါ့"

"ကောင်းပါပြီဗျာ ... ဒါဖြင့် ညိုယဉ် မကြိုက်တဲ့ စကားတွေ မပြောတော့ပါဘူး။ ညိုယဉ်ကြိုက်မယ့် စကားပဲ ပြောပါတော့မယ်။ ညိုယဉ် ကိုယ့်ကို ချစ်လား၊ ပြော"

စံညွှန့်မျက်နှာကို ညိုယဉ် မကြည့်ချင်ပါ။


www.burmeseclassic.com

www.burmeseclassic.com



ကြားနေရသည့် လေသံကိုပင် စိတ်ပျက်လုပြီ ဖြစ်သည်

"အဲဒီစကားမျိုးတွေ ပြောတာကို မကြိုက်တာ"

ညိုယဉ်က စုတ်နေသောအကျီ ချုပ်ပြီးသွား၍ အပ်ချည်ကို ပါးစပ်နှင့်ကိုက်ပြီး ဖြတ်လိုက်သည်။

သို့သော် အပ်ကို ဆက်ပြီးကိုင်ထားချင်သေး၍ ကြ သီးတစ်လုံး အပ်ချည်လျှော့နေသည်ကို ထပ်ချုပ်နေလိုက်သည်

"ကိုယ်က ညိုယဉ်ကို တကယ်ချစ်လို့ လက်ထပ် တာပါ၊ ညိုယဉ်ကို တစ်သက်လုံး အကောင်းဆုံးဖြစ်အော ထားမှာပါ"

စံညွှန့်လေသံက ချော့ချော့မော့မော့ ထောင်းတော ပန်းပန် ဖြစ်သည်။

"စိတ်ပျက်တာပဲရှင်၊ ကိုစံညွှန့် ပြန်ပါတော့။ ကျွ တောင်းပန်ပါတယ်"

"ကိုယ့်စကားကို နားထောင်ပါဦး ညိုယဉ်ရယ်၊ ကို နဲ့ လက်ထပ်ပြီးရင် ညိုယဉ် အခုလုပ်နေရတဲ့ ကောက်စိုက် လယ်ရိတ်၊ ပေါင်းနုတ်အလုပ်တွေ ဘာမှ မလုပ်ရတော့ဘူး

စံညွှန့်က ထပ်ပြောနေပြန်သည်။

"ကိုစံညွှန့် ပြန်ပါ။ ဒီလိုအချိန်မှာ ခုလို နှစ်ယော တည်း စကား မပြောချင်ဘူး"

ညိုယဉ်က ထပ်နှင်သည်။

"ကဲ ... မြန်မြန်ပြန်စေချင်ရင် ချစ်တယ်လို့ နှစ်လုံ ပြော၊ ပြန်မယ်"





စံညွှန့် ရှေ့ကို ခြေတစ်လှမ်း တိုးလာသည်။

"ကိုစံညွှန့် ရှေ့တိုးမလာနဲ့နော်"

ညိုယဉ်က အပ်ကို တင်းတင်းကိုင်ထားသည်။

"ဘာလဲ ... ညိုယဉ်က အပ်နဲ့ ထိုးမလို့လား၊ ဟင်း ဟင်း ... မကြောက်ပါဘူး"

သူက မကြောက်ဘူးဆိုတော့ ညိုယဉ် ကြောက်လာ သည်။ ဘာလုပ်ရမှန်းမသိ။

"ကျွန်တော် ညိုယဉ်ကို သိပ်ချစ်တယ်။ ညိုယဉ်ကို စိတ်ချမ်းသာအောင် ထားမှာပါ၊ လူကြီးချင်းလည်း သဘော တူပြီးသားဆိုတော့ ညိုယဉ် ကိုယ့်ကို ချစ်တယ်လို့သာ ပြောပါ။ ပြောရင် ပြန်ပါ့မယ်"

"ကျွန်မ မပြောနိုင်ဘူး"

"မပြောရင် မပြန်ဘူး"

စံညွှန့် ရှေ့တိုးလာ၍ ညိုယဉ် ကြောက်နေသည်။

"ကိုစံညွှန့် ရှေ့မတိုးနဲ့နော်"

ညိုယဉ်၏အသံများ ယုန်နေသည်။

"မတိုးစေချင်ရင် ချစ်တယ်လို့ ပြောလေ"

စံညွှန့်က အကျပ်ကိုင်သည်။

"မပြောနိုင်ဘူး"

ညိုယဉ် အပ်ကို တင်းတင်းပါအောင် ကြိတ်ထားလိုက် သည်။ စံညွှန့်က ရှေ့ဆက်တိုးလာသည်။

"ဟင် ... ရှင်၊ ကဲ ... ကဲ"



www.burmeseclassic.com

www.burmeseclassic.com



ညိုယဉ် လက်ထဲမှအပ်နှင့် စံညွန့်ကို လှမ်းထိုးလိုက်သည်။ သို့သော် စံညွန့်ကို မထိ။

စံညွန့်ကရှောင်ပြီး ညိုယဉ့်လက်ကို ဖမ်းထားလိုက်သည်။

"အို ..."

ညိုယဉ် ဘာလုပ်ရမှန်း မသိ။ လက်များ ဆတ်ဆတ်တုန်လာသည်။

"အို ... ကိုစံညွန့်နော်"

စံညွန့်က ရှေ့သို့ ဆက်တိုးလိုက်သည်။

"မညိုရေ၊ မညို ရှိလားဟေ့"

မြသီအသံ ဖြစ်သည်။ ညိုယဉ် ဝမ်းသာသွားသည်။

စံညွန့်က ဆုပ်ကိုင်ထားသော ညိုယဉ့်လက်ကို လွှတ်ပြီး နောက်ဆုတ်သွားသည်။ မြသီ အိမ်ထဲသို့ ဝင်လာသည်။

"ဩော် ... ကိုစံညွန့်ကြီး ရောက်နေတာကိုး"

"အေး ... ဟုတ်တယ်"

"ဒွေးလေး မရှိဘူးလား။ အိမ်မှာ ပြောင်းဖူးပြုတ်ထားလို့ စားရအောင် နှင့်ကို လာခေါ်တာ"

"ငါ့ရော မခေါ်ဘူးလား"

စံညွန့်က ဝင်ရောနေသေးသည်။

"ခေါ်ပါတယ်"

"အလကား ပြောတာပါဟာ၊ ကဲ ... ငါသွားတော့မယ်"

အခြေအနေ မဟန်တော့၍ စံညွန့် အိမ်ထဲမှ ထွက်သွားပါသည်။



## ၃၀

မြသီကို ဖက်၍ ညိုယဉ် ရှိုက်ကြီးတငင် ငိုပစ်လိုက်သည်။

"ဟဲ့ ... မညိုရယ်၊ ဘာမှမဖြစ်ဘဲနဲ့ ဘာလို့ ဒီလောက် ငိုနေရတာလဲ"

မြသီက သူငယ်ချင်းကို ကြင်နာစွာ အားပေးသည်။

"ဟင့်–အင့် ... နင်သာ အချိန်မီ ရောက်မလာရင် ငါ ဒုက္ခဖြစ်မှာ"

"ဘာလို့ ဒုက္ခ ဖြစ်ရမှာလဲ။ ငါ အပြင်မှာ ရောက်နေတာ ကြာလှပြီ"

မြသီ ပြောပုံလေးက အေးအေးဆေးဆေး။

"ဒါဖြင့် ... နင် ငါတို့ပြောနေတာတွေ အားလုံး ကြားတာပေါ့"

"ကြားတာပေါ့"

"ဟင် ... နင် ဘယ်အချိန်ကစပြီး ရောက်နေတာလဲ"

"ကိုစံညွန့် အိမ်ထဲဝင်သွားတာ လှမ်းမြင်လိုက်ပြီးကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး ငါရောက်လာတာပဲ"

"ဟယ် ... မြသီရယ်၊ ဒါများ စောစော မလာဘူး"

မြသီတို့ ညိုယဉ် မဆော့နှပ်ချင်။

"ဝင်လာလို့ ဘယ်ဖြစ်မလဲဟ၊ မညိုတို့ အခြေအနေက ဘယ်လိုမှန်းမှ မသိတာ။ လူကြီးချင်းကလည်း သဘောတူထားကြတယ်ဆိုတော့ မညိုတို့ချင်းလည်း ပြေလည်ပြီးသား ဖြစ်ချင် ဖြစ်နေမှာပေါ့"

"ဘယ်ကလာ ပြေလည်ရမှာလဲဟ၊ ငါဖြင့် တစ်ယောက်ထည်း စိတ်ညစ်လိုက်ရတာ၊ ရင်ထဲကို ပူလို့ ... မောလိုက်တာ"

"ငါသိပါတယ်၊ မညို အတင်းငြင်းနေတာ ကြားတာနဲ့ ချက်ချင်း ဝင်လာတာ"

"တော်ပါသေးရဲ့ မြသီရယ်"

"ဒါပေမယ့် ဒွေးလေးမြက လက်ထပ်ပေးဖို့ သဘောတူထားတယ် မဟုတ်လား"

ညိုယဉ်၏ မျက်လုံးအိမ်မှာ မျက်ရည်များ ရစ်ဝဲလာကြပြန်သည်။

"ငါ သူ့ကို မယူချင်ဘူးဟာ"

"မယူချင် မယူနဲ့ပေါ့ဟ"

"ငါ့မှာ ဘယ်လိုလုပ် ငြင်းမလဲဟ၊ အမေကလည်း အတင်းနားချနေတာ၊ ငါ့မှာ အကြောင်းပြစရာလည်း မရှိဘူး"

"ကိုထွန်းက မညိုနဲ့တွေ့ပြီး ရှင်းပြချင်နေတာ၊ ငါ့ကို တွေ့တိုင်း ပြောနေတာ၊ မညိုကမှ လက်မခံတာ"





"တော်စမ်းပါဟာ၊ သူ့အကြောင်းလည်း ငါ မကြားချင်ဘူး။ သူ့ကြောင့် ငါ ဒီလို စိတ်ဆင်းရဲနေရတာ"

"ဟယ် ... ဘာဆိုင်လဲဟ"

"ဆိုင်တာပေါ့၊ သူကလည်း ဟိုမိန်းမနဲ့ ပတ်သက်ပြီး ရွာထဲမှာ လူတကာ ပြောနေကြတော့ အမေက ငါ့ကို သူ့စိတ်ကြိုက်လုပ်ဖို့ အတင်းပြောနေတာပေါ့၊ သူတို့ အကြွေးတွေကလည်း အများကြီးဆိုတော့ ငါ စိတ်ညစ်တယ်ဟာ"

ညိုယဉ်၏ပါးပေါ်မှာ မျက်ရည်များ စီးကျလာပြန်သည်။

ညိုယဉ်ကို ကြည့်ပြီး မြသီ သက်ပြင်းချလိုက်သည်။

"မညိုဟာကလည်း မချစ်ဘဲနဲ့ အကြွေးသိမ်းခံရသလိုကြီး၊ မကောင်းလိုက်တာ"

မြသီက သူငယ်ချင်းအတွက် စိတ်မကောင်းဖြစ်နေသည်။

"ငါ မသိဘူးဟာ၊ ငါ သေလိုက်ရင် ကောင်းမယ်"

ညိုယဉ် ဝမ်းနည်းလွန်း၍ ငိုသည်။

"မိညို ... နင် ကိုထွန်းရှင်းပြတာကို နားထောင်လိုက်ပါလားဟာ"

"ဟင့်အင်း ... ငါ သူနဲ့လည်း မတွေ့ချင်ဘူး"

ညိုယဉ် ငြင်းသည်။

"နင်က ကိုစံညွန့်တို့ ပြောတာကို ယုံနေတာကိုးဟာ"

"သူတို့ပြောတာကို ငါမယုံဘူး၊ ဒါပေမယ့် ဒေါ်ရွှေက သူ့ကို စစ်ဆေးတော့ ဟုတ်တယ်လို့ ဝန်ခံတယ်တဲ့၊ မဟုတ်ဘဲနဲ့ ဘယ်သူက အဲဒီလို ပြောမှာလဲဟ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုဆိုရင် ကိုထွန်းကလည်း အဲဒီညက ဒေါ့်စာရင်း စစ်တာကို သူ လုံးဝမသိဘူး၊ အဲဒီအိမ်ကိုလည်း သူ လုံးဝ မသွားဘူးလို့ စစ်ဆေးတဲ့ဆီမှာ ငြင်းထားတာလည်း မညို စဉ်းစားရမှာပေါ့ ငါတော့ ကိုထွန်းကို ယုံတယ်၊ ကိုထွန်း အဲဒီလို လုပ်မှာမဟုတ်ဘူး၊ ပြီးတော့ ကိုထွန်းက မညိုကို သိပ် ချစ်တာ မညို သိပါတယ်"

"မသိဘူးဟာ၊ မသိဘူး၊ ငါ ဘာမှ မသိဘူး၊ ဘာမှ လည်း မစဉ်းစားချင်ဘူး"

ညိုယဉ် ရှိုက်ကြီးတငင် ငိုချလိုက်ပါသည်။

* * *



## ၃၁

"ညိုယဉ်ရေ"

အိမ်ရှေ့မှ အသံကြား၍ ညိုယဉ် ထွက်ကြည့်သည်။ ဒေါ်ရွှေကို တွေ့ရသည်။

အိမ်သို့လာနေကျ မဟုတ်၍ ညိုယဉ့်အတွက် ထူးဆန်း နေ၏။

"ညည်းအမေ မချစ်မြရော"

"မရှိဘူး အရီးရွှေ"

"ဘယ်သွားလဲ"

"မသိလိုက်ဘူး၊ မြောက်ပိုင်းသွားတယ် ထင်တာပဲ"

"မှန့်ဆီကြော်ဒယ်အိုး ခဏငှားချင်လို့အေ"

လာသည့်အကြောင်းကို ညိုယဉ် သိလိုက်ရသည်။

"အရီးရွှေကလဲ ... ဘယ်ရှိတော့မလဲ၊ မီးထဲ ပါသွားပြီ"

"ဟဲ့- ဒယ်အိုးပဲအေ"

"သံဒယ်အိုးလည်း မီးကောင်းတော့ လိမ်ကောက်သွား တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အို ... အေ ဖြစ်မှဖြစ်ရလေ"

အရီးရွှေ စိတ်ပျက်သွားသည်။

"နတ်တင်ဖို့ မုန့်ဆီကြော်လေး ကြော်ချင်လို့အေ၊ ဒယ်အိုးက ဘယ်သွား ငှားရမှန်းတောင် မသိတော့ဘူး"

အရီးရွှေ လှည့်ပြန်တော့မည်။

အခုလို ကြုံတုန်း အရီးရွှေကို မေးလိုက်ချင်သည်များ ညိုယဉ်၏ ရင်ထဲမှာ အများကြီး ရှိနေသည်။

အရီးရွှေက တစ်လှမ်းနှစ်လှမ်းပင် ရွှေ့လျားနေပြီ။

သူများ တစ်ဆင့်ကြားတွေနှင့် ယုံထားရသည်များကို တကယ်ဟုတ် မဟုတ် ညိုယဉ် အခိုင်အမာ သိချင်သည်။

"အရီးရွှေ ... ခဏလောက်"

ညိုယဉ်ခေါ်သံကြောင့် ဒေါ်ရွှေ ပြန်လှည့်လာသည်။

"ဟို ... အရီးရွှေကို တစ်ခု မေးကြည့်ချင်လို့"

ညိုယဉ့်လေသံက မဝံ့မရဲ။

"မေးလေ"

အရီးရွှေက ညိုယဉ့်နားသို့ ပြန်လျှောက်လာသည်။

"ဟို ... လေ"

ညိုယဉ် မည်သို့ မေးရမှန်း မသိ။

"ဟဲ့– ဘာမေးမှာလဲ၊ မေးလေ"

အရီးရွှေက ညိုယဉ့်အနား ပိုတိုးလိုက်သည်။

နှစ်ယောက်သာ မတ်တတ်ရပ်လျက် –

"ဟို ... အရီးရွှေတို့အိမ် ဧည့်စာရင်းစစ်တဲ့ညက နောက်ဆုံး ရောက်လာတဲ့လူက ကိုထွန်းမြင့်ဆိုတာ အရီးရွှေ သေချာသလား"

ဒေါ်ရွှေက ဘေးပတ်ဝန်းကျင်ကို မျက်လုံး တစ်ချက် ဝေ့ကြည့်လိုက်သည်။

ကြောက်ရွံ့စိုးရိမ်သော မျက်နှာ။

"လာ၊ အိမ်ထဲမှာ ပြောမယ်ဟယ်"

ညိုယဉ်၏ ရင်ထဲမှာလည်း စိုးထိတ်လျက်–

ကိုထွန်း မဟုတ်စေချင်၊ မမှန်မကြောင်း အရီးရွှေက ငြင်းစေချင်သည်။ အနည်းဆုံးတော့ မသေချာ မရေရာ ဖြစ်စေချင်သည်။

အိမ်ထဲရောက်တော့ အရီးရွှေက တန်းလျားခုံမှာ ထိုင်လိုက်သည်။ သူ့ဘေးမှာထိုင်ရန် လက်နှင့်ပြ၍ ညိုယဉ် ထိုင်လိုက်သည်။

ရင်ခုန်သံက မြန်လျက် –

"သေချာတာပေါ့ဟယ်"

"ရှင် ..."

အရီးရွှေက တိုးတိုးပြောသော်လည်း ညိုယဉ် ကျယ်လောင်စွာ ကြားလိုက်ရသည်။

"ဒီ တစ်ရွာထဲသားတွေပဲဟယ်၊ ဘယ်လိုလုပ် လွဲနိုင်မလဲ"

"အရီးရွှေက မီးထွန်းကြည့်လို့လား"

ညိုယဉ်က မသေချာစေချင်။

"ဘယ်ထွန်းကြည့်ရမှာလဲ၊ သူက မီးမထွန်းရဘူးတဲ့လေ"







www.burmeseclassic.com

www.burmeseclassic.com



“ညက မှောင်နေတယ် မဟုတ်လား”

“ဟဲ့ ... မှောင်ပေမယ့် ကြယ်ရောင်တော့ ရှိတာပေါ့ဟယ်။ ပြီးတော့ တစ်ရွာသားချင်းတွေ ပုံကြည့်တာနဲ့ သိတာပေါ့”

“အဲဒီလူ စောင်ခြုံထားတယ်ဆို”

“ဟဲ့ ... စောင်ခြုံပေမယ့် သူ့ပုံဆိုတာ သိသာတာပေါ့”

“သူ့ပုံက သေချာလို့လား”

“ဪ ညိုယဉ်ရယ်၊ ပုံက သေချာတဲ့အပြင် အသံက ဖျက်ပြောပေမယ့် မပျက်ဘူးဟဲ့၊ သူ့အသံဆိုတာ သေချာတာပေါ့”

ညိုယဉ် သက်ပြင်းတစ်ချက်ချလိုက်သည်။

“ပြီးတော့ သူကိုယ်တိုင် ပြောတာပဲဟယ်၊ ညည့်စာရင်း မဟုတ်တာ သိပြီးသား၊ အိမ်ရှင်ရော ညည့်သည်ရော ဖမ်းချုပ်နိုင်တယ်တဲ့၊ ငါ ကြောက်လိုက်တာဟယ်၊ အဲဒီလိုတော့ မလုပ်ပါနဲ့ကွယ်လို့ တောင်းပန်ရတယ်၊ အဲဒီတော့မှ သူပြောတဲ့အတိုင်း လုပ်ရင် ဖမ်းမချုပ်ပါဘူးတဲ့”

ညိုယဉ် စိတ်ပျက်စွာ နားထောင်နေရသည်။ မကြားချင်သည်များကို အနိုင်အမာ ကြားနေရသည်။

“အရိုးရွှေအိမ်မှာ ရန်ကုန်က ရောက်နေတဲ့ ခင်တင့်ဆိုတဲ့ မိန်းကလေးက သိပ်ချောတာပဲ၊ သူ သိပ်သဘောကျတာပဲတဲ့၊ ရွာကို မီးလောင်တဲ့ညကလည်း အရိုးရွှေအိမ်မှာ အဲဒီမိန်းကလေး ရှိနေတာ ကျွန်တော် သိတယ်တဲ့၊ ဒါကြောင့်မို့





အရိုးရွှေတို့ဘက်က မီးလောင်တဲ့အသံ ကြားကြားချင်း ကျွန်တော် ပြေးလာတာတဲ့”

“ဒါဆိုရင်တော့ ဟုတ်တာ သေချာပါပြီ” ဟု ညိုယဉ် စိတ်ပျက်စွာ နားလည်လိုက်ရသည်။

“အဲဒီညနေကလည်း သူ အိမ်ရှေ့မှာ လမ်းသလားပြီး အိမ်ရှေ့မှာ ထိုင်နေတဲ့ ခင်တင့်ကို အငေးသား ကြည့်နေတာ အရိုးရွှေ သတိထားမိတာပေါ့၊ သူ သိပ်ကို သိပ်ဝင်စားနေတာ”

ညိုယဉ် ဆက်မကြားချင်တော့သော်လည်း အရိုးရွှေက ဆက်ပြောနေသည်။

“မီးလည်း လောင်ရော သူ မနေနိုင်ဘူး၊ အိမ်ကို ပြေးလာတာပဲ၊ မီးက အိမ်နားကပ်လောင်တာဆိုတော့ အရိုးရွှေအိမ် မီးမကူးအောင် သူ ကြိုးစားပါတယ်၊ မောင်မင်းကြီးသား အဲဒါကိုတော့ ကျေးဇူးတင်ပါတယ်”

ညိုယဉ် စိတ်ပျက်စွာနှင့် ကြားနေရသည်။

“အဲဒီအချိန်မှာ ခင်တင့်ကလည်း အိမ်ထဲက ပစ္စည်းတွေ သယ်ထုတ်နေရတာပေါ့၊ မီးက အိမ်ကူးဖို့ နီးလာပြီ၊ ခင်တင့်က သူ့အဝတ်အိတ်ကျန်လို့ အိမ်ထဲ နောက်တစ်ခေါက် ဝင်မယ်လုပ်တော့ သူ ခင်တင့်လက်မောင်းကို ဆွဲထားတယ်၊ အိမ်ထဲဝင်ရင် အန္တရာယ် ရှိနေပြီလေ၊ ဒါနဲ့ မဝင်နဲ့၊ သူ ဝင်မယ်ဆိုပြီး စွန့်စွန့်စားစား ဝင်ယူပေးလို့ ခင်တင့် လုံချည်အိတ် ရတာ”

“ဪ ... သူက ဒီလိုကိုး”

ညိုယဉ် နာကြည်းစွာ နားလည်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ထွန်းမြင့်ကို ခါးသီးစွာ မုန်းတီးသွားသည်။

ညိုယဉ်မျက်နှာကိုကြည့်ပြီး ဒေါ်ရွှေက နားလည်လိုက်ပါသည်။

"အဲဒီအထိ ငါ သူ့ကို ကျေးဇူးတင်ပါတယ်ဟယ်။ ဘာမှလည်း သံသယ မရှိပါဘူး။ ဒါပေမယ့် ညနေစာရင်းစစ်တဲ့ညကျမှ သူ့ဓာတ်ရုပ် ပေါ်လာတာကို၊ သူက ခင်တင့်ကို တစ်ဖက်သတ် သဘောကျနေတာကို၊ မရက်မကြောက်ဟယ်"

"တော်ပါပြီ အရီးရွှေရယ်၊ ဒီလောက် ယုတ်မာတဲ့ လူအကြောင်း ဆက်မကြားချင်တော့ဘူး၊ မပြောပါနဲ့တော့"

ညိုယဉ်က ဒေါ်ရွှေ၏ စကားကိုဖြတ်ပြီး တားလိုက်သည်။

"အေးပါဟယ်၊ ငါကလည်း မပြောချင်ပါဘူး။ ညည်းက မေးလို့ ပြောရတာပါ"

"ကျွန်မက သူများတွေဆီက သတင်းကြားရတော့ မသေချာလို့ မေးကြည့်တာပါ"

"သေချာတာပေါ့တော်၊ ကျုပ်က ကျုပ်အိမ်မှာ ကိုယ်တိုင် တွေ့ရတာ၊ ဟင်း .... ဒင်း ငြင်းကြည့်ပါလား၊ မြို့နယ်ရုံးကလည်း စစ်ပြီးပါပြီ၊ အမှန်အတိုင်း ပြောပစ်ခဲ့တာပဲ၊ သူလည်း ရွာလူကြီးက ပြုတ်တော့မှာပါပဲ၊ ဒီလောက် ယုတ်မာတာ ပြုတ်သင့်တာပေါ့"

ဒေါ်ရွှေက ထိုင်နေရာမှ ထလိုက်သည်။

"ကဲ .... သွားမယ်အေ၊ မုန့်ဆီကြော် ဒယ်အိုး လိုက်ရှာရဦးမယ်"

ဒေါ်ရွှေ အိမ်ထဲမှ ထွက်သွားသည်။

ညိုယဉ်၏ ရင်ထဲမှာ ဘာမျှမရှိတော့သလို ခံစားရသည်။

ပြီးမှ မကျေနပ်ခြင်းများမှတစ်ဆင့် ဒေါသသို့ ကူးပြောင်းသွားလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# ၃၂

"ငါကတော့ လုံးဝ လက်မခံဘူးကွာ၊ အဓိပ္ပာယ် မရှိတာတွေ"

ဦးဘအောင်၏ အသံက ထုံးစံအတိုင်း ကျယ်ကျယ်လောင်လောင် ဖြစ်၍ ရ-ဝ-တ ရုံးအတွင်းမှာ လွှမ်းသွားသည်။

"ခင်ဗျားက လက်မခံပေမယ့် ဒေါ်ရွှေက စစ်ဆေးတဲ့လူတွေရှေ့မှာ ထွန်းမြင့် ဟုတ်ပါတယ်လို့ ပြောခဲ့တယ်တဲ့ဗျ"

ဦးချစ်ရွှေ၏ အသံက အေးအေးဆေးဆေး ဖြစ်သည်။

"ဟ .... ဒီမိန်းမဟာ ဘယ်လို မိန်းမဆိုတာ တစ်ရွာလုံးသိတာပဲ။ အဲဒီမိန်းမစကား အစစ်အမှန် ယူပြီး ဆုံးဖြတ်ရင် အားလုံး ပျက်ပြီပေါ့ကွ"

"အခုအဖြစ်က အဲဒီလိုဖြစ်နေတာ"

"ဟ .... ဘာလို့ ဖြစ်ရမှာလဲကွ"

ဦးဘအောင်က မခံမရပ်နိုင် ဖြစ်နေသည်။

"ခက်တာက ရွာကလူ အတော်များများကလည်း အဲဒါကို ယုံနေကြတာဗျ"





ဦးချစ်ရွှေ၏ လေသံက နည်းနည်း တိုးသွားသည်။

"လက်ခံတဲ့လူ ရှုးလို့ပေါ့ကွ"

ဦးဘအောင် အသံကတော့ ကျယ်ကျယ်ပင် ဖြစ်ပါသည်။

"သူတို့ ပြောနေတာကလည်း အခိုင်အမာကိုးဗျ"

"ဟ .... ဘယ်လောက် အခိုင်အမာ ပြောပြောကွာ၊ ဉာဏ်နဲ့ ယုံကြမှပေါ့။ စကားတောင် ရှိသေးတာပဲ။ ဒီလိုမိန်းမ ပြောတာ ယုံစရာ မရှိတဲ့အကြောင်း"

"ကဲ .... အဲဒါဆိုရင် ဦးဘအောင် ထွန်းမြင့်ဘက်က သက်သေထည့်ထားတယ်။ ပြောပေတော့"

"ထည့်ပါ၊ ထည့်စမ်းပါ၊ ပြောပါ့မယ်"

"ဘာတွေ ပြောမှာလဲ"

"ဟ .. ထွန်းမြင့်ဆိုတဲ့သူငယ်ဟာ ရိုးသားတဲ့ အကြောင်း၊ ကိုယ့်ရွာအပေါ်မှာ စေတနာရှိတဲ့အကြောင်း၊ အဲဒီလို မတော်မတရား အလုပ်မျိုး လုံးဝမလုပ်တဲ့အကြောင်း ပြောမှာပေါ့ကွ။ နေဦး၊ ပြီးတော့ အဲဒီမိန်းမတွေဟာ ဘယ်လိုမိန်းမတွေ ဆိုတာလည်း ပြောရမှာရပေါ့"

"ကောင်းပါတယ် ဦးဘအောင်၊ ကျွန်တော်လည်း အဲဒီလို ပြောခဲ့တာပဲ"

ဦးချစ်ရွှေက အဖော်ညှိလိုက်သည်။

"မင်းဘာသာ ကြိုက်သလိုထွက်၊ ငါနဲ့ မဆိုင်ဘူး။ ငါကတော့ အဲဒီမိန်းမ နှစ်ယောက်တင် မကဘူး။ ဟိုအားအဖ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်နဲ့ အဲဒီမိန်းမ နှစ်ယောက် ဘယ်လိုဆက်စပ်တယ် ဆိုတာပါ ပြောမှာ”

“မေးတဲ့လူက မေးရင်ပေါ့”

ဦးချစ်ရွှေက လမ်းကြောင်းပေးသည်။

“မေးတဲ့လူက မမေးရင်လည်း ငါ့ဘာသာ ပြောဖြစ်အောင် ပြောမှာပဲ”

ဦးချစ်ရွှေ ခေါင်းညိတ်လိုက်သည်။

ဦးဘအောင်၏ စိတ်သဘောထားကို တစ်ရွာတည်းသားချင်းမို့ နားလည်ပြီးသား ဖြစ်သည်။

ထွန်းမြင့်လည်း ရုံးထဲမှာ ရှိနေပါသည်။ သို့သော် ဦးချစ်ရွှေနှင့် ဦးဘအောင် ပြောနေကြသည်ကို ဘာမျှ ဝင်မပြောဘဲ နားထောင်နေပါသည်။

* * *



# ၃၃

ညနေစာ ထမင်းအိုးတည်ရန် ညိုယဉ် ဆန်ရွေးနေစဉ် ဒေါ်ချစ်မြ ရွာမြောက်ပိုင်းမှ ပြန်လာသည်။

“ဟဲ့ .... လာဦး၊ အဲဒီ ဆန်ဇန်းထားခဲ့”

ဒေါ်မြက အိမ်ထဲဝင်သွားပြီး တန်းလျားခုံမှာ ထိုင်နှင့်သည်။ အမေခေါ်ပုံကို ညိုယဉ် သဘောမကျ။ လေသံကလည်း မာသည်။

“ထမင်းအိုး တည်တော့မလို့”

ညိုယဉ်က မသွားချင်၍ အကြောင်းပြခြင်း ဖြစ်သည်။

“ပြီးမှ တည်၊ ညည်းကို ငါ ပြောစရာရှိတယ်”

ညိုယဉ် စိတ်ပျက်စွာနှင့် ဆန်ဇန်းကို အိမ်ရှေ့ ကွပ်ပစ်မှာ ချထားခဲ့ပြီး အိမ်ထဲသို့ ဝင်သွားရသည်။

“အဲဒီမှာထိုင်”

ဒေါ်မြက တန်းလျားခုံမှာ အထိုင်ခိုင်းသည်။

ညိုယဉ် မထိုင်ချင်ထိုင်ချင်နှင့် အမေနှင့် ခပ်ဆေးဆေး တန်းလျားခုံအစွန်းမှာ ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမေ့မှာ ထူးထူးခြားခြား ပြောစရာ ရှိနေပြီ။ ထိုစကားကလည်း ကိုယ်မကြားချင်သော စကားမျိုး ဖြစ်လိမ့်မည်ဟု ညိုယဉ် အလိုလို သိနေသည်။

"ညည်း အထင်ကြီးနေတဲ့ ယိုကောင် ထွန်းမြင့်က လူယုတ်မာ ဖြစ်နေပြီ။ တစ်ရွာလုံး ပြောလိုက်ကြတာ နားကို လျှံနေတာပဲ"

ညိုယဉ် ထင်သည့်အတိုင်း ကြားရပါသည်။

ဘာမျှ ပြန်မပြောဘဲ ငြိမ်နေလိုက်သည်။

"ဒီကောင်မျိုးနဲ့တော့ ညည်းကို လုံးဝ သဘောမတူဘူး"

ညိုယဉ် ကိုယ်တိုင်ကလည်း ထွန်းမြင့်ကို စိတ်ပျက်စက်ဆုပ်ပြီးသားဖြစ်၍ မကျေမနပ် မဖြစ်ပါ။

"မဖြစ်ဘူး၊ ဒီအတိုင်း ကြာကြာထားရင် ညည်းကို ငါ စိတ်မချဘူး။ အဲဒီတော့ ညည်းကို မောင်စံညွန့်နဲ့ လက်ထပ်ပေးဖို့ ဦးဘခိုင်နဲ့ ငါ စီစဉ်ခဲ့ပြီ"

"ဟင် .... အမေကလဲ"

"အမေ့ဟာကလဲ လုပ်မနေနဲ့၊ ညည်း ငါတို့လူကြီးတွေ စီစဉ်တဲ့အတိုင်း လုပ်ရမယ်"

ဒေါ်ချစ်မြက ညိုယဉ် ပြောခွင့်မရအောင် စကားဖြတ်လိုက်သည်။

"အဲဒီ ကိုစံညွန့်ဆိုတဲ့ လူကလဲ"

"ဟဲ့ .... စံညွန့်က ဘာဖြစ်လဲ၊ သူတော်ကောင်း၊ ဘာပြဿနာမှ မရှိဘူး၊ ထွန်းမြင့်ကသာ လူယုတ်မာ"





"သူ့ကိုလည်း မယူပါဘူး၊ ဒါပေမယ့် အမေတို့ဟာက ဒီလောက် မြန်မြန်ကြီး လုပ်စရာ မလိုပါဘူး"

"ဟဲ့ .... ဘာလို့ မလိုရမှာလဲ၊ အဲဒီကောင်ကို မယူဘူးဆိုရင် မောင်စံညွန့်ကို ယူလိုက်ရုံပဲ ရှိတာပေါ့"

"တစ်နှစ်လောက်–"

"မစောင့်နိုင်ဘူး၊ တော်ပြီ၊ အခု တပို့တွဲလဆိုတော့ ရှေ့လက တပေါင်းလဖြစ်နေလို့၊ တန်ခူးလ နှစ်သစ်ကူးပြီးတာနဲ့ လက်ထပ်ရမယ်၊ မြန်မြန် အိမ်ထောင်ချပေးပြီးမှ ငါ စိတ်အေးရမယ်။ သမီးကညာ အခါမလင့်စေနဲ့ တဲ့"

"မလင့်ပါဘူး၊ ဟိုဘက်က မြသီတောင် ဒီအတိုင်းပဲ နေသေးတာ"

"မြသီ နေပေမယ့် ညည်း မနေရဘူး၊ နေစမ်းပါဦး၊ မောင်စံညွန့်များ ညည်းက ဘာလို့ အရှိန်ဆွဲချင်နေရတာလဲ။ ဟိုက မိစုံဖစုံနဲ့ ပစ္စည်းဥစ္စာလည်း ပြည့်စုံတယ်၊ ညည်း မသိချင်ယောင် ဆောင်နေတာကို ငါက ထပ်ပြောရဦးမယ်၊ ဒီ အိမ်ဆောက်တာလည်း သူတို့ ငွေငါးထောင် ထုတ်ပေးထားလို့ ခုလို နေရတာ"

"အလကားပေးတာမှ မဟုတ်ဘဲ၊ အိမ်က လယ်လေး အပေါင်ထားပြီး ပေးတာပဲ"

"အေး .... အဲဒီလယ်လည်း လက်ထပ်ပြီးရင် ညည်းတို့ကို အပိုင်ပေးမယ်လို့ ဦးဘခိုင်က ပြောလိုက်ပြီ၊ ပေါင်တယ်ဆိုတာ မရှိတော့ဘူး၊ ဒီအိမ်က အလကားရလိုက်မှာ။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အပြင် ညည်းတို့ကို ဦးဘနိုင်က လူနှစ်ဆယ်စိုက် ထပ်ပြီး တင်ဦးမယ်၊ သူတို့က ရွာထဲမှာ အိမ်သစ်ဆောက်မှာ၊ အိမ်ဆောက်ပြီးရင် ရွာမြောက်ဘက်က လယ်ထဲမှာရှိတဲ့ အိမ်ကိုလည်း ညည်းကို အပိုင်ပေးဦးမှာ၊ ဒါမျိုး ဘယ်မှာ ရမလဲ၊ အခု မောင်စံညွန့် စီးနေတဲ့ စက်ဘီးအသစ်လည်း ပေးလိုက်မှာ၊ လယ်ထဲကအိမ် ဆိုပေမယ့် အိမ်ထောင်ပရိဘောဂ အပြည့်အစုံရှိမှာ၊ ပြီးတော့ မောင်စံညွန့်က ပွဲစား၊ ဒီရွာထဲမှာ သူ့လောက် ဝင်ငွေကောင်းတာ ဘယ်သူမှ မရှိဘူး"

နားထောင်နေရသည်ကို ညိုယဉ် စိတ်ပျက်မိသည်။ ထွန်းမြင့်ကို မုန်းသော်လည်း စံညွန့်ကိုတော့ ချစ်၍မရ။ စံညွန့်နှင့် ပေါင်းသင်းနေထိုင်ရမည်ကို မည်သို့မျှ စဉ်းစား၍ မရ။

"အဲဒါပဲ၊ ညည်း ငါ့ကိုတော့ ငြင်းမယ် မကြံနဲ့၊ သကြံန်ပြီးလို့ နှစ်သစ်ကူးတာနဲ့ လက်ထပ်ပေးဖို့ ငါ သဘောတူခဲ့ပြီးပြီ"

"အဲဒါဆိုရင်လည်း ကဆုန် ညောင်ရေသွန်းပွဲ ပြီးတဲ့အထိတော့ နေပါရစေ အမေရယ်၊ ရွာ ဘုရားပွဲမှာ ဒီတစ်နှစ်တော့ အပျိုအဖြစ်နဲ့ ညောင်ရေအိုး ရွက်ချင်လို့ပါ"

ညိုယဉ်ကို ဒေါ်ချစ်မြ မကျေမနပ် လှမ်းကြည့်လိုက်သည်။

"အေး၊ ဒါဆိုရင် ညည်းစကားလည်း မြဲမြဲမှတ်ထား။ နယုန်လဆန်းတာနဲ့ လက်ထပ်ရမယ်"

ဒေါ်ချစ်မြက ယတိပြတ် ပြောလိုက်ခြင်း ဖြစ်သည်။





ညိုယဉ်ငြင်း၍ ရမည်မဟုတ်သည်ကို နားလည်လိုက်ပါသည်။ ငြင်းစရာ ဘယ်လို အကြောင်းပြရမှန်းလည်း မသိတော့ပါ။

ထွန်းမြင့်ကိုလည်း မုန်းနေ၍ ဖြစ်ချင်ရာ ဖြစ်တော့ဟု သဘောထားလိုက်သည်။

"ကဲ၊ ထမင်းအိုးတည်ရင် သွားတည်ချည်"

သူပြောချင်သည်များ ပြောပြီးပြီမို့ ဒေါ်မြက ညိုယဉ်ကို သွားခွင့်ပြုသည်။

ညိုယဉ် တစ်ကိုယ်လုံး ထုံထုံထိုင်းထိုင်း ဖြစ်နေသည်။

* * *

# ၃၄

"ငါ မကျေနပ်ဘူး လှဆောင်ရာ၊ ညိုယဉ် ဒီလိုတော့ လုပ်သင့်ဘူး"

ထယ်နား၍ ရေနွေးကြမ်း သောက်ချိန်တွင် ထွန်းမြင့် ထဲမှာ မကျေမနပ် ခံစားနေရသည်များကို သူငယ်ချင်း လှဆောင် နားထောင်နေရသည်။

"ဒေါ်ရွှေစကားကို တစ်ရွာလုံး ယုံချင်ယုံ၊ သူ မယုံသင့်။ ငါ့အကြောင်း သူ အသိသင့်ဆုံးပါ"

"သူ့အမေ စီစဉ်တာကို ငြင်းမရလို့ ဖြစ်ချင်ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



လှဆောင်က ထွန်းမြင့် စိတ်သက်သာစေချင်သည်။

"ဒီပွဲကတော့ ဦးအနိုင်တို့ သားအဖက အကုန်နိုင်သွား တာပဲကွာ"

ထွန်းမြင့် စိတ်မကောင်း ဖြစ်ရသည်။

"ဦးချစ်ဆွေနဲ့ ဦးဘအောင်ကတော့ မင်းဘက်က သက် သေထွက်ပြီးပြီ မဟုတ်လား"

ထွန်းမြင့် ခေါင်းညိတ်သည်။

"ဒါပေမယ့် မြို့နယ်က ဘယ်လို ဆုံးဖြတ်မှန်း မသိသေး ပါဘူးကွာ"

"ဒါဟာ ဦးသာပိုနဲ့ ကိုထွန်းရီ ကြိုဟ်မွေ့ရာကနေ သွား တာကွ"

"ဦးသာပိုကိုတော့ မြို့နယ်က ဖြုတ်ပစ်လိုက်ပါပြီ"

"အေးတာပဲကွာ။ အဲဒီ ညသစာရင်းစစ်တဲ့ညက နောက် ဆုံး သွားတယ်ဆိုတဲ့လူ ကို စုံစမ်းလို့ မရသေးတာက ခက်နေ တာကွ"

"ဟုတ်တယ်၊ ငါလည်း စုံစမ်းနေတာပဲ၊ မရသေးဘူး သူတို့ အတူသွားကြတဲ့အထဲက ဝင်းမောင်နဲ့ ကိုတင်အောင် တော့ ကိုသာပိုနဲ့ ကိုထွန်းရီ သွားတာတောင် မသိကြဘူး ဟိုနှစ်ယောက် သူတို့ဘာသာ လုပ်သွားကြတာ၊ ဝင်းမော ရော ကိုတင်အောင်ရော ငါ အသေအချာ မေးပြီးပြီ"

"ဒါဖြင့် နောက်တစ်ယောက် လာတယ်ဆိုတာ တကယ်ဟုတ်လို့လားကွာ၊ စည့သွန့်တို့ သားအဖရယ်၊ ဦးမိုးရ





ခေါ်ခွဲရယ် စုပေါင်းပြီး လုပ်ကြတာများလား"

"ဒါဆိုရင်တော့ စုံစမ်းဖို့ ပိုခက်တာပေါ့"

"ဒါပေမယ့် တကယ် တစ်ယောက်ယောက် မလာဘဲနဲ့ အဲဒီလို အကြံဉာဏ်မျိုး သူတို့ စဉ်းစားမိပါ့မလားလို့"

ထွန်းမြင့်က အမျိုးမျိုး စဉ်းစားကြည့်သည်။

"ပြောတော့ မပြောနိုင်ဘူးကွ၊ စည့သွန့်တို့ သားအဖက ဒါမျိုး မကောင်းတဲ့ အကြံဉာဏ်ကျတော့ ရချင်ရမှာ"

လှဆောင်ကို ထွန်းမြင့် လှမ်းကြည့်လိုက်သည်။

"တကယ်လို့ တစ်ယောက်သွားတယ် ဆိုရင်ရော အဲဒါ ဟာ ငါမဟုတ်ဘူးလို့ မင်း ယုံသလား လှဆောင်"

"ဟာ မင်းကလဲကွာ၊ မင်းနဲ့ ငါနဲ့ ဘုန်းကြီးကျောင်းမှာ အတူနေလာခဲ့တာပဲ၊ အခုလည်း တစ်ယောက်နဲ့ တစ်ယောက် ဒီလောက် ရင်းနှီးနေကြတာ၊ မင်း ဒါမျိုး မလုပ်ဘူးဆိုတာ ငါ သိတာပေါ့၊ မေးစရာတောင် မလိုဘူး"

ထွန်းမြင့် စိတ်သက်သာရာရပြီးမှ သက်ပြင်း တစ်ချက် ချလိုက်သည်။

"အေးကွာ၊ မင်း ငါ့ကို အမှန်အတိုင်းသိတာ ငါ ဝမ်း သာတယ်၊ ဒါပေမယ့် ညှိုးယဉ်ကွာ၊ ရက်စက်တယ်၊ ငါ့ကို မသိဘူးကွာ"

"မင်း သူ့ကို ရှင်းမပြဘူးလား"

"ရှင်းပြချင်တာပေါ့ကွာ၊ ဒါပေမယ့် ငါ့ကို လုံးဝ အခွင့် မခံဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မင်း ခုသွားရှင်းကွာ၊ မင်း နွားနှစ်ကောင် ထ
ဖြုတ်ထားခဲ့၊ ငါတစ်ယောက်တည်း ထွန်နှင့်မယ်"

"ဘယ်သွားရှင်းရမှာလဲ"

"မနက်က ငါထယ်ထွက်လာတော့ လမ်းမှာတွေ့တဲ
မြသီတို့ နွေစပါးစိုက်ခင်းမှာ မြက်ဖတ် ကောက်ရမှာတဲ့၊
ယောက်တည်းရယ်"

"သူက မတွေ့ချင်ဘူးလို့ မြသီကို ပြောထားပြီးသား

"မြသီက မင်းဘက်ကပါကွာ သူ နားလည်ပါတ
မင်းက ဖွတ်အတင်းသွားရှင်းရင် သူကတောင် ကူညီဦးမ
ငါကတော့ သွားသင့်တယ် တင်တယ်"

ထွန်းမြင့် စဉ်းစားနေသည်။

"ငါ ရှင်းပြတာ သူက နားမထောင်ဘူးဆိုရင်ရော"

"လုံးဝ နားမထောင်ရင် ပြန်လာခဲ့ပေါ့ကွာ၊ ဒါပေ
တတ်နိုင်သလောက်တော့ သူ့နားထဲရောက်အောင် ပြောခဲ့
ရမှာပါ"

"ပြောလို့ရလည်း အာထူးမှာလဲကွာ၊ သူတို့သားအမိ
စုံညွှန့်နဲ့ လက်ထပ်ဖို့ သဘောတူထားကြပြီ"

"လက်မှ မထပ်သေးတာပဲကွာ၊ ပြောရင် နောက်မ
သေးဘူး ထင်တာပဲ၊ ဒီကနေဆိုရင်တော့လည်း ထေး
မဟုတ်ဘူး၊ ကိုဖိုးရွှင်လေယ်နဲ့ ဦးလှဒင်လယ် ကျော်လိုက်
ရောက်နေပြီ"

"အေး .... ငါသွားမယ်ကွာ"





ထွန်းမြင့် စိတ်အားတက်သွားပြီး ထိုင်နေရာမှ ထလိုက်
သည်။

လှဆောင် ရေနွေးကြမ်းသောက်ရင်း ကျန်ရစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ၃၅

ဦးလှဒင့်လယ်ကို လွန်သည်နှင့် ထွန်းမြင့်နှင့် နဘူးခြံ တန်းလေးကို အကာအကွယ်ယူ၍ ညိုယဉ်နှင့် မြသီတို့ မြက်ဖတ်ကောက်နေသော လယ်ဆီသို့ သွားသည်။

ဖြစ်နိုင်လျှင် သူ့ကို မြသီက အရင်မြင်စေချင်သည်။ ညိုယဉ် အရင်မမြင်စေချင်။

သို့သော် ညိုယဉ်က သူ့ဘက်သို့ မျက်နှာလှည့်၍ မြက်ဖတ်ကောက်နေသောကြောင့် ထွန်းမြင့် အခက်တွေ့နေရသည်။

မြသီက သူ့ဘက်သို့ ကျောပေးထားသည်။

တစ်ဘက်သို့ လှည့်သွားရန်လည်း မဖြစ်နိုင်သောကြောင့် နဘူးခြံကို ကွယ်၍ စောင့်နေရသည်။

"ဟာ .... ပြဿနာပဲ"

ညိုယဉ်က မြက်ဖတ်ကောက်နေရာမှ ခါးဆန့်လိုက်ပြီး မြက်ဖတ်များကိုပွေ့၍ နဘူးခြံဆီသို့ လျှောက်လာနေသည်။

မြသီက မြက်ဖတ်များကိုပွေ့ပြီး တစ်ဖက်ကန်သင်းဆီသို့ သွားပို့နေသည်။





ထွန်းမြင့်၏ ရင်ခုန်သံများ မြန်နေသည်။

"ခုနေ လှမ်းခေါ်ပြီး ငါရှင်းပြရင်–"

ထွန်းမြင့် ရင်ထဲမှာ လှုပ်ရှားရလွန်းသည်။

နဘူးခြံ ခြေရင်းနားမှ ကန်သင်းဆီသို့ ညိုယဉ် ရောက်လာပြီ။

"မညို"

ထွန်းမြင့် အသံကြား၍ နဘူးခြံဆီသို့ ညိုယဉ် လှမ်းကြည့်သည်။

ထွန်းမြင့် နဘူးခြံအကွယ်မှ ထွက်တွေ့လိုက်သည်။

"ဟင် .... သွားပါ၊ မတွေ့ချင်ဘူး၊ ရှင့်ကို မုန်းတယ် မကြည့်ချင်ဘူး"

"ငါ ရှင်းပြချင်လို့ပါ မညိုရာ၊ ခဏလေးပဲ နားထောင်ပါ"

ထွန်းမြင့် တောင်းပန်သည်။

"မထောင်ဘူး၊ မထောင်ချင်ဘူး၊ ခုသွားပါ၊ မြသီရေ၊ မြသီ လာဦးဟေ့"

ညိုယဉ်က မြသီကို လှမ်းခေါ်သည်။

မြသီ လှမ်းကြည့်တော့ ထွန်းမြင့်ကို တွေ့သည်။

"ဒေါ်ရွှေပြောတဲ့ စကားတွေ လုံးဝမဟုတ်ပါဘူးဟာ၊ တစ်ရွာလုံး ဘယ်သူယုံယုံ မညို ငါ့ကို နားလည်သင့်ပါတယ်၊ မယုံသင့်ပါဘူး"

"ယုံတယ်၊ ယုံတယ်၊ သွား၊ ရှင့်ကို မကြည့်ချင်ဘူး"

"ငါ မညိုကလွဲရင် ဘယ်သူ့မှ စိတ်မဝင်စားပါဘူး



www.burmeseclassic.com

www.burmeseclassic.com


ဟာ။ အဲဒါ မညို သိသင့်ပါတယ်"

"မသိဘူး၊ မသိဘူး၊ သွား သွား"

ညိုယဉ် ဒေါသတကြီးနှင့် လက်ထဲမှ မြက်ဖတ်များနှင့် ထွန်းမြင့်ကို လှမ်းထုသည်။

ထွန်းမြင့် မရှောင်ပါ။

"ငါမှာ အဲဒီလို ယုတ်မာတဲ့ စိတ်မျိုး ဘယ်တုန်းကမှ မရှိပါဘူးဟာ"

"ယုတ်တယ်၊ ရှင် ယုတ်တယ်၊ ရှင့်ကို မုန်းတယ်"

"မဟုတ်ပါဘူးဟာ၊ လုံးဝမဟုတ်ပါဘူး၊ ဦးသာပိုကို တောင် အဲဒီလိုလုပ်တာ ငါ စိတ်ဆိုးလွန်းလို့ ၇-၀-တ အဖွဲ့က ထုတ်ပစ်ဖို့ ငါကိုယ်တိုင် မြို့နယ်ကို စာတင်ခဲ့တာပါ"

"ဒါဖြင့် ရှင့်ကို မေးမယ်၊ မီးလောင်တဲ့ညက ဒီမိန်းမရဲ့ အဝတ်အိတ် အရီးရွှေအိမ်ထဲ ရှင် ဝင်ယူပေးတယ်ဆိုတာ ဟုတ်သလား ပြော"

ညိုယဉ်က အပိုင်မေးလိုက်က ထွန်းမြင့် တွေဝေသွားရသည်။

သို့သော် ညာမပြောချင်။

"မိန်းကလေးတစ်ယောက် ဝင်ယူရင် အန္တရာယ်များလို့ ငါ ဝင်ယူပေးတာပါဟာ"

"ဒါဖြင့် အဲဒီမိန်းမ အိမ်ထဲကိုမဝင်အောင် လက်မောင်း ဆွဲထားတယ် ဆိုတာရော"

"မီးကျွံခါနီး အိမ်ထဲကို ဝင်ရင် မိန်းကလေးအနေနဲ့ အန္တရာယ်ဖြစ်မှာ စိုးလို့ပါ"

ထွန်းမြင့်က အမှန်အတိုင်း ပြောသည်။

"တော်ပြီ၊ ဘာမှ ဆက်ပြောစရာ မရှိတော့ဘူး။ ကျွန် ရှင့်ကို မုန်းတယ်"

"မမုန်းပါနဲ့ ညိုယဉ်ရာ၊ ငါ ရှင်းပြပါရစေဦး"

ထွန်းမြင့်က တောင်းပန်သည်။

"ဘာမှ မရှင်းနဲ့၊ ဟင် .... ကျွန်မက တားတော့ မရဘူး၊ ရှင်ပဲပြောတယ်၊ ဘယ် ပြောလိုက်သည်။ ကူသယ်တာ မဟုတ်ဘူးဆို၊ ခုတော့ ဟိုမိန်းမ ... ားပေါ့ကွ၊ ပေးတာ၊ ကျွန်မ ရှင့်ကို မုန်းတယ်၊ သွား၊ သွား၊ မ ကဲဟယ် ကဲဟယ်"

ညိုယဉ် ဒေါသတကြီးနှင့် မြက်ဖတ်များ ထွန်းမြင့်ကို ထုသည်။

ထွန်းမြင့်က မရှောင်၍ မျက်နှာနှင့် ကိုယ်မှာ မြက်ဖတ်များ ပေကျံကုန်ပါသည်။

"မညို .... မညို"

မြသိ ပြေးလာပြီး ညိုယဉ်ကို ဆွဲထားရသည်။

ဒေါသတကြီး ထုနေသော ညိုယဉ်ကပင် ဝမ်းပမ်းတနည်း ငိုနေပြန်ပါသည်။

ညိုယဉ်ကို စိတ်မကောင်းစွာ လှမ်းကြည့်နေပြီးမှ ထွန်းမြင့် နောက်ဘက်သို့ ပြန်လှည့်၍ ထွက်လာခဲ့ပါသည်။

မျက်နှာနှင့် ကိုယ်မှာ ရှိများ မြက်ဖတ်များ ပေကျံလျက်။





www.burmeseclassic.com

www.burmeseclassic.com

မရှိပါဘူး

"ယုဇာ ရုံးသို့ ထွန်းမြင့်နာမည်နှင့် မြို့နယ်မှ စာတစ်
ကိုက်လာသည်။

တောချောစာပို့သူ ကိုယ်တိုင် လာပေးခြင်း ဖြစ်သည်။
က ထွန်းမြင့်ကို ရ-ဝ-တ ဥက္ကဋ္ဌအဖြစ်မှ ဖြုတ်ချသောစာ
ဟာပြီဟု ရွာထဲမှာ သတင်းပြန့်သွားသည်။

ရဲ့ ထွန်းမြင့် ရောက်သွားတော့ ရ-ဝ-တ ရုံးမှာ လူတော်
ဟာများများ ရောက်နေသည်။

ဦးဘခိုင်၏ လူယုံတော် ဦးမိုးပါ ရ-ဝ-တ ရုံးအနီးမှ
ဦးလှကြီးအိမ်မှာ ရောက်နေသည်။

"ကဲ၊ ဖောက်ကြည့်ပေတော့"

ဦးချစ်ရွှေက စာအိတ်ကို ထွန်းမြင့်လက်သို့ ပေးလိုက်
သည်။ ဦးဘအောင် မျက်နှာမကောင်း ဖြစ်နေသည်။

ထွန်းမြင့်ကတော့ ဘာမျှ မမှုတော့ပါ။ ဖြစ်ချင်ရာ ဖြစ်
ပစေတော့ဟု သဘောထား၍ စာအိတ်ကို ဖောက်ဖတ်လိုက်
သည်။





အားလုံးပင် မျက်နှာများမှာ ထွန်းမြင့်ကို ကြည့်နေကြ
သည်။ ထွန်းမြင့်ထံမှ ထွက်ပေါ်လာမည့် အဖြေကို စောင့်နေ
ကြသည်။

ထွန်းမြင့်က ဖတ်ပြီးသားစာကို ဦးချစ်ရွှေထံ လှမ်းပေး
လိုက်သည်။

"ဟ .... သင်တန်းတက်ဖို့ ခေါ်တဲ့စာပဲ၊ မနက်ဖြန်ခါ
မနက်ကစပြီး မြို့နယ်မှာ သင်တန်းတက်ရမှာ"

ဦးချစ်ရွှေက အားလုံး ကြားအောင် ပြောလိုက်သည်။

"ဟ- ဒါဆို- ငါတို့ဥက္ကဋ္ဌ မပြုတ်တော့ဘူးပေါ့ကွ၊
ဟား .... ဟား .... ဟား၊ ပြုတ်စေချင်တဲ့ကောင်တွေတော့
စိတ်ညစ်သွားမှာ မြင်ယောင်သေးတယ်ကွာ"

ဦးဘအောင်က ဦးလှကြီးအိမ်မှ ဦးမိုးကြားလောက်
အောင် အသံကျယ်ကြီးနှင့် ပြောလိုက်သည်။

ဦးမိုး ကြားပါသည်။ သူ့ကို ရည်စူး၍ ပြောနေမှန်းလည်း
သိပါသည်။ ဦးမိုး ကြာကြာဆက်ထိုင်မနေတော့ဘဲ ဦးလှကြီး
အိမ်မှ ထသွားသည်။

ရုံးထဲမှ ထွက်ပေါ်လာသော ရယ်သံများကို ဦးမိုး ကြား
လိုက်ရသည်။

သူ ထထွက်သွား၍ ရယ်ကြမှန်း ဦးမိုး သိလိုက်ပါသည်။

"တစ်ခုတော့ ရှိတာပေါ့ဗျာ၊ စာထဲမှာ ရ-ဝ-တ ဥက္ကဋ္ဌများ
သင်တန်းတက်ရန်ဆိုတာ ပါတယ်။ စစ်တာဆေးတာ မပြီးသေး
တော့ လက်ရှိ ရ-ဝ-တ ဥက္ကဋ္ဌ ဖြစ်နေဆဲမို့ တက်ခိုင်းတာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်တာပေါ့၊ ဒါကြောင့် မပြတ်တော့ဘူးပြောလို့ ရမှာ မဟုတ်သေးပါဘူး”

ထွန်းမြင့်က တွေးတွေးဆဆပြောသည်။

“အို … ဘာပဲဖြစ်ဖြစ် ဒီစာဟာ မင်းကို ဖြုတ်ပစ်တဲ့စာမဟုတ်တာတော့ ဝမ်းသာစရာပဲ၊ ဒီစာ ရောက်တာကို ပြုတ်ပြီလို့ ထင်နေကြတာကွ”

ဦးဘအောင်ကတော့ သူ့အပျော်လေးကို အလျော့ မခံနိုင်။

“ဦးဘအောင်ပြောတာ ဟုတ်တယ်ကွ။ ဒီစာဟာ ဖြုတ်စာမဟုတ်တာ ဝမ်းသာစရာပဲ၊ ကဲ …မင်း မနက်ဖြန်ခါ သင်တန်းတက်ဖို့အတွက် ပြင်ဆင်ပေတော့”

ဦးချစ်ရွှေလည်း ဝမ်းသာနေသည်။

“ထူးပြီး ပြင်စရာ မရှိပါဘူးဗျာ၊ မနက်သွားပြီး ညနေပြန်လို့ ရတာပဲ”

“မင်းလယ်ကိစ္စ ထယ်ရွှေးထွန်ရေးနဲ့ နွားတွေကျွေးဖို့ကိစ္စရော”

ဦးချစ်ရွှေက လူကြီးပီပီ မေးမြင်သည်။

“ရပါတယ်၊ ကျွန်တော့်သူငယ်ချင်း လှဆောင် ရှိပါတယ်၊ သူ့ပဲ အကူအညီ တောင်းရမှာပဲ၊ ရုံးကိစ္စတော့ ဦးလေးချစ် ရှိတာပဲ”

“အေးပါ၊ ရုံးကိစ္စအတွက်ကတော့ ငါတို့အားလုံး တာဝန်ယူမှာပေါ့ကွာ”





“မင်းမှာ သွားဖို့ပြန်ဖို့ စက်ဘီးလည်း မရှိဘူး”

ဆယ်အိမ်မှူး ကိုမြင့်စိန်ကို ထွန်းမြင့် လှမ်းကြည့်လိုက်သည်။

“ဒီခရီးများဗျာ၊ တစ်သက်လုံး ခြေကျင်သွားနေတာပဲ၊ ဘာဆန်းတာမှတ်လို့”

“ဒါက နေ့တိုင်း သွားရမှာလေ၊ ဘယ်နှစ်ရက် တက်ရမှာလဲ”

“နှစ်ပတ်တည်းပါဗျာ၊ ရပါတယ်”

ထွန်းမြင့် ထိုင်နေရာမှ ထလိုက်သည်။

“လှဆောင် သွားရှာလိုက်ဦးမယ်ဗျာ”

ထွန်းမြင့် ထွက်သွားသည်။

ညနေကျတော့ ထွန်းမြင့် သင်တန်းတက်ရန် ကိစ္စမှာ အစကတည်းက ရ–ဝ–တ အားလုံးကို သင်တန်းတက်ရန် သတ်မှတ်ထား၍ တက်ရခြင်းဖြစ်ကြောင်း၊ သင်တန်းတက်နေဆဲမှာပဲ ရ–ဝ–တ ဥက္ကဋ္ဌအဖြစ်က အဖြုတ်ခံရမှာဖြစ်ကြောင်း၊ ဖြုတ်သည့်နေ့မှာ သင်တန်း ဆက်တက်ရမှာ မဟုတ်တော့ကြောင်း၊ အဲဒါမှ ပိုရှက်စရာကောင်းမှာ ဖြစ်ကြောင်း၊ မထွက်ရခင် တမင်သက်သက် အလုပ်ပျက် အစိုင်ပျက်ဖြစ်ပြီး ပိုအရှက်ကွဲစရာဖြစ်ကြောင်း သတင်းများ ရွာထဲမှာ ပြန့်နှံ့သွားသည်။

စိုညွှန့်လွှင့်သော သတင်းဖြစ်ကြောင်း ထွန်းမြင့် သိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဪ .... မညိုရယ်"

ညိုယဉ်တစ်ယောက် သူ့အပေါ်မှာ နားမလည်နိုင်သည်ကိုသာ ထွန်းမြင့် ရင်ထဲမှာ ခံစားရသည်။

"အေးလေ၊ ခုတော့ သူက စံညွှန်းစကားကိုပဲ ယုံတော့မှာပေါ့၊ သူတို့က မကြာခင် လက်ထပ်ကြတော့မှာကိုး"

သိပ်ကို ချစ်ခဲ့မိသော ချစ်သူမို့ နမျောတသ ဖြစ်နေရပါသည်။

* * *



# အပိုင်း[၃]


www.burmeseclassic.com

www.burmeseclassic.com

# ၃၇

သင်တန်းဖွင့်ပွဲနေ့ ဖြစ်သည်။

တိုက်ကြီးမြို့ မ–၀–တ ရုံး အစည်းအဝေးခန်းကို သင်တန်းခန်း ပြုလုပ်ထားခြင်း ဖြစ်သည်။

သင်တန်း၏ နာယကဖြစ်သူ ခရိုင်မှ အရာရှိတစ်ဦး လာရောက်၍ သင်တန်းဖွင့်အမှာစကား ပြောမည်။

ထွန်းမြင့်တို့ ၈ နာရီ မထိုးမီ သင်တန်းခန်းထဲမှာ နေရာယူထားရသည်။

သင်တန်းသား ၈၀ ကျော် ရှိသည်။ သင်တန်းဖွင့်ပွဲအတွက် သင်တန်းခန်းကို ပြင်ဆင်ထားသည်က စိတ်ဝင်စားစရာ။

ရှေ့မှာ စကားပြောစင်နှင့် မိုက်ကရိုဖုန်းကို အသင့်တပ်ဆင်လျက်။

စားပွဲခင်းအဖြူ ခင်းထားသော စားပွဲနှင့် ကုလားထိုင်တစ်လုံးရှိသည်။ စားပွဲပေါ်မှ ပန်းအိုးတွင် သစ္စာပန်းများကို လှလှပပ ထိုးစိုက်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘေးနှစ်ဖက်တွင် ပြည်ထောင်စုအလံ ခုနစ်ခုစီ စိုက်ထူလျက်။

ကိုယ်မှာ ဘာပြဿနာမှ မရှိလျှင် ထွန်းမြင့် ရင်ထဲမှာ တက်တက်ကြွကြွ ခံစာ နေရမည် ဖြစ်ပါသည်။ ခုတော့ ကိုယ့်အဖြစ်က မရေမရာ။

စံညွန့် သတင်းလွှင့်သလိုပင် သင်တန်းတက်နေရင်းမှာပင် ရ-ဝ-တ ဥက္ကဋ္ဌအဖြစ်က ပြုတ်သွားနိုင်သည်။

"သင်တန်းသွားတက်လည်း အလကားပါကွာ၊ ကျွဲပါးစောင်းတီးပဲ ဖြစ်မှာပေါ့၊ ဘုန်းကြီးကျောင်းထွက် ရေးတတ်ဖတ်တတ်ရုံလောက်ရှိတာ၊ တစ်တန်းမှ မအောင်ဘဲနဲ့ ဒီကောင်က ဘာနားလည်မှာလဲ"

မြို့ကျောင်းမှာ ခုနစ်တန်းအထိ နေခဲ့ဖူးသော စံညွန့်ပြောသော စကားက သင်တန်းမလာခင် မနက်ပိုင်းမှာပင် လူဆောင်ထဲမှ ကြားခဲ့ရသေးသည်။

နားလည်အောင် ကြိုးစာမည်ဟု ထွန်းမြင့် ဆုံးဖြတ်လိုက်သည်။

လူ့ဝတ်နှင့် ပရိတ်ကြီးကုန်အောင် သင်ခဲ့သည်။ ကိုရင်ဝတ်နှင့် သဒ္ဒါကြိုလ်၊ သဒ္ဒါအထိ တက်ခဲ့သည်။

စာမှန်သမျှ ဒေါင်းဒေါင်းပြေးအောင် ဖတ်နိုင်သည်။ လက်ရေးလှအောင်လည်း ရေးနိုင်ပါသည်။ သိပ်မြန်အောင်တော့ အသော့နှင်၍ မရေးတတ်။

ရှေ့မှ ခုံပေါ်တွင် အသင့်ရှိနေသော ဗလာစာအုပ်နှင့်





ဘောလ်ပင်လေးကို ထွန်းမြင့် လှမ်းကြည့်လိုက်သည်။

ကျေးရွာများမှ သင်တန်းလာတက်သူ အများစုမှာ ကိုယ့်လိုပင် အတန်းကျောင်း မနေဖူးသူများ ဖြစ်သည်။

အချို့ဆိုလျှင် အသက်ကြီးကြီးများပင် ပါသည်။ ကိုယ့်လောက်ပင် ရေးနိုင် မှတ်နိုင်မည် မထင်။

သင်တန်းခန်းမထဲတွင် လူအများကြီး ရှိနေသော်လည်း တိတ်ငြိမ်နေသည်က စိတ်လှုပ်ရှားစရာ။

စောစောကပင် မြို့နယ်မှ ဒု ဦးစီးမှူး ဦးနိုင်ရောက်လာပြီး ခရိုင်မှ သင်တန်းဖွင့်ပွဲ အမှာစကား ပြောမည့်သူ ရောက်လာပြီ ဖြစ်ကြောင်း၊ သင်တန်းခန်းထဲ ဝင်လာလျှင် မတ်တတ်ရပ်ကြမည် ဖြစ်ကြောင်း ပြောသွားသည်။

ရုစ်နာရီတိတိမှာ သင်တန်းဖွင့် အမှာစကား ပြောမည့်သူ သင်တန်းခန်းထဲသို့ ဝင်လာသည်။

"အတန်း ထ"

-သင်တန်းသား ခေါင်းဆောင်က အမိန့်ပေး၍ ထွန်းမြင့်တို့ မတ်တတ်ရပ်ကြသည်။

"အတန်းထိုင်"

အမှာစကားပြောမည့်သူ စကားပြောစင် ရှေ့ရောက်ပြီးမှ ထွန်းမြင့်တို့ ထိုင်ကြရသည်။

သင်တန်းဖွင့် အမှာစကား ပြောသည်ကို ထွန်းမြင့်တို့ နားထောင်ကြရသည်။

အမှာစကားပြောသည့် အထဲမှာ ဤသင်တန်းပွဲတွင်

www.burmeseclassic.com



ရ-ဝ-တ ဥက္ကဋ္ဌများ လုပ်ကိုင်ဆောင်ရွက်ရမည့် ကိစ္စများ စုံစုံ လင်လင် နားလည်အောင် သင်ပေးသွားမည် ဖြစ်ကြောင်း ပါဝင်သည်။

ရပ်ရွာလူကြီး တစ်ယောက်အနေနှင့် အလေးအနက် သဘောထားပြီး လိုက်နာရမည့် ကိစ္စများ၊ သတိထားပြီး ရှောင်ကြဉ်ရမည့် ကိစ္စများကိုလည်း ထည့်သွင်း ပြောကြားသွားသည်။

ထွန်းမြင့် သက်ပြင်းတစ်ချက်ကို တိတ်တခိုး ချမိသည်။

"ဒါတွေကို သိရပေမယ့် ငါက ဆက်လုပ်ခွင့် ရချင်မှ ရတော့မှာ" ဟု စဉ်းစားမိ၍ ဖြစ်သည်။

"နိုင်ငံ အုပ်ချုပ်ရေးမှာ ကျေးရွာ ရပ်ကွက်တွေဟာ အခြေခံ အကျဆုံး ဖြစ်တယ်။ ကျေးရွာ ရပ်ကွက်တွေကောင်းမှ၊ မြို့နယ် ကောင်းမှ၊ တိုင်းနဲ့ ပြည်နယ်ကောင်းမယ်၊ တိုင်းနဲ့ ပြည်နယ်တွေ အားလုံးကောင်းမှ တစ်နိုင်ငံလုံး ကောင်းမှာ ဖြစ်တယ်။

"ဒါကြောင့် အခြေခံအဆင့်ကစပြီး ကောင်းအောင် ကျေးရွာ ရပ်ကွက်များမှာ တာဝန်ယူ ဆောင်ရွက်ရတဲ့ ရ-ဝ-တ ဥက္ကဋ္ဌများကို အခုလို သင်တန်းပေးရတာ ဖြစ်တယ်။

"အရင်က ဒီလို သင်တန်းမရှိတော့ ကျေးရွာ ရပ်ကွက် အုပ်ချုပ်ရေးမှာ စနစ်တကျ မရှိဘဲ ကိုယ့်ဘာသာ သင့်မယ် ထင်သလို ဆောင်ရွက်နေကြတာမျိုး ဖြစ်နေတယ်"

ထွန်းမြင့် ခေါင်းညိတ်လိုက်မိသည်။ ကိုယ်တိုင် ကြုံတွေ့နေရသော ပြဿနာ ဖြစ်သည်။





"ဥပမာဆိုကြပါစို့၊ ဧည့်စာရင်းတိုင်တဲ့ နေရာမှာ အသေအချာ စာရင်းသွင်းပြီး မှတ်တမ်းထားရမှာ ဖြစ်ပေမယ့် ဘာစာရင်းစာအုပ်မှ မထားဘူး၊ အဲဒီတော့ ဧည့်စာရင်းမှတ်တမ်းလည်း မရှိဘူး၊ ဧည့်သည်လာရင် ဧည့်စာရင်းတိုင်ခ ငွေရပြေစာဖြတ်ပိုင်းတစ်ခုနဲ့ပဲ အလုပ်လုပ်နေကြတာမျိုး ဖြစ်နေတယ်"

ထွန်းမြင့် ခေါင်းညိတ်ရပြန်သည်။

သူ့ရုံးမှာ ထိုသို့ ဖြစ်နေသည်။ ဘာစာရင်းမှ မရှိပါ။ ဧည့်စာရင်းတိုင်လျှင် ငွေကောက်ခံသော ပြက်ပိုင်းသာ ရှိပါသည်။

"မွေးသေစာရင်းဆိုရင် အရင်က သူကြီးတွေရဲ့ခေတ်မှာ ရှိခဲ့ပေမယ့် အခုနောက်ပိုင်းကျတော့ ရ-ဝ-တ ရုံးတွေက ကိုယ့်အလုပ် မဟုတ်ဘူးလို့ကို ထင်လာကြတယ်၊ မွေးသေစာရင်းတိုင်တာလည်း မရှိတော့ဘူး"

ဤကိစ္စမှာလည်း ထွန်းမြင့်စိတ်ထဲမှာ ဝန်ခံရပြန်သည်။

"ရ-ဝ-တ ရုံးတိုင်းမှာ မလွဲမသွေ ထားရှိရမယ့် စာရင်းဇယားပုံစံ နှစ်ဆယ့်တစ်မျိုး ရှိတယ်၊ ဘာမှ ခက်ခက်ခဲခဲ မဟုတ်ပါဘူး၊ အခုဆိုရင် ရပ်/ကျေးစာရေးတွေလည်း ရှိနေတာပဲ။ ပုံမှန်သာ ဖြည့်သွင်းသွားမယ်ဆိုရင် စာရင်းဇယားတွေ စနစ်တကျ ရှိနေမှာ ဖြစ်တယ်"

သင်တန်းဖွင့် အမှာစကားပြောသူက စာအုပ်လေး တစ်အုပ်ကို လက်ဖြင့် ကိုင်မြှောက်ပြသည်။

"ဒါဟာ မြို့နှင့်ကျေးရွာ အက်ဥပဒေ လက်စွဲစာစောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်၊ ဒီစာအုပ်ထဲမှာ အဲဒီပုံစံဇယား နမူနာတွေအားလုံး ဖော်ပြထားတယ်"

စာအုပ်ကလေးကို ထွန်းမြင့် လှမ်းကြည့်လိုက်သည်။

'ဒီ စာအုပ်မျိုး တစ်အုပ်လောက်ရရင် ကောင်းမှာ'

ထွန်းမြင့် ရချင်စိတ် ဖြစ်နေမိသည်။

"ဒီစာအုပ်ကို သင်တန်းသားအားလုံး တစ်ယောက် တစ်အုပ်စီ ပေးမှာပါ"

အမှာစကားပြောသူက ထွန်းမြင့်၏ ဆန္ဒကို နားလည် သကဲ့သို့ ပြောလိုက်၍ ထွန်းမြင့် ဝမ်းသာသွားသည်။

"နောက်ဆုံးအနေနဲ့ သင်တန်းသားအားလုံးကို ကျွန် တော် အလေးအနက် ပြောချင်တဲ့စကား ရှိပါတယ်။ အခု သင်တန်းသားတွေဟာ ရပ်ကွက် ကျေးရွာတွေက ရ-ဝ-တ ဥက္ကဋ္ဌတွေအနေနဲ့ ကိုယ့်ရပ်ကွက်၊ ကိုယ့်ကျေးရွာမှာ ခေါင်းဆောင် အကြီးအကဲတွေ ဖြစ်ပါတယ်။

"ကိုယ့်ရပ်ကွက်၊ ကိုယ့်ကျေးရွာအပေါ်မှာ အကောင်းဆုံး စေတနာထားကြပါ၊ ကိုယ် တာဝန်ယူ အုပ်ချုပ်ရတဲ့ ရပ်ကွက်၊ ကျေးရွာက လူတွေအားလုံးအပေါ်မှာ အမိအဖလို မေတ္တာစိတ် ထားပါ။

"ကိုယ် တာဝန်ယူရတဲ့ ကာလဟာ အကြာကြီး မဟုတ် ပါဘူး၊ နှစ်နှစ် တာဝန်ယူရမယ် ဆိုပါတော့၊ အဲဒီ ကာလအတွင်း မှာ အကောင်းဆုံး မေတ္တာ စေတနာထားပြီး လုပ်ကြပါ။

"ကျွန်တော်တို့ တစ်သက်တာမှာ လောဘ၊ ဒေါသ၊





မာန်မာနတွေနဲ့ ကိုယ့်အတ္တအတွက် ရှာဖွေခဲ့တာ၊ လုပ်ခဲ့တာတွေ အများကြီးပါ၊ ဒီ နှစ်နှစ်လောက်ကိုတော့ ကိုယ့်ဘဝမှာ ပရဟိတ ဆောင်ရွက်တဲ့ကာလလို့ ဂုဏ်ယူစရာ မှတ်တိုင်တစ်ခုဖြစ်အောင် သဘောထားစေချင်ပါတယ်။

"ရွာရပ်အပေါ်မှာ မေတ္တာ၊ စေတနာကြီးမားတယ်ဆို ရင် အဲဒါမှ တကယ့် ရပ်မိရပ်ဖ ရွာလူကြီးအစစ် ဖြစ်တယ်၊ အသက်ကြီးတာ ငယ်တာနဲ့ မဆိုင်ဘူး"

ထွန်းမြင့်စိတ်ထဲမှာ သူ့ကို ပြောနေသလို ခံစားလိုက် ရသည်။

"ငါ အကောင်းဆုံး မေတ္တာ စေတနာထားပြီး လုပ်ပြ မယ်"

စိတ်ဆန္ဒ အပြည့်အဝနှင့် ဆုံးဖြတ်ပြီးမှ စိတ်မကောင်း ဖြစ်ရသည်။

"ဒါပေမယ့် ငါ့အခြေအနေက နေ့ပြတ်မလား၊ ညပြတ် မလားမှ မသိရတာပဲ"

ကိုယ်၏ လက်ရှိအခြေအနေကို ပြန်သတိရလိုက်သည်။

"ကိုယ် တာဝန်ယူတဲ့ကာလမှာ ရပ်ရွာအတွက် ဘယ် လောက်အကောင်းဆုံး လုပ်နိုင်တယ်ဆိုတာ ကြိုးစားကြည့်စေချင် တယ်။

"ကိုယ့်ဘက်က မေတ္တာစေတနာနဲ့ အကောင်းဆုံး လုပ်ပြနိုင်ရင် ရွာရပ်ကလည်း ကိုယ့်အပေါ်မှာ ချစ်ခင်လေးစား ပြီး အားကိုးလာကြမှာ ဖြစ်ပါတယ်၊ အဲဒီအခါမှာ ငွေကြေး



www.burmeseclassic.com

www.burmeseclassic.com

ဥစ္စာနဲ့ ဝယ်ယူလို့ မရတဲ့ စိတ်ကြည်နူး ချမ်းသာခြင်းနဲ့ ဂုဏ်ယူရတာမျိုး ကို ခံစား ရမှာ ဖြစ်ပါတယ်။

"ဒီသင်တန်း က လုပ်ထုံး လုပ်နည်း တွေ မှန်မှန်ကန်ကန် လုပ်တတ်အောင် သင်ပေး မယ်၊ တစ်ဦးချင်း အနေနဲ့တော့ ကိုယ့်ရပ် ကိုယ့်ရွာအလိုက် အကောင်းဆုံး ဖြစ်အောင် လုပ်ကြရမှာ ဖြစ်တယ်၊ တစ်နေရာနဲ့ တစ်နေရာ သဘာဝချင်းတော့ တူမှာ မဟုတ်ဘူး ။

"ဒါပေမယ့် လိုလျှင်ကြံဆ နည်းလမ်းရဆိုတဲ့ စကားရှိပါတယ်။ စိတ်စေတနာ ကောင်းတာနဲ့အမျှ လုပ်သင့်လုပ်ထိုက်တဲ့ လုပ်ငန်းတွေ အကြံဉာဏ်ရလာမှာ ဖြစ်ပါတယ်။

"အဲဒီ အကြံဉာဏ်ကောင်းတွေနဲ့ ကိုယ့်လက်ထက်မှာ အကောင်းဆုံး မှတ်တိုင်တွေ စိုက်ထူနိုင်ခဲ့မှာ ဖြစ်ပါတယ်၊ နောက်လူ နောက်ထပ် ဒီထက်ကောင်းအောင် လုပ်ဖို့ မလွယ်ဘူးဆိုတာမျိုး ဖြစ်အောင် ကြိုးစားကြစေချင်ပါတယ်။

"ကဲ- အားလုံး ကိုယ့်ရပ် ကိုယ့်ရွာ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်ကြပါစေလို့ ဆုတောင်းရင်း နိဂုံးချုပ်ပါတယ်"

ခန်းမအတွင်းမှာ လက်ခုပ်သံများ ထွက်ပေါ်လာပါသည်။

ထွန်းမြင့်ရင်ထဲမှာ အားရစိတ်၊ တက်ကြွစိတ်များ ဖြစ်နေမိသည်။ ကိုယ်ရပ်ကိုယ်ရွာအတွက် အကောင်းဆုံးဖြစ်အောင် ကြိုးစားကြည့်ချင်သည်။

သို့သော် ....





"ငါ့အဖြစ်က ...."

ထွန်းမြင့်ရင်ထဲမှာ လွမ်းလွမ်းဆွေးဆွေး ခံစားရသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ၃၈

တောင်လေကလေးက တဖြူးဖြူး တိုက်နေသည်။

မိုးစပါးများ နယ်လှေ့ပြီးကြသော ကာလဖြစ်၍ တလင်းများမှာ စပါးရွှေဝါများ အစုလိုက် အပုံလိုက် တွေ့မြင်နေရသည်။

ရွာသားများ သစ်စေ့မြင်၍ ငွေရှင်သော ကာလဖြစ်သည်။

စံညွှန့်တစ်ယောက် စက်ဘီးတစ်စီးနှင့် တစ်အိမ်ဝင် တစ်အိမ်ထွက် ခြေသွက်နေသည်။

စပါးပေးငွေ ကြိုပေးထားသည်များ အပြည့်အဝရအောင် အပြေးအလွှား တောင်းခံနေသည်။

စပါးပေး ယူမထားသော လယ်သမား၏ စပါးကိုလည်း သီးနှံပေါ်ဈေးနှင့် ငွေပေးဝယ်ပါသည်။

အချို့က အစိုးရထံမှ ကြိုတင်ချေးငွေ ယူထား၍ တာဝန်ကျေစပါး မရောင်းရသေးတာကြောင့် ဘယ်သူ့ကိုမှ မရောင်းချင်သေး။

"လုပ်မနေနဲ့ ဘာမှမဖြစ်ဘူး၊ ကျွန်တော်က ပိုက်ဆံ ပို





ပေးတာပဲ၊ ပိုရတဲ့ဆီ ရောင်းမှာပေါ့"

စံညွှန့် မရအရ ဝယ်သည်။

သူ ငွေကြိုပေးထားသူများက စပါး မပေးလျှင်တော့ စံညွှန့် မကျေနပ်။

"သူများ ပိုက်ဆံကို ယူတုန်းကတော့ ယူထားပြီး ပေးချိန်တန်တော့ မပေးချင်ဘူး၊ သစ္စာမရှိတဲ့လူတွေ၊ ဒါကြောင့်မို့ ဆင်းရဲနေတာ" ဟု အားမနာတမ်း ပြောလေ့ရှိသည်။

ကလင် ....ကလင် ....ကလင် ....

စံညွှန့်၏ စက်ဘီးဂလိုင်သံ ရွာထဲမှာ ညံနေသည်။

နောက်တစ်လ နှစ်လဆိုလျှင် ညိုယဉ်နှင့် လက်ထပ်ရတော့မည်မို့လည်း စံညွှန့် ပိုပြီး မြူးမြူးကြွကြွ ဖြစ်နေသည်။

ညပိုင်းဆိုလျှင် သူ့လယ်ထဲမှ အိမ်တွင် ဂျင်ဝိုင်းထောက်လိုက်သေးသည်။ အကောက်အစား မြက်မြက် ရသည်။

တစ်ခါတစ်ရံ မြို့မှ လာသူနှင့် တစ်ယောက်တစ်ဝက် ဒိုင်ကိုင်လျှင် ပို၍ရသည်။

ဒိုင်မလာသည့် ရက်များတွင် ကိုယ်တိုင်ပင် ဒိုင်လုပ်လိုက်သေးသည်။

စံညွှန့်အတွက် ငွေအရှင်ဆုံးအချိန်၊ ပျော်စရာ အကောင်းဆုံးကာလပင် ဖြစ်နေသည်။

ထွန်းမြင့်ကတော့ သင်တန်း တက်နေရဆဲ။

မနက်စောစော ရွာမှထွက်ပြီး တိုက်ကြီးသို့ ခြေကျင်သွားသည်။ နေဝင်မိုးချုပ်မှ အိမ်ပြန်ရောက်သည်။



www.burmeseclassic.com

စစ်ဆေးနေသည့် ကိစ္စကလည်း ဘာမှ အဆုံးအဖြတ် မသိရသေး။ ဘယ်နေ့မှာ သင်တန်း ဆက်မတက်ရန် အပြောခံရမည်ကို တထိတ်ထိတ် စောင့်နေရသည်။

ညိုယဉ်ကို စွန့်လွှတ်ရပြီဆိုသော အသိကလည်း ရင်ထဲမှာ နာကျင်စွာ ခံစားရသည်။

တိုက်ကြီးမှာ တစ်နေကုန် သင်တန်းတက်နေရသည်က တော်သေးသည်။ ရွာမှာသာဆိုရင် ပိုပြီး ခံစားရမည်။

ကိုယ့်အပေါ်မှာ တစ်ဖက်သတ် ပြတ်သားနိုင်သော ညိုယဉ်ကိုလည်း လုံးဝ မကျေနပ်။

ရှင်းပြခွင့်တောင်းသည်ကို နားပင်မထောင်။

"ဟင်း ....ခုတော့ ဟိုကောင်နဲ့ လက်ထပ်ဖို့တောင် သဘောတူလိုက်ပြီ၊ နောက်ဆုံးတော့ ဒီလမ်းကြောင်းပဲ ရွေးတာပါပဲ"

ညိုယဉ်ကို အထင်သေးစိတ်ပါ ဖြစ်ရသည်။

ငွေမျက်နှာက မေတ္တာထက် ပိုပြီးသာသွားသည်ဟု နားလည်လိုက်သည်။

သို့သော် မြတ်နိုးစွာ ချစ်ခဲ့ရသူမို့ တွေးလိုက်တိုင်း ရင်ထဲမှာ လွမ်းလွမ်းဆွေးဆွေး ခံစားရသည်။

ဩော် ညိုယဉ်ရယ်၊ ချစ်ခဲ့ကြတာတွေကို နင်က လွယ်လွယ်နဲ့ မေ့နိုင်ပေမယ့် ငါ့မှာ မေ့ဖို့ခက်လိုက်တာ၊ ချစ်စဖွယ် ညိုယဉ်မျက်နှာလေးကို မြင်ယောင်၍ နှမျောတသ ဖြစ်ရသည်။

* * *



# ၃၉

စံညွန့်အိမ်မှာ ဂျင်ဝိုင်းမရှိ။ မြို့မှ ယနေ့ည လူများ ရောက်မလာ၍ ရွာထဲမှ ထိုးသားများလည်း ရောက်မလာ။

"အိမ်မှာ ဝိုင်းမဖြစ်တော့ ပျင်းစရာကောင်းတယ် ကိုစံညွန့်ရာ"

တာရင်းငှား မြမောင်က ပါးစပ်ကို ဖြဲပြီး အားပါတရ သမ်းလိုက်သည်။

စံညွန့်က မြမောင်ကို လှမ်းကြည့်လိုက်သည်။

"ဘာလဲ ....မင်းက ထိုးသားလုပ်ချင်လို့လား"

"မဟုတ်ပါဘူး၊ မြို့ကလူတွေလာတော့ ဒူးယားလေး ဘာလေး ကပ်သောက်ရတာပေါ့"

စံညွန့်က အိတ်ထဲရှိ စီးကရက်ဘူးမှ ဒူးယား နှစ်လိပ် ထုတ်ယူပြီး မြမောင်နှင့် ဦးရွှေကို တစ်လိပ်စီ ပေးလိုက်သည်။

"ပျင်းလို့ မင်းတို့နှစ်ယောက် ထိုးသားလုပ်မယ် ဆိုရင်တော့ ငါ ဒိုင်ကိုင်မယ်လေ၊ ဂျင်သီး ရှိတာပဲ"

စံညွန့်က အိမ်၏ ထုတ်တန်းကြားမှာ ဝှက်ထားသော

www.burmeseclassic.com



ဂျင်သီးကို သွားယူလိုက်သည်။

ပြီးတော့ ပန်းကန်ပြားပေါ်မှာ လှည့်၍ ခွက်ကလေးနှင့် ဖုံးထားလိုက်သည်။

"ထိုးလေ"

"ပိုက်ဆံမှ မရှိဘဲ"

မြမောင်က အုပ်ထားသော ခွက်ကလေးကို ငေးကြည့်ရင်း ဗလာဖြစ်နေသော အိတ်ကို ပုတ်ပြသည်။

"ဦးရွှေရော"

စီးကရက်မီးမှိန် နေသော ဦး ရွှေကို စံညွန့် လှမ်းမေးလိုက်သည်။

စံညွန့်က မြမောင်ဘက်သို့ ပြန်လှည့်ကြည့်လိုက်သည်။

"ပိုက်ဆံရှိရင် မင်း ထိုးမလား"

"ဘာလဲ၊ ကိုစံညွန့် ချေးမလို့လား"

ချေးလျှင် မြမောင် ကစားကြည့်ချင်သည်။

"ချေးစရာ မလိုပါဘူး။ မင်းစပါး ငါးဆယ် ငါ့ဆီမှာ ရှိတာပဲ"

မြမောင်၏ တစ်နှစ်တာ စာရင်းငှား၍ စပါးငါးဆယ်ကို စံညွန့်က ရည်ညွှန်းလိုက်ခြင်း ဖြစ်သည်။

"ဟာ ....ဒါလေးတော့ မလုပ်ပါနဲ့၊ တစ်နှစ်လုံး နွားနဲ့ ရုန်းထားရတာ"

စံညွန့် ရယ်သည်။

"အသုံးမကျတဲ့ကောင်၊ စဉ်းစားကတည်းက အရှုံးပဲ





တွေးတယ်၊ နိုင်ရင် စပါးငါးဆယ်ကနေ တစ်ရာဖြစ်သွားနိုင်တာ မစဉ်းစားဘူး"

လောဘသားဖြစ်သော မြမောင် တွေဝေသွားသည်။

"စပါးနဲ့တော့ မထိုးချင်ဘူးဗျာ၊ ပိုက်ဆံ တစ်ဆယ်ပဲ ခဏချေး"

"ချေးစရာ မလိုပါဘူးဆိုမှကွာ၊ မင်း ထိုးချင်သလောက် ငွေနဲ့ မှတ်ထိုး"

စံညွန့်က ပန်းကန်ပေါ်မှာ အုပ်ထားသော ခွက်လေးကို လှမ်းကြည့်လိုက်သည်။

"နေဦးဗျာ၊ အရင်ဆုံး အလကား စမ်းကြည့်ဦးမယ်"

စံညွန့်က ခေါင်းညိတ်ပြပြီး အရုပ်ဇယားကွက်ပါသည့် အဝတ်စကို စားပွဲပေါ်မှာ ဖြန့်ခင်းလိုက်သည်။

"ကဲ – ငါးရှဉ့် တစ်ဆယ်ထိုးတယ်ဗျာ၊ အလကား ထိုးကြည့်တာနော်၊ တကယ် မဟုတ်ဘူး"

စံညွန့်က ခေါင်းညိတ်ပြီး အုပ်ဆောင်ကလေးကို ဖွင့်ပြလိုက်သည်။

"ဟာ ....ရှဉ့်ကွာ၊ သုံးဆတောင် အလျော်ရမှာ"

မြမောင် စိတ်ထဲမှာ နှမျောသွားသည်။ အလကား ထိုးကြည့်တာဟုသာ မပြောလျှင် လျော်ငွေ သုံးဆယ်ရမည် ဖြစ်သည်။

"မင်းက သတ္တိနည်းတာကိုး၊ တကယ်သာဆိုရင် မင်း ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ထပ်လှည့်ပါဦးဗျာ"

စံညွှန့်က ဂျင်သီးကို လှည့်ပြီး အုပ်ဆောင်လေးနှင့် အုပ်ထားလိုက်သည်။

ဂျင်သီးသံလည်းကြားရပြီး ခဏနေမှ

"ဒီတစ်ခါ ဝက်နဲ့ကြက် ငါးကျပ်စီ"

မြမောင်က ယခင်ရက်မှ သူများထိုးသည်ကို အတုယူပြီး ဒေါင့်ဖြတ်ဆွဲလိုက်ခြင်း ဖြစ်သည်။

စံညွှန့်က အုပ်ဆောင်းလေးကို ဖွင့်ပြလိုက်သည်။

"ဟာ ....တယ်ဟုတ်တဲ့ကောင်ပါလား"

ဂျင်သီး၏ အပေါ်ဘက်မှာ ဝက်ပုံပေါ်နေသည်။

ကြိုးထိုးထား၍ အမြတ်တစ်ဆယ်တော့ ရဦးမည်။

"ကဲ ....ဟေ့ကောင်လေး၊ မင်းက တော်တော် မှန်နေပါလား၊ တကယ်သာ ထိုးကြည့်ရင် မင်း တော်တော်ရနေပြီ"

ဦးရွှေပါ မြမောင်ဘက်မှ စိတ်ဝင်စားလာသည်။

မြမောင် စဉ်းစားရပြီ။

"လှည့်ဗျာ"

စံညွှန့် နောက်တစ်ခါ ထပ်လှည့်သည်။

မြမောင်က ဂျင်သီးလည်သံကို သေသေချာချာ နားထောင်သည်။ အုပ်ထားသော ခွက်ကလေးအတွင်းမှာ လဲကျသံကို သတိထားသည်။

ဂျင်သီးလေး ငြိမ်သွားပြီ။

အတော်ကြာအောင် စဉ်းစားနေသေးသည်။





"ငါးရှဉ့်ဗျာ"

မြမောင်က ဆုံးဖြတ်ချက် ချသည့်အသံမျိုးနှင့် ပြောလိုက်ခြင်း ဖြစ်သည်။

"ဘယ်လောက်လဲ"

စံညွှန့်အသံက တည်ငြိမ်သည်။

မြမောင် စဉ်းစားနေဆဲ –

"နည်းနည်း တော့ မလုပ်နဲ့နော်၊ များတယ်"

"တစ်ဆယ်"

မြမောင်၏အသံက ဝံ့ဝံ့စားစား ပြောလိုက်ရသည့် လေသံဖြစ်သည်။

"တကယ်နော်"

"ဟုတ်တယ် ....တကယ်"

စံညွှန့်က အုပ်ထားသော ခွက်ကို ဖြည်းဖြည်းချင်း ဖယ်လိုက်သည်။

"ဟာ"

သူ့ယောက်စလုံး အံ့အား သင့်သွားသည်။

"ဟေ ....ငါကွ"

မြမောင် ဝမ်းသာအား ရ လက်ခုပ်တီးသည်။

"ဟေ့ကောင်၊ ဒါ အမိန့်ရ ဂျင်ဝိုင်း မဟုတ်ဘူးကွ၊ အသံမထွက်နဲ့"

မြမောင်က ခေါင်းညိတ်ပြရင်း တောင်းပန်သော မျက်နှာနှင့် စံညွှန့်ကို ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျင်သီးလေးပေါ်မှာ ငါးရှဉ့်ကွေးကွေးလေး ပေါ်နေသည်။

မြမောင် လျော်ငွေသုံးဆယ် ရသွားသည်။

"မင်း ကံကောင်းနေတယ်၊ ဟော့ကောင် များများထိုး"

"မလုပ်နဲ့၊ များများထိုးမှ ပါသွားမယ်"

စံညွန့်က ဂျင်သီးကိုလှည့်ပြီး အုပ်ဆောင်းနှင့် အုပ်ထားသည်။

နှတစ်ခါတော့ မြမောင်က ကြက်ကို ပြောင်းပြီး ငါးကျပ်ထိုးသည်။

ငါးရှဉ့်ထပ်ပေါ်၍ စံညွန့်စားသွားသည်။

"ဟော့ကောင် မြမောင်၊ မင်း ဦးခင်ထိုးသလို ငါးရှဉ့် တစ်မျိုးတည်း လိုက်ကြည့်ပါလား၊ တစ်ပင်ပေါ်ရင် နှစ်ပင်ထိုးလို့ရတာပဲ"

ဦးရွှေက အကြံပေးသည်။

"ကောင်းတယ်"

ဦးခင်ထိုသည်ကို မြမောင် မြင်ဖူးသည်။ ဦးခင်က ငွေရင်းများများကိုင်သည်။ တစ်ကောင်တည်းကို သတ်မှတ်ထိုးသည်။ တစ်ဆယ် စားသွားလျှင် နှစ်ဆယ်ထိုးသည်။ နှစ်ဆယ် စားသွားလျှင် လေးဆယ်ထိုးသည်။ လေးဆယ် အစားခံရလျှင် ရှစ်ဆယ်ထိုးသည်။ နှစ်ဆ တိုးတိုးပြီး ထိုးသွားသည်။ မိလိုက်သည်နှင့် အမြတ်ရမည်။

မြမောင်က ငါးရှဉ့်ကို တစ်ဆယ် ထိုးလိုက်သည်။





ဝက်ပေါ်၍ စံညွန့် စားသွားသည်။

မြမောင်က ငါးရှဉ့်ကိုပင် နှစ်ဆယ်ထိုးလိုက်သည်။

ကြက် ပြန်ပေါ်သည်။

မြမောင်က ငါးရှဉ့်ကို လေးဆယ် ထိုးသည်။

ငါးရှဉ့် ပေါ်လာသည်။

"ဟုတ်ပြီကွ"

မြမောင် ဝမ်းသာသွားသည်။

အလျော်ငွေ တစ်ရာ့နှစ်ဆယ် ရသည်။

"သတ္တိရှိရင် အဲဒီ တစ်ရာ ထိုးလေ"

မြမောင် စဉ်းစားသည်။ စောစောက နည်းအတိုင်းပင် လိုက်ယူမည်ဟု ဆုံးဖြတ်လိုက်သည်။ မြမောင် သွေးကြွလာပြီ။

"ထိုးတယ်"

တစ်ရာ ထိုးသည်။

ဖားပေါ်၍ စံညွန့် စားသွားသည်။

မြမောင်က ငါးရှဉ့်ကိုပင် နှစ်ရာ ထပ်ထိုးသည်။

ဖားထပ်ပေါ်၍ စံညွန့် စားသွားသည်။

မြမောင်က ငါးရှဉ့်ကို လေးရာထိုးသည်။

ငါးရှဉ့် ပေါ်သည်။

"ဟား ....ဟား ပွပြီကွ"

မြမောင် အလျော်ငွေ ထောင့်နှစ်ရာကျပ် ရသည်။

"ထိုးလေ တစ်ထောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ထိုးမလဲ တစ်ရာပဲ"

မြမောင်က အနိုင်ငွေများကို ဘေးမှာ ဖယ်ထားလိုက်သည်။

ကြက်ပေါ်၍ စံညွန့်စားသည်။

မြမောင်က ငါးရှဉ့်ကို နှစ်ရာထပ်တင်သည်။

ဖားပေါ်၍ စံညွန့် စားသည်။

မြမောင်က ငါးရှဉ့်ကို လေးရာ ထပ်ထိုးသည်။

ဖားပြန်ပေါ်၍ စံညွန့် စားသည်။

မြမောင်က ငါးရှဉ့်ကို ရှစ်ရာ ထိုးသည်။

ကြက်ပေါ်၍ စံညွန့်စားသည်။

မြမောင်က ငါးရှဉ့်ကို တစ်ထောင့်ခြောက်ရာ ထပ်ထိုးသည်။

ဝက်ပေါ်၍ စံညွန့် ထပ်စားသည်။

"ထိုးကွာ၊ နှစ်ဆထပ်ထိုး"

ဦးရွှေက မြှောက်ပေးသည်။

မြမောင် ချွေးပြန်လာသည်။

"ဒီတစ်ခါ မပေါ်ရင် ...."

မြမောင် စိတ်ပူရသည်။

"ထိုးပါကွာ၊ ငွေမျော ငွေနဲ့လိုက်တဲ့၊ သွေးမနည်းစမ်းပါနဲ့"

သူကိုယ်တိုင် မထိုးရဲသော ဦးရွှေက မြမောင်ကို မြှောက်ပေးနေသည်။





"ထိုးတယ်ဗျာ၊ သုံးထောင့်ခြောက်ရာ"

ဖွင့်တော့မည့် အုပ်ဆောင်းလေးကို မြမောင် မျက်တောင်မခတ်ဘဲ ကြည့်နေသည်။

"ကဲ ....ဖွေသား ငါးရှဉ့်ချော်ချော်လေးရေ၊ မပေါ်လာ အတော်ကြာပြီ၊ လာခဲ့၊ ပေါ်လှည့်"

စံညွန့်က အုပ်ထားသော ခွက်ကို ဖြည်းဖြည်းချင်း ဆွဲယူပြီး မ,လိုက်သည်။

"ဟာ ...သွားပါပြီကွာ"

မြမောင် ရင်ထဲမှာ အမောဆို့သွားသည်။

ဂျင်သီးက ဖားကို ပြနေသည်။

"ကဲ- ဘယ်လိုလဲ မြမောင်၊ မင်းစပါး ငါးရာကို ငါက တစ်သောင်းဈေးနဲ့ပဲ ဖြတ်မှာနော်၊ မင်း နှစ်ဆထိုးလို့ မရတော့ဘူး၊ မင်း ငါ့ပေးရမယ့်ငွေ အားလုံးပေါင်းရင် ခြောက်ထောင့်ကိုးရာ ဖြစ်နေပြီ"

"ငါးထောင်နုတ်ရင် မင်းဆီမှာ ငါက တစ်ထောင့်ကိုးရာ တင်နေပြီ"

"ဟာဗျာ၊ တစ်သောင်းဈေးဖြတ်တာ နည်းတာပေါ့"

"အခု ကိုစံညွန့် အပြင်ဈေး နှစ်သောင်းနဲ့ ဝယ်နေတာ ကျွန်တော် သိတာပဲ၊ နှစ်သောင်းဈေးနဲ့ပဲ ယူပေါ့"

"နှစ်သောင်းဈေးတော့ မပေးနိုင်ဘူးကွာ"

စံညွန့်က ခပ်တင်းတင်းငြင်းသည်။

"ပေးပါဗျာ၊ ပေးရင် ကျွန်တော့်ငွေ သုံးထောင့်တစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မယ်၊ အဲဒီငွေ အကုန်ထိုးမယ်ဗျာ၊ ကျွန်တော်နိုင်ရင် ကိုစံညွန့်ကို ထောင့်သုံးရာ လျော်ရမယ်၊ ကျွန်တော် ဆက်မထိုးတော့ဘူး၊ ရပ်မယ်၊ ကျွန်တော်ရှုံးရင်တော့ ကျွန်တော့် လုပ်ခစပါးအားလုံး ဆုံးပြီလို့ မှတ်လိုက်မယ်"

"ငါးရှဉ့်ပဲ ထိုးမှာလား"

စံညွန့်က သေချာအောင် ထပ်မေးသည်။

မြမောင် တွေဝေသွားသည်။

"ဟော့ကောင်၊ စဉ်းစားမနေနဲ့၊ ငါးရှဉ့်ပဲ ထပ်ထိုး၊ ပြောင်းလိုက်မှ ငါးရှဉ့်ပေါ်လည့် ဖြစ်နေရင် ပိုပြီး စိတ်နာနေရလိမ့်မယ်"

"ကဲ ငါးရှဉ့်ပဲ ထိုးမယ်ဗျာ၊ သုံးထောင့်ခြောက်ရာ"

"ခဏနေဦးကွာ"

စံညွန့်က သူ့စားပွဲ အံဆွဲထဲမှာ အသင့်ထည့်ထားသော ငါးကျပ်တန် စာချုပ်တံဆိပ်ခေါင်းကို ယူပြီး စားရေးနေသည်။

မြမောင်က အုပ်ထားသော ခွက်လေးကို ကြည့်ရင်း စိတ်မောနေပြီ။ မြန်မြန် ဖွင့်စေချင်သည်။

"ကဲ ....ရော့ ဖတ်ကြည့်ပြီးတော့ လက်မှတ်ထိုး"

စံညွန့်က စာချုပ်တွင် ရေးပြီးသည်ကို မြမောင်သို့ ပေးလိုက်သည်။

စာချုပ်ပေါ်မှာ လုပ်အားခ စပါး (၅၀) အကျေရပြီး ဖြစ်ကြောင်း ရေးထားသည်။

"မင်းရှုံးရင် ဒီစာချုပ်အရ ငါ မင်းကို ဘာမှ ပေးစရာ





မလိုတော့ဘူး"

"ကျွန်တော်နိုင်ရင် ခင်ဗျား သုံးဆပေးရမှာဆိုတော့ ကိုးထောင့်သုံးရာ ပေးရမှာနော်"

"အေး ပေးမယ်"

စံညွန့် ကတိပေးသည်။

"ကဲ ....ဒါဆိုရင် ပေးဗျာ"

မြမောင်က လက်မှတ်ထိုးသည်။

"ရော့၊ ကိုရွှေက အသိသက်သေအဖြစ် လက်မှတ်ထိုး"

စံညွန့်ပြောသည့်အတိုင်း ကိုရွှေက လက်မှတ်ထိုးသည်။

"လက်ရှောင်၊ ပေါက်ကောင် ဖွင့်မယ်နော်"

စံညွန့်က အုပ်ထားသောခွက်ကို ဖြည်းဖြည်းချင်း ဖွင့်နေသည်။

မြမောင် ရင်ခုန်သံတွေ မြန်နေသည်။

ပေါက်ကောင်ကို မြန်မြန်မြင်ချင်၍ ပန်းကန်ပြား အနီးအထိ ခေါင်းငုံ့ပြီး ကြည့်နေသည်။

အုပ်ထားသောခွက်ကို စံညွန့်က ဘေးဘက်သို့ ဖယ်လိုက်ပြီ။

"ဟာ–သွားရောကွာ"

ဝက်ရုပ်ကလေး ပေါ်နေ၍ စံညွန့်၏ လုပ်အားခများ အားလုံး ဆုံးရှုံးသွားလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ၄၀

"မတရားဘူးကွာ၊ လုံးဝ မတရားဘူး"

အမှော်တဲဘေးမှ စာရင်းဇယားများ အိပ်သည့် အခန်းထဲမှာ မြမောင် မကျေမနပ် ဖြစ်နေသည်။

"အေးအေးဆေးဆေး အိပ်စမ်းပါ မြမောင်ရာ၊ မင်းကိုယ့်ဘာသာ ကစားပြီးမှ ပြောနေလို့ အလကားပေါ့ကွာ"

ကိုရွှေက ညဉ့်နက်ပြီမို့ အိပ်ချင်နေသည်။

သို့သော် မြမောင်က မအိပ်နိုင်။ တစ်နှစ်လုံး ကုန်းရုန်းလုပ်ထားရသော စပါးငါးဆယ့်ကို နမြောနေသည်။

"မဟုတ်ပါဘူးဗျာ၊ ညစ်တာ သေချာတယ်ဗျ"

မြမောင်က စံညွှန့်ကို မကျေနပ်။

"စထိုးတုန်းက ငါးရှဉ့် ခဏခဏ ပေါ်နေတာပဲ၊ ကျွန်တော်လည်း ငါးရှဉ့်ကို စွဲပြီးလိုက်ရော ငါးရှဉ့်တစ်ခါမှ မပေါ်တော့ဘူးဆိုတာ လုံးဝ မဖြစ်နိုင်ဘူး၊ သူ ညစ်လို့ပေါ့ဗျ"

"ဒါပေမယ့် အဲဒီတုန်းက မင်းကျေနပ်လို့ ထိုးခဲ့တာပဲ၊ ခု ရှုံးမှ မကျေမနပ် ပြောနေလို့ အလကားပေါ့"





"သူ့ ဂျင်သီးကို သူသိတယ်ဗျ၊ နောက်ဆုံး စပါးဈေးပိုတောင်းတော့ ငါးရှဉ့်ပဲ ထိုးမှာလား မေးပြီးမှ အပိုင်စာချုပ်နဲ့ လုပ်တာဗျ"

"မင်းကိုယ်တိုင် သဘောတူလို့ စာချုပ်မှာ လက်မှတ်ထိုးခဲ့တာ မဟုတ်လား"

"အဲဒီတုန်းက မှန်နေလို့ ညစ်တာကို မသိဘူးဗျ၊ ခု အေးအေးဆေးဆေးနဲ့ စဉ်းစားမှ ပေါ်လာတာ"

"စဉ်းစားမနေနဲ့ကွာ၊ အိပ်တော့"

ဦးရွှေက အိပ်ချင်နေပြီ။ မြမောင်က ထိုင်လျက်။

"ကျုပ် အိပ်လို့ မရဘူးဗျ၊ ကျုပ် စပါး ငါးဆယ် ပြန်တောင်းချင်တယ်"

"ဟ၊ ရမလားကွ၊ နှစ်ဦး သဘောတူ ကစားတာပဲ၊ ပြီးတော့ စာချုပ်လည်း ရှိနေပြီ"

"တကယ်ဆိုရင် ကျုပ်ဟာ သူ့အလုပ်သမားပါဗျာ၊ သူတို့က ကျုပ်တို့ထက် အများကြီး ချမ်းသာပါတယ်၊ အဲဒီလို မလုပ်သင့်ပါဘူး"

"ဒါပေမယ့် လွန်ကုန်ပြီ မြမောင်ရာ၊ ခုမှ ပြန်ပြောနေလို့ အလကားပဲ"

"ကျုပ် မကျေနပ်ဘူးဗျာ၊ လုံးဝ မကျေနပ်ဘူး"

ဝမ်းနည်းခြင်း၊ မကျေနပ်ခြင်း၊ ဒေါသဖြစ်ခြင်းများ ပေါင်းစပ်၍ မြမောင်၏ ပါးပြင်ပေါ်မှာ မျက်ရည်များ စီးကျလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၄၁

ညသည် တိတ်ဆိတ်၍ ပတ်ဝန်းကျင် တစ်ခုလုံး အမှောင်ထု ဖုံးလွှမ်းနေ၏။

"ဒီဘက် ငှက်ပျောခင်းထဲက လာ၊ ကျွန်တော့် နောက်က လိုက်ခဲ့"

သူ့နောက်မှ လိုက်ပါလာသော ဒုရဲအုပ်ကို ထွန်းမြင့်က လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

ဒုရဲအုပ်က နောက်မှ လိုက်လာသော ရဲသား လေးဦးကို လက်ပြ၍ ခေါ်လိုက်သည်။

ငှက်ပျောခင်းထဲသို့ ရောက်လာသောအခါ ပို၍ မှောင်သွားသည်။

ရှေ့လူကို နောက်လူက မည်းမည်းသဏ္ဌာန်မျှသာ မြင်ရ၏။

ထွန်းမြင့်ကတော့ ကိုယ့်ရွာ ကိုယ့်ဝန်းကျင်ဖြစ်၍ မှောင်ထဲမှာပင် လမ်းမှားစရာ မရှိ။ ရှေ့မှ ဦးဆောင်၍ ဖြည်းဖြည်း မှန်မှန် သွားနေသည်။



"သေချာပါ့မလား ကိုထွန်းမြင့်"

ဒုရဲအုပ်က ထွန်းမြင့်နားကပ်၍ တိုးတိုးမေးသည်။

"သေချာတာပေါ့ဗျာ၊ အားလုံးသိထားတဲ့ အတွင်းလူက သတင်းပေးတာပဲ"

"ခွေးမရှိဘူး ဆိုတာရော"

"သေချာတယ်၊ တစ်ကောင်မှ မရှိဘူးတဲ့၊ ဂျင်ထိုးမယ့်လူတွေလာလို့ ခွေးဟောင်ရင် ဘယ်ဖြစ်မလဲ"

ဒုရဲအုပ် ခေါင်းညိတ်ပြလိုက်သည်။

ကိုယ့်ဘက်ကတော့ ဘာမှ သတင်းပေါက်ကြားစရာ မရှိ။ ထွန်းမြင့် သင်တန်းဆင်းပြီး မိုးချုပ်မှ ရဲစခန်း သတင်းပို့ပြီး ရဲများနှင့် အတူလာခြင်းဖြစ်သည်။

ရွာရောက်တော့ ည ၁၁း၀၀ နာရီခန့် ရှိပြီ။

ရွာထဲဝင်လျှင် ခွေးဟောင်မည်စိုး၍ ရွာအပြင်မှပင် အမှောင်ထုကို အားပြုပြီး တိတ်တဆိတ် သွားနေရခြင်း ဖြစ်သည်။

ငှက်ပျောခင်းနှစ်ခင်းကို လွန်ပြီးသည်နှင့် ရှေ့ ကိုက်တစ်ရာခန့်တွင် မီးရောင်ရှိသော အိမ်ကို လှမ်းမြင်ရသည်။

"အဲဒီအိမ်ပဲ"

ထွန်းမြင့်က ဒုရဲအုပ်ကို ညွှန်ပြသည်။

"သေချာတယ်နော်"

"သေချာပါတယ်"

"ကဲ- ဒါဆိုရင် အားလုံး ခြေသံ လုံပစေ၊ တခြားလည်း ဘာသံမှ မထွက်စေနဲ့၊ ငါ့နောက်က လိုက်ခဲ့ကြ"



www.burmeseclassic.com

www.burmeseclassic.com



ဒုရဲအုပ်က သူ့လူများအားလုံးကို အသံတိုးတိုး ပြောသည်။

"ကိုထွန်းမြင့်နဲ့ ကျွန်တော် ရှေ့က သွားမယ်"

ရှေ့မှာ မြင်နေရသော မီးရောင်ရှိရာ အိမ်ကလေးဆီသို့ သစ်ပင်မှောင်ရိပ်များကို အကာအကွယ်ပြုပြီး သတိထား၍ ချဉ်းကပ်သွားကြသည်။

အိမ်နားသို့ ရောက်သွားကြပြီ။

ဒုရဲအုပ်က သူ့လူများကို အိမ်ပတ်လည်မှာ နေရာယူရန် အချက်ပြသည်။

ဒုရဲအုပ်၊ ရဲတပ်ကြပ်ကြီး တစ်ယောက်နှင့် ထွန်းမြင့်က အိမ်ရှေ့ဘက်ဆီသို့ ကွေ့ပတ်သွားသည်။

သစ်ပင်တစ်ပင်ကို အကာအကွယ်ပြုပြီး အိမ်တံခါးဆီသို့ လှမ်းကြည့်လိုက်သည်။

**အိမ်တံခါး** ပိတ်ထားသည်။

**အထဲမှ** အသံခပ်အုပ်အုပ် ကြားရသည်။

**ဒုရဲအုပ်က** အခြေအနေကို စောင့်ကြည့်နေသည်။

**အိမ်တံခါးကို** အဖွင့်ခိုင်းလျှင် အထဲမှ လူများ ကြိုသိပြီး **သိမ်းတာ ဖျက်တာ** လုပ်နိုင်သည်။

**ဖြစ်နိုင်လျှင်** ပကတိအတိုင်း ဆက်မှုလက်ကြပ် မိချင်**သည်။**

"**အခုနေ** တစ်ယောက်လောက် အပြင်ထွက်လာရင် ကောင်းမှာ"





ဒုရဲအုပ်က ထွက်လာသူကို အပိုင်ကိုင်ပြီး အိမ်ထဲသို့ ဝင်ဖမ်းချင်သည်။

"ထွက်မှာ မဟုတ်ဘူး"

ထွန်းမြင့်က စောင့်မနေချင်တော့ပါ။

"လာဗျာ၊ ဒါဖြင့်လည်း သွားမယ်"

ဒုရဲအုပ်နှင့် ထွန်းမြင့်တို့ အိမ်တံခါးဆီသို့ ခြေသံ မကြားအောင် သွားသည်။

ရဲတပ်ကြပ်ကြီးက နောက်မှ လိုက်လာသည်။

တံခါးရှေ့ရောက်ပြီ။

"ကြက်ပဲ ထိုးတယ်ကွာ"

ခပ်အုပ်အုပ်ပြောလိုက်သော 'အသံ။

"ငါကသော့ ကြိုးပဲကွာ"

"ကဲ - လက်ရောင်ကြတော့၊ ဖွင့်မယ်"

ဒုရဲအုပ်နှင့် ထွန်းမြင့်တို့ တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်လိုက်ကြသည်။

သေချာပြီဆိုသော သဘော။

"စံညွှန့်ရေ"

ဒုရဲအုပ် လှမ်းခေါ်လိုက်၍ ထွန်းမြင့် အံ့အားသင့်သွားသည်။

ဒုရဲအုပ်က အသာနေရန် လက်ကာပြသည်။

ပုံများရိုက်ခြင်း ဖြစ်သည်။

"အပြင်က အသံကြားတယ်၊ ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



အထဲမှ အသံထွက်လာသည်။

"ငါပါကွ၊ တံခါးဖွင့်ပါဦး"

"ဘိုအေးလား မသိဘူး၊ ဖွင့်ပေးလိုက်ရမလား"

"ဟေ့ကောင် အရမ်းမဖွင့်နဲ့၊ သေချာအောင် ကြည့်ဦး"

"ဝုန်း"

ဒုရဲအုပ်က တံခါးကို သူ့ကိုယ်နှင့် တိုက်ဖွင့်လိုက်သည်။

မပွင့်သေး၊ သို့သော် နောက်တစ်ချက်ဆို ပွင့်တော့မည်။ ဒုရဲအုပ်နှင့် ရဲတပ်ကြပ်ကြီးတို့ ပြိုင်တူ တိုက်ဖွင့်ကြသည်။

"ဝုန်း"

တံခါးပွင့်သွားသည်။

အထဲမှာ လူ ၉နစ်ယောက်ကို မတ်တတ်ရပ်လျက် တွေ့ရသည်။

"အားလုံး မလှုပ်နဲ့၊ ငြိမ်ငြိမ်နေ"

ဒုရဲအုပ်နှင့် ရဲတပ်ကြပ်ကြီးက သေနတ်ဖြင့် ချိန်ထားသည်။

လူအားလုံး မျက်နှာပျက်နေကြသည်။

သို့သော် စားပွဲပေါ်မှာ ဘာမျှ မရှိတော့ပါ။

"ခင်ဗျားတို့ လေးကောင်ဂျင် ကစားနေကြတာ မဟုတ်လား"

"မဟုတ်ပါဘူး"

ဒုရဲအုပ်၏ မေးခွန်းကို စံညွှန့်က ဖြေသည်။

"ခင်ဗျား မညာနဲ့၊ ကျွန်တော်တို့ အပြင်ကနေ အားလုံး





ကြားပြီးသား၊ ကျွန်တော့်မှာ ဝရမ်းပါတယ်"

"ဟေ့ လှရွှေနဲ့ မြင့်လွင် အိမ်ထဲ ဝင်လာခဲ့ဟေ့၊ ကျန်တဲ့ ရဲသားတွေ အိမ်ကို ဝိုင်းပြီး ဆက်စောင့်နေ"

ဒုရဲအုပ်က အိမ်နောက်ဖက်ဆီသို့ လှမ်းခေါ်လိုက်သည်။

ရဲသားနှစ်ယောက် သေနတ်ကိုင်လျက် အိမ်ထဲသို့ ဝင်လာကြသည်။

စံညွှန့်က ရပ်နေရာမှ နေရာရွှေ့လိုက်သည်။

"ငြိမ်ငြိမ်နေနော်၊ ထွက်ပြေးရင်တော့ ပစ်ရလိမ့်မယ်"

သေနတ်ဖြင့် ချိန်ထားသော ရဲတပ်ကြပ်ကြီးက စံညွှန့်ကို ခပ်မာမာ လှမ်းပြောလိုက်သည်။

စံညွှန့် မလှုပ်ဝံ့တော့ပါ။

ဒုရဲအုပ်သေးမှာ တွေ့ရသော ထွန်းမြင့်ကို မကျေမနပ် လှမ်းကြည့်လိုက်သည်။

အိမကို ရဲများ ဝိုင်းထားပြီဟု သိ၍ ဂျင်ဝိုင်းမှလူများ ပို၍ ထိတ်လန့်သွားကြသည်။

အိမ်ထဲမှာလည်း သေနတ်ကိုင်ထားသော ရဲက သုံးယောက် ဖြစ်နေပြီ။

"တစ်ယောက်မှ မလှုပ်နဲ့နော်၊ ဒီအတိုင်း ငြိမ်ငြိမ်နေ"

ဒုရဲအုပ်က သေနတ်ဖြင့်ချိန်ပြီး အမိန့်ပေးသည်။

"ကဲ- ကိုထွန်းမြင့်၊ ဒီအနားနီးတဲ့ ရွာလူကြီး နှစ်ယောက်သုံးယောက် သွားခေါ်ပေးပါဗျာ"

ထွန်းမြင့်က ရွာဆီသို့ အမြန်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ ဦးချစ်ရွှေနှင့် ဦးဘကောင်း ရွာလူကြီးနှစ်ယောက်အပြင် အသင့်တွေ့ရသော ဦးလှဒင်နှင့် ဦးကျော်အေးကိုပါ ခေါ်ပြီး ထွန်းမြင့် ပြန်လာသည်။

သက်သေများရှေ့တွင် ရှာဖွေပုံစံနှင့် တစ်ဦးချင်းစီမှာ ရှိနေသော ငွေများအားလုံးကို သိမ်းလိုက်သည်။ စံညွန့်နှင့် ယှဉ်ရပ်နေသူသည် ဒိုင်ဖြစ်ဟန် ရသည်။ သူ့အိတ်ထဲမှာ ငွေအများကြီး တွေ့ရသည်။

ငွေများကို ရေတွက်ပြီး မှတ်သားသည်။

စာပွဲအံဆွဲကို ဒုရဲအုပ်က ဖွင့်ကြည့်သည်။ လေးကောင်ဂျင်ကစားသော အရုပ်များပါသည့် ဖဲယားကွက်ကို တွေ့ရသည်။

"ဒါကို သက်သေခံအဖြစ် သိမ်း"

ဒုရဲအုပ်က တပ်ကြပ်ကြီးကို ပေးသည်။

"အဲဒါ အိမ်က စာရင်းငှားတွေ အပျင်းပြေ ကစားဖြီးထည့်ထားတာပါ"

စံညွန့်ကို လှမ်းကြည့်ပြီး ဒုရဲအုပ်က ပြုံးသည်။

"ဒီမှာ ပန်းကန်ပြားနဲ့ အပေါ်က အုပ်တဲ့ ခွက် ဆရာ"

ရဲသားတစ်ယောက်က အိမ်ထရံဘေးမှာ တကွဲတပြားစီရှိနေသော ပန်းကန်ပြားကို စားပွဲပေါ်တင်၍ အပေါ်မှ ခွက်အုပ်ထားလိုက်သည်။

"ဂျင်သီးရော"

ဒုရဲအုပ်က မေးသည်။

"မရှိပါဘူး၊ ကျွန်တော်တို့ ဂျင်ကစားနေကြတာ





မဟုတ်ဘဲ"

စံညွန့်က ဖြေသည်။

"ဒါဖြင့် ဘာလုပ်နေကြတာလဲ၊ ဒီလောက် များတဲ့ငွေတွေနဲ့"

"ကျွန်တော်က စပါးပွဲစားပဲ၊ စပါး အရောင်းအဝယ် လုပ်နေကြတာပေါ့"

စံညွန့်လေသံက မာသည်။

ဒုရဲအုပ်က ထပ်ပြုံးလိုက်သည်။

"ယုတ္တိရှိတာပေါ့ဗျာ၊ ညဲ ၁၀ နာရီလောက်မှာ လူ ခုနစ်ယောက် အိမ်ဟံခါးပိတ်ပြီး တိတ်တိတ်ကလေး စပါးအရောင်းအဝယ် လုပ်နေကြတယ်၊ ဒီအိမ်ထဲမှာ ဂျင်သီး တွေ့အောင် စမ်းဟော့"

ဒုရဲအုပ်က ရဲသားများကို ခိုင်းသည်။

ရဲသားများ အိမ်ထဲမှာ အနံ့လိုက်ရှာသည်။ မတွေ့။

လူတစ်ယောက်ချင်း၏ ကိုယ်မှာလည်း အသေအချာရှာသည်။ မတွေ့။

ခဏလေးအတွင်းမှာ အလွန်ကျွမ်းကျင်စွာ ဖျောက်ပစ်လိုက်ခြင်း ဖြစ်သည်။

"ဘယ်တွေ့မလဲဗျာ၊ ကျွန်တော်တို့ ဂျင်ကစားနေကြတာမှ မဟုတ်ဘဲနဲ့၊ အမှန်ကတော့ စပါးရောင်းတာ ဆိုပေမယ့် စပါးပေး အကြွေးယူထားတာတွေကို ညကျမှ လာဆပ်နေကြတာဗျ၊ လယ်သမားဆိုတာ နေ့မှာ မအားဘူး၊ ဒါကို ပြီးကောင်



www.burmeseclassic.com

www.burmeseclassic.com



သိရဲ့သားနဲ့ တမင်သက်သက် ကျွန်တော့်ကို ချောက်ချချင်လို့ ခင်ဗျားတို့ ရဲတွေကို ညာခေါ်လာတာ"

စံညွန့်က ထွန်းမြင့်ကို လက်ညှိုးထိုးပြသည်။

ထွန်းမြင့်က ဒုရဲအုပ်အနားသို့ကပ်၍ တိုးတိုးပြောလိုက်သည်။

"ဟောကောင် ထွန်းမြင့်၊ ငါ့အိမ်ထဲက မင်း ထွက်သွားစမ်း"

စံညွန့်က ထွန်းမြင့်ကို ရန်လုပ်နေသည်။

"ဟောလူ တိတ်စမ်း၊ ဒါ ဝရမ်းနဲ့ လာတာဗျ၊ သူက ရ–ခ–တ ဥက္ကဋ္ဌ၊ ဒါ တာဝန် ထမ်းနေတာ၊ ခင်ဗျား နောက်ထပ် ဇွတ်ရှားနှောက်ယှက်မှုပါ တိုးသွားမယ်"

ဒုရဲအုပ်က စံညွန့်ကို ငေါက်ပစ်လိုက်သည်။

"ခင်ဗျားတို့ ရှာပေမယ့် ကျွန်တော့်မှာ ခင်ဗျားတို့ လိုချင်တာမှ မတွေ့ဘဲ၊ အမှုလုပ်လို့ ဘယ်ရမလဲ"

စံညွန့်က လူလည်လုပ်လိုက်သည်။

"သိပ်ရတာပေါ့၊ ဂျင်သီးကို ဖျောက်ဖျက်ပစ်ပေမယ့် ဗယားကွက် တွေ့တယ်၊ ငွေတွေ တွေ့တယ်၊ ဂျင်လှည့်တဲ့ ပန်းကန်ရယ်၊ အုပ်တဲ့ခွက်ရယ် တွေ့တယ်၊ ဆက်စပ်တဲ့ ပစ္စည်းတွေ တွေ့နေပြီ၊ ခင်ဗျားတို့ အားလုံးကို ဖမ်းတယ်"

"ဟာ – ဒီလိုဖမ်းလို့ ဘယ်ရမလဲဗျ"

စံညွန့်က ငြင်းသည်။

"ခင်ဗျား ဥပဒေလည်း နားမလည်ဘဲနဲ့ မတောက်တ





ခေါက်နဲ့ လာပြောမနေနဲ့၊ ဂျင်သီး မတွေ့ပေမယ့် ခုတွေ့တာနဲ့တင် ခင်ဗျားတို့အားလုံးကို ဖမ်းဖို့ လုံလောက်တယ်၊ စစ်လိုက်ရင် ဒီလူက ဂျင်သမားဆိုတာ ပေါ်လာဦးမယ်"

ဒုရဲအုပ်က ငွေအများကြီးနှင့် တွေ့သူကို ညွှန်ပြလိုက်သည်။

ထိုလူ မျက်နှာပျက်သွားသည်။

"ကဲ ....ရွာလူကြီးတွေ၊ ဒီလူ ခင်ဗျားတို့ရွာက မဟုတ်ဘူးမို့လား"

ရွာလူကြီး များက ခေါင်းယမ်းပြသည်။

"ဟေ့၊ ရဲသားတစ်ယောက် ဟိုထုတ်တန်းကြားမှာ တက်ကြည့်စမ်း"

ရဲသားတစ်ယောက်က ခုံပေါ်တက်ပြီး ကြည့်သည်။

"တွေ့ပြီ ဆရာ၊ ဒီမှာ ဂျင်သီး"

ရဲသားက ဒုရဲအုပ်ကို ဂျင်သီး ပေးသည်။

"ကဲ ....ဟောကောင်တွေ သူတို့အားလုံးကို လက်ထိတ်ခတ်လိုက်ကြ"

ရဲသားများက ခုနစ်ယောက်လုံးကို လက်ထိတ်ခတ်ပြီး ဖမ်းလိုက်သည်။

စံညွန့် ဘာမျှ မပြောနိုင်တော့ပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ၄၂

"ယုတ်မာလိုက်တဲ့ ကောင်တွေ၊ ရဲကို အပိုင်ခေါ်လာပြီး ါသားကို ဖမ်းတာ၊ ဟင်း– သိကြသေးတာပေါ့၊ ထွန်းမြင့်ရာ၊ မင်းက ရက်စက်တော့ ငါ့ဘက်ကလည်း ပြန်လုပ်ပြရသေးတာပေါ့၊ မင်းလို မလောက်လေး မလောက်စားကောင်ကများ ငါ့ကို စမ်းလို့"

ဦးဘခိုင် ဒေါသတကြီး ကြိမ်းမောင်းနေသည်။

"ကိုဘခိုင်ရယ်၊ ကျုပ်သားလေး အချုပ်ထဲ ဒုက္ခဖြစ်နေတော့မှာပဲ၊ မြန်မြန် ပြန်လွတ်အောင် လုပ်ပေးပါ"

ဒေါ်သိန်းက သူ့သားကို သနား၍ ငိုနေသည်။

"ဘာမှ မဖြစ်ပါဘူးကွာ၊ ငိုမနေစမ်းပါနဲ့၊ ဟိုကောင်ကြားရင် ဝမ်းသာနေဝါဦးမယ်၊ ဒါက လောင်းကစားမှုပါ၊ အာမခံရင် လွတ်ရမှာပါ၊ ဒီနေ့ ငါတို့သွားပြီး အာမခံနဲ့ ပြန်ခေါ်လာခဲ့မှာပါ"

"ကျုပ်သားလေး ထောင်တွေဘာတွေ ကျဦးမှာလားဟင်"





"ဘာလို့ ကျရမှာလဲကွ၊ ကစားနေတုန်း တွေ့တာမှ မဟုတ်ဘဲ၊ တရားရုံးကျရင် လွတ်မှာပါ"

ဦးဘခိုင်က ဒေါ်သိန်းကို နှစ်သိမ့်လိုက်သည်။

"ရက်စက်လိုက်တာတော်၊ ကျုပ် သိပါတယ်၊ ဒီကောင်က ဟိုကောင်မလေး ညိုယဉ်ကို ကြိုက်နေတာ၊ ညိုယဉ်နဲ့ ကျုပ်သားနဲ့ လက်ထပ်ကြမယ်ဆိုလို့ မခံနိုင်ဖြစ်ပြီး ခုလို အမှုဆင် ဖမ်းတာ"

ဒေါ်သိန်းကပါ ထွန်းမြင့်ကို မကျေမနပ် စွပ်စွဲနေသည်။

"အလှည့်ဆိုတာ ရှိပါတယ်ကွာ၊ မင်း ဘာမှ မပူပါနဲ့၊ ငါ့သားကတော့ ဘာမှ ဖြစ်မှာ မဟုတ်ဘူး၊ ငါ့ငွေနဲ့ ပုံပြီးလုပ်ပြမယ်၊ ဟင်း– ထွန်းမြင့်၊ မင့်အလှည့်ကျရင်တော့ မနွဲ့နဲ့ပေါ့ကွာ၊ ဘခိုင်တို့က ဘူးဆိုရင် ဖရုံ မသီးတော့ဘူး မှတ်ထား"

ဦးဘခိုင် ကြိမ်မောင်းသည်ကို နားထောင်ရင်း ဒေါ်သိန်း မျက်ရည်များကို သုတ်နေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ၄၃

"ဟင်း ယုတ်မာလိုက်တဲ့ကောင်၊ ရည်းစားလူလုလို့ ဟို-ဥ ကြမ်းညှပ်ဖြစ်ပြီး မောင်စံညွန့်ကို အမှုဆင်ဖမ်းတာ"

စောစောစီးစီး ဒေါ်ချစ်မြ မကျေမနပ်ဖြစ်နေသည်။

ညိုယဉ်ကတော့ ဘာမှမပြောဘဲ ထိမ်မြင်းအိုးတည်ရင်း ဒေါ်ချစ်မြပြောသည်ကို နားထောင်နေသည်။ စံညွန့် အဖမ်းခံရသည့်အတွက်လည်း ရင်ထဲမှာ ဘာမျှ ပူပင်ခြင်း မဖြစ်မိ။

စံညွန့်အိမ်မှာ ဂျင်ဝိုင်းထောင်သည်ကိုတော့ တစ်ရွာလုံး သိသလို ညိုယဉ်လည်း သိနေပါသည်။

စံညွန့်အိမ်က ဂျင်ဝိုင်းမှာရှုံး၍ လင်မယား ရန်ဖြစ်သံများ တစ်ရွာလုံး ကြားနေကြရသည်။

ပြီးခဲ့သည့် နှစ်ရက်ကပင် တစ်အိမ်ကျော်မှ ထွန်းမောင် စံညွန့်အိမ်သွားပြီး ဂျင်ကစား၍ ငွေနှစ်ထောင် ရှုံးသွားသောကြောင့် သူ့အဖေ ဦးထွန်းရက ထိုးကြိတ်ရိုက်နှက် လုပ်သည်။ ထွန်းမောင် အမေ ဒေါ်လှတင့်က သားအဖနှစ်ယောက်ကြားမှာ ဗျာများရင်း ဂျင်ဝိုင်းလုပ်သူများကို အော်ဟစ်ဆဲဆို၍ ညိုယဉ်





အပါအဝင် တစ်ရွာလုံး မကြားချင်အဆုံး ဖြစ်ခဲ့ရသည်။

အမေကတော့ သားမက်လောင်းဘက်မှ နာနေသည်။

"မြို့နယ်က လူကြီးတွေကလည်း ဘက်လိုက်ကြတာ၊ သူ ဧည့်စာရင်းစစ်တယ်ဆိုပြီး သူများ သားသမီး မတော်မတရား ယုတ်မာတာကျတော့ ခုထိ ဘာမှ အရေးမယူသေးဘူး၊ ရ-ဝ-တ ကတောင် ဖြုတ်မပစ်သေးဘူး၊ ဟင်း ဖွတ်မိကျောင်းဖြစ် မြစ်မချမ်းသာဆိုတာ ဒါမျိုး ပြောတာ"

ဒေါ်ချစ်မြပြောရင်း ဒေါသ ဖြစ်လာသည်။

"ဒါပေမယ့် ဘာမှ မဖြစ်နိုင်ဘူးလို့ ကိုဘခိုင်က ပြောတာပဲ၊ ဒီနေ့ အာမခံနဲ့ ပြန်ခေါ်လာမှာပါတဲ့၊ တော်သေးတာပေါ့၊ အဲဒီ ထမင်းအိုးကျက်ရင် ညည်း ကိုဘခိုင်တို့အိမ်ကို သွားမေးလိုက်ဦး"

"ဟာ မမေးချင်ပါဘူး အမေကလဲ ရှက်စရာကြီး"

ညိုယဉ်စိတ်ထဲမှာ ထမင်းအိုး ကျက်မှာပင် စိုးရိမ်သွားသည်။

"ဟဲ့ ဘာလို့ မမေးရမှာလဲ၊ ကိုယ်နဲ့ မကြာခင် လက်ထပ်ဖို့ လုပ်ထားတာ တစ်ရွာလုံး သိတာပဲ၊ ညည်းက ဘာများ ရှက်နေရတာတုံး"

ညိုယဉ်ကို ဒေါ်ချစ်မြ မကျေနပ်။

"လက်ထပ်မှာပေမယ့် လက်ထပ်ရသေးတာမှ မဟုတ်တာ၊ ပြီးတော့လည်း သူ့အဖေက အာမခံနဲ့ ပြန်ခေါ်လာမယ်ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး၊ ညည်းကို ငါ ထပ်မေးရဦးမယ်၊ ညည်း ဟိုကောင့်ကိုများ ခုထိ သံယောဇဉ် ရှိနေတုန်းမဲလား"

"ဟာ အမေကလဲ၊ အဲဒီလူကို မုန်းလွန်းလို့"

"အေး၊ မုန်းရင်ပြီးရော၊ ခုဟာက ညည်း ပိုတောင် မုန်းရဦးမယ်၊ ကိုယ်နဲ့ လက်ထပ်မယ့်လူကို တမင်သက်သက် အမှုဆင်ပြီး ညစ်တာ၊ လူယုတ်မာ၊ ဒါဟာ ညည်းကို ဒုက္ခပေးတာ"

ညိုယဉ် ဘာမျှ ပြန်မပြောတော့ပါ။

"ငါကတော့ အပြတ် ပြောထားလိုက်မယ်၊ ကိုယ့်အပေါ် ဒီလောက်ယုတ်မာတဲ့လူ၊ သူများ အပေါ်လည်း မကောင်းတဲ့ လူယုတ်မာ၊ ဒီတစ်သက် မဟုတ်ဘူး၊ ဆယ်သက်တောင် မပေးစားဘူး၊ ထွီ"

ဒေါ်ချစ်မြက ထွန်းမြင့်ကို ရွံမုန်းကြောင်း တံတွေးကို အသံမြည်အောင် ထွေးပြလိုက်၍ ညိုယဉ် ရယ်ချင်စိတ် ဖြစ်မိသည်။

သို့သော် ပြုံးရုံလေးပင် မပြုံးမိအောင် သတိထား၍ နေလိုက်သည်။

* * *



# ၄၄

စံညွန့်တို့ ဂျင်ဝိုင်း အဖမ်းခံရသည်ကို အကြောင်းပြု၍ ရွာထဲမှာ အမျိုးမျိုး ပြောဆိုနေကြသော အသံများ ထွက်ပေါ်နေပါသည်။

"ထွန်းမြင့်လုပ်တာ ကောင်းတယ်၊ စောစောကသာ ဒီကောင် ဒီလို အဖမ်းခံရရင် ငါ့ငွေနှစ်ထောင် ပါမှာ မဟုတ်ဘူး"

ဦးထွန်းရက သဘောကျနေသည်။

"ဟင်း သူများ ပင်ပင်ပန်းပန်း လုပ်ထားတဲ့ လုပ်စာလေး အချောင်စားချင်တဲ့ ကောင်တွေ၊ ခုတော့ အဖမ်းခံရပြီလေ"

စပါး ၂၅ တင်း ရောင်းရငွေအားလုံး သူ့ယောက်ျား ဂျင်ထိုး၍ ရှုံးသွားသည်ကို မကျေမနပ် ခံစားနေရသော မကြွေဝမ်းသာနေသည်။

"ကဲ – တွေ့တယ် မဟုတ်လား ကိုလှဖေ၊ သီးနှံပေါ်လို့ လက်ထဲမှာ ငွေယားယားလေး ရှိနေတော့ သွားချင်လိုက်တာ၊ ညတိုင်း ပြောနေရတယ်၊ ဟင်း– တော်သွားရင် ငွေဆုံးရင်တောင်



www.burmeseclassic.com

www.burmeseclassic.com



မကဘူး၊ လူပါတောင် အဖမ်းခံဦးမယ်၊ ခုမှပဲ စိတ်အေးရတယ်"

စပါးရောင်းရငွေလေးအတွက် နေ့စဉ် ကြောင့်ကြနေရသော မခင်စိန် စိတ်အေးသွားရလေပြီ။

"ဒါကတော့ ရှင်းပါတယ်ကွာ၊ ညိုယဉ့်အကွက် ထွန်းမြင့်က စံညွန့်ကို မကျေနပ်နေတာ၊ အဲဒီတော့ ရဲခေါ်လာပြီး ဂျင်ဝိုင်း ဖမ်းပစ်လိုက်တာပေါ့"

"ဒါပေမယ့် ဂျင်ဝိုင်း လုပ်နေတုန်း မိတာ မဟုတ်ဘူးဆို"

"ဟာ ဘယ်လိုပဲဖြစ်ဖြစ် ဒီကောင်တွေ ဂျင်ဝိုင်းလုပ်တာတော့ သေချာတာပေါ့။ အခု စစ်လိုက်တော့ စံညွန့်အိမ်လာတဲ့ကောင်က ရန်ကုန်က ဂျင်သမား နာမည်ကြီးတဲ့၊ ဘယ်ပြေးလို့ လွတ်မလဲ"

"ဦးဘနိုင်က ဘာမှ မဖြစ်ဘူး၊ လွတ်အောင် လုပ်ပြမယ်လို့ ပြောတာပဲ၊ ခုပဲ အားလုံး အာမခံနဲ့ လွတ်နေကြပြီလေ"

ရွာထဲမှာ ထင်မြင်ချက် အမျိုးမျိုးပေး၍ ထင်ယူချက် အမျိုးမျိုး ပြောနေကြသည်။

"ဘယ်လိုလဲ မိညို၊ ကိုစံညွန့်တို့ ဂျင်ဝိုင်းဖမ်းလို့ ကိုထွန်းမြင့်ကိုလည်း တချို့ကလည်း ချီးကျူးတယ်၊ တချို့ကလည်း မိညိုနဲ့ စေ့စပ်လိုက်တာကို မခံချင်လို့ ရဲခေါ်လာပြီး ဂျင်ဝိုင်းဖမ်းတာလို့ ပြောနေကြတယ်၊ ညည်း ဘယ်သူ့ဘက်ကလဲ"





မြသီက ညိုယဉ့်၏ သဘောထားကို စူးစမ်းကြည့်သည်။

"ဘယ်သူ့ဘက်ကမှ မဟုတ်ဘူး။ နှစ်ယောက်စလုံး သဘောမကျဘူး။ တစ်ယောက်က မိန်းမမှုနဲ့၊ တစ်ယောက်က လောင်းကစားမှုနဲ့၊ နှစ်ယောက်စလုံး ထောင်ကျသွားရင် ကောင်းတယ်"

ညိုယဉ့်သဘောထားက ပြတ်သားသည်။

သို့သော် စံညွန့် ထောင်မကျသေးသလို ထွန်းမြင့်လည်း သင်တန်းတက်နေရဆဲဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ၄၉

ထွန်းမြင့်တို့ သင်တန်းတွင် ဧည့်စာရင်းတိုင်လျှင် မည်သည့်ပုံစံနှင့် လက်ခံရေးသွင်းရမည်ကို သင်ပေးသည်။ ထွန်းမြင့် အသေအချာ နားထောင်သည်။ သူတို့ရုံးမှာ ထိုကဲ့သို့ ပုံစံတကျ လုပ်နေခြင်း မဟုတ်။

ဧည့်စာရင်းလာတိုင်လျှင် ဖြတ်ပိုင်းရေးပြီး ငွေကောက်ခံသည်သာ အဓိက ဖြစ်နေသည်။

ဧည့်သည်၏ အမည်၊ မှတ်ပုံတင်အမှတ်၊ လာသည့်အရပ်၊ လာရောက်သည့် အကြောင်းကိစ္စ၊ တည်းသည့် အိမ်ရှင်အမည်၊ လာသည့်ရက်၊ ပြန်လည်ထွက်ခွာသည့် ရက် ဘာမျှ မှတ်သားထားခြင်း မရှိ။

ဧည့်စာရင်း မှတ်ပုံတင်ဇယားကို အသေအချာ ကူးယူထားလိုက်သည်။

သင်ကြားပို့ချသော ဆရာက ဧည့်စာရင်းစစ်ပုံကိုလည်း ရှင်းလင်း ပြောကြားသည်။

ထွန်းမြင့် ပို၍ စိတ်ဝင်စားသည်။ ကိုယ်တိုင် ပြဿနာ





ကြုံနေရသော ကိစ္စဖြစ်သည်။

ဆရာက လုပ်နည်းလုပ်ဟန် အမှားအမှန်များကို ရှင်းပြသည်။

ဧည့်စာရင်းစစ်သည့် ရည်ရွယ်ချက်ကိုပါ ပြောပြသည်။

လုံခြုံရေး လိုအပ်ချက်အရသော် လည်းကောင်း၊ သတင်းအရသော် လည်းကောင်း၊ မသာမာသူများ တရားမဝင် လာရောက်တည်းခိုခြင်းကို ရှာသူရှာသားများ ရှောင်ကြဉ်စေရန် ဟန့်တားလို၍သော်လည်းကောင်း၊ ဧည့်စာရင်း စစ်ရကြောင်း ဆရာက ရှင်းပြသည်

ဧည့်စာရင်း စစ်ရာတွင် တာဝန်ရှိသူများမှတစ်ပါး အခြားလူများကို ခေါ်သွားခြင်း မပြုရ။ ဧည့်စာရင်းစစ်သူများမှာ အရက်သေစာ သောက်စားထားခြင်း မရှိရ။ အိမ်ရှိ လူဦးရေနှင့် အိမ်ထောင်စု စာရင်းကို တိုက်ကြည့်ရမည်။ သံသယရှိလျှင် သို့မဟုတ် သတင်းအရ ဧည့်စာရင်းစစ်ခြင်းဖြစ်လျှင် အိမ်ရှင်၏ သဘောတူ ခွင့်ပြုချက်နှင့် အိမ်ထဲမှာ ကြည့်နိုင်သည်။ သို့သော် မိန်းကလေးများ အိပ်ခန်းအတွင်း အတင်းအဓမ္မဝင်ရောက်ခြင်း၊ အိပ်နေသူ၏ ခြင်ထောင်ကို ဆွဲလှန်ခြင်းစသည့် မဖွယ်မရာမှုများ မပြုရဟု ဆရာက ရှင်းပြသည်။

ဦးသာပိုနှင့် ထွန်းရီ စစ်ခဲ့သည်မှာ ဆရာ၏ ပြောဆိုချက်များနှင့် အားလုံး လွဲမှားနေသည်။

ဧည့်စာရင်းစစ်သည့် ရည်ရွယ်ချက်ကိုလည်း မသိ၊ အပျင်းပြေ အလုပ်မရှိ အလုပ်ရှာပြီး စစ်ခြင်း ဖြစ်သည်။ စစ်



www.burmeseclassic.com

www.burmeseclassic.com



ပြန်တော့လည်း တာဝန် မရှိသူများ ပါရုံမက သူတို့ကပင် ဦးဆောင်နေသေးသည်။ အရက်လည်း မူးနေသေးသည်။ မိန်းကလေး အိပ်နေသော ခြင်ထောင်ကိုလည်း [illegible]တင်းလှန်သည်။

ရွာတွင် ဖြစ်ခဲ့သော ကိစ္စအတွက် ထွန်းမြင့် ရှက်မိသည်။ ဘာပဲဖြစ်ဖြစ် ကိုယ်က ရ-ဝ-တ ဥက္ကဋ္ဌ၊ ကိုယ့်မှာ တာဝန်ရှိသည်ဟု နားလည်လိုက်သည်။

"ခင်ဗျားတို့ ယောဒီ စာအုပ်ရဲ့ နောက်ပိုင်းမှာ ထားရမယ့် စာရင်းဇယားတွေ အပြည့်အစုံပါတာပဲ၊ သတ်မှတ်ထားတဲ့ ပုံစံတွေအတိုင်းသား စာရင်းဇယားတွေ မှန်မှန်ရေးသွင်းသားရင် ခင်ဗျားတို့ရဲ့ ရ-ဝ-တ လုပ်ငန်းပေါ့လေ၊ ကျေးရွာအုပ်ချုပ်ရေး လုပ်ငန်းတွေဟာ စနစ်တကျ ဖြစ်သွားလိမ့်မယ်"

"ရ-ဝ-တ တစ်ယောက်က တစ်ယောက် ကူးပြောင်းသွားရင်လည်း ဒီစာရင်းဇယားတွေ ဆက်ပြည့်သွားရုံပဲ။ စဉ်ဆက်မပြတ် ရှိနေရမယ်"

"ဒါကလည်း ဘာမှခက်တာ မဟုတ်ပါဘူး။ ကိုယ်တိုင်လုပ်စရာလည်း မလိုပါဘူး၊ ခင်ဗျားတို့မှာ ရ-ဝ-တ စာရေးတွေ ရှိတာပဲ၊ ဒါ သူတို့လုပ်ရမယ့် အလုပ်ပဲ၊ ဝင်စာထွက် စာတွေ မှတ်ပုံတင်ရမယ်၊ ကျေးရွာရဲ့ လူဦးရေ စာရင်း ရှိရမယ်၊ မွေးသေစာရင်း ရှိရမယ်၊ လယ်ယာမြေစာရင်း ရှိရမယ်၊ ကျွဲနွားဦးရေ စာရင်း ရှိရမယ်၊ မီးဘေးတားဆီးရေး ကြိုးကြပ်မှု တော်မတီစာရင်း ရှိရမယ်၊ အရန်မီးသတ်တပ်ဖွဲ့ဝင် အင်အား စာရင်း ရှိရမယ်"





ထွန်းမြင့် နားစွင့်ရုံသာမက ခါးပါ မတ်သွားသည်။ ထွန်းမြင့် အလွန်စိတ်ဝင်စား၍ အလွန်လုပ်ချင်သော ဆန္ဒ ဖြစ်သည်။ လုပ်ခွင့်ရှိမှန်း မသိ။ လုပ်ရမည့် ကိစ္စမှန်း နားမလည်။

ယခင်ကလည်း မည်သူမျှ မလုပ်ခဲ့ကြ။

ဆရာ ပြောသည်ကို နားထောင်ရင်း စာအုပ်ထဲမှာလည်း ဖတ်ကြည့်သည်။ လုပ်ရမည့် လုပ်ငန်းများကို နားလည်လာသည်။

မီးဘေး ကြိုတင်ကာကွယ် တားဆီးရေး တာဝန်များ လုပ်ကိုင်ခွင့် ရှိရုံမက မလုပ်မနေ လုပ်ရမည်ကို သိလာသည်။

မီးဘေးကာကွယ် တားဆီးရေးအဖွဲ့ ဖွဲ့ရမည်။ အရန်မီးသတ်တပ်ဖွဲ့ ရှိရမည်။ လူငယ်များကို စည်းရုံးပြီး တာဝန်ပေးရမည်။

မီးရှို့တိ၊ မီးကပ် မလုပ်သူ၊ ရပ်ရွာမီးဘေး ကာကွယ်တားဆီးရေး ဆောင်ရွက်ရန် ပျက်ကွက်သူများကို အရေးယူနိုင်ကြောင်းအထိ ဆရာက ပြောပြသည်။

အခုတော့ လုပ်ရမည့် လုပ်ငန်းများကို ထွန်းမြင့် ရှင်းလင်းစွာ သိသွားပြီး ကိုယ်၏ လုပ်ပိုင်ခွင့်များကိုလည်း နားလည်ရသည်။

ကိုယ့်ရွာကို နောက်တစ်ကြိမ် ထပ်ပြီး မီးလောင်မခံနိုင်။ မလောင်သင့်ဘဲ ရွာလုံးကျွတ် လောင်သွားခဲ့ရသည့် အဖြစ်ကိုလည်း လုံးဝ မကျေနပ်။ ယခုလည်း နွေဦး ပေါက်နေပြီ။

အဖွဲ့အစည်းများ အမြန်ဖွဲ့ပြီး ရွာ၏မီးဘေး ကာကွယ်



www.burmeseclassic.com

www.burmeseclassic.com



ရေးလုပ်ငန်းများ အမြန်လုပ်ဆောင်ရန် ဆုံးဖြတ်လိုက်သည်။

သို့သော် ....

ကိုယ့်အဖြစ်က နေ့ပြုတ်မည်လား၊ ညပြုတ်မည်လား မသိ။

အို ... ပြုတ်ချင်တဲ့အချိန် ပြုတ်ကွာ၊ မပြုတ်သေးရင်တော့ လုပ်သင့်တာကို အကောင်းဆုံး လုပ်ရမှာပဲ။

ခိုင်မာသော ဆုံးဖြတ်ချက်ကို ပြတ်သားစွာ ထပ်ချလိုက်သည်။

* * *



## ၄၆

"ရွာသူရွာသားများ ခင်ဗျား၊ နွေရာသီ ရောက်လာပြီဖြစ်ပါတယ်။ မီးကြွင်းမီးကျန်များကို ငြိမ်းသတ်ပြီးမှ အိပ်ကြပါရန်နဲ့ မီးကို အထူးဂရုစိုက်ကြပါရန် သတိပေး နှိုးဆော်ပါတယ် ခင်ဗျား"

ညအချိန့်တွင် အလှည့်ကျ မီးသတ်တပ်ဖွဲ့ဝင်များက ရွာထဲမှာ လှည့်လည်၍ အော်ဟစ်သတိပေးနေပါသည်။

အစပိုင်းမှာတော့ ဘယ်လက်ထက်ကမှ မလုပ်ခဲ့ဘဲနှင့် ထွန်းမြင့်လက်ထက်ကျမှ အပိုလုပ်သည်ဟု ကဲ့ရဲ့ပြစ်တင်ကြသော်လည်း ခုတော့ မီးဘေးအန္တရာယ် စိတ်အေးရ၍ ရွာသူရွာသားများ သဘောကျလာသည်။

ရွာမှာ မီးဘေးတားဆီးရေးနှင့် ကြီးကြပ်မှုကော်မတီကို လူကြီးများနှင့် ဖွဲ့ပြီးပြီ။ အရန်မီးသတ်တပ်ဖွဲ့ကိုလည်း လူငယ်များနှင့် ဖွဲ့စည်းထားပြီ။

ရွာလယ်မှာ မီးကင်းတစ်ခု၊ ရွာတံခါးလေးပေါက်မှာ မီးကင်းတစ်ခုစီ ထားသောကြောင့် ညရေးညတာမှာ မီးအန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com



သာမက, သူနိုးစားပြရန်ပါ လုံခြုံသွားပြီ။ လူငယ်များမှာလည်း မကောင်းသည့် အလုပ်များ လုပ်မည့်အစား ရွာကျိုးရပ်ကျိုး လုပ်တတ်လာကြသည်။

အိမ်တိုင်းမှာ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးများ ချိတ်ဆွဲထားရသည်။

ထွန်းမြင့်မှာ ယခင်က စေတနာသာ ရှိသည်။ လုပ်ပိုင်ခွင့် မရှိ။ ခုတော့ ရ-ဝ-တ ဥက္ကဋ္ဌ၏ လုပ်ပိုင်ခွင့်ကြောင့် မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေး လုပ်ငန်းများ လုပ်ခွင့်ရနေပြီ။

"အရင်ကသာ ဒီလိုလုပ်ရင် ရွာလုံးကျွတ် မီးလောင်ခံရမှာ မဟုတ်ဘူး"

ထွန်းမြင့် စိတ်မကောင်း ဖြစ်ရသည်။

မီးလောင်လျှင် ကိုယ့်အိမ်မှာ ကိုယ့်ပစ္စည်း ကိုယ်ထည့်မည့်အစား ယောက်ျားတိုင်း မီးသတ်ပုံး၊ သဲပုံးဆွဲယူ၍ မီးလောင်သည့် နေရာမှာ ဝိုင်းဝန်းငြိမ်းသတ်ရန်၊ မီးချိတ် မီးကပ်များနှင့် မီးမကူးရေး ဆောင်ရွက်ရန် တစ်ရွာလုံး အစည်းအဝေးခေါ်၍ ပြောပြီးပြီ။

လူငယ် မီးသတ်တပ်ဖွဲ့ဝင်များကိုလည်း တူညီဝတ်စုံနှင့်တကွ စနစ်တကျ ဖွဲ့စည်းပြီးပြီ။ ရေသယ်ရန်၊ မီးငြိမ်းသတ်ရန် တာဝန်များလည်း ခွဲထားသည်။

သို့သော် မည်မျှပင် အကောင်းလုပ်လုပ် အကောင်းမမြင်သူများက ရှိသည်။





"အလကားပါကွာ၊ အပိုတွေ လုပ်နေတာ၊ မီးဆိုတာက ဆယ်နှစ် တစ်ခါ လောင်ခဲ့ပါတယ်။ ငါတို့ ငယ်ငယ်ကတည်းက ဘယ်မှာ လောင်ဖူးလို့လဲ၊ တစ်ခါ လောင်တာနဲ့ နှစ်တိုင်း လောင်မယ် ထင်နေတာ၊ တကယ်လောင်လို့ လေပင့်ပေးရင် ဘယ်သူမှ ငြိမ်းလို့ မရနိုင်ပါဘူး၊ အလကား လူငယ်တွေ အလုပ်ရှုပ်အောင် လုပ်နေတာ"

ဦးဘခိုင်က အပျက်စကား ဆိုသည်။

သူ့သား စံညွန့်ကိုလည်း မီးကင်း မစောင့်ရ။ မီးကင်းကျလျှင် အိမ်မှ စာရင်းငှားများကိုသာ လွှတ်သည်။

စံညွန့်ကိုယ်တိုင်ကလည်း ထွန်းမြင့်ကို ကြည့်မရသလို မီးသပ်တပ်ဖွဲ့ဝင်များကို ကြည့်မရ။

"အလကားကောင်တွေ၊ နက်ပြာရောင် ယူနီဖောင်းလေး ဝတ်ရတာနဲ့ မြောက်ကြွမြောက်ကြွ ဖြစ်နေတာ"ဟု ကျဲရဲ့စကား ဆိုသည်။

"ဘယ်သူဘာပြောပြော၊ ငါတို့ကတော့ ကြိုက်တယ်ကွာ၊ ခုလုပ်နေတဲ့ အတိုင်းဆိုရင် ငါတို့ရွာ နောက်တစ်ခါ မီးကြောင့် ဒုက္ခဖြစ်မှာ မဟုတ်တော့ဘူး"

ဦးဘအောင်ကတော့ ထွန်းမြင့်ကို ထောက်ခံသူ ဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# ၄၇

"ဘယ်လိုလဲဟေ့၊ ဒီနေ့ မင်းတို့ အခြေအနေ"

စံညွန့်တို့အဖွဲ့ တရားရုံးမှ အစစ်ဆေးခံပြီး အိမ်ပြန်ရောက်ရောက်ချင်း ဦးအနိုင်က လှမ်းမေးခြင်း ဖြစ်သည်။

"ရဲတွေက မတရားပါဘူး အဖေရာ"

စံညွန့်က စိတ်ပျက်စွာ ညည်းညူလိုက်သည်။

"ဟေ ဘယ်လို ဖြစ်လို့လဲ"

"သူတို့က သူတို့ဖမ်းတဲ့အမှု နိုင်မာအောင် အပိုင်လုပ်နေတော့ ခက်တာပေါ့"

"တရားသူကြီးကရော"

"အတူတူပါပဲ၊ တရားသူကြီးကည်း မတရားပါဘူး၊ ရဲတွေဘက်က ပါနေတယ်"

"ဟင်....မင်းရှေ့နေကပြောတော့ တရားသူကြီးရော ရဲတွေရော သူပိုင်တယ်ဆို၊ ပေးလိုက်ရတဲ့ ပိုက်ဆံတွေကဖြင့် နည်းတာ မဟုတ်ဘူး"

"သူလည်း ပိုင်တော့ ပိုင်ပုံရပါတယ်၊ ဒါပေမယ့် ခုဟာ





အမှုက သိပ်ကိုထင်ရှားနေတော့ လုံးဝလွတ်ဖို့တော့ ခက်တယ်တဲ့"

"ဟာ....သောက်သုံးမကျတဲ့ ရှေ့နေပဲ၊ ငါကတော့ လုံးဝကို အကျမခံနိုင်ဘူး၊ မင်းတို့ ဂျင်ဝိုင်းက ရတဲ့ငွေ ဘယ်လောက်ရှိလဲ၊ ဒီနှစ်ကစားလို့ အရင်ရက်တွေက နိုင်ထားတာ ပြောတာ"

"ခုနစ်သောင်းလောက် ရှိတယ်၊ အခု ရှေ့နေငှားရတာနဲ့ ပေးရကမ်းရတာနဲ့ သုံးသောင်းလောက်တော့ ကုန်သွားပြီပေါ့"

"ကဲ....ကျန်တဲ့ လေသောင်း ကုန်ချင်ကုန်ပစေကွာ၊ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် လွတ်အောင်လုပ်"

"သက်သေတွေကလည်း ခိုင်မာနေတယ် အဖေရ၊ ရွာလူကြီးတွေကလည်း အသုံးမကျပါဘူး၊ ထွန်းမြင့်လူတွေ ဖြစ်နေတယ်၊ သက်သေပစ္စည်းတွေနဲ့ ငွေတွေကလည်း မိထားတော့ ပိုဆိုးတာပေါ့"

"အိုကွာ – ဒါတွေက အရေးမကြီးပါဘူး၊ လွတ်ဖို့ပဲ လိုပါတယ်၊ဟိုကောင်ဖမ်းတာကြောင့်ကို ထောင်ကျမခံချင်တာကွ၊ ဒီကောင်က မင်းနဲ့ ညီယဉ် မင်္ဂလာမဆောင်နိုင်အောင် ဒီလိုလုပ်တာကွ၊ ဟင်း....ယုတ်မာလိုက်တဲ့ကောင်"

"ဒါဖြင့် ထောင်မကျခင် ညီယဉ်နဲ့ အမြန် လက်ထပ်လိုက်မယ် အဖေ"

"ဟာကွာ၊ မင်းစကားကြီးကလည်း နမိတ်မရှိလိုက်တာ၊



www.burmeseclassic.com

www.burmeseclassic.com



ယောင်မကျခင်ဆိုတော့"

"ကျဖို့က များနေတယ် အဖေ"

"ဒါဖြင့်လဲ အမြန်လက်ထပ်ကွာ၊ ဒီကောင်က ပျက်အောင် ဖျက်တဲ့ကိစ္စတော့ မပျက်အောင် လုပ်ပစ်ရမယ်၊ ဒါမှ ဒင်းလည်း ခံစားရမှာ"

စံညွန့်က သူ့အဖေကို လှမ်းကြည့်လိုက်သည်။

"ကောင်းတယ် အမေ၊ အမြန် စီစဉ်မယ်"

* *



# ၄၈

ညပိုင်း ညိုယဉ်တို့အိမ် စံညွန့်ရောက်သွားတော့ ညိုယဉ်ရော ဒေါ်ချစ်မြကိုပါ တွေ့ရသည်။

"ဒေါ်လေးမြရော၊ ညိုယဉ်ရော ကျွန်တော့်ကို လောတယ်လို့တော့ မထင်ပါနဲ့၊ မင်္ဂလာဆောင်ကို သကြန်မတိုင်မီ လုပ်လိုက်ချင်တယ်၊ အဖေကလည်း မြန်မြန် လုပ်စေချင်လို့ပါ"

ဒေါ်ချစ်မြက စဉ်းစဉ်းစားစား နားထောင်ရင်း ခေါင်းညိတ်ပြသည်။

"အို....ကဆုန်လ ဘုရားပွဲပြီးမှ လက်ထပ်မယ်လို့ ပြောထားပြီးသားပဲ"

ညိုယဉ်က ရှေ့မတိုးချင်။

"ဟဲ့ ဒါလေး တစ်လလောက် ရှေ့တိုးတာကို ညည်းက ဘာဖြစ်လို့လဲ"

ဒေါ်ချစ်မြက ညိုယဉ်ကို မကျေနပ်။ မြန်မြန် လက်ထပ်ပြီးလျှင် အေးသည်ဟု ထင်သည်။

"အမေကလည်း ဒီတစ်နှစ်ကလေး အပျိုအဖြစ်နဲ့ ရေ

www.burmeseclassic.com

www.burmeseclassic.com



သွန်းအိုး ရှက်ချင်လို့ပါ ပြောထားတာ၊ ဒါလေး တစ်လတောင် မစောင့်နိုင်တော့ဘူးလား၊ အစတုန်းက အားလုံး သဘောတူထားကြတာပဲ"

ညိုယဉ်က စံညွှန့်ကို မကျေနပ်။

"ဟဲ့....ဦးဘခိုင်ကလည်း ကိစ္စ... ပြီးသွားတော့ စိတ်အေးချင်လို့ နေမှာပေါ့၊ ငါလည်း ...ဒီလိုပဲ စိတ်အေးချင်တယ်"

ဒေါ်ချစ်မြက စံညွှန့်ကို အားနာနေသည်။

"ဘာမှ စိတ်မအေးစရာ မရှိဘူး၊ လက်ထပ်ပါမယ် ဆိုတာ ပြောပြီးသား၊ တစ်ရွာလုံး သိနေတာပဲ"

စံညွှန့် ဆက်အပြောရ ခက်နေသည်။ သူ ထောင်ကျမည်ဆိုသည်ကိုလည်း မပြောချင်။

"လက်မထပ်မချင်း ဟိုကောင်က လိုက်နှောင့်ယှက်နေလို့ပါ၊ ခုလည်း ကျွန်တော့်ဘာသာ စပါးအရောင်းအဝယ် လုပ်နေတာ ရဲတွေခေါ်လာပြီး အတင်းဝင်ဖမ်းတယ်"

"ဟဲ့....ဟို မင်းအိမ်လာတဲ့လူက ဂျင်သမားဆို"

ဒေါ်ချစ်မြက သူများပြောသံကြား၍ မေးခြင်း ဖြစ်သည်။

"အလကားပါ ဒေါ်လေးရာ၊ ကျွန်တော်နဲ့ သူနဲ့ ရင်းနှီးတာ ကြာပါပြီ၊ လူကောင်းပါ၊ ရှေးတုန်းကတော့ တစ်ခါတလေ ကစားဖူးတာ ရှိချင်ရှိမှာပေါ့၊ ခု မကစားတော့ပါဘူး၊ ရဲကသည်း ထွန်းမြင့် အလိုကျ ပြဿနာကြီးအောင် လုပ်နေတာပါ"

"ဟင်း....ယုတ်လိုက်ကြတာတော်"





ဒေါ်ချစ်မြက သားမက်လောင်းဘက်မှ မကျေနပ်။

"ဒါက အရေးမကြီးပါဘူး ဒေါ်လေးရာ၊ သူတို့ အယ်လိုလုပ်လုပ် ဘာမှ မဖြစ်နိုင်ပါဘူး၊ ကျွန်တော့်မှာ အပေါင်းအသင်းတွေ ရှိပါတယ်"

"အေးပါကွယ် တော်ပါသေးရဲ့"

"ခု အမြန်လက်ထပ်ချင်တာက လက်မထပ်မချင်း ဟိုကောင်က ပြဿနာလိုက်လုပ်နေလို့ပါ၊ လက်ထပ်ပြီးရင်တော့ သူလည်း စိတ်လျှော့သွားမှာပေါ့"

"ဟုတ်သားပဲ၊ ဟဲ့ ညိုယဉ် မြန်မြန် လက်ထပ်လိုက်တော့၊ ညည်း ဘာမှ ငြင်းမနေနဲ့၊ မဟုတ်ရင် ဟိုကောင်က ဆက်နှောင့်ယှက်နေမှာ"

"သူ နှောင့်ယှက်လည်း အရေးစိုက်စရာ မရှိပါဘူး၊ သကြန်မတိုင်ခင်တော့ လက်မထပ်ချင်ဘူး၊ ကဆုန်ညောင်ရေသွန်းပွဲပြီးမှ လက်ထပ်နိုင်မယ်"

ညိုယဉ်က ပြောပြောဆိုဆိုပင် ထိုင်နေရာမှ ထလိုက်သည်။

"ဟဲ့....ညည်းက အမေလား၊ ငါက အမေလား ဟင်၊ ပြောစမ်း၊ ညည်း ငါ့စကား နားထောင်ရမယ်၊ ကဲ မောင်စံညွှန့် သကြန်မတိုင်ခင် လက်ထပ်ဖို့ စီစဉ်လိုက်တော့"

ညိုယဉ် စီးကျလာသော မျက်ရည်များကို မသုတ်ဘဲ အိမ်ထဲမှ ထွက်သွားပါသည်။

"ဟင်း ဒီကောင်မတော့လား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ချစ်မြ မကျေနပ်။

"ကဲ....မောင်စံညွန့်၊ မင်းအဖေကို ပြောပြီး အမြန်သာ စီစဉ်လိုက်တော့"

* * *



## ၄၉

ရာသီဥတုက ပူပြင်းလွန်း၍ ထွန်းမြင့် တစ်ကိုယ်လုံး ချွေးများ ရွှဲနေသည်။

"မင်းကိစ္စက ဘယ်လိုလဲ ထွန်းမြင့်"

လှဆောင်၏မေးခွန်းကြောင့် ၈–ဇ–တ ရုံးထဲမှာ မီးသတိပေး စာတန်း ရေးနေရာမှ ထွန်းမြင့်က မော့ကြည့်လိုက်သည်။

"ဘာကိစ္စလဲ"

"မင်းတို့ အမှု မြို့နယ်က ဘာမှ မသိရသေးဘူးလား"

"ဟာကွာ မင်းကလဲ၊ ငါ့ဘာသာ မေ့မေ့လျော့လျော့နဲ့နေတာ သတိရအောင် လာလုပ်နေပြန်ပြီ"

ထွန်းမြင့် ရေးလက်စ ရပ်သွားသည်။

"မဟုတ်ပါဘူးကွာ၊ မင်း တက်တက်ကြွကြွ လုပ်နေတာကို သဘောကျပါတယ်၊ အဲဒါကြီး မရှင်းသေးတော့ ငါလည်း စိတ်အနှောင့်အယှက် ဖြစ်လို့ပါ"

"မဖြစ်ပါနဲ့ကွာ၊ မဖြတ်သေးခင်တော့ ကိုယ်လုပ်နိုင်တာ အကောင်းဆုံး လုပ်မယ်လို့ ဆုံးဖြတ်ပြီး လုပ်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



လှဆောင်က သူငယ်ချင်းကို သဘောကျစွာ ကြည့်ပြီး ခေါင်းညိတ်သည်။

"ကောင်းပါတယ်ကွာ၊ အဲဒီလို သဘောထားတာ အမှန်ဆုံးပဲ"

"ကိုထွန်းမြင့် ရေးပြီးသားဆိုင်းဘုတ်တွေ ကျွန်တော်တို့ ရွာထဲ သွားကပ်လိုက်တော့မယ်"

အရန်မီးသတ်တပ်ဖွဲ့ ခေါင်းဆောင် အောင်မင်းက ရေးပြီးသား ဆိုင်းဘုတ်များကို လက်ထဲမှာ ကိုင်ထားသည်။

သူ့နောက်မှာ မီးသတ်တပ်ဖွဲ့ဝင် လူငယ်သုံးယောက်က ရပ်လျက်။

"အေး၊ သွားကပ်ချေကြ၊ ပြီးရင်တော့ ပြန်လာကြဦးနော်"

"ဟုတ်ကဲ့၊ လာမှာပါ"

မီးသတ်တပ်ဖွဲ့ဝင် လူငယ်များ မီးသတိပေး ဆိုင်းဘုတ်များကိုယူပြီး ထွက်သွားကြသည်။

ရ-ဝ-တ ရုံးထဲမှာ ထွန်းမြင့်နှင့် လှဆောင် နှစ်ယောက်တည်း ကျန်ရစ်သည်။

"စည်သွန့်နဲ့ ညိုယဉ်လည်း သင်္ကြန်မတိုင်ခင် လက်ထပ်ကြတော့မှာတဲ့"

"ဟင်"

ထွန်းမြင့် ရေးလက်စကိုရပ်ပြီး လှဆောင်ဘက် လှည့်ကြည့်လိုက်သည်။





လက်ထပ်ကြတော့မည်ဆိုသည်ကို ထွန်းမြင့် ကြားနေပါသည်။ သို့သော် ဤမျှ မြန်မြန်ကြီး ဖြစ်မည် မထင်ခဲ့။

'ငါလည်း ဒီနေ့ မနက်ကမှ မြသီနဲ့တွေ့လို့ အသေအချာ သိရတာ၊ မင်း မြသီနဲ့လည်း မတွေ့ဘူး မဟုတ်လား"

"ငါ ဘယ်သူနဲ့မှ မတွေ့ချင်ပါဘူးကွာ"

ထွန်းမြင့်ကိုကြည့်ပြီး လှဆောင် စိတ်မကောင်း ဖြစ်ရသည်။

"ငါ ဒီအကြောင်း မင်းကို မပြောချင်ပါဘူးကွာ၊ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် မင်း သိသင့်တယ်ထင်လို့ ပြောတာပါ"

ထွန်းမြင့် ရ-ဝ-တ ရုံး ပြတင်းပေါက်ဆီသို့ ငေးကြည့်နေမိသည်။

အပြင်ဘက်တွင် လေပွေလေရူးတိုက်၍ အမှိုက်များ ဖုံများ ဆော့ဝဲတက်နေကြသည်။

"သြော်....ငါ သိပ်ချစ်တဲ့ မိန်းကလေးကို တကယ်ဆုံးရှုံးရတော့မှာပါလား"

ညိုယဉ်၏ ချစ်စရာ မျက်နှာလေးကို မြင်ယောင်မိသည်။

ရင်ထဲမှာ နာကျင်စွာ ခံစားရသည်။

"သင်္ကြန်မတိုင်ခင်ဆိုတော့ အရက်နှစ်ဆယ်တောင် မကျန်တော့ပါလား ညိုယဉ်ရယ်၊ စည်သွန့်လို ကောင်နဲ့မှ ရေစက်ဆုံရတယ်လို့"

အခြား တစ်ယောက်နှင့်ဆိုလျှင် ဖြေသာသေးသည်။ အကျင့်စရိုက် မကောင်းသော စည်သွန့်နှင့် ဖြစ်နေသည်က ညို



www.burmeseclassic.com

www.burmeseclassic.com



ယဉ်အတွက် ပိုပြီး စိတ်မကောင်း ဖြစ်ရသည်။

နေ့နေ့ပ[illegible]သက်လေပူများကို မှတ်ထုတ်လိုက်မိသည်။

"ညိုယဉ်နဲ့ တွေ့ဖို့ မင်း ထပ်မကြိုးစားတော့ဘူးလား"

"မကြိုးစားတော့ပါဘူးကွာ"

ထွန်းမြင့်ရင်ထဲမှာ နမျောခြင်း၊ ဝမ်းနည်းခြင်း၊ လွမ်းဆွတ်ခြင်းများနှင့်ပွလောင်နေသည်။ တစ်ကိုယ်လုံးမှာ ရှိသော ခွန်အားများကို တစ်စုံတစ်ယောက်က ထုတ်ယူသွားသလို လှုပ်ရှားနိုင်စွမ်း မရှိအောင်လည်း ဖြစ်ရသည်။

ဘေးမှာ လှဆောင်ရှိနေသည်ကိုပင် မေ့သွားသလို ခံစားရသည်။

"မင်းအတွက် ငါ စိတ်မကောင်းပါဘူးကွာ"

ထွန်းမြင့် သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဘယ်တတ်နိုင်ပါ့မလဲကွာ"

ထွန်းမြင့် စိတ်ကို လျှော့ချလိုက်သည်။

"ညိုယဉ် မှားတယ်ကွာ"

လှဆောင်က သူငယ်ချင်းအတွက် ညိုယဉ်ကို မကျေနပ်။

"ငါ ပြန်စဉ်းစားကြည့်တော့ သူ့ကို စိတ်မဆိုးပါဘူးကွာ၊ သူ့နေရာကနေ ကြည့်တော့လဲ ဒေါ်ရွှေပြောတာတွေက ယုံစရာတွေဖြစ်နေတော့ တခြားလူတွေ ယုံသလို သူလဲယုံမှာပဲပေါ့၊ ဒီကြားထဲ သူ့အမေကလည်း စံညွန့် ကျေးဇူးတွေ ရှိနေတော့ အတင်းနားချတာကို လက်ခံလိုက်ရတာ ဖြစ်မှာပေါ့"





ထွန်းမြင့်က ခွင့်လွှတ်စိတ်နှင့် တွေးသည်။

"စံညွန့်တို့အမှုကရော"

"ငါလဲအခိုင်အမာ သတင်းပေးတဲ့ လူက ပေးလို့ ရဲကို ခေါ်ပြီး ဖမ်းရတာပါကွာ၊ နောက်ပိုင်းကိစ္စကတော့ သူ့အမှုအတိုင်း တရားရုံးက ဆုံးဖြတ်မှာပေါ့၊ ဘာမှလဲမမေးတော့ပါဘူး၊ သူများအပြစ်ကျစေချင်စိတ်လည်း မရှိပါဘူး၊ ဒါတောင် ရည်းစားလုဖက်မို့ အမှုဆင် ဖမ်းတယ်ဆိုပြီး ပြောတဲ့လူတွေက ပြောနေကြသေးတာ"

"အနည်းစုပါကွာ၊ အများစုကတော့ အဲဒီဂျင်ဝိုင်းကြီးပျက်သွားတာ ဝမ်းသာနေကြတာ၊ လူတွေကလဲ ခက်ပါတယ်ကွာ၊ သီးနှံပေါ်လို့ ငွေလေး မြင်ရရင် လောင်းကစားလုပ်ချင်လာကြတယ်၊ ဘယ်တော့မှလဲ မနိုင်မှုးဘဲနဲ့ အမှတ်လဲ မရှိကြဘူး၊ အဲဒါနဲ့ စံညွန့်တို့ သားအဖ အချောင်ကြီးပွားနေကြတာ"

လှဆောင်ပြောနေသည်များကို ထွန်းမြင့်နားမှာ မကြားတစ်ချက် ကြားတစ်ချက်။

ထွန်းမြင့် အားလုံးကို မေ့နိုင်အောင် ကြိုးစားပြီး ရေးလက်စ ဆိုင်းဘုတ်ဆီသို့ အာရုံပြောင်းလိုက်သည်။ ရေးရန်ကျန်နေသော စာလုံးများကို ဆက်ရေးနေသည်။

လှဆောင် ဘာမျှ ဆက်မပြောတော့ဘဲ ထွန်းမြင့် ရေးနေသော ဆိုင်းဘုတ်ကို လှမ်းကြည့်လိုက်သည်။

"သာယာရေးရွာ လုံး၀ မီးမလောင်စေရ"

* * *



www.burmeseclassic.com

www.burmeseclassic.com

## ၂၀

“သာယာရေးရွာ လုံးဝ မီးမလောင်စေရ”

ရွာအဝင် တံခါးတိုင်မှာ သံဖြင့် ကပ်ရိုက်ထားသည့် ဆိုင်းဘုတ်ကို စံညွန့် စက်ဘီးစီးရင်း ဖတ်ကြည့်ပြီး ရယ်ချင်စိတ် ဖြစ်မိသည်။

သို့သော် မရယ်ဘဲ နှုတ်ခမ်းကို မဲ့လိုက်သည်။

“ရှုးပါကွာ သူ့ကိုယ်သူ ရေတို့ မီးတို့ကို အစိုးရတဲ့ ကောင် ကျနေတာပဲ၊ ရ ဝ တ ဥက္ကဋ္ဌ လုပ်ရတာနဲ့ ဘဝင်မြင့် နေလိုက်တာ”

ထွန်းမြင့် လက်ရာမှန်းသိ၍ စံညွန့်ရင်ထဲမှာ သရော် လှောင်ပြောင်လိုက်သည်။

အိမ်ပြန်သော လမ်းတစ်လျှောက်လုံးမှာလည်း သစ်ပင် များတွင်

“မီးသတိပြု”

“မီးဘေးရှောင် မလောင်ခင်တား”

“လမ်းလျှောက်ရင်း ဆေးလိပ်မသောက်ရ”





စသော စာတန်းများကို တွေ့ရတိုင်း ထွန်းမြင့်နှင့် မီး သတ်လူငယ်များကို အမြင်ကတ်စိတ် ဖြစ်မိသည်။

အိမ်ကိုရောက်တော့ ပို၍ စိတ်ဆိုးရပြန်သည်။ အိမ်ဘေး မှာ မီးချိတ်နှင့် မီးကပ်ထောင်ထားသည်ကို တွေ့ရသောကြောင့် ဖြစ်သည်။

“ဒါ ဘယ်သူ လုပ်ထားတာတုံးကွ”

စံညွန့်က စာရင်ငှားများကို လှမ်းအော်မေးလိုက်သည်

“မီးသတ်တပ်ဖွဲ့ ခေါင်းဆောင် အောင်မင်း၊ ကခိုင်းလို့ မြမောင်နဲ့ ငါနဲ့ လုပ်ထားတာ”

ဦးရွှေက ဖြေသည်။

“သူ တို့ခိုင်းတိုင်း လုပ်ရမှာလားဗျ၊ သူက ဘာကောင် မို့လဲ၊ ဒီကောင် ထွန်းမြင့် နောက်လိုက်၊ ထွန်းမြင့်ခိုင်းတာ လုပ် နေတာ၊ ဒီနားမှာ လာထောင်မထားနဲ့ဗျာ၊ လွှင့်ပစ်လိုက်”

“မလုပ်တဲ့အိမ်ကို အရေးယူမှာတဲ့၊ ဒီနေ့ နောက်ဆုံး လုပ်ပြီး အလွယ်တကူ မြင်နိုင်တဲ့နေရာ ထောင်ထားရမယ် ဆိုလို့”

ဦးရွှေက ရှင်းပြသည်။

“အမှာ သူက ဘာနဲ့ အရေးယူမှာတုံး၊ ဟင်း၊ အပြာ ရောင် ဝတ်စုံလေးဝတ်ရတာနဲ့ လူပါးဝလိုက်တာ၊ သူတို့ကိုယ် သူတို့ ဘာများ ထင်နေကြလဲ မသိဘူး”

စံညွန့် ဒေါသဖြစ်နေသည်။ သို့သော် မီးချိတ် မီးကပ်များ ကို လွှင့်တော့ မပစ်ရဲပါ၊ လွှင့်ပစ်ရန်လည်း ထပ်မပြောတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ရွာထဲမှာရှိတဲ့ ကောက်ရိုးပုံတွေ၊ ရိုက်ဖတ်ပုံတွေလည်း ရွာအပြင် ရွှေ့ခိုင်းတယ်ကွ၊ သုံးရက်အတွင်း အပြီးရွှေ့ရမယ်တဲ့"

"ဘယ်သူက ခိုင်းတာလဲ"

စံညွန့်က ဦးရွှေကို ကျေမနပ် မေးလိုက်သည်။

"ရ-ဝ-တ အဖွဲ့ကတဲ့"

"ဟင်း....ရ-ဝ-တ အဖွဲ့ဆိုရင် ဟိုကောင် ထွန်းမြင့် နေမှာပေါ့၊ ဒီကောင်က မီးနဲ့ နာမည်ကောင်းရပြီး ရ-ဝ-တ ဥက္ကဋ္ဌ ဖြစ်လာတာဆိုတော့ မီးကိစ္စပဲ ရေးကြီးခွင့်ကျယ် လုပ်နေမှာပေါ့၊ ဒီပြင်လည်း ဘာမှ လုပ်တတ်တဲ့ကောင်မှ မဟုတ်ဘဲ၊ ဒီအိမ်မှာ ကောက်ရိုးပုံရော၊ ရိုက်ဖတ်ပုံရော ရှိတာပဲ၊ လာအရွှေ့ခိုင်းသေးလား"

"မခိုင်းပါဘူး"

"သတ္တိရှိရင် လာခိုင်းကြည့်ပေါ့၊ လုံးဝ မရွှေ့ဘူး"

သူ့အိမ်က ရွာအပြင်ဘက်တွင်ရှိ၍ စံညွန့် သတ္တိကောင်းနေသည်။

"လူတွေကတော့ သူတို့အဖွဲ့ လုပ်တာ၊ မီးရေးထင်းရေး စိတ်ချရတယ်ဆိုပြီး သဘောကျနေကြတယ်ကွ"

ဦးရွှေက အလိုက်ကမ်းဆိုး မသိ။

"ဘယ်သူက သဘောကျတာလဲ၊ သူတို့ပဲ သဘောကျမှာပေါ့၊ အများစုက မကြိုက်ပါဘူး၊ ကောက်ရိုးပုံ ရွှေ့ရ၊ ရိုက်ဖတ်ပုံ ရွှေ့ရနဲ့ အမြင်တောင် ကတ်ဦးမယ်"

စံညွန့်၏ တင်းမာသော လေသံကြောင့် ဦးရွှေ ဘာမျှ





ပြန်မပြောတော့ပေ။

"တကယ်မီးလောင်ရင် ဒီကောင်တွေ ဘာတတ်နိုင်မလဲ၊ အလကားကောင်တွေ၊ ဘာမှ တတ်နိုင်မှာ မဟုတ်ဘူး"

စံညွန့်က သူ့ဘာသာမေးပြီး သူ့ဘာသာ ဖြေလိုက်သည်။

"ဟင်း ဒီကောင်တွေ အရှက်တကွဲဖြစ်မှာ မြင်နေသေးတယ်"

စံညွန့်က သူ့အိမ်ဘေးမှ မီးချိတ် မီးကပ်များကို ရွံမုန်းစွာ လှမ်းကြည့်လိုက်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# ၅၁

နေ့လယ်ခင်း နေမင်းကြီးက အိမ်အမိုးများ ကြွပ်ကြွပ်မြည်အောင် ပူပြင်းနေ၏။

မြသီတို့ အိမ်နောက်ဘက်မှ အုန်းပင်ရိပ်အောက်မှာ မြသီနှင့် ညိုယဉ်တို့ ယပ်တောင်ရက်ရန် ဖါးနီ့များကို အချောသတ်နေကြသည်။

"ယပ်တောင်လေးတွေ ရက်တဲ့အခါ သူများကို အေးချမ်းပါစေဆိုတဲ့ စေတနာ ထားကြပေါ့ဟာ"

အသံကြား၍ မြသီရောညိုယဉ်ပါ မော့ကြည့်လိုက်ကြသည်။

"ဟယ်....ကိုလှဆောင်ကြီး၊ ဘယ်ကနေ မျက်စိလည်လာတာလဲ"

မြသီ နှုတ်ဆက်စဉ်မှာပင် လှဆောင်က ဘေးနားမှ ဖျာစုတ်ပေါ်မှာ ဝင်ထိုင်လိုက်သည်။

"မျက်စိလည်တာ မဟုတ်ဘူးဟ၊ နင်တို့ ခြံစည်းရိုး ဝါးရုံမှာ ဝါးပင်ပေါက် လာကြည့်တာ၊ မှားကန် တစ်ချောင်းလောက်





လိုချင်လို့"

"ဟယ်....မှားတွေကို ရိုက်ဖို့တော့ မပေးနိုင်ပါဘူး၊ ပြီးတော့ ထိပ်မှာ သံချွန်တပ်ပြီး ထိုးဦးမယ်"

မြသီက ရန်စွာနေသည်။

"မလုပ်ပါဘူးဟာ၊ ဝါးပင်ပေါက်လည်း မတွေ့ခဲ့ပါဘူး"

"ဒါဖြင့်လဲ ဒီဝါးတွေကို ခွဲပြီး အစိတ်ကလေးတွေ လုပ်ပေးခဲ့ပါဦး၊ အဖေက မအားလို့"

မြသီက ဘေးမှာချထားသော ဝါးဆစ်ပိုင်းများကို ပြသည်။

"အေးပါ၊ ရပါတယ်"

ကြာကြာထိုင်ရန် အခွင့်အရေး ရသွား၍ လှဆောင်အတွက် ဝမ်းသာစရာ ဖြစ်သည်။

"ညိုယဉ်နဲ့ မတွေ့တာတောင် ကြာသွားပြီနော်"

လှဆောင်က ညိုယဉ်နှင့် စကားအဆက်အစပ် ရချင်သည်။

ညိုယဉ်က ဘာမျှ ပြန်မပြော။

လှဆောင်သည် ထွန်းမြင့်နှင့် အချစ်ဆုံးသူငယ်ချင်းဖြစ်၍ ထွန်းမြင့်အကြောင်း စကားစ မလာအောင် ခေါင်းငုံ့လျက် နှုတ်ဆိတ်နေသည်။

"နင်တို့အဖြစ်ကလည်း စိတ်မကောင်းစရာပဲ"

လှဆောင်က ဝါးခွဲရင်း စဖြစ်အောင် စလိုက်သည်။

"ဘာမှ စိတ်မကောင်းစရာ မရှိပါဘူး"

ညိုယဉ့်အသံက ခပ်တင်းတင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ သိပါတယ်ဟာ၊ နင် စံညွန့်ကို မလွဲသာလို့ လက်ထပ်ရမှာပါ၊ တကယ်တော့ စံညွန့်လို ကောင်မျိုးကို နင် ဘယ်လိုမှ ချစ်လို့ရမှာ မဟုတ်ပါဘူး၊ ဒီကောင်က လူရှုပ်၊ လူညစ်၊ ဂျင်သမား"

"ကိုလှဆောင်သူငယ်ချင်းကရော ဘာထူးလို့လဲ၊ ရွာလူကြီးအာဏာနဲ့ ဧည့်စာရင်းစစ်ရင်းတောင် အရှက်မရှိတဲ့လူ"

"အဲဒါ လုံးဝ မဟုတ်ပါဘူးဟာ၊ ငါ့သူငယ်ချင်းအကြောင်း ငါ အသိဆုံးပါ၊ နင်က သူ့ရှင်းပြတာမှ လက်မခံဘဲ"

"ဘာမှ ရှင်းပြစရာ မလိုဘူး၊ အရီးရွှေက အကုန်ပြောပြီးသား"

"ဒါတွေက စံညွန့်ဉာဏ်တွေပါဟာ၊ အရီးရွှေကလည်း အသက်ကြီးမှ မဟုတ်တာတွေ ရွာရိုးကိုးပေါက် လျှောက်ပြောနေတာ"

"လျှောက်ပြောတာ မဟုတ်ဘူး ရှင့်၊ အိမ်ကို မုန့်ဆီကြော်ဒယ်အိုးလာငှားတုန်းက တမင်မေးလို့ ပြောသွားတာ"

လှဆောင် သက်ပြင်းချလိုက်သည်။

"အဲဒါတွေ တစ်ခုမှမဟုတ်ပါဘူးဟာ၊ နင် မယုံပါနဲ့"

"ယုံတယ်၊ ကျွန်မကတော့ ယုံတယ်"

ညိုယဉ် အခိုင်အမာ ဖြစ်နေသည်။

"နောင်ကျရင် နင် နောင်တဖြစ်မှာ စိုးလို့ ငါက ပြောတာပါဟာ၊ ထွန်းမြင့်က တကယ်ကို လူရိုးလူကောင်းပါ"

"ဟင်း ဟင်း....လူရိုးဆိုတာ သချိုင်းမှာမှ ရှိတာ"





ညိုယဉ်က သရော်သည်။

"မဟုတ်ပါဘူးဟာ၊ ထွန်းမြင့်က တကယ် ရိုးသားတာပါ၊ ရွာအပေါ်မှာလည်း တကယ် စေတနာရှိတာပါ၊ အချိန်မလွန်သေးပါဘူး၊ နင်ပြန်စဉ်းစားဖို့ ငါ အကြံပေးချင်လို့ပါ"

"အခုမှတော့ လွန်သွားပြီ၊ စဉ်းစားဖို့လည်း မလိုတော့ဘူး၊ သင်္ကြန်မတိုင်ခင် လက်ထပ်ဖို့တောင် လုပ်နေကြပြီ"

ညိုယဉ်က တမင် အံရှို့တိုက်ပြီး ပြောလိုက်ခြင်း ဖြစ်သည်။

"ဒါပေမယ့် တကယ်လက်ထပ်ပြီးတာမှ မဟုတ်သေးတာပဲ၊ နင် စဉ်းစားပါဦး"

"တော်ပြီ ကိုလှဆောင်ကြီး၊ ဒါတွေ ဆက်ပြောမယ်ဆိုရင် သွားတော့၊ မကြားချင်ဘူး"

ပြောနေရင်းနှင့် ညိုယဉ်၏ မျက်လုံးအိမ်မှာ မျက်ရည်များ ရစ်ဝဲလာသည်။

လှဆောင် သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။

"နင်တို့နှစ်ယောက်စလုံးအတွက် ငါ စိတ်မကောင်းလို့ ပြောတာပါဟာ၊ ဟိုကောင် သိပ်ကို စိတ်ဆင်းရဲနေတာ၊ ငါက မြင်နေရတော့ ကြားကနေ ပြောမိတာပါ"

ညိုယဉ်ပါးပေါ်မှာ မျက်ရည်များ စီးကျလာသည်။

"သူမကောင်းလို့ သူခံရတာပဲ"

"မဟုတ်ဘူးဟ၊ သူကောင်းရက်နဲ့ ခံနေရတာ၊ နင်က သူများပြောတာကို တစ်ဘက်သတ် ယုံနေတော့ ခက်တာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ဟိုကောင် မမှားဘူး၊ နင် မှားတာ”

လှဆောင်က သွင်ယယ်ချင်းဘက်မှ မခံနိုင်ဖြစ်၍ မာရေကျောရေပြောပြီး ထိုင်နေရာမှ ထလိုက်သည်။

“နင် မပြင်ရင် နင် စိတ်ဆင်းရဲရမှာ”

လှဆောင်က နောက်ဆုံးစကားပြောပြီး ညိုယဉ်ကို လှည့်မကြည့်တော့ဘဲ ထွက်သွားပါသည်။

ညိုယဉ့်ပါးပေါ်မှာ မျက်ရည်များ အဆက်မပြတ် စီးဆင်းလျက် –

“မိညို....နင်ပြန်စဉ်းစားပါလားဟာ”

“တော်ပြီဟာ၊ တော်ပြီ၊ ငါ ဘာမှ မစဉ်းစားချင်တော့ဘူး၊ အမေ့ကိုလည်း ကတိပေးပြီးပြီ၊ ပြီးတော့ အရီးရွှေပြောတာကို ငါ ယုံတယ်”

ညိုယဉ် ဝမ်းနည်းစွာ ငိုကြွေးပါသည်။

* * *



# အပိုင်း[၄]



www.burmeseclassic.com

www.burmeseclassic.com

## ၅၂

"ကိုထွန်းမြင့်....ကိုထွန်းမြင့်"

ထွန်းမြင့် အိပ်ရာဝင်ခါစအချိန်မှာ အိမ်ထရံကို ပုတ်နှိုး သံ[illegible]ားရသည်။

"ဟော့ ဘယ်သူလဲကွ"

[illegible]မြင့် အိမ်ထဲမှ လှမ်းမေးသည်။

"ကျွန်တော်ပါဗျ၊ မြမောင်ပါ"

"ဟင်....ဘာဖြစ်လို့လဲကွ"

"ခဏထွက်ခဲ့ပါဦးဗျ၊ အရေးကြီးလို့ပါ"

"အေး....အေး လာပြီ"

ထွန်းမြင့်က အမေ အိပ်ရာမှ မနိုးအောင် အသာထလိုက်သည်။

သို့သော် အမေက နိုးနေပြီ။

"ဟဲ့....အချိန်မတော်ကြီးကျမှ ဘယ်သွားဦးမလို့လဲ"

"မသွားပါဘူး အမေ၊ ဒီအိမ်ရှေ့တင်ပါ"

ထွန်းမြင့် အိမ်ထဲမှ ထွက်လိုက်သည်။

"အရေးကြီးတာ ပြောစရာ ရှိလို့ဗျ"

မြမောင်ပြောပုံက စိုးရိမ်သော လေသံနှင့် ဖြစ်သည်။

"လာ–လာ အမေ နိုးနေတယ်ကွ"

ထွန်းမြင့်က လေသံနှင့်ပြောပြီး မြမောင်ကို လမ်းပေါ်သို့ ခေါ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်နှင့် ခပ်လှမ်းလှမ်းသို့ ရောက်လာပြီ။

"ကဲ....ပြော"

"ကိုစံညွန့် ရွာကို မီးရှို့မယ်လို့ ထင်တယ်"

"ဟင်...."

ထွန်းမြင့် ထိတ်လန့်သွားသည်။

"ဘာလို့ အဲဒီလို ထင်တာလဲ"

"သူ နေ့ခင်းတုန်းက အမှော်တဲထဲမှာ တံခါးပိတ်ပြီး အကြာကြီးပဲဗျ၊ ဘာလုပ်နေမှန်း မသိဘူး၊ ညနေကျတော့ သူ မရှိတုန်း အမှော်တဲထဲကို ကျွန်တော် ဝင်ကြည့်တော့ ကရွတ်ခွေ တစ်ခု အဝတ်စုတ်တွေပတ်ပြီး ရေနံဆီ စိမ်ထားတာ တွေ့တယ်"

"ဟင်....သူ တစ်ခုခု လုပ်စရာ ရှိလို့များလားကွာ"

"ဘာလုပ်စရာမှ မရှိဘူးဗျ၊ ရှိရင်လည်း ဒါမျိုး သူကိုယ်ကိုင် လုပ်တာ မဟုတ်ဘူး၊ ကျွန်တော်တို့ပဲခိုင်းတာ၊ ခုဟာက လူမသိအောင် သူ့ဘာသာ တစ်ယောက်တည်း လုပ်တာ"

မြမောင် စဉ်းစားပုံကို အသိအမှတ် ပြုရတော့မည်။

"နောက်ပြီး မနေ့က သူ့အဖေနဲ့ နှစ်ယောက်တည်းပြောနေတာ၊ ကျွန်တော် အိမ်ဘေးက ဖြတ်သွားရင်း ကြားရတယ်ဗျ"

"ဟင် ဘာပြောတာလဲ"

"ဒီကောင်က မီးနဲ့ နာမည်ကောင်း ယူနေတာ၊ သာယာအေးရွာ လုံးဝ မီးမလောင်စေရတဲ့၊ ကိုစံညွန့်က ပြောတာဗျ၊ အဲဒါနဲ့ သူ့အဖေ ဦးဘခိုင်က အလကားကောင်၊ အဲဒီလို





ရေးတာ သောက်မြင်ကတ်လို့ကို ရွာ မီးနဲ့ရှို့ပစ်ဖို့ ကောင်းတယ် တဲ့"

"ဟင်....ဦးဘခိုင်က ပြောတာလား"

"ဟုတ်တယ်၊ ဒါနဲ့ သူ့သားက"

"ရှို့ကြည့်လိုက်ရင် ဒီကောင်တွေ ဘာတတ်နိုင်မှာလဲ အဖေရာ၊ မီးသတ်ဆိုတဲ့ ကောင်တွေကလည်း ထွန်းမြင့်ကို အထင်ကြီးပြီး သူတို့ကိုယ်သူတို့ ဘဝင်မြင့်နေတာလို့ ပြောတယ်ဗျ၊ အဲဒါကြောင့် ရေနံဆီကွင်းကြီးကို တွေ့တော့ ကျွန်တော်က စိုးရိမ်နေတာ၊ သူတို့အိမ်ကလည်း ရွာထဲမှာ ဆောက်ရသေးတာ မဟုတ်ဘူး"

ထွန်းမြင့် ခေါင်းညိတ်လိုက်သည်။

"အခုညကျတော့ ကျွန်တော်နဲ့ ဦးရွှေ အိပ်နေတဲ့အချိန်မှာ အမှော်တဲတံခါး ဖွင့်သံကြားတယ်ဗျ၊ ဦးရွှေကတော့ အိပ်ပျော်နေပြီ၊ ကျွန်တော် အိပ်မပျော်သေးဘူး၊ ဒါနဲ့ အသာထွက်ကြည့်တော့ လရောင်မှုန်မှုန်အောက်မှာ အမှော်တဲထဲက ကိုစံညွန့် ထွက်သွားတာ တွေ့ရတယ်ဗျ"

"ဟင်–ဟုတ်လား"

"သူ့လက်ထဲမယ် ပလတ်စတစ်အိတ်တစ်ခု ဆွဲထားတယ် သေချာတယ်ဗျ၊ ဟိုနေ့ခင်းက ရေနံဆီကွင်းကြီး ထည့်ဆွဲသွားတာဗျ၊ ကျွန်တော် အမှော်တဲထဲ ဝင်ကြည့်တော့ ရေနံဆီကွင်းကြီး မရှိတော့ဘူး"

"ဟင် ဒါဖြင့် သူ ဘယ်ဘက်သွားလဲ"



www.burmeseclassic.com

www.burmeseclassic.com



ထွန်းမြင့် စိုးရိမ်စိတ် ဖြစ်လာရသည်။

"ရွာစည်းရိုး အပြင်ကနေပတ်ပြီး အရှေ့ဘက်အစိုင်းတောင်ဘက်ကို သွားတယ်"

"ဟင်"

ထွန်းမြင့် စဉ်းစားကြည့်သည်။

လေက တောင်လေတိုက်နေသည်။

တောင်ဘက်ထိပ်မှ အိမ်တစ်လုံးကိုသာ မီးကွင်းပစ်လိုက်လျှင် တစ်ရွာလုံး လောင်သွားနိုင်သည်။

ထွန်းမြင့်ရင်ထဲမှာ ပူပင်လာသည်။

"ဘယ်အိမ်လောက်ကို သူလုပ်မလဲ"

စဉ်းစားကြည့်သည်။

"ဟာ....ဟုတ်ပြီ"ထွန်းမြင့် ရင်ထဲမှာ ပို၍ ပူလောင်သွားသည်။

"လာ၊ ငါတို့ သူ့နောက်လိုက်မယ်"

မြမောင်ကို ခေါ်လိုက်သည်။

"ကျွန်တော်လိုက်လို့ ဖြစ်ပါ့မလား"

မြမောင် ချီတုံချတုံ ဖြစ်နေသည်။

"မြမောင်၊ မင်းလည်း ဒီရွာသား၊ ငါလည်း ဒီရွာသား၊ ဒီရွာ မီးမလောင်အောင် ငါ့မှာ တာဝန်ရှိသလို မင်းမှာလည်း တာဝန်ရှိတာပဲကွ၊ ဟိုတစ်ခါလည်း မင်း လာပေးတဲ့ သတင်းမှန်လို့ ဒီကောင်တွေ ဂျင်ဝိုင်းကြီး ပျက်သွားတော့ တစ်ရွာလုံးအတွက် ကောင်းတာပဲ၊ ခုတစ်ခါ တို့ နောက်ကျရင် တစ်ရွာ





လုံး မီးလောင်မှာကွ"

ထွန်းမြင့်က ပြောပြောဆိုဆို ရွာတောင်ပိုင်းဆီသို့ ပြေးထွက်သွားသည်။

မြမောင် ထွန်းမြင့်ကို နောက်မှ လှမ်းကြည့်နေပြီး ထွန်းမြင့် တော်တော်လေး ဝေးသွားမှ အပြေး လိုက်ပါသွားလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ၁၃

ထွန်းမြင့်နှင့် မြမောင် ရွာစည်းရိုးပေါက် တစ်နေရာမှ တိုးထွက်ပြီး ရွာဘေး သဲချောင်းလေးအတိုင်း ရွာတောင်ဘက်ဆီသို့ ပြေးသွားနေကြသည်။

"အား....."

ချောင်းထဲမှာ ဖြတ်နေသည့် သစ်မြစ်တစ်ခုကို တိုက်မိပြီး ထွန်းမြင့် ဒလိမ့်ခေါက်ကွေး လဲကျသွားသည်။

မြမောင်ရောက်လာတော့ ထွန်းမြင့် ကုန်းထနေပြီ။

"ကိုထွန်းမြင့် ဘာဖြစ်သွားသေးလဲ"

မြမောင်က စိုးရိမ်စွာ မေးသည်။

"ဘာမှ မဖြစ်ဘူး"

ထွန်းမြင့် ရှေ့ကပြေးသည်။

ရွာတောင်ဘက်ထိပ်တွင် ဒေါ်နက်အိမ် ရှိသည်။ ဒေါ်နက်ဆုံးသွားသည်မှာ ခြောက်လခန့် ရှိပြီ။ သူ့သားနှစ်ယောက်က မော်ဘီတပ်ထဲမှာ၊ သူ့သမီးက တိုက်ကြီးသားနှင့် အိမ်ထောင်ကျပြီး တိုက်ကြီး ပါသွားသည်။ အိမ်မှာ လူတစ်ယောက်မျှ





မရှိ။ အိမ်က ရွာစည်းရိုးနှင့် ကပ်နေသည်။ ပြီးတော့ အိမ်က ပထမ မီးလောင်စဉ်က ကျန်ခဲ့သော အိမ်မို့ အိုဟောင်းနေပြီ။ သက်ကယ်မိုးများ၊ ထရံများ ပေါက်ပြဲနေကြပြီ။

ထိုအိမ်ကို မီးကွင်းပစ်တင်လျှင် ဘယ်သူမျှ မသိနိုင်။ ထိုအိမ်သာ မီးလောင်လျှင် တစ်ရွာလုံး မလွယ်။

ထွန်းမြင့် စိုးရိမ်စိတ်နှင့် အမြန်ပြေးနေသည်။ ရင်ထဲမှာ ပူလာအောင် မောနေသော်လည်း ရပ်နား၍ မဖြစ်၊ နောက်ကျသွားမှာ စိုးရိမ်သည်။

ဒေါ်နက်အိမ်နှင့် နီးလာပြီ။

ချောင်းရိုးကွေ့လေးကို ကျော်လျှင် အိမ်ကို မြင်ရတော့မည်။

ထွန်းမြင့် ခပ်မြန်မြန်ပြေးသည်။

"ဟာ....ဟိုမှာ"

ထွန်းမြင့်တွေးသည်မှာ မှန်သည်။ သို့သော် နည်းနည်းလေး နောက်ကျသွားခဲ့ပြီ။

ချောင်းရိုးကွေ့ကို ကျော်ဖြတ်ပြီးသည်နှင့် အိမ်ခေါင်မိုးပေါ်သို့ မီးကွင်းတစ်ခု ရောက်သွားသည်ကို မြင်ရသည်။ အိမ်ကို မီးစွဲလောင်နေပြီ။

"လုပ်ရက်တယ်ကွာ"

ထွန်းမြင့် စိတ်မကောင်းစွာ ကြည့်နေစဉ်မှာပင် ချောင်းရိုးအတိုင်း ပြေးလာသော ခြေသံကို ကြားရသည်။

ချောင်းကွေ့ ကျူရိုးအကွယ်မှာ ထွန်းမြင့် ပုန်းနေလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

နီးလာပြီ။

"ဟော့ကောင် ရပ်"

ထွန်းမြင့်က ပြေးလာသူကို ဆီးဖမ်းလိုက်သည်။ သေချာသည်။ စံညွန့် ဖြစ်နေသည်။

"ဟင်....မင်း....စံညွန့်"

"ဒုတ်"

စံညွန့်က ရုတ်တရက် ထွန်းမြင့်ကို လက်သီးနှင့် ထိုးလိုက်သည်။

ထွန်းမြင့်ကို ထိသွားသည်။

စံညွန့် ဆက်ပြေးသည်။

"ဟော့ကောင် ရပ်"

ထွန်းမြင့် နောက်က လိုက်သည်။

စံညွန့် တအားကုန် ပြေးသည်။

ထွန်းမြင့် အမြန်လိုက်သည်။

စံညွန့်က စက်ဘီးအားကိုးပြီး သွားလာနေသူ ဖြစ်သည်။ ထွန်းမြင့်က အလုပ်ကြမ်းသမား၊ ကိုယ့်ခြေကိုယ် အားကိုးပြီး ပြေးလွှားနေသူမို့ ပို၍ အပြေးမြန်သည်။

မှီခါနီးပြီ။

ထွန်းမြင့် နောက်မှ ခုန်အုပ်ပြီး ဖမ်းလိုက်သည်။

"အား"

နှစ်ယောက်သား သဲချောင်းထဲမှာ လဲကျသွားကြသည်။





"ဟင်....လူယုတ်မာ၊ ရွာမီးရှို့တဲ့ကောင်"

"ဒုတ်....ဒုတ်"

ထွန်းမြင့် ဒေါသဖြစ်နေပြီမို့ မညှာတော့ပါ။

စံညွန့်က ရုန်းကန်ပြီး ပြန်ထိုးသည်။ လဲနေရာမှ မတ်တတ်ထသည်။

တစ်ယောက်တစ်ပြန် ဖြစ်နေကြသည်။

ထွန်းမြင့်စိတ်ထဲမှာ ကြာလျှင် မီးအားကြီးလာတော့မည်ကို စိုးရိမ်နေသည်။

စံညွန့်နှင့် သတ်ပုတ်နေရင်း အချိန်မကုန်ချင်။

စံညွန့်ရပ်နေသည်က သဲထဲမှာ ခြေကုပ်အား မကောင်း။

ကိုယ် ရောက်နေသည်က မြေသားရှိသော နေရာဖြစ်တော့ နည်းနည်းပိုမြင့်သည်။

ထွန်းမြင့် ဆုံးဖြတ်ချက်ချမိသည်နှင့် တပြိုင်နက် စံညွန့်ထံသို့ နှစ်ဝင်ပြီး ခြေစုန်ပစ်လိုက်သည်။

"အင့်"

ပြင်းထန်စွာ နာကျင်ခြင်းနှင့်အတူ စံညွန့် သဲချောင်းထဲမှာ လွင့်ကျသွားသည်။

ထွန်းမြင့်ကိုယ်တိုင်လည်း ကိုယ့်ကန်ချက်နှင့်ကိုယ် သဲပြင်မှာ လဲကျသည်။

သို့သော် ထွန်းမြင့်ကျသည်က မနာ၊

စံညွန့် နာကျင်စွာ ရှုံ့မဲ့ပြီး ထရန် ကြိုးစားစဉ်မှာပင် သူ လဲကျသောနေရာမှာ လက်ဆကောင်းသော အလေးစိုက်ရှိသည့်



www.burmeseclassic.com

www.burmeseclassic.com

ကျောက်တုံးတစ်တုံးကို တွေ့သည်။

စံညွှန့် ဝမ်းသာအားရ ကျောက်တုံးကို ကောက်ကိုင်ပြီး မတ်တတ်ထလိုက်သည်။

ထွန်းမြင့်လည်း မတ်တတ်ရပ်လျက် ဖြစ်နေပြီ။

သို့သော် စံညွှန့်က ကျောက်တုံးကြီးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လျက်။

ထိုအချိန်တွင် မြမောင် အပြေးအလွှား ရောက်လာသည်။

"ကိုစံညွှန့် ခင်ဗျား သိပ်ယုတ်မာတဲ့လူ၊ ခင်ဗျား မီးကွင်းလုပ်တာလည်း ကျွန်တော်သိတယ်၊ အခု မီးကွင်းပစ်တာလည်း ကျွန်တော် မြင်တယ်"

မြမောင်က စံညွှန့်၏ နောက်ဘက်မှ လှမ်းပြောလိုက်သည်။

"ဟင်....မြမောင် ငါ့အိမ်နိုင်းတဲ့ကောင်က လူပါးဝလို့ မင်းကို ငါ အရင်သတ်မယ်"

စံညွှန့်က မြမောင်ကို ကျောက်တုံးဖြင့်ထုရန် နောက်ဘက်သို့ လှည့်လိုက်သည်။

"စံညွှန့်....ကဲကွာ"

ထွန်းမြင့် နောက်ဘက်မှ ပြေးသွားပြီး စံညွှန့်ကျောကို ခြေစုန်ကန်လိုက်သည်။

ဒုတ်....အား....ဒုတ်။

စံညွှန့် လဲကျသွားပြီး သူ့ကျောက်တုံးနှင့် သူ ခေါင်းပြန်ထိသည်။ စံညွှန့် မလှုပ်နိုင်တော့ပါ။





"မြမောင် မင်းသူ့ကို စောင့်နေ၊ ဒီနားမှာ နွယ်ကြိုးရှာရရင် နွယ်ကြိုးနဲ့ လက်ပြန် တုတ်ထား၊ ငါ လူကြီးတွေ လွှတ်လိုက်မယ်၊ ဟိုမှာ မီးသတ်ဖို့ အရေးကြီးတယ်"

ထွန်းမြင့် ရွာဆီသို့ အမြန်ဆုံး ပြေးသွားသည်။

ဒေါနက်အိမ် မီးတောက်မှာ အရှိန်အားကောင်း၍ အမြင့်သို့တက်ပြီး တစ်ရွာလုံးကို စိန်ခေါ်နေပြီ။

"ထွန်းမြင့် လာပြီဟေ့၊ ထွန်းမြင့် လာပြီ"

"ကိုထွန်းမြင့် လာပြီဟေ့"

ထွန်းမြင့် အပြေးအလွှား ရောက်သွားသောအခါ လူကြီးများရော လူငယ်များပါ ဝမ်းသာအားရ ဖြစ်နေသည်။

"ဟေ့....မောင်ထွန်းမြင့်၊ မင်း ဘာလို့ နောက်ကျနေတာလဲ"

ဦးချစ်ရွှေမေးပုံက အပြစ်တင်သော လေသံနှင့် ဖြစ်သည်။

"ဪ ဦးချစ်ရွှေ လာပါဦး"

ထွန်းမြင့်က အကြောင်းစုံကို အတိုတောင်းဆုံးနှင့် ရှင်းပြလိုက်သည်။

"ဟင်....ဒါဆို ငါသွားမယ်၊ လူကြီးထဲက နှစ်ယောက် ခေါ်သွားမယ်"

ဦးချစ်ရွှေ မြန်မြန်ထွက်သွားပါသည်။

ထွန်းမြင့်ကတော့ မီးငြိမ်းသတ်နေသူများရှိရာသို့ ပြေးဝင်သွားပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ၉၄

အရန်မီးသတ်တပ်ဖွဲ့ဝင် လူငယ်များက မီးကို ကြိုးကြိုးစားစား ငြိမ်းသတ်နေကြသည်။

အစကတည်းက စနစ်တကျ တာဝန်ခွဲထားပြီး ဖြစ်၍ ရေသည်သော အုပ်စုက နီးရာရေတွင်းများမှ ရေများကို မနားတမ်း သယ်ယူနေကြသည်။

မီးငြိမ်းသတ်သော အဖွဲ့က ရေပုံးများ၊ သံအိတ်များနှင့် မီးညွန့်ကျိုးအောင် နှိမ်နင်းနေကြသည်။

သို့သော် မီးအားက အရှိန်ကောင်းနေပြီ။ တောင်လေကလည်း ပင့်လာ၍ ထွန်းမြင့် စိတ်ပူသွားသည်။

ညာဘက်က အိမ်ကိုသာကူးလျှင် မလွယ်။ ဆယ်အိမ်မှူး ကိုတင်အောင်၏အိမ် ဖြစ်သည်။ အိမ်က ကြီးသည်။ နှစ်ထပ်အိမ်။

ထိုအိမ်လောင်လျှင် ဘေးချင်းယှဉ်နေသော ညိုယဉ်တို့အိမ်ကို လွယ်လွယ်လေးနှင့် ကူးသွားမည်။

လေကလည်း ပိုတိုက်လာလျှင် တစ်ရွာလုံးအတွက် စိုး





ရိမ်စရာ ဖြစ်ရတော့မည်။

"ဒီအိမ်ကတော့ မနိုင်တော့ဘူးဟေ့၊ မရတော့ဘူး၊ ဘေးအိမ်တွေ မကူးအောင် လုပ်ကြ"

ထွန်းမြင့်က လူငယ်များကို လှမ်းအော်ပြောလိုက်သည်။

"ဟာ....မီးပွားတွေ ကျတယ်ဟေ့၊ မီးကပ်သီမားတွေ၊ မီးကပ်သမားတွေ မီးကပ်နဲ့ ရိုက်ကြ"

မီးဘေးကာကွယ်တားဆီးရေးအဖွဲ့၏ ကြိုးကြပ်မှုကြောင့် လူတိုင်းမှာ မီးချိတ်၊ မီးကပ် ပါလာကြသည်။

တစ်ရွာလုံးလည်း မီးလောင်သောနေရာမှာ ရောက်နေကြသည်။

သက်ကယ်မိုးပေါ်ကျသော မီးပွားများကို မီးကပ်နှင့် ရိုက်ကြသည်။

"ဟာ ဟိုဘက်က ညိုယဉ်တို့အိမ်ပေါ် ကျော်ပြီး မီးပွားတွေ ကျတယ်ဟေ့၊ လုပ်ကြပါဦး၊ ဟိုမှာ မီးစွဲတော့မယ်"

မီးကပ်သမားများ တဖုန်းဖုန်း ပြေးရိုက်ကြသည်။ မီးချိတ်များနှင့် သက်ကယ်ကို ဆွဲချကြသည်။

"ကိုတင်အောင်တို့ အိမ်ကို ရေပက်ပေးကြဟေ့"

ထွန်းမြင့်က ရေသမားများကို လှမ်းအောင်ပြောသည်။

ရေသမားများက ဘေးအိမ်ကို မီးမကူးအောင် ရေပက်ပေးကြသည်။

ဒေါ်နက်အိမ်ကတော့ အရှိန်အဟုန်ကောင်းစွာ လောင်နေဆဲ။ ဝါးပေါက်သံများကလည်း တဖောင်းဖောင်း မြည်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှို့မီးတဲ့ကွ၊ ရှို့မီးတဲ့၊ ရှို့တဲ့လူ မိထားပြီတဲ့"

အော်သံတစ်ချက် ထွက်လာသည်။

"ဟေ့....ဒါတွေ နောက်မှပြော၊ လောလောဆယ်တော့ မီးမကူးအောင် လုပ်ကြ၊ တစ်ရွာလုံး ကုန်သွားလိမ့်မယ်"

ထွန်းမြင့်က အော်ဟစ်သတိပေးလိုက်သည်။

ဒေါ်နက်အိမ်၏ ဘယ်ဘက်မှာ မန်ကျည်းပင် နှစ်ပင် ရှိနေသည်။

ယခင်မီးကြီးလောင်စဉ်က မန်ကျည်းပင်နှစ်ပင်ကြောင့် ဒေါ်နက်အိမ် ကျန်ခဲ့ခြင်း ဖြစ်သည်။ ယခု ဤမန်ကျည်းပင်များ သည် ဒေါ်နက်အိမ်မှမီး အခြားအိမ်များသို့ မကူးလွယ်အောင် အဆီးအတား ဖြစ်နေကြပြန်သည်။

"ဟေ့....ဟိုအိမ်ကိုလည်း လွှတ်မထားနဲ့၊ ခေါင်မိုးပေါ် မီးပွားကျမယ်၊ မီးကပ်သမားတွေ စောင့်ကြ"

"ရှိတယ်၊ သုံးယောက်ရှိတယ်"

"ဟေ့၊ ကိုတင်အောင်တို့အိမ်ထဲက ပစ္စည်းတွေ သယ် ထုတ်ကြ၊ လိုရင် ဒီအိမ်ကို ဖျက်ရမယ်"

လူငယ်များအားလုံး ပစ္စည်းများ သယ်ထုတ်ကြသည်။

"ဟာ ဟိုမှာ ခေါင်မိုးမှာ မီးစွဲနေပြီ"

ဟုတ်သည်။ ကိုတင်အောင်တို့အိမ်ခေါင်မိုးမှာ မီးတောက် တစ်ခု တက်လာသည်။

"ငါ့ကို ရေပက်ပေး"

ထွန်းမြင့်ကို လူငယ်တစ်ယောက်က လက်ထဲမှ ရေပုံး





နှင့် လောင်းချလိုက်သည်။

ဂုန်နီအိတ်ရေစိုတစ်ခုကို ကိုင်ပြီး ထွန်းမြင့် အိမ်ပေါ်သို့ ပြေးတက်သွားသည်။

မြန်သည်။ အိမ်ပေါ်ရောက်သည်နှင့် နံရံကို တွယ်ကပ် ၍ ထုတ်တန်းပေါ်တက်သည်။

မီးတောက်ကို မီပြီ။ ဂုန်နီအိတ်နှင့် ရိုက်သည်။ မီးတောက် က မငြိမ်းသေး။

ဆယ်ချက်ခန့်ရိုက်မှ မီးတောက် ငြိမ်းသွားသည်။

"ငြိမ်းသွားပြီဟေ့၊ ငြိမ်းသွားပြီဟ"

အောက်မှ ကြည့်သူများ လက်ခုပ်တီး၍ အားပေးကြ သည်။ သို့သော် မီးခိုးများက အူနေဆဲ။

ထွန်းမြင့်က သက်ကယ်ပစ်များကို ဆွဲဖျက်ချသည်။ အောက်မှလူများက ရေနင့်ပက်၍ ငြိမ်းပစ်ကြသည်။

"ဟာ....ဟိုဘက်မှာ မီးထတောက်နေပြန်ပြီဟေ့"

အိမ်ခေါင်မိုး တစ်ဖက်ခြမ်းမှာ မီးစွဲနေပြန်ပြီ။

တစ်ဖက်အိမ်မှ မီးပွရှိန်ကြောင့် ကိုတင်အောင်တို့အိမ်မှ အမိုးသက်ကယ်များ ကော့လန်ကြွပ်ရွနေကြပြီ၊ မီးတောက်မီးပွား တစ်ခုကျရုံနှင့် လောင်ရန် အသင့်ဖြစ်နေသည်။

ထွန်းမြင့် ဝါးလုံးတန်းကိုခို၍ အိမ်ခေါင်မိုးပေါက်သွား သောနေရာမှ အပေါ်သို့ ဖောက်တက်လိုက်သည်။

"ထွန်းမြင့် အပေါ်ရောက်သွားပြီဟေ့"

အောက်မှလူများ အော်ဟစ်ပြောဆိုနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မီးစွဲသောနေရာအထိသွားပြီး ထွန်းမြင့် ဂုံနီအိတ်နှင့် ရိုက်ငြိမ်းလိုက်သည်။

တစ်ဖက်အိမ်မှ မီးတောက်မီးညွန့်များက ကိုတင်အောင် အိမ်ကို ဝါးမျိုရန် ကြိုးစားနေကြသည်။

ခေါင်မိုးပေါ်မှ ထွန်းမြင့်မှာလည်း မီးပူရှိန်ကြောင့် အသား များ ပူကျက်လာပြီး မခံနိုင်အောင် ဖြစ်လာရသည်။

သို့သော် စိတ်အားတင်းပြီး ကျလာသော မီးပွားများကို ရိုက်ငြိမ်းရင်း သက်ကယ်မိုးများကို ဖျက်ချနေသည်။

ထိုအချိန်တွင် ထွန်းမြင့်ကို ကူညီရန် အရန်မီးသတ်တပ် ဖွဲ့ခေါင်းဆောင် အောင်မင်း ခေါင်မိုးကို ဖောက်တက်လာသည်။

"ဟေး....ခေါင်မိုးပေါ် နှစ်ယောက် ရောက်ပြီကွ"

တချို့က အိမ်ပေါ်ထပ်အထိ ရေသယ်ပို့ကြသည်။ ပူ ကျက်နေသော အိမ်ထရံများကို ရေနှင့် ပက်ပေးကြသည်။

"အပေါ်ကိုလည်း ရေတင်ပေးပါဦးဟေ့"

အောင်မင်းက အောက်မှ လူများကို ရေလှမ်းတောင်း သည်။

အောက်မှ ရေတစ်ပုံး တင်ပေးသည်။

ထွန်းမြင့်နှင့် အောင်မင်း နှစ်ယောက်မှုပြီး အပြန်အလှန် ရေပက်ပေးကြရသည်။

"အား ခုမှ သက်သာတော့တယ်"

ထွန်းမြင့်၏ ပူနေသော အသားများ အေးသွားသည်။

လုဆောင်နှင့် လှငယ်နှစ်ယောက် အိမ်ခေါင်မိုးပေါ်သို့





တက်လာကြပြန်သည်။

သက်ကယ်မိုးများကို မနားတမ်းဖျက်ချကြသည်။

ရေပုံးများ အပေါ်ရောက်လာ၍ တစ်ယောက်ကို တစ် ယောက် အပူသက်သာအောင် ပက်ပေးကြသည်။

ခေါင်မိုးပေါ်မှ သက်ကယ်အားလုံး ခဏလေးနှင့် ဖျက်ချပြီး သွားသည်။

"ဟေး....သက်ကယ်တွေ မရှိတော့ဘူးကွ"

အောက်မှ လူများ အားပေးကြသည်။

မီးကူးမှာ မစိုးရိမ်ရတော့ပါ။

ခေါင်မိုးပေါ်မှလူများ အိမ်အပေါ်ထပ်သို့ ပြန်ဆင်းကြ သည်။

ရေသမားများက ဆင်းလာသူများကို အပူသက်သာအောင် ရေလောင်းပေးကြသည်။

"အား....အေးသွားတာပဲကွာ၊ ကောင်းလိုက်တာ"

လှငယ်များမှာ အိမ်ပေါ်မှာပင် စောင့်ပြီး ကျလာသော မီးပွားများ မီးတောက်များကို အလွယ်တကူ ငြိမ်းသတ်နေကြ သည်။

အိမ်အပေါ်ထပ်မှာ ရေများ ရွှဲရွှဲစိုနေ၍လည်း လွယ်လွယ် နှင့် မီးမလောင်နိုင်တော့ပါ။

အိမ်ထရံများကိုလည်း အဆက်မပြတ် ရေပက်ပေးထား ကြသည်။

အနီးဝန်းကျင်မှ အိမ်ခေါင်မိုးများပေါ်သို့ ကျသော မီး:



www.burmeseclassic.com

www.burmeseclassic.com



ပွားများကိုလည်း မီးချိတ်၊ မီးကပ်သမားများက ပျော်ရွှင်စွာ အနိုင်ရနေကြသည်။

ဒေါ်နက်အိမ်ကို လောင်သောမီးမှာလည်း လောင်စရာရှိသည်များကို အားပါးတရ လောင်ပြီးသွား၍ တဖြည်းဖြည်း မီးညွန့်များ လျော့ကျလာသည်။

"ဟေး....မီးတောက်တွေ ကျသွားပြီကွ"

လူအများ ဝမ်းသာနေကြသည်။

"မီးတောက်တွေ ကျသွားပေမယ့် မီးပွားတွေကျနေသေးတယ်နော်၊ မပေါ့ကြနဲ့ဦး"

ထွန်းမြင့်က ကိုတင်အောင်တို့ အိမ်ပေါ်မှ အော်ဟစ်သတိပေးသည်။

အိမ်ပေါ်သို့ ကျလာနေဆဲဖြစ်သော မီးပွားများ၊ မီးတောက်များကို အိမ်ပေါ်မှလူများ ငြိမ်းသတ်နေရဆဲဖြစ်သည်။

ပူကျက်နေသော အိမ်ထရံများများကိုလည်း အဆက်မပြတ် ရေပက်ပေးနေရသည်။

မီးချိတ်၊ မီးကပ်သမားများမှာလည်း အနီးဝန်းကျင်မှ အိမ်ခေါင်မိုးများပေါ်သို့ ကျနေဆဲဖြစ်သည့် မီးပွားများကို ငြိမ်းသတ်နေကြရသည်။

မီးတောက်များ ပို၍ လျော့ကျသွားပြီ။

"ဟေး မီးညွန့် ကျိုးပြီကွ"

လူအများ ဝမ်းသာစွာ အော်ဟစ်နေကြသည်။

ထိုအချိန်မှာ လောက ခပ်ပြင်းပြင်း တိုက်လာသေးသည်။





သို့သော် သားအိမ်များသို့ ကူးမှာကို မစိုးရိမ်ရတော့ပါ။

ထွန်းမြင့်တို့အဖွဲ့ ကိုတင်အောင်တို့အိမ်ပေါ်မှ ဆင်းလာကြသည်။

"ဒေါ်နက်အိမ်က မီးကို ဝိုင်းငြိမ်းကြစို့ဟေ့"

ထွန်းမြင့်က အော်ပြောလိုက်သည်။

လူအားလုံး ရေများ၊ သဲအိတ်များနှင့် ဝိုင်း၍ မီးကို ငြိမ်းသတ်ကြသည်။ လူအားက များ၍ မီးအား ကျသွားသည်။

ခဏအတွင်းမှာပင် မီးတောက်များ ချုပ်ငြိမ်းသွားသည်။

လူများ ဝမ်းသာအားရ လက်ခုပ်တီးကြသည်။

"နိုင်ပြီကွ၊ နိုင်ပြီ"

လူအားလုံး ပျော်နေကြသည်။

"ကဲ ကိုတင်အောင် ခင်ဗျားအိမ်ကို မနက်ဖြန်ခါကျရင် ကျွန်တော်တို့ ပြန်မိုးပေးမယ်နော်၊ အကောင်းအတိုင်း ဖြစ်စေရမယ်"

ထွန်းမြင့်က အမိုးသက်ကယ်များ မရှိတော့သော ကိုတင်အောင့်အိမ်ကို မော့ကြည့်ရင်း ပြောလိုက်သည်။

"အေး၊ အေးပါကွာ"

ထွန်းမြင့်ကို ကြည့်ပြီး ကိုတင်အောင် ခေါင်းညိတ်ပြသည်။

"မင်းတို့သာ စွန့်စွန့်စားစားမလုပ်ရင် ငါတို့အိမ် မီးထဲပါမှာ သေချာပါတယ်ကွာ"

ကိုတင်အောင်က ထွန်းမြင့်ကို ကျေးဇူးတင်မဆုံး ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ခင်ဗျားအိမ်ပါရင် ကျွန်တော်တို့ တစ်ရွာလုံးလည်း ကုန်တော့မှာပေါ့ဗျ"

ထွန်းမြင့်က နှစ်သိမ့်စကား ပြောလိုက်ခြင်း ဖြစ်သည်။

"အေး....အေး....ဟုတ်....ဟုတ်ပါတယ်ကွာ"

စုပေါင်းညီညာခြင်းဖြင့် မီးကို အောင်မြင်လိုက်သော ရွာသူရွာသားများ အားလုံး မီးချိတ်ထမ်းလျက်၊ မီးကပ်ထမ်းလျက်၊ ရေပုံးဆွဲလျက်၊ ဝမ်းသာအားရ ပြောကြဆိုကြ ရယ်မောပျော်ရွှင်ကြရင်း ကိုယ့်အိမ် ကိုယ်ပြန်ကြသည်။

တုန်တုန်ခိုက်ခိုက်နှင့် ကြောက်လန့်နေကြရာမှ မီးငြိမ်းသွား၍ စိတ်အေးသွားကြသော ညိုယဉ်တို့ သားအမိသည် သူတို့အိမ်ရှေ့မှ ဖြတ်ပြန်သွားသော ထွန်းမြင့်တို့ လူသိုက်ကို အငေးသား ကြည့်နေမိပါသည်။

* * *



**၄၄**

မီးလောင်ပြီး နောက်တစ်နေ့တွင် ကိုတင်အောင်၏ အိမ်ကို ထွန်းမြင့်နှင့် လူငယ်များ ပြန်မိုးပေးကြသည်။

"ဒီဘက်ကို သက်ကယ်ပေးပါဦးဟေ့"

ခေါင်မိုးပေါ်မှ လူငယ်တစ်ယောက်က အောက်ဘက်သို့ သက်ကယ် တောင်းနေသည်။

"ကောင်းကောင်းလေး မိုးပေးကြပါကွ"

ထွန်းမြင့်က လူငယ်များကို လှမ်းပြောသည်။

"စိတ်ချ၊ ကောင်းစေရမယ်၊ ကိုတင်အောင်ကြီး ကံကောင်းတာပေါ့ကွ၊ သူမိုးထားတာ ကျိုးတိုးကျဲတဲ၊ တို့ မိုးပေးတာက ပိုကောင်းတာ ရဦးမယ်"

"အေးပါကွာ၊ ကျေးဇူးတင်ပါတယ်"

ကိုတင်အောင် ပြောသည်က လေသံပျော့လေးနှင့် ဖြစ်သည်။

"မောင်ထွန်းမြင့်နဲ့ လူငယ်တွေကို ဘယ်လိုပြောရမှန်း တောင် မသိတော့ပါဘူးကွယ်၊ ကျေးဇူးဘင်စရာ ကောင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ၊ မနေ့ညကများ ဘယ်လိုမှ မရတော့ဘူးလို့ ထင်ထားတာ၊ မီးသာလောင်လိုက်လို့တော့ ရှိစုမဲ့စုလေး ကုန်ပါပြီတော်၊ နောက်ထပ်လည်း ဘယ်လိုမှ ပြန်ဆောက်နိုင်မှာ မဟုတ်တော့ဘူး"

ကိုတင်အောင်၏အမေက သူပြောတတ်သမျှ ကျေးဇူးတင်စကားပြောနေသည်။

"ဒေါ်လေးတို့အိမ်သာလောင်ရင် တစ်ရွာလုံးလည်း ကုန်မှာပဲ ဒေါ်လေးရ"

"ဟုတ်ပါရဲ့ကွယ်၊ မိုက်လိုက်တဲ့ကောင်"

ကိုတင်အောင့်အမေက စံညွန့်ကို မကျေနပ်။

ကိုတင်အောင်တို့အိမ်နှင့် အိမ်ချင်းကပ်နေသော ညိုယဉ်တို့အိမ်ဘက်မှ စကားသံများ အားလုံးကို ကြားနေရသည်။

မနေ့ညကလည်း ထွန်းမြင့်တို့ စွန့်စွန့်စားစား မီးငြိမ်းသတ်သည်ကို အိမ်ဘက်မှ မြင်နေရသည်။

ယခုလည်း သက်ကယ်မိုးနေကြသော ထွန်းမြင့်တို့အဖွဲ့ကို ညိုယဉ် မြင်နေရသည်။

"ဟင်း....ကိုယ်နဲ့ လက်ထပ်မယ့်လူက တစ်ရွာလုံး မီးလောင်ပြာကျအောင် မီးကွင်းပစ်တဲ့လူ၊ ပစ်တာကလည်း ကိုယ့်အိမ်နဲ့ တစ်အိမ်ကျော်က လူမရှိတဲ့အိမ်"

စံညွန့်အပေါ်မှာ နာကြည်းမုန်းတီးမိသည်။

"ငါ ဒီလူကို ဘယ်လိုမှ လက်မထပ်နိုင်ဘူး"

ညိုယဉ် အခိုင်အမာ ဆုံးဖြတ်လိုက်သည်။

အမေကိုယ်တိုင်လည်း သူ့သားမကောင်းအတွက်





အရှက်ရနေသည်။

ထွန်းမြင့်ကတော့ မီးကွင်းပစ်သူကို မိအောင်ဖမ်းသည်။ တစ်ရွာလုံး မီးမလောင်အောင် စွန့်စွန့်စားစား လုပ်သည်။ ကိုယ်တိုင်လည်း မြင်ခဲ့ရသည်။

စံညွန့်ကို တစ်ရွာလုံး ရှုံ့ချပြီး ထွန်းမြင့်ကို တစ်ရွာ လုံး ချီးကျူးနေသည်။

သို့သော်....

ညိုယဉ့်နားထဲမှာ ဒေါ်ရွှေပြောခဲ့သော စကားများကို ကြားယောင်ဆဲ ဖြစ်နေသေးသည်။

ဒေါ်ရွှေ၏ စကားများမှာ အဆက်အစပ်ကလည်း ရှိနေသည်။

ထွန်းမြင့်အပေါ် နာကြည်းခဲ့သော စိတ်များကို ဖြေဖျောက်၍မရ ဖြစ်နေသည်။

"ညိုယဉ်ရေ"

လှဆောင်၏ ခေါ်သံဖြစ်သည်။ သူနှင့်အတူ လှငယ်နှစ်ယောက် ပါလာသည်။ လှငယ်နှစ်ယောက် လက်ထဲမှာ သက်ကယ်ပစ်များနှင့် နီးများကိုင်လျက်။

"နင်တို့အိမ်ခေါင်မိုး ပေါက်သွားတာကို ပြန်ဖာပေးမလို့"

မနေ့ညက မီးဖွားကျသည့် နေရာများကို မီးချိတ်နှင့် ဆွဲဖျက်ထား၍ အိမ်အမိုး၏ နှစ်နေရာမှာ အပေါက်အပြဲများ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ညိုယဉ် ဤမျှသာ ပြန်ပြောလိုက်သည်။

လှဆောင်နှင့် လူငယ်များက သက်ကယ်မိုးကို စနစ်တကျ ဖြစ်အောင် ပြန်လည် ပြုပြင်ပေးကြသည်။

ထွန်းမြင့်ကတော့ ကိုတင်အောင်တို့အိမ်ကိုသာ ပြီးအောင် မိုးနေသည်။ ညိုယဉ်တို့အိမ်ဘက်သို့ ကူးမလာပါ။

ညိုယဉ်စိတ်ထဲမှာ မပျော်ပါ။ နာကြည်းစိတ်များနှင့်အတူ လွမ်းသလိုလို ဆွေးသလိုလို ခံစားနေရသည်။

* * *



# ၅၆

နေ့ခင်းပိုင်းတွင် ရ-ဝ-တ ရုံးတမှာ လူစုံနေသည်။

ရ-ဝ-တ အဖွဲ့များသာမက မီးသဝ်အဖွဲ့များပါ ရောက်နေ၍ စည်စည်ကားကား ဖြစ်နေ၏။

"အတော်မိုက်ရိုင်းတဲ့လူဗျာ၊ ကိုယ့်ရွာကိုယ် မီးကွင်းပစ်ပြီး မီးရှို့ရတယ်လို့၊ ဝိုင်းရိုက်ပြီး အသေသတ်ပစ်လိုက်မှ ကောင်းတယ်"

မီးသတ်တပ်ဖွဲ့ခေါင်းဆောင် အောင်မင်းက စိတ်ညွှန့်ကို မကျေမနပ် ဖြစ်နေသည်။

"ဒီလိုလဲ မဟုတ်ဘူးလေကွာ၊ သူ့အပြစ်နဲ့သူ ဥပဒေရှိတဲ့အတိုင်း ခံရမှာပေါ့၊ ဒါကြောင့်မို့ မင်းတို့ လူငယ်တွေ ဒေါသမထိန်းနိုင်မှာစိုးလို့ မနေ့ညက ချက်ချင်း တိုက်ကြီးရဲစခန်းကို ပို့လိုက်ရတာ"

ဦးချစ်ရွှေက လူကြီးစကား ဆိုသည်။

"သူ့ကို ချုပ်ထားလား"

အောင်မင်းက သိချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ချုပ်ထားတာပေါ့ကွ"

"ဟိုတစ်ခါ ဂျင်မှုလို သူ့အဖေက အာမခံရအောင် သွားလုပ်ဦးမယ်"

"ဒါကတော့ အာမခံ မပေးဘူးတဲ့ကွ"

"ကောင်းတယ်"

"ကဲပါကွာ သူ့အအကုသိုလ်နဲ့သူပေါ့၊ အခုအတိုင်းဆိုရင် ဂျင်မှုရော၊ မီးရှို့မှုရော သူလည်း အတော်ခံရမှာပါ"

ဦးချစ်ရွှေ၏ ဖျောင်းဖျမှုကြောင့် လူငယ်များ စိတ်ပြေသွားရသည်။

"တစ်မျိုးတော့ ကောင်းတာပေါ့ကွာ၊ မနေ့ညက ငါတို့လူတွေ လက်တွေ့မီးသတ် လေ့ကျင့်လိုက်ရတာပေါ့"

ထွန်းမြင့်စကားကြောင့် လူငယ်များ ပြုံးသည်။

"ဟုတ်တယ်ဗျ၊ အခုဆိုရင် တစ်ရွာလုံး ညီသွားပြီ၊ အရင် တစ်ခါမီးက ခုလို ဝိုင်းမငြိမ်းလို့ တစ်ရွာလုံး ကုန်တာဗျ၊ ခုမီးလောက်တောင် ကြီးတာ မဟုတ်ဘူး"

ထိုအချိန်က ထွန်းမြင့်နှင့်အတူ မီးသတ်ခဲ့သော **တိုးမောင်**က ဝင်ပြောသည်။

"ဘယ်ကြီးမလဲကွ၊ ခုမီးက အဲဒီမီးထက် အများကြီးဆိုးတာပေါ့၊ ပြီးတော့ ရွာတောင်ဘက်ဆုံးထိပ်မှာကွ၊ လေကလည်း တိုက်နေသေးတယ်၊ အားလုံးညီလို့နိုင်တာ၊ အရင်တစ်ခါလိုသာဆိုရင်တော့ နောက်တစ်ခါ ရွာလုံးကျွတ်ခံရမှာ"

လှဆောင်က ထပ်ဖြည့်လိုက်သည်။





"ကျွန်တော်တို့က ကိုထွန်းမြင့် ရောက်မလာတော့ ဘာဖြစ်လို့ပါလိမ့်ဆိုပြီး အံ့သြနေကြတာ၊ မီးကွင်းပစ်တဲ့လူကို လိုက်ဖမ်းနေဟာ သိမှ မသိဘဲ၊ ကိုထွန်းမြင့် ရောက်လာတော့မှ အားတက်သွားကြတာ"

အောင်မင်းက ထွန်းမြင့်ကို လှမ်းကြည့်လိုက်သည်။

"သူ စွန့်စွန့်စားစား အိမ်ခေါင်မိုး ဖေါက်တက်လို့ နိုင်သွားတာပဲလေ"

လှဆောင်က ထပ်ဖြည့်သည်။

"ငါတစ်ယောက်တည်းဆို မနိုင်ပါဘူးကွာ၊ မင်းတို့ပါ တက်လာလို့ နိုင်တာပါ"

ထိုအချိန်တွင် ရ-ဝ-တ ရုံးထဲသို့ ရ-ဝ-တ အဖွဲ့ဝင် ကိုတင်အောင် ဝင်လာသည်။

"လာ ကိုတင်အောင်၊ ခင်ဗျား ပစ္စည်းတွေ အိမ်ထဲ ပြန်သွင်းပြီးပြီလား"

ထွန်းမြင့်က ဝမ်းသာအားရ လှမ်းမေးလိုက်သည်။

"ပြီးပါပြီကွာ၊ မင်းတို့အားလုံးကို ငါ ကျေးဇူးတင်ပါတယ်၊ အထူးသဖြင့် မင်းကို သိပ်ကျေးဇူးတင်ပါတယ်၊ မင်းဟာ လူငယ်ပေမယ့် ရွာအပေါ်မှာ စေတနာ သိပ်ကောင်းတယ်၊ ငါတို့အိမ်လည်း မင်းကြောင့် မီးမကူးတာပါ၊ ငါ ဒီလူကြီးတွေ ရှေ့မှာပဲ မင်းကို ဝန်ခံစရာ ရှိပါတယ်ကွာ"

ကိုတင်အောင်၏ နောက်ဆုံးစကားက ဆန်းနေ၍ ထွန်းမြင့်နှင့် ရ-ဝ-တ အဖွဲ့ဝင် လူကြီးများအားလုံး လှမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြသည်။

"မင်းလို စိတ်ရင်းကောင်းတဲ့လူ ငါ့ကြောင့် ဒုက္ခ မဖြစ်စေချင်ဘူး"

ကိုတင်အောင် ဆိုလိုသော အဓိပ္ပါယ်ကို ထွန်းမြင့် နားမလည်သေးပါ။

"ညှော်စာရင်းစစ်တဲ့ညက ဦးသာပိုနဲ့ထွန်းရီ ပြန်လာပြီးတော့မှ ဒေါ်ဌေးဘိုအိမ်သွားတာ ငါပါကွာ"

"ဗျင်....."

"ဟာ...."

မမျှော်လင့်သော စကားကြောင့် လူများအားလုံး ကိုတင်အောင်ကိုကြည့်ပြီး အံ့သြနေကြသည်။

"ဝင်းမောင်ပြောတော့ ခင်ဗျားတို့ နှစ်ယောက်စလုံး မသိဘူးဆို"

ထွန်းမြင့်လည်း အံ့သြနေသည်။

"ဝင်းမောင်ကတော့ တကယ် မသိတာပါ၊ ငါက ဒီ ရ-ဝ-တ ရုံးထဲမှာ အိပ်နေတုန်း ဦးသာပိုနဲ့ထွန်းရီ ပြန်လာတော့ နိုးသွားတယ်၊ ဒါပေမယ့် အိပ်ချင်ယောင် ဆောင်နေတော့ သူတို့ပြောတာ အားလုံးကြားကယ်၊ အဲဒီအချိန်ကျတော့ ဝင်းမောင်က ပြန်သွားပြီ၊ ဘာမှ မသိဘူး"

ထွန်းမြင့် ခေါင်းညိတ်ပြရင်း လှဆောင်ကို လှမ်းကြည့်လိုက်သည်။ လှဆောင်ကလည်း ထွန်းမြင့်ကို ကြည့်နေသည်။

"ဒါနဲ့ ထွန်းရီပြန်သွားပြီး ဦးသာပို အိပ်ပျော်သွားမှ ငါ





တစ်ယောက်တည်း သွားတာပါ၊ ငါ မသိဘူးလို့ မင်းကို ညာပြောခဲ့မိတာ တောင်းပန်ပါတယ်ကွာ"

"ရပါတယ်ဗျာ"

ထွန်းမြင့် သက်ပြင်းတစ်ချက် ချလိုက်သည်။

"အေးကွာ၊ အမှန်တရားဆိုတာလည်း ကြာကြာဖုံးကွယ်လို့ မရပါဘူး၊ တစ်နေ့ကျရင် ပေါ်တာပါပဲ၊ မင်း ခုလို ဝန်ခံလိုက်တာ ကောင်းပါတယ်"

ဦးကျစ်ရွှေကတော့ ပြဿနာ အမှန်အတိုင်း ပေါ်ပေါက်လာသည့်အတွက် ဝမ်းသာနေသည်။

"မင်း မြို့နယ်ကို တင်ပြလိုက်ပါကွာ၊ ဒါက ငါ နုတ်ထွက်စာတင်တာပါ"

ကိုတင်အောင်က စာရွက်တစ်ရွက်ကို ထွန်းမြင့်ရှေ့မှ စားပွဲပေါ် တင်လိုက်သည်။

ထွန်းမြင့် ဘာပြောရမှန်း မသိတော့ပါ။ စားပွဲပေါ်မှ စာရွက်ကလေးကိုသာ အငေးသား ကြည့်နေမိပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၅၇

ရှာစည်းရိုး ဝါးရုံပင်များကြားမှ လပြည့်ကျော်တစ်ရက် လမင်းကြီး ဝိုင်းဝိုင်းစက်စက် ထွက်ပေါ်စအချိန် ဖြစ်သည်။

"မညိုရေ"

မြသီက အသံပေးရင်း ညိုယဉ်တို့ခြံဘက်သို့ ကူးလာသည်။

ညိုယဉ် အိမ်ထဲမှ ထွက်လာသည်။

"လာပါယ်၊ ဟိုမှာ အေးအေးဆေးဆေး ထိုင်ရအောင်"

မြသီက အုန်းပင်အောက်မှ ဖျာခင်းထားသော နေရာလေးသို့ခေါ်၍ ညိုယဉ် လိုက်သွားသည်။ အုန်းပင်အောက်မှာ လရောင် မပီပိုးတဝါး ရှိနေသည်။

"ဒေါ်လေးရော"

ဒေါ်ချစ်မြကို မတွေ့၍ မြသီမေးခြင်း ဖြစ်သည်။

"မသိဘူး၊ စောစောကပဲ ထွက်သွားတာ"

"မညိုကြားပြီးပြီမို့လား၊ တစ်ရွာလုံး သတင်းပြန့်နေတာ"

ညိုယဉ် ခေါင်းညိတ်လိုက်သည်။





"သိပြီးပါပြီ၊ ကိုလှဆောင် လာပြောတယ်၊ အမေလည်း ရွာထဲက ကြားလာပြီး စိတ်မကောင်း ဖြစ်နေတယ်"

"ဘာကို စိတ်မကောင်း ဖြစ်တာလဲ"

"ကိုထွန်းကို မတော်မတရားတွေ ပြောခဲ့မိလို့ပေါ့"

"ဒါဖြင့် မညိုကရော"

ညိုယဉ်မျက်လုံးအိမ်မှာ မျက်ရည်များ ပြည့်လျှံလာပါသည်။

"ငါက ပိုဆိုးတာပေါ့၊ စွပ်စွဲပြီး ပြောရုံတင် မကဘူး၊ မလုပ်သင့်တာတွေလည်း လုပ်ခဲ့မိတယ်လေ"

ညိုယဉ်၏ ပါးပေါ်မှာ မျက်ရည်များ စီးကျလာသည်။

"ခုတော့ အမှန်အတိုင်း သိပြီပဲ မညိုရယ်"

"သိပေမယ့် ငါက လွန်ခဲ့ပြီလေ၊ ငါ သူ့ကို ဘယ်လို လုပ်ပြီး မျက်နှာကြည့်ရဲတော့မလဲ"

"ကိုထွန်းက မညိုကို စိတ်ဆိုးမှာ မဟုတ်ပါဘူး၊ မညို အမှန်အတိုင်းသိပြီဆိုရင် ဝမ်းသာနေမှာပါ"

"သူက ဝမ်းသာပေမယ့် ငါ ဝမ်းမသာဘူး၊ ငါ သူ့ကို ရန်လုပ်ပြီး ဟိုလူယုတ်မာကို လက်ထပ်ဖို့လဲ လက်ခံခဲ့တယ်လေ၊ ဒေါ်ရွှေ့စကားကို ယုံမိတာ ငါ သိပ်မှားတယ်"

"ဟင်း....ဟင်း အဲဒီဒေါ်ရွှေ၊ အခု အိမ်ထဲက အိမ်ပြင် တောင် မထွက်ရဲတော့ဘူး၊ အိမ်နီးချင်းတွေကလည်း သူကြားအောင် လေသံခပ်ကျယ်ကျယ်နဲ့ ပြောကြတယ်တဲ့၊ အတော် မကောင်းတဲ့ အဘွားကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုထွန်းလည်း ငါ့ကို စိတ်နာမှာပါဟာ၊ နာမယ်ဆိုလည်း နာလောက်ပါတယ်၊ ငါ့ဘက်က လွန်ပါတယ်၊ ငါ သူ့ကို မတွေ့ချင်တော့ပါဘူးဟာ"

ညိုယဉ် ရှိုက်ကြီးတငင် ငိုပါသည်။

"ကိုထွန်းက စိတ်မနာဘူးဆိုရင်ရော"

"ငါက သူ့ကို သစ္စာဖောက်ပြီး တခြားလူနဲ့ လက်ထပ်ဖို့ လက်ခံခဲ့တာပဲဟာ၊ ငါ့ဘက်က ဘယ်လိုလုပ် ကောင်းတော့မလဲ"

"ကောင်းပါတယ်၊ ငါကမှ မညိုကို လုံးဝစိတ်မနာခဲ့တာပဲ"

"ဟင်"

**အုန်းပင်အကွယ်မှ** ထွန်းမြင့်ထွက်လာ၍ ညိုယဉ် အံ့သြ**သွားသည်။**

"**ကြည့်စမ်း** မြသီ၊ နင်မကောင်းဘူး၊ ဒါ နင်သိတယ် မဟုတ်လား"

ညိုယဉ်က ငိုနေရာမှ မြသီကို လှမ်းထုသည်။

မြသီ ရုတ်တရက်ထပြီး အိမ်ဘက်ဆီသို့ ပြန်ပြေးသည်။

"ဟဲ့ မြသီ၊ နေဦးလေ၊ မသွားနဲ့"

သို့သော် မြသီက လှည့်မကြည့်တော့ပါ။

"မညို"

ထွန်းမြင့် ညိုယဉ်အားမှာ လာထိုင်သည်။

ညိုယဉ် မျက်ရည်များကို သုတ်ပစ်လိုက်သည်။

"မညို ငါ့ကို စိတ်မဆိုးတော့ဘူး မဟုတ်လား"





"မညိုက ကိုထွန်းကို မေးရမှာပါ"

"ငါက မညိုကို ဘယ်တုန်းကမှ စိတ်မဆိုးခဲ့တာပဲ"

ညိုယဉ်က ထွန်းမြင့်ကို မဝံ့မရဲ ကြည့်လိုက်သည်။

ထွန်းမြင့်က လရောင်ဖိုးတဝါးဖြင့် ညိုယဉ်၏မျက်နှာလေးကို အမြတ်တနိုး ကြည့်နေသည်။

"ကိုထွန်းက စိတ်မဆိုးပေမယ့် ဒေါ်ရွှေစကားယုံပြီး ကိုထွန်းကို အထင်လွဲခဲ့မိတာ မညို တောင်းပန်ပါတယ်"

"ဒီအတိုင်း တောင်းပန်လို့တော့ ဘယ်ကျေနပ်မလဲ"

"ဘယ်လိုတောင်းပန်ရမလဲ"

"မညို ငါ့ကို လက်ထပ်ရမယ်"

ညိုယဉ် ဘာမျှပြန်မပြောဘဲ ခေါင်းလေးငုံ့နေသည်။

"ဟေး မညို၊ ပြန်ပြောဦးလေ၊ ဘာလဲ၊ စံညွှန်းကို [illegible] ပေးပြီးသားမို့ ငါ့ကို လက်မထပ်နိုင်ဘူးလား"

ညိုယဉ် ခေါင်းယမ်းပြသည်။

"ကိုထွန်းက မညိုကို အရင်ကလို **ချစ်သေးလို့လား**"

ညိုယဉ် မေးပုံလေးက ထွန်းမြင့်ရင်မှာ **လှုပ်ရှားရသည်။**

"အရင်ကထက်တောင် ပိုချစ်သေးတယ်"

ညိုယဉ်ကို ရင်ခွင်ထဲသို့ ဆွဲပွေ့ထားလိုက်မိသည်။

"အို....ကိုထွန်း"

အုန်းပင်အောက်မှာ လရောင်က ပြိုးပြိုးပြောက်ပြောက်သာ ထိုးဖောက်နိုင်သည်။

ဝေးကွာခဲ့ရသော ညိုယဉ်ကို ထွန်းမြင့်က အ[illegible]ချ၍



www.burmeseclassic.com

www.burmeseclassic.com



တင်းတင်းလေး ဖက်ထားလိုက်သည်။

ညိုယဉ်ကိုယ်တိုင်လည်း ထွန်းမြင့်ရင်ခွင်မှ ရုန်းမထွက်မိပါ။ ရုန်းထွက်ချင်စိတ်လည်း မရှိပါ။

"ပြောလေ လက်ထပ်မှာလားလို့"

ထွန်းမြင့်က တိုးတိုးလေး ကပ်မေးသည်။

ညိုယဉ် ခေါင်းကလေး ညိတ်ပြသည်။

မျက်နှာနှစ်ခု ထိတွေ့ခြင်းနှင့်အတူ အသက်ရှူသံပြင်းပြင်းလေးများ ပေါ်ထွက်လာကြ၏။

လယ်တွင်းသား စောချစ်

၂-၄-၈၇

BURMESE CLASSIC .com

www.burmeseclassic.com